# ပုဏ္ဏမီ

## မြန်လည်တည်ဆောက်ကြမယ်



Lမင်း

ပုဏ္ဏမိ

ပြန်လည်တည်ဆောက်ကြမယ်

စာမူခွင့်ပြုချက်အမှတ် - ၅၁၀ ၁၅၆ ၀၂၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀ ၂၉၁ ၀၃၁၁

၂၀၁၁ ခုနှစ်၊ မေလ
ပထမအကြိမ်

တန်ဖိုး - ၁၀၀/-
အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင် (၀၃၈၈၇)၊ စေတနာစာပေ အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၃၃)၊ စေတနာ OFFSET အမှတ်(၅၉)၊ ၁၉-လမ်း၊ ရန်ကုန်။

၈၉၅- ၈၃

ပုဏ္ဏမိ
ပြန်လည်တည်ဆောက်ကြမယ်/ပုဏ္ဏမိ-ရန်ကုန်။
စေတနာစာပေ၊ ၂၀၁၁။
၂၈၈- စာ၊ ၁၂x၁၈ စင်တီ။
(၁) ပြန်လည်တည်ဆောက်ကြမယ်

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်


- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး





# ပုဏ္ဏမိ

## ပြန်တည်ဆောက်ကြမယ်

စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ



**အခန်း(၁)**

အိမ်ရှေ့က အဆက်မပြတ် အော်မြည်နေတဲ့ ဘဲလ်သံကြောင့် အိပ်ခန်းထဲကနေ အလျဉ်စလို ပြေးထွက်လာခဲ့ရတဲ့ "**လဝါ**"က "ဟ ... ဘယ်အချိန်ရှိသေးလို့လဲ"ဟု တစ်ချက်ဟစ်အော်လိုက်ပါသည်။ "**သွန်းပုံ**"ရောက်လာတာ စောလှချေလား။ ဘာတွေ ဒီလောက်တက်ကြွနေတာပါလိမ့်။ အင်း ... လဝါရဲ့အတွေးကိုသာ ဖောက်မြင်နိုင်လိုက်ရင် ဒေါ်စိတ်ကောက်တို့က သူ့ကို တက်ကြွတယ်လို့ ပြောလို့ စိတ်ကကောက်ချိတ်တက်သွားဦးတော့မည်။

ဒါပေမဲ့ စောတာကတော့ စောနေတာပဲလေ။ ချိန်းထားကြတာက ဘယ်အချိန်မို့လို့ ဒီအချိန်ကြီးမှာရောက်ချလာရတာလဲ။ အဲ .. သွန်းပုံဆိုရင် ...။ လဝါမှာ အပေါ်ပိုင်းဗလာ၊ အောက်ပိုင်းကတော့ မျက်နှာသုတ်ပဝါကြီးနှင့်သာ ပတ်ထားသောကိုယ့်ရဲ့ရေချိုးခန်းက ထွက်လာစပုံစံကို ပြန်ငုံ့ကြည့်လိုက်မိပြီးမှ "အဲ"ခနဲ တစ်ချက် ဖြစ်သွားရပြန်ပါသည်။

အဆက်မပြတ်၊ ကျယ်ကျယ်လောင်လောင် အော်မြည်နေတဲ့ ဘဲလ်သံကို ချက်ချင်းလာပြေးမဖွင့်မိတဲ့အပြစ်နဲ့၊ မိန်းမပျိုလေးတစ်ယောက်တည်း အိမ်ရောက်လာတာကို အဝတ်အစား အပြည့်အစုံမပါတဲ့ ဖဖွယ်မရာပုံစံနဲ့ ပြေးထွက်ကြိုမှုတို့မှာ ဘယ်အပြစ်ကများ ပိုပြီးကြီးလေးမှာပါလိမ့်။

မတတ်နိုင်ဘူးကွာ။ ဒီအပြစ်ကလွတ်ဖို့ဆိုရင် ဟိုအပြစ်နဲ့ကတော့ ငြိကိုငြိမည်ဖြစ်ရာ "ခေါ်မကြား အော်မကြားကြီး" ဆိုတာနဲ့စာရင် ရေချိုးခန်းထဲကနေ ပျာပျာသလဲ ပြေးထွက်လာရလို့ အပေါ်ပိုင်းမှာ အဝတ်ပါမလာတာက ပိုပြီးဆင်ခြေပေးလို့ကောင်းမည်ထင်ပါရဲ့။ သူပြောလိုက်ပြီးမှပဲ အိမ်ခန်းထဲ မြန်မြန်ပြန်ပြေးဝင်ပြီး အင်္ကျီ တစ်ထည်ထည် ကောက်စွပ်နေရလျှင်လည်း ဒေါ်ပစိပစပ်ရဲ့ဆူညံပွစိသံတို့ကနေ နည်းနည်း ခပ်လှမ်းလှမ်းမှာ ရှိနေခွင့်ရမည်။ ဟဲ ဟဲ ဟဲ ...။ အဲဒါ ပိုကောင်းတယ်။

လဝါက သစ်သားတံခါးမကြီးကို ခပ်မြန်မြန်ဆွဲဖွင့်လိုက်ပြီး မျက်နှာချိုသွေးကာ ကြိုပြုံးပြထားလိုက်သည်။ သို့သော်။

ဟင် ...။ သွန်းပုံလည်း မဟုတ်ပါလား။ လူတစ်ယောက်။ တိတိကျကျ ဆိုရလျှင် တစ်ခါမှကို မမြင်ဖူးသော ယောကျ်ားတစ်ယောက်ပါ။ လဝါက ဖြဲစပ်စပ် ပြောင်ချော်ချော် လုပ်ထားသော မျက်နှာကို ချက်ချင်းပြန်တည်လိုက်ကာ "ဟုတ်ကဲ့ ဘာကိစ္စရှိလို့ပါလဲ ခင်ဗျာ"ဟု မေးလိုက်ပါသည်။





"ဘယ်သူနဲ့တွေ့ချင်လို့ပါလဲ"လို့က မေးစရာမလိုဘူးလေ။ ဤအိမ်သည် လဝါ တစ်ဦးတည်းနေထိုင်သော၊ အခြားသူမရှိသောအိမ်။ ကိုယ့်အိမ်တံခါးကို ဒီလောက် အဆက်မပြတ်ဘဲလ်နှိပ်ပြီး လာခေါက်မှတော့ ကိုယ်နဲ့ပဲ တွေ့ချင်လို့သာပေါ့။ ဒါပေမဲ့ တစ်ခါမှကလည်း မဖြစ်ဖူးသော လူသူစိမ်းဖြစ်နေပေရာ "ဘာကိစ္စလဲ"ဆိုတာကသာ အသင့်တော်ဆုံးပေ။

"ညီလေး ...။ ကိုယ်က **'ထင်ကြီး'**ပါ"

ထင်ကြီး ! ။ ဒီလိုဆိုရင်လည်း မသိသေးပါဘူး။ မကြားဖူးပါဘူး။

"ကိုယ် ခဏလောက် အထဲဝင်ပြီး စကားပြောချင်လို့ရမလား"

တစ်ခါမှ မမြင်ဖူး၊ မကြားဖူးသည့် သူစိမ်းယောကျ်ားတစ်ယောက် ကိုယ့်အိမ်ထဲ ဘာကိစ္စနဲ့မှန်းမသိ ဝင်လာမှာကနည်းနည်းတော့ တစ်မျိုးဖြစ်သည်။ တစ်ခုခုဆိုရင် ကိုယ်က ဖြူဖြူပိန်ပိန်၊ လူပုံကနုနု။ သူက ထင်ကြီးဆိုတဲ့အတိုင်း အကောင်ကခပ်ကြီးကြီး၊ ထွားထွားကြီးနဲ့ ညိုညိုမောင်းမောင်း၊ တုတ်တုတ်ခိုင်ခိုင်ကြီးဖြစ်ရာ (တကယ်တမ်း ဆိုရင်တော့ ဘယ်လိုလာမည်မသိ။) ခုလောလောဆယ်ကတော့ လူပုံမျက်မြင်နဲ့တင် ကိုယ့်ဘက်ကအခြေအနေက တယ်မဟန်နိုင်ဘူးဆိုတာ အထင်းသားကြီးလိုဖြစ်နေသည်။

"ဪ … ညီလေးက ကိုယ့်ကိုမသိထားဘူး ထင်တယ်။ သွန်းပုံက ကြိုမပြောပြထားသေးဘူး ထင်ပါရဲ့။ ကိုယ်က **မချွေမှုန်**ရဲ့ အမျိုးသားပါ။ သွန်းပုံရဲ့ခဲအို"

လဝါရဲ့မျက်ခုံးနှစ်ဖက်တို့ အံ့အံ့သြသြကြီးပင် မြင့် ာက်သွားရသော်လည်း လက်တို့ကတော့ အလိုအလျောက်ပင် ာ်ခါးကိုဖွင့်ပေးပြီးရက်သား ဖြစ်နေရပါသည်။ သွန်းပုံရဲ့ခဲအို !။ နေပါဦး… သွန်းပုံရဲ့ခဲအိုက ဘာကိစ္စ၊ ဘယ်လိုဖြစ်ပြီးတော့ ဒီနေ့ လိုနေ့မျိုးမှာ လဝါရဲ့အိမ်ကို ရောက်လာရတာပါလိမ့်။ ဘာသဘော လဲ။

ထင်ကြီးမည်သော သူက သူ့ကို အကဲခတ်နေသည့် လဝါကို ကျော်ဖြတ်ကာ ဧည့်ခန်းထဲက ကုလားထိုင်များဆီ သူ့ ဘာသာပဲ လှမ်းသွားလိုက်ပါသည်။ ပြီးလျှင်တော့ ဝင်မထိုင်သေး ဘဲ ဧည့်ခန်းတစ်ခုလုံးကော၊ နောက်ဘက်က အခန်းတွေဆီအထိ ပါ ဟိုဒီလိုက်ကြည့်။ အကဲခတ်၊ စပ်စုသလိုတွေ လုပ်နေပြီးမှ ခေါင်းတဆတ်ဆတ် ညိတ်နေပြန်ကာ …

"သဘောကျတယ်ကွာ။ ညီလေးရဲ့နေပုံထိုင်ပုံစတိုင်နဲ့ အိမ် အနေအထားကို ကြည့်ရတာ၊ ကိုယ် ငယ်ငယ်က လူပျို ဘဝကို ပြေးမြင်ယောင်ရသလိုပဲ၊ သတိရလိုက်တာကွာ။ ကိုယ်လည်း အရင်တုန်းကတော့ မင်းလိုပဲကွ၊ မိဘတွေလည်း ငယ်ငယ်ကတည်းက မရှိကြတော့တဲ့ ကိုယ့်ဒူးကိုယ်ချွန်ကြီး





စားပြီး အဆင်ပြေ အထာကျနေခဲ့တဲ့ လူပျိုလူလွတ်တစ် ယောက်ဆိုတော့ အရာရာ ကိုယ့်စိတ်တိုင်းကျ၊ ကိုယ့်သဘော ကျချည်းပဲလေ …

ဘာပြောကောင်းမလဲကွာ။ ဒီအချိန်လောက်ဆိုတာနဲ့ ကိုယ့်ရဲ့စပီကာဆောင်းဘောက်စ်ကြီးနှစ်လုံးက ဘေးအိမ် တွေကို အားနာယူရလောက်အောင်ကို အကျယ်ကြီးဖွင့်ထား ပြီးရက်သားပဲ။ ကိုယ့်ကောင်ကြီးနှစ်ခုက အမျိုးအစားကောင်း တွေကွ"

ထင်ကြီးက အမ်ပလီဖိုင်ယာ၊ စပီကာနဲ့ ဆောင်း ဘောက်စ်အတွဲလိုက်ဖြစ်သော လဝါရဲ့ပစ္စည်းတွေကို သွားကိုင် ကြည့်နေရင်းက သူ့ရုပ်သွင်က ဆွေးဆွေးမြည့်မြည့်လိုလို၊ မချိပြုံး းလို တစ်မျိုးတစ်မည်ဖြစ်လာသည်။ ဘာတွေလဲ။ လဝါအဖို့ ာဒီ ဘာဆိုဘာမှ နားမလည်နိုင်သေး။

"ကဲ … ကဲ … ငါ့ညီ၊ အကျီသွားဝတ်ချင် ဝတ်လိုက်ပါဦး၊ ပြီးမှ ကိုယ်တို့ စကားအေးဆေး ပြောကြတာပေါ့"

သွန်းပုံရဲ့ခဲအိုမကလို့ ဘာပဲဖြစ်ဖြစ် ဧည့်သည်က အိမ်ရှင်ကို အမိန့်ပြန်ပေးပြီး သူကချည်း သူ့သဘောသူဆောင် ာ်ချင်တိုင်း လုပ်နေတာကို သိပ်စိတ်တိုင်းမကျလှသည့် လဝါက "အကျီကရပါတယ်၊ ဘာကိစ္စလဲသာ မသိဘူး"ဟုသာ မတင်း မလျှော့လေသံမျိုးနှင့် ဆိုဖြစ်လိုက်ပါသည်။

"မင်းရဲ့သွန်းပုံက ကိုယ့်အိမ်ထဲ ကိုယ်နေတာပဲ၊ အကျီချွတ်ကြီးမကလို့ ကင်းမြီးကောက်ပဲ ထောင်နေနေ ဘာဖြစ်သေးလဲလို့ စောဒကတက်ချင်တာမျိုးကို လက်ခံမယ့်ကောင်မလေးမျိုး ဟုတ်လို့လား ငါ့ညီရာ"

တော်တော်ကြီး အောင့်သီးအောင့်သက် ဖြစ်သွားရပေမယ့် လဝါက ဆင်ခြေထပ်ပေးမနေတော့ဘဲ စကားနည်းရန်စဲ အိပ်ခန်းထဲသို့ပဲ ဝင်လာလိုက်ပါတော့သည်။ ဒီလူက ဘယ်လိုလဲ။ ဘာသဘောလဲ။ သူများအိမ်ကို မဖိတ်ခေါ်ပါဘဲ ပိုင်စိုးပိုင်နင်းနဲ့ ရောက်ရှိလာပြီး တရင်းတနှီးလိုလို အကြောင်းသိတွေလိုလို လာလုပ်နေတာ ဘာရည်ရွယ်ချက်နဲ့လဲ။

သွန်းပုံနဲ့ လက်ထပ်ပြီးကြရင်တော့လည်း "မယားညီအစ်ကို" ဆိုတာသည် မပတ်သက်လို့ မရတော့တဲ့ အဆက်အစပ်မျိုးပေါ့။ ဒါပေမဲ့ ခုနေခါတော့ တစ်ခါမှ မမြင်ဖူးကြသူချင်း၊ နာမည်တောင် ခုမှ ကြားဖူးကြသူချင်းဟာ သူစိမ်းကြီးတွေပင်။ ဘာဖြစ်ချင်တာပါလိမ့်။

ကြိုးရာတီရှပ်တစ်ထည်နှင့် ဘောင်းဘီတိုတစ်ထည်တို့ကို ဆွဲယူဝတ်ဆင်ခဲ့ပြီး ဧည့်ခန်းဘက် ပြန်ထွက်ခဲ့တော့ လဝါရဲ့ဝတ်ပုံစားပုံကို သဘောကျသလိုပြုံးပြီး စိုက်ကြည့်နေတဲ့ ထင်ကြီးက ...

"ညီရေ ... မင်းရဲ့သွန်းပုံတို့အိမ်မှာတော့ ဒီလောက်ကလန်ကလားအရပ်ကြီးနဲ့ ဒီလောက်တိုတဲ့ ဘောင်းဘီတိုကိုဝတ်





ခြင်းဟာ ပြစ်မှုမြောက်တယ်နော် ကိုယ့်လူ။ ကိုယ်အင်မတန်နှစ်သက်တဲ့ ဘောင်းဘီတိုတွေကို ခေါက်ရိုးကြောင်းတွေဝါပြီး ဆွေးသွားအောင် ဗီရိုထဲ ဒီတိုင်းခေါက်ထည့်ထားခဲ့ရတာ ကိုယ့်အိမ်ထောင်သက်နဲ့အမျှ ရှိခဲ့ပြီကွ"

"ကိုထင်ကြီး။ လာရင်းကိစ္စကို ကျွန်တော်တို့ ပွင့်ပွင့်လင်းလင်းနဲ့ တည့်ပဲဆွေးနွေးလိုက်ကြရင် အချိန်မဖြုန်းရာကျမယ် ထင်တယ်ဗျာ"

"ဟုတ်ပါပြီကွာ၊ ကိုယ်ကလည်း ပိုတောင်အချိန်မဖြုန်းချင်ပါဘူး။ သွန်းပုံရောက်မလာခင် အချိန်မီ ကိုယ်ကဦးအောင်စောပြီးထပြန်မှ ဖြစ်မှာကိုး။ ကိုယ်ရောက်လာတာ သူသိလို့မဖြစ်ဘူးလေ"

တယ်ပွင့်လင်းပါလား။ သူ ဒီကိုရောက်လာခြင်းဟာ သူ့ခယ်မ မသိအောင် ခိုးလုပ်တာပါဆိုတာကို ခပ်အေးအေးပဲဖွင့်ပြောလိုက်သည်။

"ဒီနေ့ညနေ သွန်းပုံ မင်းကိုလာခေါ်မယ်ဆိုတာ ကိုယ်သိပါတယ်။ ပြီးရင် သူ့မိသားစုရှိတဲ့ သူ့အမေအိမ်ကိုခေါ်သွားမယ်။ သူ့မိသားစုနဲ့ မိတ်ဆက်ပေး။ တွေ့ပေးမယ်။ သူတို့တစ်မိသားစုလုံးကလည်း မင်းအကြောင်းကို နားကျေနေအောင်၊ အသေးစိတ်၊ တစ်စမကျန် လိုက်စုံစမ်း၊ သိထားပြီးကြပေမယ့် ဘာမှမသိသေးသလို ဟန်တွေဆောင်ပြီး သံမက်လောင်း အင်တာဗျူးထိုင်သလိုလို တရင်းတနှီး၊

တစ်ယောက်တစ်ပေါက်တွေ မေးကြလိမ့်မယ်။ ပြီးရင်တော့ စိတ်အေးပါပြီ။ အကြမ်းဖျင်းအားဖြင့်တော့ သဘောကျပါပြီ ဆိုတဲ့ပုံစံတွေနဲ့ ညစာထမင်းကို အတူစားခွင့်ပြုကြလိမ့်မယ်။ ဟုတ်တယ်မဟုတ်လား။ ဒီနေ့ အဲဒီအစီအစဉ်ရှိတယ် မဟုတ်လား ငါ့ညီ"

လဝါက ဘာမှပြန်မဖြေဘဲ ရှေ့ကလူကို စိုက်ကြည့်နေပါသည်။ ထိုအချိန်မှာပင် ထင်ကြီး ဆိုသည့်သူက သူ့ရုပ်သွင်ကို အလေးအနက်၊ အတည်အကြည်ဆုံး ပုံစံမျိုးပေါက်အောင် တမင်ပဲ လုပ်ယူလိုက်သည်။

"ဖြစ်နိုင်ရင် မင်း ဒီနေ့ အဲဒီအိမ်ကို မသွားပါနဲ့။ သူတို့ရဲ့ ကြိုတင်စီစဉ်မှုတွေ၊ အစီအစဉ်တကျ ချောချောရှူရှူမဖြစ်ပါစေနဲ့။ ငြင်းလိုက်ပါလားကွာ။ နောက်နေ့မှ မင်းဘာသာမင်း မင်းကြိုက်သလို ပြန်စီစဉ်ပြီး အစီအစဉ်မရှိ၊ ဖြုန်းစားဖြင်းစား၊ ခရီးကြုံလမ်းကြုံ ဝင်ဖြစ်လိုက်သလိုလိုနဲ့ တစ်ချက်လောက် သွားတွေ့ချင်တွေ့"

"ခင်ဗျာ ..."

"ဒီထက်ပိုဖြစ်နိုင်ရင်တော့ မင်း အဲဒီမိသားစုထဲ မဝင်သင့်ဘူးကွာ။ မင်းပုံက ဖြူဖြူနုနုနဲ့ လူရည်သန့်၊ လူအေး၊ သဘောကောင်းလေးပုံ ပေါက်နေတယ် ငါ့ညီရာ။ ဘယ်လိုနည်းနဲ့မှ မင်းနဲ့ဖြစ်မှာမဟုတ်ပါဘူး။ မကိုက်ညီဘူးကွာ။ မင်း အကြိမ်ကြိမ် အဖန်ဖန် ပြန်စဉ်းစားဖို့လိုတယ်နော် ...





မိန်းကလေးတစ်ယောက်တည်းကို ကွက်ကြည့်ပြီး ကိုယ့်ဘဝရှေ့ရေးကို မျက်စိမှိတ်၊ အလျှဉ်စလို မဆုံးဖြတ်သင့်ဘူးကွ။ အစစအရာရာ သူတို့လိုပဲပေါ့ကွာ၊ အကွက်ဈေးဈေး၊ တစ်စမကျန် စုံစမ်းယူပြီးမှ ဆုံးဖြတ်စမ်းပါ ငါ့ညီရာ။ စေတနာအရင်းခံနဲ့ လာပြောတာပါ။ ယောကျ်ားကြီးတန်မဲ့နဲ့ သူတစ်ပါးအတင်းကို အိမ်တိုင်ရာရောက် လာတုပ်သလိုဖြစ်ရတာ ငါ့အကျိုးစီးပွား တစ်စက်မှ မပါစေရဘူး၊ မင်းအတွက်ချည်းပဲကွ"

လဝါမှာ ထင်ကြီး ဆိုတဲ့လူကို ဟသွားမိတဲ့ပါးစပ်မှ ပြန်မပိတ်နိုင်အောင် ပါးစပ်အဟောင်းသားနှင့်ပဲ စိုက်ကြည့်နေမိပါပြီ။ အင်မတန် ထူးဆန်းတဲ့ကိစ္စ။ လုံးဝထင်မှတ်မထားနိုင်ဖွယ်ရာကိစ္စ။ တစ်သက်မှာ တစ်ခါမှ အဆက်အစပ် အပတ်အသက်မရှိဖူးကြသူချင်း "မင်းအတွက် စေတနာတွေပါ" ဟု သူတစ်ပါးချစ်ခြင်းကို လာခွင်းသောကိစ္စဟာ ဘယ်လိုနားလည်ယူရမလဲ။ ရှုပ်များနေလေရော့သလား။

"မင်းနဲ့ ငါနဲ့ ဘာဆိုင်လို့ ငါက မင်းအတွက် စေတနာတွေ ပိုနေရမလဲလို့ မင်းတွက်နေထွယ် မဟုတ်လား။ ဟုတ်တယ် ... ဘာမှတော့ မဆိုင်ဘူး၊ ဒါပေမဲ့ နောက်ထပ် ထင်ကြီးတစ်ယောက်ကို ငါ့မျက်စိရှေ့မှောက်အောက်မှာတွေ့ မနေချင်တာပါကွာ။ မှန်ကြည့်နေရတာနဲ့တင် လုံလောက်ပါပြီ ...

မင်း လူမသေဘူး။ ဘ၀သေသွားလိမ့်မယ် ငါ့ညီ။ မင်းရဲ့လွတ်လပ်ခွင့်တွေ၊ ကိုယ်ပိုင်ဆန္ဒတွေ၊ အခွင့်အရေးတွေ၊ နေတတ် ထိုင်တတ်ပုံတွေ အားလုံး ရိုက်ချိုးခေါက်သိမ်းပြီး သူများဆန္ဒကြီးနဲ့ စက်ရုပ်ကြီးလို အမိန့်နာခံ လှုပ်ရှားနေရတာမျိုး နေတတ်ပါ့မလား။ နေချင်ပါ့မလား ...

ကိုယ့်ဘ၀ကတော့ သွားခဲ့တာ ကြာပါပြီကွာ။ ကိုယ့်လို နောက်တစ်ယောက်မျိုး ထပ်ပေါ်မလာစေချင်တော့တာ ကိုယ့်စေတနာပါ။ မရှောင်နိုင်တော့ဘူး၊ ဒီထဲ ၀င်ကို၀င်လာမယ်ဆိုရင်တောင် ပုံစံခွက်ထဲတော့ 'ပလုံ'ခနဲကျမသွားပါစေနဲ့ကွာ။ တတ်နိုင်သရွေ့ ကိုယ့်မင်းကိုယ်ချင်း၊ ကိုယ့်နည်းကိုယ့်လမ်းနဲ့ချည်း လုပ်ပစ်လိုက်စမ်းပါ"

"ကိုထင်ကြီး ... ကျွန်တော် ဘာမှနားမလည်ဘူး"

လုပ်ပုံကိုင်ပုံကို နားလည့်မလည်။ နှစ်လည်းမနှစ်သက်မိပေမယ့် သူ့မျက်နှာထားနဲ့ စကားသံများကိုတော့ အနည်ငယ် အားနာမိတာမို့ လ၀ါက အေးအေးဆေးဆေးပဲ ပြန်ပြောလိုက်ပါသည်။ ဖြစ်နိုင်ရင်တော့ "ခင်ဗျား သွားတော့ဗျာ။ ခေါင်းရှုပ်လိုက်တာ ဘာတွေလဲ"ဟုပင် ပြန်ပြောလိုက်ချင်တာပါ။ မတော်ရသေးသည့် မယားညီအစ်ကိုလောင်းထံ သူ့မိန်းမ မိသားစုနဲ့ ပတ်သက်တဲ့ မကောင်းကြောင်းတွေကို ပယ်ပယ်နယ်နယ် လာပြောပြနေတဲ့ ယောက်ျားတစ်ယောက်ဆိုတာ ဘယ်လိုမျိုးလူလဲ။





"ငါလည်း မင်းနေရာမှာသာဆိုရင် ငါ့လို လာလုပ်တဲ့သူရှိရင် နားလည်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ ငါ့ကိုတော့ အဲဒီလို သတိလာပေးမယ့်သူ ဘယ်သူမှ မရှိခဲ့ဖူးဘူးကွ။ ဒါပေမဲ့ အဲဒီလိုများသာ ရှိခဲ့ရင် ငါ အဲဒီတစ်ယောက်ကို ကျေးဇူးတွေ အရမ်းတင်ချင်လည်း တင်နေမိလိမ့်မယ်။ ဒါမှမဟုတ် အစ်ကို့စကားကို နားမထောင်ခဲ့မိတာ မှားပါတယ်လို့ ဖင်ဘူးတောင်းထောင်ပြီး ထိုင်ရှိုးရင်လည်း ရှိုးနေမိမှာပဲကွ။ ဒါပေမဲ့ ငါ့မှာတော့ ဘာမှပြင်ဆင်ချိန်မရလိုက်ပါဘူး ...

ငါလည်း မင်းအရွယ်တုန်းကတော့ အင်မတန်တက်ကြွပျော်ရွှင်ခဲ့တဲ့၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နေတဲ့၊ ကိုယ့်ဘ၀ကိုယ် ကျေနပ်နေတဲ့ တစ်ယောက်ပဲလေ။ ငါရော မင်းပါ တူညီတဲ့အချက်က မိဘတွေ မရှိကြဘူး။ ကိုယ့်ဘာသာ ကြိုးစားရုန်းကန်ပြီး အောင်မြင်ပြည့်စုံအောင် ကြိုးစားနိုင်ခဲ့ကြတယ်။ ပြီးကျတော့ ကိုယ့်ကိုယ်ကိုယ် လူကောင်းလို့ ခံယူချင်တဲ့ အမှားနည်းအောင် နေချင်တဲ့စိတ်ရှိနေကြတဲ့သူတွေလေ။ အုပ်ထိန်းသူမိဘ မရှိခဲ့ဘဲ ကိုယ့်ကိုယ်ကိုယ် ကောင်းအောင် တော်အောင် ကိုယ့်ဘာသာနေနိုင်ခဲ့တယ်ဆိုတဲ့ အချက်ကိုမှ ဂုဏ်ယူချင်တဲ့ကောင်တွေလေ။ သေလိုက်ပေါ့ကွာ။ လူကောင်းဖြစ်ချင်လေ ဒုက္ခရောက်လေပဲဆိုတာ။ မင်း အခုမသိသေးဘူး။ တဖြည်းဖြည်းမှ သိလာလိမ့်မယ် ...

မင်းကို ငါနဲ့အဖြစ်ချင်းတူလွန်းလို့ကို ငါက ဗိုဗြီးစေတနာထားချင်တာ။ ဒီမှာ ... မင်း ငါ့ကိုလည်း မျက်စိစုံမှိတ် မယုံချင် မယုံနဲ့ကွာ။ ဒါပေမဲ့ ပြန်စုံစမ်းဆုံးဖြတ်မယ်ဆိုတာ တစ်ခုတော့ ကတိပေးနိုင်မလား"

မပေးနိုင်ပါ။ ဘာလို့ပေးရမှာလဲ။ သွန်းပုံ ဆိုတာသည် လဝါအဖို့ နှစ်နဲ့ချီပြီးတော့ကို ကြိုးစားလိုက်ယူထားရတဲ့ချစ်သူကလေး။ လက်ထဲပိုင်ပိုင် ရကာနီးပါပြီဆိုကာမှ ဘယ်တုန်းကမှ မမြင်ဖူး မသိဖူး (ဦးနောက်မှ ကောင်းရဲ့လားတောင် မသေချာသည့်) သူတစ်ယောက်ရဲ့စကားတွေနဲ့ ပြန်စဉ်းစား ဆုံးဖြတ်မယ်လို့ နောက်တွန့်လိုက်စရာလား။ ဘာအဓိပ္ပာယ်ရှိသလဲ။

သူ့ဟာက ဘဝကြီးတစ်ခုလုံးနဲ့ကိုချီပြီးတော့လည်း ခြိမ်းခြောက်သလိုလို ဘာလိုလိုက ပါဝင်နေသေးသည်။ ပြောရမည်ဆိုရင်တော့ လဝါရဲ့အသည်းနှလုံးလေးဟာ (တခြားမိန်းကလေးတွေနဲ့ တူ,မတူတော့ ကိုယ်ကလည်း အားလုံးကို အကြီးအကျယ်လိုက်လေ့လာထားတာ မဟုတ်တော့ မသိ) ဆရာလုပ်၊ အမိန့်ပေး၊ ပစိပစပ်များ၊ စိတ်ကောက်၊ ရွဲ့ဆိုး,ဆိုးဆိုတဲ့နေရာတွေမှာ တော်တော်သန်တဲ့ ကောင်မလေးလို့တော့ ပြောလို့ရပါသည်။ အဲဒါတွေကို ကိုယ်က တစ်ခါတလေကျရင်တော့ စိတ်ညစ် ဦးနောက်ခြောက်၊ တစ်ခါတလေကျရင်တော့ အသစ်အဆန်းလိုဖြစ်ကာ နှစ်သက်သဘောကျရမလိုတောင် ရှိပါသည်။ အဲဒါတွေလောက်နဲ့ ကိုယ့်





ဘဝကြီးတစ်ခုလုံး သုံးစားမရတော့လောက်အောင် ခန်းခြောက်သွားနိုင်သလား။ နီး ..."

"ငါ့ညီ ဘာစဉ်းစားနေမလဲဆိုတာ အစ်ကို သိတယ်။ ကိုယ့်ရည်းစား ကိုယ့်ချစ်သူက အနိုင်ယူတာမျိုးလောက်ကတော့ ဘဝပျက်စရာလား။ ပန်းနဲ့ပေါက်လိုက်သလောက်ရှိမှာပေါ့လို့ တွေးနေမယ် မဟုတ်လား။ ဒါပေမဲ့ မင်းခံရမှာက တစ်ယောက်တည်းနဲ့ မဟုတ်ဘူးနော်။ ယောက္ခမရော၊ မရီးပါ, ပါမှာ ...

မင်းက ငါ့ထက်ပိုဆိုးမှာက ကိုယ့်ယောက္ခမနဲ့ ကိုယ့်မိန်းမ၊ နှစ်ယောက် နှစ်ယောက်ချင်းက တူတယ်ထား။ မင်းမရီးက ငါ့ခယ်မထက် ဆိုးတယ်။ ပြောပြလို့ မရနိုင်လောက်အောင်ကို ဆိုးတယ်။ ငါ့ခယ်မက ငါ့အပေါ်မှာ အနိုင်ယူတာလောက်ပဲရှိတယ် အော်ကြော့လန် မဟုတ်ဘူး။ မင်းမရီးကျတော့ အကြီးကလည်း အကြီးဆိုတော့ နာလန်မထူနိုင်လောက်အောင်ကို ဖိထားမှာ။ အေးလေ ...။ ယုံချင်မှလည်း ယုံပေါ့ကွာ။ ဒါပေမဲ့ စုံစမ်းကြည့်တာကတော့ မမှားပါဘူး။ ဟုတ်တယ် မှတ်လား"

ဒီလောက်ကြီး ဆိုနေမှတော့လည်း မကောင်းတတ်ဘာမို့ လဝါက ခေါင်းတစ်ချက် နှစ်ချက်လောက် ညိတ်ပြလိုက်ပါသည်။ ပြီးတာနဲ့ နာရီကိုတစ်ချက်မော့ကြည့်ပြလိုက်ကာ ...

"သွန်းပုံက ဆယ့်နှစ်နာရီ တစ်ချက်လောက်တော့ ရောက်မယ်လို့ ပြောထားတယ်နော်။ နေ့လယ်တစ်နာရီလောက်က စပြီး အပြင်ထွက်ဖြစ်ရင် သူ့မိဘအိမ်ကို တန်းလာကြမှာ မဟုတ်သေးဘူး။ တစ်နေရာ ဝင်စရာရှိနေသေးလို့"

"ဩော် ... ဒီလိုလား၊ အေးလေ ... အဲဒါဆိုရင်လည်း ပြန်ရတာပေါ့။ အမှန်က အချိန်ရရင် အသေးစိတ်ပြောပြချင်တာတွေ ရှိသေးတာ။ ဒီနေ့ကျတော့ ညနေဘက်ကျ မလာဖြစ်အောင် ပြောလို့များရမလားလို့ အုပ်မိအောင် ထထွက်လာလိုက်တော့ သိပ်အချိန်မရဘူး ဖြစ်သွားတယ်။ နောက်ရက်တွေကျ ငါညီ ဘယ်ရက်တွေ အားမလဲ"

လဝါထံမှ အဖြေချက်ချင်း ပြန်မရတဲ့အခါ ထိုလူက "အေးလေ ... ကိုယ်ပဲပြန်ဆက်သွယ်ပြီး ညှိချိန်းကြည့်ပါ့မယ်၊ ကိုယ့်ဆီမှာ ငါ့ညီဖုန်းနံပါတ် ရှိပါတယ်"ဟု ဆိုလေသည်။ အင်း ... နောင်လည်း အရှည်သဖြင့် ထပ်ထပ်ဆက်သွယ်ကာ ဒါမျိုးတွေကိုချည်း လာပြော၊ နားချနေတော့မယ့် ပုံစံမျိုးပဲ။ လွယ်လွယ်နဲ့တော့ လက်လျှော့မယ့်ပုံ မရှိချေ။ ဘယ်လိုလုပ်ရပါ့မလဲ။ ပြဿနာပဲနဲ့တွေ့တယ်။

"မင်းဆီ ကိုယ်ရောက်လာတာ သွန်းပုံရော သူတို့တစ်အိမ်သားလုံးပါ မသိဘူးနော်"

ထိုသူက လဝါကို သတိပေးသလို တစ်ချက်ပြောပြီးမှ နှုတ်ဆက်ကာ ထပြန်သွားခဲ့ပါသည်။ လဝါမှာ စိတ်တွေ





ရှုပ်ပြီး ကျန်ခဲ့တာမို့ အိမ်တံခါးကိုလည်း လိုက်မပိတ်မိ။ ဆက်တီကုလားထိုင်တစ်လုံးထက်မှာ ပြေလျောလျောကြီး မှီထိုင်ပြီး မျက်စိကိုပါ မှိတ်ထားမိတာမို့ သွန်းပုံ ရောက်လာတော့ "တံခါးကြီးဟောင်းလောင်းနဲ့ ဧည့်ခန်းထဲကြီးမှာ အိပ်ပျော်နေရသလား"ဟု အဆူအမံကို ခံရလေသည်။

နိုးကြောင်နိုးဝှက်၊ လူမသိ သူမသိပုံစံနှင့် မဟုတ်ဘဲ တကယ်တမ်း တရားဝင် တွေ့တွေ့ဆိုင်ဆိုင် တွေ့ဆုံရပါပြီဆိုတော့ ထင်ကြီးဆိုတဲ့ တစ်ယောက်က လဝါကို မသိချင်ယောင်ဆောင်နေလေသည်။ သွန်းပုံက "ဒါ ကိုထင်ကြီးတဲ့ လဝါ။ သွန်းပုံအစ်မရဲ့ခင်ပွန်းပါ။ အစ်ကိုကြီး ... ဒါက လဝါတဲ့။ သွန်းပုံပြောထားတဲ့တစ်ယောက်ပဲ"ဆိုတော့ ဣန္ဒြေကြီးနဲ့လိုလို၊ ထည်ထည်ဝါဝါကြီးလိုလိုပုံစံနဲ့ ခေါင်းညိတ်တာကိုတောင် ဖြည်းဖြည်းလေးလေး အချက်ကျကျကြီး ညိတ်ပြတဲ့ အဲဒီလူကြီးကို လဝါက အတော်ပင် မြင်ပြင်းကတ်သွားမိပါသည်။

မနက်ကနဲ့ လုံးဝတခြားစီလေ။ "မယားညီအစ်ကို တော်စပ်ကြရမယ့် သူချင်းမှာ ငါက အကြီးဆိုတော့ လူကြီးမင်းပုံစံ ဖမ်းထားရမှာပေါ့"ဆိုတဲ့ အချိုးနဲ့ အိမ်နေရင်းကြီးမှာ ဝတ်စားထားတာကပင် ရုပ်လက်ရှည် လည်ကတုံးကြယ်သီးစေ့တပ်နှင့်

ပိုးတွဲပုဆိုးတို့နှင့်။ မနက်ကဖြင့် ဂျင်းဘောင်းဘီအဟောင်း တစ်ထည်နဲ့ တီရှပ်ခပ်နွမ်းနွမ်းတို့နဲ့ပဲ ရောက်လာခဲ့တာက ဘယ်သူတုန်း။

တတ်လဲ့ည်း တတ်နိုင်တဲ့သူပင်။ မျက်နှာထားတို့ကအစ ပြဇာတ်မင်းသားအလား အထင်မှားရမတတ်။ မနက်ကလို ဖော်ရွေချိုသာပျူငှာလိုဟန်၊ သူ့ဘက်က request လုပ် အခွင့်တောင်းစရာတွေ ရှိနေတာမို့ ညက်နေခဲ့တဲ့မျက်နှာထား၊ ပျော့ပျောင်းနေတဲ့ အကြောအချဉ်တို့လည်း ညနေကျတော့ ဘယ်ပျောက်ကုန်ကြပါလိမ့်။ တကယ့်ကို ဝါတော်ရှစ်ဆယ်ရကြီးလိုလို၊ ဘဝ ရှင်မင်းတရားကြီးလိုလိုရုပ်နဲ့ အထက်စီးကြီးဆိုတဲ့ဟန်ကို လုပ်လည်းလုပ်တတ်ပါပေသည်။

"ခင်ဗျားကြီး မနက်တုန်းကကျတော့ ဒီလိုရုပ် ဒီလိုပုံစံမျိုး မဟုတ်ပါလားဗျာ"လို့ ပြောချလိုက်ချင်ပါသော်လည်း လဝါဆိုတာ အဲဒီလို ထိပ်တိုက်တွေ့ပစ်ဖို့၊ ဂျစ်တိုက်ဘုကျဖို့၊ ရန်များဖို့ ဝန်မလေးတတ်တဲ့သူမျိုးမဟုတ်။ စိတ်ထဲမှာသာ မကျေနပ်ချက်တွေ များချင်များနေမည်။ လူကတော့ လူရှေ့သူရှေ့ အများနဲ့ဆို တစ်ဖက်သားများ အရှက်ရ၊ ဒုက္ခရောက်သွားမလားရယ်လို့ ပြောမထွက်ဘဲ အားနာနေဆဲ ဆိုတဲ့ သူမျိုးသာဖြစ်ပါသည်။

အဲဒီတော့လည်း မနက်ကလို ဖော်ဖော်ရွေ၊ ရွှမ်းရွှမ်းဝေနေဖို့နေနေ ဘာစကားမှ စမလာဘဲ ခပ်တည်တည်ကြီးနဲ့ ခေါင်းတညိတ်ညိတ်ကြီးသာ လုပ်နေခဲ့တဲ့သူကြီးကို "ကျွန်တော်





လဝါပါ"ဟုပဲ အောင့်သက်သက်နဲ့ ကိုယ်ကအရင် စ,မိတ်ဆက်လိုက်ရတော့တာပေါ့။

ဒါတောင် "အေး"တစ်လုံးလောက် စကားပြန်မရ။ ခေါင်းကတော့ ဘာညိတ်သလဲမမေးနဲ့။ မရပ်တမ်းကို အသေညိတ်နေလိုက်တာ ဈေးဆိုင်တွေက ဈေးခေါ်လာဘ်ကောင် ရွှေကြောင်ရုပ်ရဲ့ မြှောက်ထားတဲ့ လက်တစ်ဖက်တောင် သူ့လည်ပင်းလောက်အချက်ကျကျ လှုပ်နိုင်ပါရဲ့လား ထင်ရသည်။ ဝတ္ထုတွေ ရုပ်ရှင်တွေထဲမှာ ဆိုရင်တော့ "မနက်ကလူမှ ဟုတ်ရဲ့လား၊ အမြွှာများလား"လို့ တွေးရတော့မယ့် အကွက်မျိုးပေါ့။

"ကိုကိုကြီးရေ ... အဲဒါ လဝါတဲ့လေ၊ တွေ့ပြီးကြပြီလား"

လှဝါနဲ့ ထင်ကြီးတို့ မျက်လုံးချင်းတွေ ခပ်ကြာကြာဆိုင်မိနေကြဆဲ အသံစာစာ စာစာနဲ့ မိန်းမတစ်ယောက် အိမ်ထဲကနေ ထွက်လာပါသည်။ သွန်းပုံရဲ့အစ်မဖြစ်သူ မရွှေမှုန်ဆိုတာ ပြောမပြလည်း သိသာနေတဲ့ရုပ်မျိုးနဲ့။ တစ်ခုပဲရှိတာက သူကတော့ အိမ်ထောင်သည်မို့လားမသိ။ အနည်းငယ်ပြည့်ဖြိုးထောင်မောင်းသော အသွင်မျိုးရှိနေကာ ပြောရရင်တော့ လုံးကြီးပေါက်လှဆိုတဲ့ အထဲကပေါ့။ ရုပ်ချင်း အတော်ကြီးဆင်ကြပေမယ့် သွန်းပုံလို ချစ်စဖွယ်ပါးပါးလျားလျား သေးသေးသွယ်သွယ် ပုံစံမျိုးမရှိဘဲ မြန်မြန်သွက်သွက်ဆိုတဲ့ ဟန်မျိုးပါ ထွက်နေသေးတဲ့ ထိုအစ်မကြီးဟာ ခပ်ထက်ထက် (အားမနာတမ်းပါ ပြောရရင်တော့ ခပ်လည်လည်)ဆိုတဲ့ သွင်ပြင်မျိုးလည်း ပေါက်နေပါသည်။

ကိုယ့်ရှေ့က အကယ်ဒမီဦးထင်ကြီးတို့ကတော့ "ပြောပြလို့မရနိုင်လောက်အောင်ကို ဆိုးတယ်။ နာလန်မထူနိုင်လောက်အောင်ကို ဖိထားမှာ။ ကိုယ့်ဘဝကတော့ သွားခဲ့တာကြာပါပြီကွာ"လို့ အတင်းတုပ်ခဲ့တဲ့ မရွှေမှုန်ပေါ့။ ရွှေမှုန်ကလေးလောက် မဟုတ်သော်ငြား ရွှေတုံးရွှေခဲကြီးလို ဝင့်ဝင့်ကြီးဖြစ်နေတဲ့ ဤမိန်းမတစ်ယောက်ဟာ အဲဒီလောက်ပဲ တကယ်ဆိုးမယ့်သူမျိုးလား။ "မလွယ်လောက်ဘူး"ဆိုတဲ့ ဟန်မျိုးတော့ တကယ်ပဲထွက်နေပေမယ့် ဦးထင်ကြီး ဆိုတာကကော ဒီလိုဗလောင်းဗလဲရုပ်နဲ့ လူမျိုးဟာ ယုံကြည်လောက်စရာ ကောင်းပါ့မလား။

"သွန်းပုံ ... နင်တို့ တစ်ခါတည်း ထမင်းဝင်စားလိုက်ကြတော့လေ။ ကိုကိုကြီးက နင်တို့ကို ငုတ်တုတ်ထိုင်စောင့်နေရတာ၊ ဆာနေတာကြာပြီ"

"မေမေကော ... မေမေနဲ့တောင် တွေ့မပေးရသေးဘူး"

"မေမေက ခုမှရေစချိုးနေတာ ကြာဦးမှာ။ မစောင့်နဲ့တော့"

သွန်းပုံက ဘာမှထပ်မပြောတော့ပေမယ့် မျက်နှာကတော့ တစ်မျိုးဖြစ်သွားပါသည်။ ခုညနေခြောက်နာရီကျော်ပြီ။ ညစာထမင်းကို လဝါအဖို့ကတော့ မစားချင်သေးဘူးဆိုပေမယ့် "ကိုကိုကြီးက ဆာနေတာကြာပြီ"ဆိုတော့ ဘယ့်နှယ်လုပ်မတုန်း။ ပြီးကျ သမက်လောင်းနှင့် တွေ့ဆုံပွဲရှိသည်ဆိုပြီး တစ်ပတ်လောက်ကြိုချိန်းထားပြီးသား ယောက္ခမလောင်းကြီးကကော ညနေခြောက်





နာရီတောင် ကျော်နေမှ ရေထချိုးရသလား။ ကြိုချိုးထားလို့ရောမရနိုင်ဘူးလား။

ကိုယ့်ကို အားလုံးအဆင်သင့်ပြင်ပြီး စောင့်နေရမယ်တော့ မဟုတ်ပေမယ့် ဖိတ်ခေါ်သူ အိမ်ရှင်တွေလုပ်လေ့လုပ်ထရှိတတ်တာကို ပြောပါတယ်။ ရေချိုးစရာရှိသူက ကြိုချိုးထား၊ ဆာတတ်သူက အများသူငါ စားသောက်ချိန်နှင့် ကိုက်ညီအောင် ဗိုက်ထဲ တစ်ခုခုလေးဖြစ်ဖြစ် အဆာပြေထည့်ထား၊ ဖြည့်ထား။ မရဘူးလား။ ကဲ ... ထားပါ။ ဒီလိုတွေးရတာပင် ယောကျ်ားတစ်ယောက်တန်မဲ့ ကိုယ့်ဘက်က အလိုဆန္ဒ၊ လောဘကြီးရာကျနေလျှင် ဘယ်ကောင်းပါ့မလဲ။

ဒါတောင် သွန်းပုံတို့မှာ ဖခင်ဆုံးပါးသွားတာကြာပြီဖြစ်ပြီး ယောက္ခမအဘိုးကြီးက မရှိတော့ပေလို့။ နို့မို့ နောက်တစ်ယောက်ရှိသေးရင် နောက်တစ်မျိုး ကြုံရဦးမလားမသိချေ။ မျက်နှာနည်းနည်းပျက်ချင်သွားတဲ့ သွန်းပုံက "ခဏနော်"ဟု လဝါကိုပြောကာ အပေါ်ထပ်လှေကားဘက်သို့ ဆတ်ခနဲ ထထွက်သွားသဖြင့် သူ့အစ်မလုပ်သူကလည်း ညီမကို မျက်ခုံးပင့်ပင့်နှင့်ကြည့်ကာ နောက်က ချက်ချင်းကပ်လိုက်သွားပါသည်။

ညီအစ်မနှစ်ယောက်စလုံး လှေကားအကွေ့အချိုးမှာ ပျောက်သွားသည်ဆိုရင်ပဲ ဣန္ဒြေသိက္ခာကြီးနှင့် လက်ကြီးပိုက်ထားတဲ့သူကြီးက ပျာပျာသလဲနှင့် ...

"လူပျိုလူလွတ် တစ်ကယ်ရည် တစ်ကာယသမားမျိုးက ဒီချိန်မျိုးလောက်မှာ ညစာစားတတ်ကြလို့လားကွ"

လဝါက ဦးထင်ကြီးကို ခပ်တည်တည်ပဲ ကြည့်လိုက်သည်။ ဘယ်သူမှ မရှိတော့မှ လာပြန်ရင်းနှီးနေတာက ဘာလဲ။ စုံထောက်ဇာတ်ကားတွေထဲကလို ပြန်ပေးဆွဲခံထားရလို့ နှိုးကြောင် နှိုးဝှက် ဆက်သွယ်နေရတာမျိုးနဲ့ တူမနေဘူးလား။ ရယ်စရာကြီး တောင် ဖြစ်နေပြီ။

"ကိုယ် ဒီအချိန် မစားတတ်လည်း မစားသေးပါဘူး ရတယ်။ ဗိုက်မဆာသေးပါဘူးလို့ ငြင်းလေကွာ"

"ခင်ဗျားကြီးက ဆာနေတာ ကြာပြီဆိုဗျ"

စိတ်အချဉ်ပေါက်လာပြီဖြစ်တဲ့ လဝါ ထံမှ စကားသံက အငေါ်တူးသံ ထွက်နေပါသည်။ ဒါကိုပဲ ထင်ကြီးကသဘောကျသလို တစ်ချက်ပြုံးလိုက်သေးကာ ...

"မဟုတ်ပါဘူး။ ငါက ခုနေလေးတင်ကပဲ ကော်ဖီတစ်ခွက်၊ ကိတ်မုန့်နှစ်ချပ်နဲ့ ဖီးကြမ်းငှက်ပျောသီးတစ်လုံး စားထားသေးတာ"

"ဗျာ ... ဒါဖြင့် 'ငါမဆာသေးပါဘူး ရတယ်။ ညှိသည် စားချင်တဲ့အချိန်ပဲ စားပါစေ။ ဒါမှမဟုတ် သွန်းပုံအမေ ရေချိုးပြီးအောင်ပဲ စောင့်လိုက်ကြတာပေါ့။ ငါကခုနကပဲ တစ်ခုခုစားထားပါတယ်'လို့ ခင်ဗျားက ဘာလို့ဝင်မပြော လိုက်တာလဲ။ ဒီအိမ်ကို ခုမှခြေချဖူးတဲ့ ကျွန်တော်က ညှိ





သည်တန်မဲ့ ထငြင်းရမှာလား။ အစ်ကိုကြီး၊ ကိုကိုကြီးနဲ့ နေရာရနေတဲ့ ခင်ဗျားက စီစဉ်ပေးရမှာလေ"

လဝါမှာ သူက တိုးတိုးကျိတ်ကျိတ် လာလုပ်နေတဲ့ အတွက် ကိုယ်ကလည်း ယောင်ယမ်းကာ တိုးတိုး တိုးတိုးပဲပြန် သုပ်နေမိပြီးမှ အဲဒါကို သတိထားလိုက်မိလျှင် ကိုယ့်ဘာသာပဲ "ကျွတ်"ဟု မြည်တမ်းလိုက်ပါသည်။

"တကယ်တမ်း ဆာနေတာက အချိန်မရွေး ပါးစပ်ထဲထည့် ပြီးရင်း ထည့်နေတဲ့ ဒေါ်ရွှေမှုန်ကွ။ သူ ဆာနေလို့ သူက ဒီလိုစီစဉ်တာ"

ဆာနေတဲ့ သူ့မိန်းမ စီစဉ်တာမို့ပဲ သူက မငြင်းချင် ဘာလား။ မငြင်းရဲတာလား။ ဒီလူကြီးဟာ မိန်းမကြောက်ရသူ ပေါ့ ... ဒါဖြင့်။ အေးလေ ... ဟုတ်ချင်လည်း ဟုတ်မှာပေါ့။ နက်ကလည်း အဲဒီသဘောမျိုးပဲ ပြောသွားတာပဲဟာ။

"ရွှေမှုန်က ဒီအိမ်မှာ ဒီအချိန် ဒါကိုပဲလုပ်၊ ခုချက်ချင်း လုပ်လို့ ချပေးတဲ့ ဇယားဘောင်ထဲကို မင်းမဝင်သင့်ဘူးကွ။ ခေါက်ရိုးမကျိုးစေချင်လို့ ငါ မနက်ကပဲ သတိလာပေးထားတယ်လေ။ ဒီမှာ ... ရှင်းရှင်းပဲပြောမယ်။ အသွားကြီးရေချိုးနေတယ် ဆိုတာလည်း ဟုတ်ချင်မှဟုတ်မယ်။ တကယ်ဟုတ်ခဲ့ရင်လည်း သူ့အပြစ်နဲ့သူ နှာစေးချောင်းဆိုးနေတော့မှာ အမှန်ပဲ။ ဒီအချိန်မျိုးကြီးမှာ သူ ဘယ်တော့မှ ရေချိုးလေ့မရှိဘူး။ သူက ချမ်းတတ်တယ် ...

မင်းလည်း ရိပ်မိမှာပါကွာ။ သူ့ကို မော်ဖူးဖို့၊ အခစားဝင်ဖို့ ခက်ခက်ခဲခဲ စောင့်ရတော့ တန်ဖိုးပိုတက်မလားလို့ပေါ့ကွ။ ဒါကို အငယ်မက ရိပ်မိလို့ အပေါ်တက်ချဲတာလေ။ အမေနဲ့တိုင်ပင်ပြီးမှ လုပ်ကြပုံရတဲ့ အကြီးမလည်း လိုက်တက်သွားပြီဆိုတော့ ခုချိန် အပေါ်မှာဆို ပွဲကြီးပွဲကောင်းပဲ။ ဒီနေ့မျိုးတော့ အသံမထွက်အောင် နည်းနည်းထိန်းကြမယ်ထင်တယ်။ နို့မို့ဆိုရင်တော့ ခုလောက်ရှိ အသံကြားရပြီ။ သုံးယောက်လုံး မတရားသဖြင့် အာပြဲကြတာက လွန်ရောပဲလေ"

လဝါမှာ စိတ်ရှုပ်ထွေးရလွန်းလို့ မျက်နှာထားက အစ မအီမလည်ကြီး ဖြစ်နေမှာ သေချာပါသည်။ သွန်းပုံဟာ ဆူညံပွစိကာ ပစိပစပ်များတတ်တဲ့သူကလေးတော့ ဖြစ်ပေမယ့် ညှိသည်ပါလာတဲ့ အနိုက်မျိုးမှာပင် အမေလုပ်သူနဲ့ အော်ကြီးဟစ်ကျယ် ရန်တက်ဖြစ်မယ့် စရိုက်မျိုးရှိသူတဲ့လား။

သို့သော် ခပ်ကြာကြာ မစဉ်းစားလိုက်ရပါ။ ခုနက ညီအစ်မနှစ်ယောက် ချိုးဝင်ပျောက်ကွယ်သွားခဲ့သော လှေကားကွေ့မှာ သားအမိသုံးယောက်လုံး တစ်ပြိုင်နက် ပြန်ပေါ်လာကြသဖြင့် ထင်ကြီးကလည်း ကိုယ်နေဟန်ထားကို ပြင်လိုက်သလို လဝါလည်း ကိုယ့်မျက်နှာထားကို အမြန်ပြင်လိုက်ရပါသည်။

ဒီလိုတော့လည်း အေးအေးဆေးဆေး၊ ကြည်ကြည်လင်လင်ပုံစံတွေနဲ့ သားအမိတွေ အော်ကြီးဟစ်ကျယ် ရန်ဖြစ်လာ





တဲ့ပုံမျိုးလည်း မပေါက်ပါလား။ ထင်ကြီး ဆိုတဲ့သူဟာ ဒီလိုပဲ ဆါက်တတ်ကရတွေကို လျှောက်,လျှောက်ပြောနေတော့မယ့်သူလား။ ဒါပေမဲ့ "ခုမှရေစချိုးနေတာ"ဆိုတဲ့သူကတော့ ပြီးတာပဲ မြန်လွန်းတာလား။ သနပ်ခါးလိမ်း၊ အလှပြင်ထားခြင်းလည်းမရှိပါလား။ မျက်နှာပြောင်နဲ့တော့လည်း မဟုတ်ပြန်။ ခုမှရေချိုးပြီး ဆိုတဲ့ပုံမျိုးကို မပေါက်တာပါ။

ဒါဆို ဦးထင်ကြီးပြောတဲ့"ရေချိုးနေတယ်ဆိုတာလည်း ဟုတ်ချင်မှဟုတ်မယ်။ တမင်စောင့်ရအောင်လုပ်တာ"ဆိုတာက အမှန်ပဲ ဖြစ်နေမလား။ ဒါမှမဟုတ် ရိုးရိုးသားသားပဲ ခုမှချိုးမလို့ ပြင်နေတာကို သမီးငယ်က တက်ဂျီကျလို့ မချိုးတော့ဘဲ ဒီအတိုင်းပဲ ဆင်းလာတွေ့လိုက်တာလား။ အမေကြီးရဲ့ရုပ်ကတော့ ပုံမှန်လိုပေမယ့် အစ်မကြီးရဲ့ရုပ်ကတော့ ထင်လို့လားမသိ။ နည်းနည်းများဂျက်လာသလားလို့။ စတက်သွားကြတုန်းက မျက်နှာ ပျက်သွားတဲ့ သွန်းပုံကတော့ ပုံမှန်နဂိုရုပ်ပဲ ပြန်ဖြစ်နေပြန်ပြီ။

အမေလုပ်တဲ့လူနဲ့ မိတ်ဆက်နှုတ်ဆက်ပြီးကြတဲ့ အခါတော့ အမေကြီးဟာ တခြားသမီးရှင်မိဘတွေ လုပ်လေ့ရှိမယ်လို့ ထင်ရတဲ့ အာလာပသလ္လာပတွေ မေးမြန်းစုံစမ်း၊ ရင်းနှီးအောင် အစပျိုး၊ သဘောတူတယ်လည်းမဟုတ်၊ မတူတယ်လည်းမဟုတ် "ခွင့်ပြုလိုက်လျှောမှုတော့ ရှိပါတယ်"ဆိုတဲ့ ပုံစံကိုပြ။ ဒါမျိုးတွေတော့ ဆက်မလာတော့ဘဲနှင့် ချက်ချင်းပင် ...

"ကဲ ... ဒါဖြင့် ထမင်းစားလိုက်ကြတော့မလား"

လ၀ါ ဒီအိမ်သို့ ရောက်လာရတဲ့ ရည်ရွယ်ချက်က "ထမင်းစားဖို့"တစ်ခုတည်းပဲ ဖြစ်သလိုလိုနဲ့။ "ညစာထမင်း အတူစားဖို့ ပြောထားတယ်"ဆိုတဲ့ အစီအစဉ်ကတော့ ရှိတာပေါ့။ ဒါပေမဲ့ တခြားတရင်းတနီး၊ အာလာပသလ္လာပတွေ လုံးဝမရှိတော့ဘဲ "ထမင်းစားဖို့"ကိုချည်း ဦးတည်နေကြတာက တစ်မျိုးပါလား။ သမီးကြီးဖြစ်တဲ့လူက ဗိုက်ဆာနေပြီမို့လို့၊ သူ့အစီအစဉ်ကိုလည်း မဆန့်ကျင်ချင်လို့ပဲ အမေကပါ ဒါကိုပဲ ဦးတည်နေတာလား။ ဒီလိုဆိုလည်း ဒီသမီးအကြီးမဟာ ကိုယ်က ထိန်းမရသိမ်းမရ ဆာနေပါပြီဆိုလည်း ဒီပြင်လူတွေအားလုံးကိုပါ "စားလိုက်ကြတော့"လို့ ဖွတ်မလုပ်သင့်ဘူးလေ။

ထမင်းစားဖိတ်ခံရတဲ့ ဧည့်သည်ဆိုတာကတော့ အိမ်ရှင်ရဲ့အစီအစဉ်ကို အာခံငြင်းဆန်တာမျိုးတော့ မလုပ်သင့်ဘူးပေါ့။ အဲဒီအပြင် စုံထောက်ဇာတ်ကားရိုက်နေသလို မိုးကြောင်မိုးဝှက်နဲ့ ခုတစ်မျိုး တော်ကြာတစ်မျိုး လုပ်နေတဲ့ ဟိုလူကြီးရဲ့အကြံဉာဏ်ကိုလည်း မနာခံချင်ပါ။ သို့သော် … ဘာကြောင့်ရယ်မသိ။ လဝါဟာ နှုတ်ကနေ လွှတ်ခနဲ …

"ကျွန်တော်က ခါတိုင်းဆိုလည်း ဒီအချိန်မျိုးတော့ ထမင်းမစားတတ်သေးဘူးခင်ဗျ။ စားလေ့မရှိပါဘူး။ ပြီးတော့ … ခုနက သွန်းပုံနဲ့လည်း မြို့ထဲမှာ နေ့လယ်စာစားထားကြတာလေးကလည်း နည်းနည်းဗိုက်ပြည့်နေ။ အဲဒါ …"





ဟိုလူကြီးရော သူ့မိန်းမ မရွှေမှုန်ပါ မျက်လုံးတွေ အရောင်ပြောင်းသွားကြပါသည်။ ဦးထင်ကြီးက နှစ်ထောင်းအားရတဲ့မျက်လုံး၊ မရွှေမှုန်က ဒေါသထွက်သွားတဲ့မျက်လုံး။ အဲဒီမှာတင် ကိုယ့်ချစ်သူ သွန်းပုံကရောလို့ အကဲခတ်လိုက်တဲ့အခါ သွန်းပုံက ခုနကလိုပဲ ခပ်အေးအေး မျက်နှာထားနှင့်ပင်။

"အစ်ကိုကြီးက အတော်ဆာနေပြီဆိုတော့ မမတို့နှစ်ယောက်ပဲ အရင်စားရင် စားနှင့်လိုက်ကြတော့လေ။ ဟုတ်တယ်၊ လဝါပြောမှ သတိရတာ၊ သွန်းပုံတို့တွေ ကော်ပြန့်သုပ်တွေ ဝင်စားလာကြသေးတယ်။ မေမေရော သွန်းပုံတို့နဲ့မှပဲ အတူစားပါလား။ လဝါနဲ့လည်း စကားသေချာတောင် မပြောကြရသေးဘူးလေ"

"ဟာ … လူကြီးက သူ့အချိန်နဲ့သူ အချိန်မှန်မစားဘဲ စည်းမရှိ ကမ်းမရှိ အချိန်မတော်ထည့်ချင်ရာ ထည့်ထားကြတဲ့ ဗိုက်တွေကို စောင့်ရမှာလား။ မေမေ … ရွှေမှုန်တို့နဲ့ပဲ တစ်[illegible]တည်း စားလိုက်ပေါ့"

ဦးထင်ကြီးရဲ့မျက်လုံးတို့ဟာ အဖြစ်အပျက်တွေကို အင်မတန် သဘောကျနေတဲ့ အသွင်သဏ္ဍာန်တို့နဲ့ လက်လက်တောက်လို့ပင် နေကြသည်။ နှုတ်ခမ်းကိုလည်း ပြုံးမိသွားမှာစိုးသို့လားမသိ။ ခပ်တင်းတင်း ဆွဲစေ့ထားသည်။ မရွှေမှုန်ဟာ ဒီနေ့မှ စတွေ့ဖူးတဲ့ ဧည့်သည်ရှေ့မှာပင် စိတ်ဆတ်တာတွေ၊ ဒေါသတွေကို မထိန်းနိုင်သူပါလား။ မကြာခင်မှာ ဆွေမျိုးတွေ

အဖြစ် တော်စပ်ပတ်သက်ကြရတော့မှာမို့ပဲ "အကြောင်းသိတွေဖြစ်ရင်လည်း ဖြစ်သွားပစေပေါ့၊ အရေးမကြီးဘူး" လို့ပဲ သဘောထားလိုက်တာလား။ ဦးထင်ကြီး ပြောသလို "လွယ်တော့မလွယ်မယ့်သူ" ဆိုတာတော့ အမှန်ပဲ ဖြစ်နိုင်ပြီ။ ဒါဆို တမင်လီဆည်မကောင်း ပြောတာမျိုးတော့ မဟုတ်နိုင်တော့ဘူးပေါ့။

အဘွားကြီးဟာ သဘောထားမညီကြတော့တဲ့ သမီးအကြီးနဲ့ အငယ်တစ်ယောက်ယောက်ဘက်တော့ လိုက်ရတော့မည်။ ဘာလုပ်မှာလဲ။

"ဟုတ်သားပဲ ... မောင်လဝါနဲ့လည်း စကားပြောကြည့်ချင်တာလေးတွေ ရှိသေးတာ။ ဒီလိုလုပ်။ သွန်းပုံတို့က ထမင်းစားပွဲမှာပဲ အတူလိုက်ထိုင်လိုက်ကြလေ။ ထမင်းမစားချင်လည်း အဲဒီမှာပဲ အအေးလေးဘာလေးသောက်ရင်း စကားပြောကြတာပေါ့။ ဗိုက်ချင်းမဆုံပေမယ့် မိသားစုစုံစုံညီညီ စကားလက်ဆုံကျဖို့က လူချင်းဆုံနေရင် ရတာပဲ"

လဝါက အဘွားကြီးကို နည်းနည်းတော့ အမှတ်ပေးလိုက်မိသည်။ ဖြေရှင်းသွားပုံလေးက သင့်သားပဲ။ နို့မို့ဆို ဦးထင်ကြီး ပြောသလိုဆို တစ်ယောက်တစ်ပေါက်ဆိုတဲ့ မိန်းမသုံးယောက်၊ သုံးပေါက်၊ သုံးဆန္ဒတို့ဟာ ဘယ်လိုညှိလို့ရမလဲ။ တကယ်တမ်း ထိုင်စားဖြစ်ကြတော့ အဘွားကြီးကော၊ ဦးထင်ကြီးပါ ဟိုတို့ဒီထိနဲ့ စားဝင်ပုံလည်း မရပါ။ ကိတ်မုန့်၊ ဖီးကြမ်း၊ ကော်ဖီတို့နဲ့ ဗိုက်ပြည့်နေလို့ဆိုတဲ့ ဦးထင်ကြီးက မစားနိုင်တာ





သား။ သူ့အချိန်နဲ့သူ အချိန်မှန်စားတာဆိုတဲ့ အဘွားကြီးကရော။ အသက်ကြီးလာလို့ အစားနည်းတဲ့သဘောပဲလား။

သူချည်းထပ်ထပ်ထည့်ကာ မြိန်မြိန်ကြီးလည်းဖြစ်နေပုံရသည့် မစ္စမှုန်ကတော့ စားနိုင်သလို စကားလည်း များနိုင်ပေသည်။ သူ့အမေကြီးကသာ မေးမြန်းစုံစမ်းမည် ထင်ထားသောမေးခွန်းမျိုးတွေကို သူကချည်း တတွင်တွင် ...

"ရေနံကုမ္ပဏီတွေက သုံးလသွား၊ တစ်လခွဲပြန်နားဆိုပေမယ့် မိသားစုနဲ့ ခွဲနေရပြီး တစ်နိုင်ငံရပ်ခြား၊ အဝေးရောက်နေရတဲ့ နေရာမှာတော့ သဘော်သားတွေနဲ့ မထူးလှပါဘူး။ ကိုယ့်တိုင်းပြည်မှာပဲ အနေမြဲမယ့် အလုပ်တစ်ခုခုကို စဉ်းစားထားတာများ ရှိသေးလား"

"လခက အဲခုရနေတာက ဘယ်လောက် ... ! "

"လုပ်သက်နဲ့ ပြန်တွက်ရင် လူပျိုလူလွတ်တစ်ယောက်အနေနဲ့ တိုက်ခန်းတစ်ခုနဲ့ ကားတစ်စီးလောက်ပဲဆိုရင် သိပ်ကြီးစုမိတယ်တော့ မခေါ်ဘူးနော်။ အမျိုးအဆွေတို့၊ ကျေးဇူးရှင်စာရင်းဝင်တို့ ဘာညာစသဖြင့်ပေါ့ ထောက်ပံ့ပေးကမ်းနေရတာမျိုး ရှိနေသေးလို့လား"

"သွန်းပုံကတော့ မေမေနဲ့ခွဲပြီး အိမ်ခွဲနေမှာ မဟုတ်ဘူး။ မမတို့မိသားစုပုံစံက အဲလိုပဲလေ။ ခုနေနေတဲ့ တိုက်ခန်းကို ငှားထားလိုက်ပေါ့။ ကိုကိုကြီးတာန်းကလည်း ဒီလိုပဲလေ။ သူဆို သူ့အိမ်သူ့ရာနဲ့ လုံးချင်းအိမ်။ ဒါပေမဲ့ ငှားပဲထား

လိုက်တယ်။ ခုမှ စီးပွားရေးတစ်ခု တိုးချဲ့ချင်လို့ ပြန်ရောင်းလိုက်တာ။ ဘယ်လောက်မှတောင် မကြာသေးဘူး"

"ငယ်ငယ်တည်းက မွေးစားလာခဲ့တဲ့ ကြီးတော်လင်မယားက သားထောက်သမီးခံလည်း မရှိဘူးဆိုတော့ သူတို့မလည်း အိမ်ကြီးရခိုင်နဲ့အကျယ်ကြီးဥစ္စာ။ ကိုယ်က ဘာလို့တစ်ယောက်တည်း အိမ်ခွဲနေတာလဲ"

စသည် ...။ စသည် ...။ စသည် ...။ အဲဒီလိုတွေ့တွေ့ချင်းမှာ သူများသမီးရှင်တွေတော့ မေး,မမေးမသိရတဲ့ ခပ်ဖောင်းလ်ဖောင်းလ် မေးခွန်းများအတွက် မေးရသူက မျက်နှာမပူ၊ ဖြေနေရသူကပင် တစ်ပြန်စီးမျက်နှာပူလာရပေမယ့် သူတို့မိသားစုကတော့ အေးအေးဆေးဆေးလိုပင်။ ထမင်းစားရေး၊ မစားရေး၊ သူ့အမေကြီး အချိန်ဆွဲရေး မဆွဲရေးတွေမှာ အစ်မလုပ်တဲ့သူနဲ့ အတိုက်အခံ ဖြစ်ခဲ့ဟန်ရှိသော သွန်းပုံကလည်း "ဘာတွေလျှောက်မေးနေတာလဲ"ဆိုတဲ့ ပုံစံမျိုး တစ်စက်မရှိပါ။ "ငါမေးရခက်၊ စရခက်နေတာတွေ မေးပေးလို့ ကျေးဇူးပဲ"ဆိုတဲ့ ပုံစံမျိုးပင်ဖြစ်နေမလား။

ထင်ကြီးဆိုတဲ့ အကယ်ဒမီရခါနီးလူကြီးရဲ့ စကားတွေကို ပြန်စဉ်းစားပြီး အရေးအရာထား၊ ခေါင်းထဲစထည့်ရတော့မလား။ အဲဒီလို တွေးလိုက်မိလျှင်တော့ လဝါဟာ အဲဒီအိမ်ကအပြန်မှာ စိတ်ရှုပ်ထွေး ခေါင်းလေးနေမိပေမယ့် ညဘက်ကျတော့ သွန်းပုံဆီ ဖုန်းတစ်ချက် လှမ်းဆက်ကြည့်ပြီး ...





"ဦးထင်ကြီး ဆိုတဲ့လူက ဘယ်လိုလူမျိုးလဲ သွန်းပုံ"

"ဘာဖြစ်လို့လဲ။ ထူးထူးဆန်းဆန်းပါလား။ မေမေတို့မမတို့အကြောင်းကျတော့ မသိချင်ဘူးလား"

"သူက သွန်းပုံနဲ့ကျတော့ သူစိမ်း။ ပြီးကျတော့ ကိုယ်နဲ့ကျတော့ ယောက်ျားချင်းဆိုတော့ သူ့အကြောင်းကို အရင်သိချင်သင့်သလားလို့ပါ"

"အစ်ကိုကြီးက လူကောင်း လူအေးပါ"

သွန်းပုံ လျှောက်ပြောသွားလိုက်တာ အကုန်ကောင်း၊ လုံးဝကောင်း။ မကောင်းကွက်ကိုမရှိ။ "အဲဒီလောက် ကောင်းနေစရာ မလိုပါဘူး"ဟုပင် အစွဲ့ပြန်တိုက်ရတော့မလို ဖြစ်လာသည်။ "အဲဒီခယ်မတစ်ယောက်ကလည်း ငါ့အပေါ်မှာတော့ အနိုင်ယူတတ်ပြီး ခပ်ဆိုးဆိုးထဲကပဲ"လို့ သူ့ကို ဟိုက အတင်းတုပ်ထားခဲ့တာကို ပြန်သိလိုက်ရရင်တော့ ဘယ့်နှယ်ရှိမယ်မသိ။ ခုကျတော့ ဦးထင်ကြီးကသာ သွန်းပုံနဲ့တကွ သူ့မိသားစုကို မကောင်းဆိုတာ။

သွန်းပုံဆီမှာတော့ ဦးထင်ကြီးအတွက် ကောင်းသတင်းတွေပဲ ရှိနေသည်။

ဒါဖြင့် တကယ်ကောင်းပြီး၊ တကယ်ခံစားနေရတဲ့ သူကြီးပေါ့၊ ဒီလိုလား။ သွန်းပုံနဲ့ နှစ်ယောက်တစ်ဘဝ တည်ဆောက်ကြတော့မယ့် လဝါဟာ လျှို့ဝှက်ဖုံးကွယ်မှုတွေ မရှိကောင်းဘူး ဆိုပေမယ့် ဘာဖြစ်လို့မှန်းတော့မသိ။ ဦးထင်ကြီးရဲ့အကြောင်း

တွေကို သွန်းပုံထံ ပြန်မပြောပြမိသလို ပြောချင်စိတ်လည်းမရှိပါ။ ရွှေမှုန်ဆိုတဲ့ တစ်ယောက်ကို စိတ်ထဲသိပ်မတွေ့ခဲ့လို့လည်းပဲဖြစ်နိုင်ပါသည်။

နေ့လယ်ကလည်း တစ်နေ့လုံးတွေ့၊ ညနေကလည်း တွေ့ပြီးကြပြီဆိုပေမယ့် ညပိုင်းဖုန်းပြောဖြစ်ကြတော့လည်း သွန်းပုံနှင့် လဝါတို့ဟာ ရောက်တီရောက်ရာ၊ ပါးစပ်ထဲတွေ့ရာ၊ အရေးမပါ ကတိကတောက်တွေကို ထုံးစံအတိုင်း လျှောက်ပြောနေမိကြတာ ဖုန်းချကြတော့ သန်းခေါင်ပဲ နီးနေပါပြီ။ သို့သော်လည်း တစ်ဖုန်းနဲ့ ပြီးပြီးချင်းမှာပင် ဘယ်တုန်းကတည်းက မရပ်မနားလှည့်နေ နှိပ်ဆက်နေသည့် မသိသော နောက်တစ်ဖုန်းက ချက်ချင်းကြီးပင် မြည်လာခဲ့ကာ ...

"ညီလေး ... ဒီနေ့ မင်းလုပ်ပုံလေးတွေ မဆိုးဘူးကွာ။ မင်းကို ငါ့လို မခံစားစေချင်ပေမယ့် မင်းနဲ့ညီအစ်ကိုတော်ရမယ်ဆိုရင် ငါ့အတွက် သိပ်မဆိုးဘူးလို့တော့ ပြောရမယ်နဲ့တူတယ်၊ ဝမ်းသာပါတယ်"

"ဒါပေမဲ့ ဦးထင်ကြီး။ ကျွန်တော့်ရဲ့လုပ်ရပ်တွေက ခင်ဗျားကြိုမှာထားလို့၊ ခင်ဗျားဖြစ်စေချင်တာ၊ ခင်ဗျားလုပ်ခိုင်းတာတွေကို လိုက်လုပ်နေတာတော့ မဟုတ်ဘူးဗျ။ ကျွန်တော်က ကိုယ့်စိတ်ဆန္ဒ ကိုယ့်သဘော၊ ကိုယ့်ဆုံးဖြတ်ချက်နဲ့ ကိုယ် လှုပ်ရှားတာပါ။ ခင်ဗျားနဲ့ ဂိုဏ်းတူညီအစ်ကိုလည်း မဖွဲ့ပါရစေနဲ့ဗျာ၊ အေးဆေးပဲ နေပါရစေ"





"သို့သော် ...ကိုယ့်မိန်းမက ကြောက်စရာကြီး ဆိုတာတော့ မင်းမငြင်းနိုင်ဘူးမှတ်လား"

"ခင်ဗျားပဲ ကြောက်ချင်ကြောက်ပေါ့ဗျ၊ ကျွန်တော်ကဘာဆိုင်လဲ"

"ဝမ်းသာပါတယ်ကွာ ... ဘုရားဗိုပါ။ ဒါမျိုးပဲ ဆက်ထိန်းထားနိုင်ပါစေ"

"ဘယ်လိုပင်ဖြစ်ပစေ။ ဦးထင်ကြီး ပြောတဲ့အတိုင်း ကျွန်တော် လိုက်လုပ်လိုက်တာ မဟုတ်ဘူး ဆိုတာတော့သိစေချင်ပါတယ်"

"ဟုတ်ပါပြီ။ ငါပြောတာတွေကို လိုက်လုပ်တာပဲဖြစ်ဖြစ်၊ ကိုယ့်ဘာသာ ကိုယ့်စိတ်နဲ့ကိုယ့်ကိုယ် လှုပ်ရှားတာပဲဖြစ်ဖြစ်၊ မင်းလုပ်ရပ်ကို ငါ ကြိုက်တယ်လေကွာ။ ငါ့ညီရာ ...။ ငါ့အတွက်တော့ အဲဒါကလိုရင်းပဲ ...

ငါက အပေါင်းအသင်း မိတ်ဆွေ ခင်ပွန်း ဖြစ်ကိုဖြစ်ရမယ်လို့လည်း အတင်းအကျပ် မတောင်းဆိုပါဘူးကွာ။ ဒါပေမဲ့ 'အစ်ကိုကြီးရေ အုပ်စုဖွဲ့မှ ဖြစ်တော့မယ်'လို့ မင်းကိုယ်တိုင် တောင်းဆိုချင်စိတ် ရှိလာပြီဆိုရင်တော့ ငါများ စိတ်ခုနေမလား၊ ငြင်းတုန်းကတော့ ငြင်းခဲ့ပြီးလို့ ပြောချင်နေဦးမလား ဘာဘာညာညာတွေးပြီး နေးတုံ့မနေနဲ့နော် ငါ့ညီ။ အချိန်မရွေး ဝဲလ်ကမ်းပဲနော်"

"သန်းခေါင်ကျော်သွားပြီ ထင်တယ်ဗျ ဦးထင်ကြီး"

"ဒါကတော့ မင်းတို့က သန်းခေါင်အထိ ဖုန်းပြောနေကြတာကိုးကွ။ မင်းတို့ပြီးမှ ဆက်ရတဲ့ ငါ့ဖုန်းကတော့ သန်းခေါင်ကျော်ကို ကျော်တော့မှာပေါ့။ ဟော့ ... ဒီမှာ 'သန်းခေါင်ထက်ညဉ့်မနက်' ဆိုတာ စကားပုံရှိတယ်ဆိုလား။ ငါ့ဘဝကတော့ အဲဒီလို ဖြစ်နေပြီပဲ ထားပါတော့။ မင်းကိုတော့ ဒီတစ်ညကိစ္စကလွဲပြီး တခြားသူတို့မိသားစုနဲ့ ပတ်သက်တဲ့ကိစ္စတိုင်းမှာ သန်းခေါင်ထိ ရောက်သွားတာမျိုး မဖြစ်စေချင်ဘူးကွာ၊ ကိုယ့်စေတနာပါ"

ထည့်သွားပြန်ပါပြီ တစ်ခွန်း။ လဝါမှာ ဒီနေ့တစ်နေ့တာလုံး ကြုံနေခဲ့ရသည့် အဖြစ်အပျက်များကို တကယ်ပဲ စိတ်နောက်ကျိ ရှုပ်ထွေးနေပြီ ဖြစ်တာမို့ "ခေါင်းကိုက်လာပြီဗျာ" ဟု ပြောကာ ဖုန်းကိုဖွတ်ပဲချပစ်လိုက်သည်။

စိတ်ထဲစနိုးစနောင့်နှင့် တစ်မျိုးကြီးဖြစ်နေရသဖြင့် လဝါရဲ့မျက်နှာထားက သုန်မှုန်လို့နေပါသည်။ ငါဘာဖြစ်လို့ လျှာရှည်မိရတာပါလိမ့်။ ကိုယ့်ဘာသာ ဘာမှမသိချင်ဘဲ မပြောမိဘဲ အေးဆေးလေး အသာနေ့နေလျှင် ဒီလိုအပိုတွေကို ဘာမှသိခွင့်ရလာမှာမဟုတ်။ ခုဟာကတော့ ရှည်တာလေ။ ရှည်မိတာ။ မိန်းမကြီးတွေလို ဟိုစပ်စပ် ဒီပါပါ စကားဖွာမိခဲ့တော့ သိလိုက်





ရပြီ။ သိလိုက်ရတော့ "ဘာဆက်လုပ်ရမလဲ" ဆိုတဲ့ ဒုက္ခက ရောက်ပြီ။

မသိရရင် ဘာတာဝန်မှ မရှိနိုင်တော့၊ ဘာဒုက္ခမှ ရောက်နေရမှာမဟုတ်။ ခုဟာကတော့ သိလိုက်ရပြီဆိုတဲ့အခါ ဘာဝန်ဝတ္တရားကြီးတစ်ခုခုကပဲ ကိုယ့်ခေါင်းပေါ် ရောက်လာသလိုလို။ ငါ့မှာ တာဝန်ရှိသလား။ မရှိဘူးလား။

အကြောင်းရင်းကတော့ သွန်းပုံရဲ့ခဲအိုတော်ကြီး၊ ရွှေမှုန်ရဲ့ကိုကိုကြီး၊ ကိုယ့်ရဲ့မယားညီအစ်ကိုလောင်းကြီး "ဦးထင်ကြီး" နှင့် ပတ်သက်သည်။ အဲဒီလောက် မိန်းမကြောက်ရပါတယ်လည်း ပြောသေး။ မိန်းမသုံးယောက် ကြီးစိုးနေတဲ့အိမ်မှာ ဘဝသနေရပါတယ်လည်းပြောသေး။ အေးလေ ... အဲဒီလိုဖြစ်နေလို့ပဲ တစ်ဖက်မှာ ထွက်ပေါက်သွားရှာထားပြီး ကုတ်ကမြင်းဇာတ်လမ်းတစ်ခုက ဇာတ်အိမ်နိုင်နိုင်မာမာနှင့် ရှိနေတာလည်းပဲ ဖြစ်နိုင်တာပေါ့။

ဦးထင်ကြီးမှာ "မရွှေမှုန်" အပြင် မိန်းမနောက်တစ်ယောက် ရှိနေပါသေးသတဲ့။ တစ်ခါတလေ၊ မတော်တဆ၊ အပျော်အပြက်၊ ပွဲပြီးမီးသေသဘော မဟုတ်ဘူးနော်။ တစ်အိုးတစ်အိမ်၊ အတည်တကျနဲ့ အိမ်တစ်ဆောင် မီးတစ်ပြောင်ကို လက်ထပ်ခေါင်းသင်းထားသော မိန်းမမျိုး။

အဲဒါနဲ့များ သူကချည်း အတင်းတွေ လိုမ့်တုတ်ပြီး ကိုယ့်ကိုပါ သူ့ဘက်ပါနေအောင် လာဆွယ်ဖို့ ကြံစည်ရဲသေးသည်။

"သေချာရဲ့လားကွာ ... မင်းက"

"ဟောကောင် ...။ မှတ်ပုံတင်ထဲမှာကို ထင်ကြီး ဆိုတဲ့နာမည်မျိုးဟာ နှစ်ယောက် သုံးယောက် တစ်ပြိုင်နက် ရှိနိုင်ပါ့မလား။ ပြီးကျတော့ 'ရွှေထင်'ကုမ္ပဏီ'က အုပ်ချုပ်မှုဒါရိုက်တာ။ ကဲ ... လွဲနိုင်သေးလား"

သိပ်မလွဲနိုင်တော့ပါ။ သို့သော် ဟိုမိသားစု သိပြီးပြီလား။ မသိရသေးဘူးလား မကျိန်းသေသည့် ကျော်မကောင်းကြားမကောင်း ကိစ္စတစ်ခုကို အရင်ဦးစွာ သိနှင့်နေသူက ကိုယ်ပဲဖြစ်နေမှာကို စိုးရိမ်မိတဲ့ အတ္တစိတ်က ကြားလိုက်ရတဲ့သတင်းကို အလွဲပဲ ဖြစ်စေချင်နေသည်။ လာပြောပြတဲ့ သူငယ်ချင်းကို ပေါက်ကရတွေ လျှောက်ပြောနေသူမျိုးပဲ ဖြစ်စေချင်နေသည်။

သူငယ်ချင်းကလည်း ပေါက်ကရလျှောက်ပြောသူတော့ ဖြစ်နိုင်ပါ့မလား။ သူပြောပုံက ဦးထင်ကြီးလို တမင်သက်သက် အတင်းလည်တုပ်တဲ့ လုပ်ရပ်မျိုးလည်း မဟုတ်။ လဝါက သူငယ်ချင်းအုပ်စုတွေဆုံတုန်း "ငါ့မှာကွာ ဦးထင်ကြီး ဆိုတဲ့ လူထူးလူဆန်းတစ်ယောက်နဲ့မှ မယားညီအစ်ကို လာတော်ရမလို ဖြစ်နေတယ်။ ဘယ်လိုလူကြီးမှန်းကို မသိတာကွာ"ဟု စကားစရှိသေး ...

"ဩော် ... ရွှေထင်ကုမ္ပဏီက ဦးထင်ကြီးများလား။ လူကောင်းကြီးပါ။ ဘာဖြစ်လို့လဲ။ ငါတို့လမ်းထဲပဲ နေတာ





လေ။ ဒါဖြင့် မင်းကောင်မလေးက မသီရဲ့အမျိုးပေါ့၊ အရင်းလား"

"ဘယ်က မသီလဲ။ မင်းတို့လမ်းထဲကဆိုတော့ မင်းက ကမာရွတ်ကို ဘယ်တုန်းက ပြောင်းသွားတာလဲ။ ငါပြီးခဲ့တဲ့ အခေါက် မထွက်ခင်ကလေးကတင်ပဲ မင်းက မြောက်ဥက္ကလာထဲမှာ နေတာမဟုတ်လား"

"ဟုတ်တယ်လေ။ ကမာရွတ်ကို ဘာလို့ပြောင်းရမှာလဲ၊ မပြောင်းပါဘူး အရင်အိမ်ပါပဲ"

"ဒါဖြင့်ရင် ဦးထင်ကြီးနဲ့ တစ်လမ်းတည်းနေတာဆို"

"အေးလေ ... သူလည်း(......)လမ်းထဲမှာပဲ နေတာပဲဟာ။ ကမာရွတ်မှာနေတာမှ မဟုတ်တာ"

"ဟာ ... ! ဒါဖြင့် မသီ ဆိုတာ ! "

"သူ့မိန်းမလေ ... မသီသီလှ"

ဖြစ်ပျက်သွားတဲ့ လဝါရဲ့မျက်နှာကိုကြည့်ပြီး သူငယ်ချင်းလည်း တစ်မျိုးကြီး ဖြစ်သွားသည်။ တိုက်ရိုက်ပတ်သက်သလို၊ သိသလိုရှိကြတဲ့ နှစ်ယောက်က တိတ်သွားကြလျှင် ဘေးနားက တစ်ယောက်တစ်ပေါက်တို့ကတော့ အသံတွေ ညံတက်လာကြပြီး ခေါတွင်းချင်းမှာ အဖြေမှန်ကို တစ်အုပ်စုလုံး သဘောပေါက်နိုင်ကြပြီ။ လက်စသတ်တော့ ဦးထင်ကြီးဟာ မိန်းမနှစ်ယောက်နှင့်။ အိမ်နှစ်ဆောင် မီးနှစ်ပြောင်ဖာတတ်ဆိုပါတော့။

"ဒါဖြင့် မင်းကောင်မလေး ဆိုတာက နောက်တစ်ယောက်ရဲ့ညီမပေါ့"

"အေး ...။ ဒီလောက်မိန်းမကြောက်ရတဲ့သူမျိုးက ဘယ်တုန်းကများ အငယ်အနှောင်း ကောက်ထားလိုက်ပါလိမ့်ကွာ။ သူ့မိန်းမ အလည်မကြီးကလည်း ဒါကျမသိဘူးလား"

"ဟေ့ကောင် ... မသီက အငယ်အနှောင်းတော့ မဟုတ်လောက်ဘူး ထင်တယ်နော်၊ မင်းမရီးလောင်းနဲ့က အိမ်ထောင်သက် ဘယ်နနှစ်ရှိပြီတဲ့လဲ။ ဒီမှာက ကြာပြီ"

"ဒါတော့ မေးမကြည့်ရသေးလို့ ဘယ်သိမလဲကွ။ ဒါပေမဲ့ ဟိုမှာက ယောက္ခမအိမ်မှာ တက်နေနေတာနော်။ မထီလေးစားတော့ လုပ်ထားဝန့်မယ် မထင်ဘူး။ ဟား ... စိတ်ညစ်လိုက်တာကွာ"

နောက်သူငယ်ချင်းတစ်ယောက်က လဝါကို "နေပါဦး ... မင်းက အနေသာကြီးပဲ ဘာကို စိတ်ညစ်နေရမှာလဲ။ ဒီပြဿနာက မင်းပြဿနာမှ မဟုတ်တာ"တဲ့ ...။

"မဟုတ်လို့ ရတော့မလား။ ငါက ငါသိလိုက်ရတဲ့ ဒီကိစ္စကို သွန်းပုံကို ပြန်ပြောပြရမှာလား။ မပြောဘဲနဲ့ မြိုထားရမှာလား"

"ပြောချင်ပြော ... မပြောချင်နေပေါ့။ သိပ်ပြဿနာမရှိပါဘူး"





ရှိတာပေါ့။ ဒီထက်ကြီးလေးတဲ့ပြဿနာ ရှိနိုင်ဦးမသွား။ ကိုယ်သိရက်သားနဲ့ ပြန်မပြောရင် ဖုံးဖိသိုဝှက်ထားမှု။ သွန်းပုံနဲ့ ပြဿနာတက်နိုင်တဲ့အပြင် (ထင်ကြီးရဲ့အပြောတွေအရအရာ၊ ကိုယ်တွေ့အရပါ) ကိုယ်ကိုယ်တိုင် ခပ်ရှိန်ရှိန် ဖြစ်နေရတဲ့ခိုးနဲ့ယောက္ခမတို့ကတော့ ကိုယ့်ကို ဘယ်လိုထင်ကြမလဲ။ "ပုလင်းဘူ ဘူးဆို့တွေမို့ ပိုင်းဖုံးဖိ လျှို့ဝှက်ပေးထားတာနေမှာပေါ့"လို့ထောင်နိုင်ဘူးလား။

ပြောလိုက်ရင်ကော။ သူတို့မိသားစုထဲမှာ ပေါက်ကွဲမှုတစ်ခုကို အစချီပေးလိုက်ပြီး စနက်တံကို မီးရှို့လိုက်သူက ကိုယ်ဖြစ်သွားမည်။ ကျေးဇူးမတင်ဘဲ အရှက်ခွဲသူအဖြစ် အပြစ်ပဲမြင်ကြမယ်ဆိုရင်ကော။ ဒါမှမဟုတ် သူတို့ကပါ သိသိကြီးနဲ့ ဖုံးထားတာဆိုရင်ကော ...။ သူငယ်ချင်းပြောသလိုဆိုရင် မသီသီလှနဲ့က ကြာပြီဆိုတော့ မရွှေမှုန်ကသာ "ဒုတိယ"ဖြစ်နေရင်ကော။ အမယ်လေး ... အဲဒါကို ဖော်ထုတ်လိုက်မိတာက ပိုတောင်ဆိုးဦးမည်ထင်သည်။

သူငယ်ချင်းတွေနှင့် လမ်းခွဲခဲ့ပြီးတဲ့ နောက်ပိုင်းမှာသဝါဟာ စိတ်တွေရှုပ်ပြီး လုပ်မိလုပ်ရာ သူငယ်ချင်းတို့ရဲ့မြောက်ဥက္ကလာက(......)လမ်းထဲကို တစ်ယောက်တည်း ကားမောင်းရောက်လာခဲ့မိပါသည်။ အဲဒီရပ်ကွက်ထဲနေတဲ့ သူငယ်ချင်းကသူ့အိမ်သူ ပြန်မရောက်သေး။ လဝါက မသီသီလှတို့အိမ်ရှေ့သို့ရောက်နေပြီ။ သူငယ်ချင်းပြောတဲ့ မသီသီလှ ဆိုတဲ့ အစ်မကြီးက

လေးထပ်ရှိသော ကန်ထရိုက်တိုက်တစ်ခုရဲ့ ပထမထပ်မှာ နေပါသည်။ (.......)ဈေးထဲမှာ အထည်ဆိုင်ဖွင့်ထားတာဆိုလို့ လဝါမှာ ဈေးအထိ လိုက်သွားလိုက်သေးသည်။

ဖြူဖြူပိန်ပိန်နဲ့ လှကလည်းမလှ။ သာမန်ရုပ်မျိုးနှင့်သာ ရိုးရှင်းဣန္ဒြေရနေသော အစ်မကြီးတစ်ယောက်ဟာ သူများတကာအိမ်ရာကို ပြစ်မှားထားမယ့် အငယ်အနှောင်းရုပ်မျိုးတော့ မဟုတ်ပါ။

ပြောရရင်လည်လည်ပတ်ပတ်ရုပ်ထွက်နေတဲ့ မချွေမှုန်ကမှ ဒီအစ်မကြီးထက် အများကြီး ပိုချော၊ လှ၊ ကြည့်ကောင်းပြီး လုံးကြီးပေါက်လှနှင့် ခပ်သွက်သွက်ပုံမျိုးနဲ့လေ။ ဒီနှစ်ယောက်ကို ယှဉ်ပြထားပြီး "ဘယ်သူက အငယ်ဖြစ်နိုင်သလဲ"လို့ မေးလာရင် ကိုယ်ကိုယ်တိုင်ပင် အားနာနာ ခပ်လန့်လန့်နဲ့ပဲ"မချွေမှုန်များလား"လို့ တွေးလိုက်မိမှာ အမှန်ပါပဲ။

ဝိုင်ပြီးစိတ်ညစ်စရာကောင်းသွားတာက လူတစ်ကိုယ်လုံး ပိန်သေးနေတဲ့ အဲဒီအစ်မကြီးဟာ တစ်နေရာမှာတော့ ဖောင်းကားလျက်။ ဘာဖြစ်ရမလဲ။ ကိုယ်ဝန်ကြီးနဲ့ပေါ့။ မချွေမှုန်နဲ့ကတော့ ကလေးက မရတာလား၊ မယူတာလား မပြောနိုင်ဘဲ အသက်အရွယ်တွေ အရကတော့ သားနဲ့သမီးနဲ့ မြိုင်မြိုင်ဆိုင်ဆိုင် ရှိရမည့် အနေအထားတွေပေမယ့် သူတို့အိမ်ထောင်မှာ ကလေးမရှိပါ။ ဒီအစ်မကြီးကတော့ သားဦးလား။ ဘယ်နှယောက်မြောက်လဲ မသိနိုင်တဲ့ ကိုယ်ဝန်ကြီးနဲ့။





လဝါရဲ့ခေါင်းပေါ်က ဝန်ထုပ်ကြီးက ပိုပြီးလေးနင့်အောသလို ရှိပါသည်။ ကိုယ်က ကိုယ်သိလာတာတစ်ခုကို သွားပြောပြလိုက်လို့ ပြဿနာတွေ အကြီးအကျယ်ဖြစ်၊ ပေါက်ကွဲကြပြီဆိုပါတော့။ တစ်ဖက်ကို ကုပ်နေအောင် ကြောက်ရတယ်ဆိုသူကြီးက ကိုယ်ဝန်သည် မိန်းမတစ်ယောက်ကိုပဲ လမ်းခွဲစွန့်ပစ်လိုက်မှာလား။ ဒါမှမဟုတ် ဟိုဘက်မှာက ဆွဲအားသာလို့ မချွေမှုန်ကိုလည်း နဂိုတည်းကိုက စိတ်ပျက်ကြောက်ရွံ့နေရတာမို့လို့ ဒီဘက်ကိုပဲ"တာ့တာ"ပြလိုက်လျှင် မချွေမှုန် တစ်လင်ကွာ၊ တစ်ခုလပ်ဖြစ်ရတော့မယ့် အရေးမှာ ကိုယ်သည်လည်း ပူးတွဲတရားခံလိုလို။

စိတ်တွေပဲညစ်ရှုပ်ပြီး ဘာလုပ်ရမှန်းမသိတဲ့ လဝါဟာ လုပ်မိလုပ်ရာ သွန်းပုံရဲ့လက်ကိုင်ဖုန်းကိုတော့ လှမ်းခေါ်နှိပ်ဆက်နေမိပါသည်။ သို့သော် ဟိုဘက်က ဖုန်းမကိုင်။ ဒီလောက်ထောင် Missed Call တွေ ဖြစ်နေရအောင် သွန်းပုံနဲ့သူ့ဖုန်းနဲ့ကတောင်နဲ့မြောက်၊ အရှေ့နဲ့အနောက် ဝေးကွာနေကြလို့လား။ ဒါမှမဟုတ် ဖုန်းရှိတဲ့လက်ကိုင်အိတ်ကို အဝတ်ဗီရိုထဲထည့်ပြီး သော့ခတ်ပိတ်ထားမိတာမို့လို့လား။

လဝါကို သူ့ဘက်က လှမ်းခေါ်ဆက်လို့များ သုံးလေးငါးခါလောက် Missed Call ဖြစ်သွားလျှင်ပင် အကြီးအကျယ် စိတ်လုပ် ကောက်ချိတ်တော့မယ့် သွန်းပုံကို လဝါက ဆယ်ခါ

လောက် ခေါ်လိုက်လျှင်တော့ နောက်ဆုံးတစ်ကောလ်က "လိုင်းမအားပါ"ဆိုတဲ့ "Busy Tone"အသံ ဖြစ်သွားပါသည်။ ခုနက တော့ ကိုင်မည့်သူမရှိဘဲ အခုလေးတင် Busy ဖြစ်သွားရခြင်းရဲ့ အနီးစပ်ဆုံးအဖြေကတော့ ကောက်မကိုင်မချင်း ဆက်တိုက်နှိပ်ခေါ် ဆက်နေတဲ့ ဖုန်းသံကို ဖုန်းပိုင်ရှင်က နားငြီးလာလို့ သူ့ဖုန်းကို "လိုင်းမအားလပ်ပါ"ဆိုတဲ့ အခြေအနေမျိုး ဖြစ်သွားအောင် ခလုတ်နှိပ်ထည့်လိုက်ခြင်းပင်။

သူများတွေဆိုရင်တော့ ဖုန်းပျက်တာလား။ လိုင်းမကောင်းတာလား။ တကယ်ပဲ မအားလပ်တာလား၊ ဘာလား ညာလား ထင်ကြမှာပေါ့။ လဝါကတော့ သူများမဟုတ်။ ဘာလား၊ ညာလား ထင်စရာမရှိချေ။ အဖြေသိပါသည်။ သွန်းပုံဟာ လဝါကို တမင် ဖုန်းမကိုင်တာ။ တစ်ခုခုတော့ ကောက်ကို ကောက်နေပြီဖြစ်မှာ။ ဘာပါလိမ့်။ ခုပဲ စိတ်ဆိုးတော့မလား။ ပြဿနာတက်တော့မလား တွေးပူနေရတာ။ ဒီကိစ္စတောင် ဘာမှမစရသေးခင် တခြားဘာကိစ္စတစ်ခုက ကြားဝင်ပေါ်ပေါက်ပြီး ကောက်ချိတ်နေရပြန်တာပါလိမ့်။

ဒီအချိန် သူ့အိမ်မှာ သွန်းပုံ ရှိ၊မရှိ မသေချာပေမယ့် လဝါက သွန်းပုံတို့အိမ်က လိုင်းဖုန်းကို ထပ်ခေါ်လိုက်ပြန်ပါသည်။ လိုင်းဖုန်းကတော့ ကံကောင်းထောက်မစွာ လာကိုင်မည့်သူရှိပါသည်။ သို့သော် ကံဆိုးအဆင်မပြေစွာ ယောက္ခမလောင်းကြီး။





"ဩော် ... ! မောင်လဝါလားဟေ့"

ဟာ ... သူ့အသံကြီးကလည်း တစ်မျိုးကြီး၊ မဖော်ရွေကြီးပါလား။

"သွန်းပုံတော့ ရှိပါတယ်။ ဒါပေမဲ့ လာကိုင်မှာမဟုတ်ဘူး။ သူ မင်းကို စိတ်မကြည်ဘူးကွယ့်။ ရှင်းရှင်းပြောရရင်တော့ ကွယ် သူတင် ဘယ်ကမလဲ။ သူ့အစ်မရော အန်တီပါ ကြည်လင်လှတယ်လို့တော့ မဟုတ်ဘူး"

"ခင်ဗျာ"

"မောင်ထင်ကြီးဆီက မင်းအကြောင်းတွေ သိရတယ်ကွယ့်"

"ခင်ဗျာ"

"မင်းမှာ သွန်းပုံမတိုင်ခင်က ချစ်သူရည်းစားရှိသဆို"

လဝါမှာ ပါးစပ်အဟောင်းသားနှင့်ပင် ဘာဆက်ပြောရမှန်းတောင် မသိပါ။ ရှိခဲ့တော့ ဘာဖြစ်သလဲ။ ဒီခေတ်ကြီးထဲမှာ ဒီအရွယ်ကြီးရောက်နေတဲ့ ယောကျ်ားသားတစ်ယောက်နဲ့ ဆယ့်ငါးနှစ်သားလောက်ကတည်းက စကြိုက်ထားကြပြီး ဆယ်နှစ်ဆယ်မိုး၊ ဆယ့်ငါးနှစ် အနှစ်၊နှစ်ဆယ်၊ ချစ်သက်တမ်း ခိုင်မြဲနေကြသူတွေ မဟုတ်ခဲ့ရင် "မူလဘူတ၊ ကနဦးအစ၊ ဦးစားပေး ပထမ"သာလျှင် ဖြစ်ချင်သော မိန်းမမျိုးသည် မဖြစ်နိုင်တာကို မျှော်မှန်းချင်နေသည့် ခပ်သွပ်သွပ် ဦးနှောက်အနေအထားမျိုးရှိသူသာ ဖြစ်နေတော့မပေါ့။ ဒါ ... မျှော်လင့်ချက်ကြီးထားပြီး စိတ်လုပ်စရာလား။

သို့သော် ... လဝါမှာ သွန်းပုံမတိုင်ခင် "ချစ်သူရည်းစား"မရှိခဲ့ပါ။ အိစီကလီတွေ၊ ဟိုလိုလို ဒီလိုလိုတွေ၊ ဖုန်းပြောဖော်တွေ၊ နားလည်မှုလိုလိုတွေကတော့ အများသားပေါ့။ ဒါပေမဲ့ အဲဒါတွေလည်း သွန်းပုံ သိပြီးသားတွေပဲ မဟုတ်လား။ ခုကျမှ ထမကြည်လင်စရာလား။ ပိုပြီးအံ့သြစိတ်ကုန်ဖို့ ကောင်းတာက ဒီသတင်းကို အဲဒီအိမ်သို့ သယ်ဆောင်အရောက်ပို့သူက "ဦးထင်ကြီး"တဲ့။

ရယ်ပဲ အော်ရယ်နေရတော့မည်ထင်သည်။ ဒီမှာဖြင့် သူ့သတင်းကို ပြန်ပြောရမှာလား၊ မျိုသိပ်ထားရမှာလား၊ မဝေခွဲနိုင်သေးလို့ အကျပ်ရိုက်နေရစဉ်မှာ သူကကျတော့ မဟုတ်တမ်းတရားကြီးကို လွယ်လွယ်လေး သယ်ဆောင်လာခဲ့ပြီး ကတုံးကတိုက်တွေ လုပ်ထားချေပြီ။

"အဲဒါ မင်း ဖြေရှင်းပါ။ သွန်းပုံကသာ ကမ္ဘာ့ရှုးထိုးနဲ့ အရမ်းကြီး စိတ်ဆိုးတာ။ အန်တီကတော့ လူကြီးဆိုတော့ ဖြေရှင်းခွင့် ပေးပါတယ်"

"ဘာကိုဖြေရှင်းရမှာလဲ ခင်ဗျာ၊ ကျွန်တော်တော့ နားကို မလည်ဘူး"

"အို ... အဲဒီမိန်းကလေးနဲ့က ပြတ်ပြတ်စဲစဲမှ ရှိကြရဲ့လား။ လက်ထပ်ဖို့တွေ ဘာတွေရော စီစဉ်ပြီးသားလား။ မင်းရဲ့ အုပ်ထိန်းသူ ကြီးတော်တွေ ဘာတွေကကော သိတယ် ဆိုတော့ လူကြီးတွေကပါ သဘောတူနေကြတဲ့ သဘော





လား။ ဒီလိုဆိုရင် မင်းတို့ချင်းက ပြတ်စဲပါပြီ။ ပြီးပါပြီ ဆိုတာကို အဲဒီလူကြီးတွေက မသိကြသေးတာလား။ လက်မခံနိုင်တာလား။ ဒါဆိုအန်တီတို့ သွန်းပုံက လူကြီးမိဘ အသိအမှတ်ပြု မဖြစ်ဘူးပေါ့။ ဒါတွေကို မင်း သေချာရှင်းပြဖို့ လိုတာပေါ့ကွယ်"

သွန်းပုံ စိတ်ဆိုးသွားတယ်ဆိုတာ ကြီးတော်တွေဘကြီးတွေကပါ သိကြတယ်၊ သဘောတူ လက်ခံထားကြတယ်ဆိုတဲ့ အချက်ကိုပင် ဖြစ်လိမ့်မည်။ ကြည့်ရတာ (ကိုယ့်ဘက်ကိုယ်ယက်တွေးကြည့်ရရင်တော့)ယောက္ခမလောင်းကြီးကတော့ လဝါနဲ့ သူ့သမီးတို့ကို ပြီးပြီးပြတ်ပြတ် ဖြစ်မသွားစေချင်သေးတဲ့ သဘောတော့ ရှိတယ်ထင်ပါရဲ့။ အဲဒါကြောင့် တစ်ရှင်းတည်း ရှင်းခိုင်းနေတာ။

"ပြန်စဉ်းစားကြည့်မိတော့လည်း မင်းကသာ အန်တီတို့ဘက်ကို မျက်နှာပြ ရောက်လာတာလေ။ သွန်းပုံကိုကျတော့ ဒီလိုစီစဉ်ပေးမှု မရှိပါလား"

ဟင် ...။ သူ့အစ်မ မရွှေမှုန်ပဲ "သားအဖြစ် အတိအလင်း အမွေစားအမွေခံ စာချုပ်မျိုးနဲ့ မွေးစားထားတာ မဟုတ်ရင် မိဘဘယ်မည်မလဲ။ သွန်းပုံကို အသိအမှတ်ပြုပေးပါလို့ မျက်နှာသွားပြစရာ မလိုသေးပါဘူး၊ ဟုတ်တယ် မဟုတ်လား မောင်လဝါ"ဆို။ မိဘမဟုတ်တဲ့ ဆွေမျိုးတွေကို ဆွေပြမျိုးပြလိုက်လုပ်ရမှာကိုပဲ အောက်သလိုလို ပြောဆိုခဲ့တာက ဘယ်သူလဲ။

"အဲဒါက ကျွန်တော်စီစဉ်တာ မဟုတ်ပါဘူး။ မရွှေမှုန်ကသာ မထည့်နိုင်တာပါ"

"မထည့်နိုင်ဘူးလို့ တစ်ခါမှ မပြောပါဘူးကွယ်။ မင်းကစကားကို လိုသလိုလေး ဆွဲမပြောပါနဲ့"

"ဒါဖြင့် ကျွန်တော့်ဘက်က မိကြီးဘကြီးသဘော၊ ကြီးတော်တွေ ဘကြီးတွေကို လာပြမယ်၊ လာတွေ့မယ်လို့ ခွင့်တောင်းပြီး ချိန်းလိုက်ရမှာလား ခင်ဗျာ"

"အို ... အဲဒါက ခဏထားထားလို့ ရပါသေးတယ်။ အဓိက,က အဲဒီ သွန်းပုံ မတိုင်ခင်ကကိစ္စတွေကို အပြီးအပြတ် ဖြေရှင်းဖို့နဲ့ တို့မိသားစု စိတ်အနှောင့်အယှက်ဖြစ်ရတာတွေကို ရှင်းရှင်းလင်းလင်းဖြစ်အောင် ရှင်းပြဖို့ပဲ"

"အန်တီခင်ဗျာ၊ မရှိတော့တဲ့ မိဘတွေကို တိုင်တယ်ပြီး ကိုယ့်ကိုယ်ကိုယ် မိကောင်းဖခင်သားသမီးပါလို့ မပြောနိုင်ပေမယ့် ကျွန်တော်က အုပ်ထိန်းသူကောင်းကောင်းနဲ့ ကြီးလာခဲ့တာပါ။ မိဘမဲ့ဆိုပေမယ့် အဆုံးအမမရှိ၊ လေလွင့်ပြီး ကြီးပြင်းလာတာ မဟုတ်ပါဘူး"

"ဘာဆိုင်လဲကွယ့် ဒါနဲ့၊ မင်းကို တို့က ဘာပြောနေလို့လဲ"

"မိန်းကလေးတစ်ယောက်နဲ့ မပြီးမပြတ်၊ လက်ထပ်ဖို့ပြောဆိုရည်ရွယ်ထားတဲ့ကြားက နောက်တစ်ယောက်နဲ့ပါ လူကြီးမိဘတွေလိုက်တွေ့ စီစဉ်တာမျိုး ကျွန်တော် ဘယ်တော့မှ မလုပ်ပါဘူး။ ကျွန်တော့်ရဲ့ အုပ်ထိန်းသူတွေကလည်း ဘယ်





သူနဲ့ ဘယ်ဝါနဲ့ သဘောတူထားတယ်ဆိုတာ မရှိပါဘူး။ ကျွန်တော့်ကို လွတ်လွတ်လပ်လပ် စဉ်းစားတွေးခေါ်ခွင့်ပေးထားတဲ့အတွက် ကျွန်တော် လုပ်ကိုင်နေသမျှကို ဘာမှဝင်မစွက်ဖက်ဘဲ စောင့်ကြည့်နေကြတယ်ဆိုတဲ့ သဘောလောက်ပဲ ရှိပါတယ်"

"အို ... တို့ကတော့ သမီးရှင်ဆိုတော့ ထိုင်စောင့်ကြည့်မနေနိုင်ဘူး၊ စိုးရိမ်တယ်"

"ဟုတ်ကဲ့ ...။ ဒါပေမဲ့ အန်တီတို့ စိုးရိမ်စရာကိစ္စ ကျွန်တော့်မှာ ဘာမှမရှိပါဘူး"

"ဒါဆိုလည်း ပြီးတာပဲ သဘောထားပါတယ်ကွယ်၊ ဒါပေမဲ့ သွန်းပုံလေး ဘာမှကြိုမသိရဘဲ ချစ်သူရည်းစားတစ်ယောက်ရှိခဲ့တယ် ဆိုတာတော့ မင်း မငြင်းဘူးပေါ့နော်"

"သူ မသိတာ ဘာမှမရှိခဲ့ပါဘူး၊ သူ သိပြီးသားတွေကိုပဲ ဆိုလိုနေတာ ဆိုရင်တော့ ကျွန်တော် ဘာပြောရမလဲ မသိတော့ဘူး"

အဘွားကြီး နည်းနည်းတော့ အူကြောင်ကြောင်ဖြစ်သွားပုံရသည်။ "သူသိပြီးသားတွေ"ဆိုတော့ "အမယ်လေး ... ဘယ်နှယောက်လောက်တောင်များ ရှိခဲ့လို့လဲဟဲ့"လို့ တွေးတိုးချင်သွားတာလည်း ဖြစ်နိုင်သည်။ ဒါပေမဲ့ သမီးလုပ်သူကသိပြီးသားဆိုတော့ "လက်ခံနိုင်ပြီးသားမို့ပေါ့"ဟုလည်း ပြန်တွေးကောင်းတွေးနေနိုင်သည်။ ကိစ္စမရှိပါ။ "သူသိပြီးသားကိစ္စတွေ"ဆိုတာ

ကို သူ့သမီးဘာသာ သူ့အမေကို ဘားအမိချင်း မိန်းမချင်းနား လည်လက်ခံနိုင်မယ့် ဝေါဟာရတွေနှင့် ရှင်းပြပေစေ။

"ဒါဖြင့် မရွှေမှုန်နဲ့ သွန်းပုံတို့ကို မင်းကိုယ်တိုင်ပဲ ရှင်းပြဦးမလား။ သူတို့လည်း ဒီကိစ္စကို တော်တော်လေးတော့ စိုးရိမ်ပူပန်ကြတယ်"

"သွန်းပုံကို သူ့လက်ကိုင်ဖုန်းကိုပဲ သပ်သပ်ထပ်ဆက်လိုက်ပါ့မယ်။ ဖုန်းကိုင်လိုက်ပါလို့ ပြောပေးပါ အန်တီ"

မရွှေမှုန်ကိုတော့ ဘာကြောင့် ရှင်းပြရမှာလဲ။ သူနဲ့ ဘာဆိုင်လဲ။ သူများတကာကိစ္စကို တော်တော်လေး လိုက်ပူနေသည်ဆိုသူဟာ သူ့ကိစ္စကျတော့ သူစုံစမ်းရှာဖွေပြီး ပူရကောင်းမှန်းပဲ မသိတာလား။ အင်မတန် ပိုင်နိုင်ပြီထင်ပြီး စိတ်ချ၊ စိတ်တိုင်းကျနေတာလား။

သူ့မှာ သူများကိစ္စကို ခြယ်လှယ်ရရင်ပြီးရော မဆီမဆိုင် လိုက်ပူနေချိန်မှာ ဟိုက ဆီဆီဆိုင်ဆိုင် ဗိုက်ပူကဖြင့် ဖုံးမွေးခါနီးနေပြီ။

ဒါပေမဲ့လည်း လဝါက "ကျွန်တော့်ကို ချောက်တွန်းတဲ့ အဲဒီအန်တီ့သမက်ကြီးကမှ ..."ဆိုတဲ့ စကားမျိုးကိုတော့ မပြောလိုက်ပါ။ သူ့ဘက်က ယောက်ျားမဆန်စွာ ကိုယ့်လာအတင်းတုပ်လိုက်၊ ဟိုဘက်မှာ ချောက်တွန်းလိုက် လုပ်နေပေမယ့် ကိုယ်ကတော့ သူ့ကိစ္စကို ယောက်ျားပီပီသသပဲ ဖြေရှင်းဖို့ ဆုံးဖြတ်လိုက်ပြီ။





မျိုသိပ်ထားဖို့တော့ စိတ်မကူးတော့ပါ။ ဖွင့်ချမည်။ သို့သော် ဘေးလူတွေကိုတော့မဟုတ်။ ကာယကံရှင်ကိုယ်တိုင်ကို။ ပြီးကျတော့ သူ ကိုယ့်ကိုအတင်းကြီး အကြံဉာဏ်တွေ ဘာတွေ တောင်းဘဲ လာပေး၊ စွက်ဖက်ခဲ့သလိုပဲ ကိုယ်ကလည်း သူ့ကြောင့် ကိုယ့်ကိုပါ လာမထိခိုက်ရလေအောင် သူ လုပ်သင့်တယ် ထင်တာတွေကို ဇွတ်တိုက်တွန်းမည်။ လုပ်တာမလုပ်တာက သူ့ကဏ္ဍ။

လောလောဆယ်မှာတော့ သွန်းပုံထံ ဖုန်းဆက်ရင် ထည့်ပြောလို့ကောင်းမယ့် စကားလုံးတွေကိုပဲ အပြင်းအထန် ဦးနှောက်အလုပ်ပေး စဉ်းစားနေလိုက်ပါသည်။

"ကြီးကြီးတို့ သိတယ်ဆိုတာက သူတို့နဲ့အတူ နေနေတုန်းက အဲဒီလိုပဲ ဖုန်းပြောလိုက်၊ နောက်လိုက် ရှိတာတွေကို ကြားနေ မြင်နေတာတော့ ရှိတာပေါ့။ သူတို့က သိပ်ကြီးဆိုးဆိုးဝါးဝါးကြီး မဟုတ်ရင် လွှတ်လပ်ခွင့်ပေးထားတာလည်း ရှိတယ်။ အရေးမပါတာတွေမှန်းလည်း သိနေတော့ ခွင့်ပြုတယ် သဘောတူတယ် မဟုတ်ဘူးပေါ့။ ဒီလိုပဲ နေပေစေလို့ လွှတ်ထားကြတာမျိုးပဲ နေမှာပေါ့။ ဘာမှကို မပြောကြတာ ...

သွန်းပုံကိုကျတော့ ပြောကြပြီလေ။ မိန်းကလေးဘက်က သေချာတယ်၊ လက်ခံတယ်ဆိုရင်တော့ သူတို့ဆီလည်း ခေါ်လာခဲ့ပါဦးတဲ့။ သူတို့ ဟာကယ်သေသေချာချာ အသိ

အမှတ်စပြုပေးရမှာ သွန်းပုံ တစ်ယောက်ပဲ ရှိတဲ့ဥစ္စာ။ စိတ်ဝင်စားပြီး တက်ကြွနေကြတာပေါ့။ ကဲ ... ဘယ်လိုလဲ သွန်းပုံက"

အဲဒီလို ပြောလိုက်ရင် တစ်ချက်ခုတ် နှစ်ချက်ပြတ်။ ချောရင်းနဲ့ တစ်ပြိုင်နက် ... ကြီးတော်တွေက "ပြပါဦး"လို့ဆိုထားပြီး မဲ့ရွှေမှုန်က "မလိုပါဘူး"လို့ ဝင်ဆုံးဖြတ်ထားတဲ့ကိစ္စကိုလည်း ကျော်လွှားပြီးရာကျမည်။ ပိုင်တယ်ကွာ။ ဟိုလူကြီးကတော့ (ဘာ့ကြောင့်မှန်းမသိ)ရိုက်ချတာကတော့ ချတာပဲ။ ဒါပေမဲ့ တန်ပြန်သက်ရောက်မှုနဲ့ ကိုယ့်ကံကြမ္မာက မြင့်တက်သွားသလိုတောင် ရှိသည်။ ခေါင်းကိုက်နေရတာတွေတောင် ဘယ်ဆီရောက်ပြီမသိ။





**အခန်း(၂)**

"ရွှေထင်ကုမ္ပဏီ"ဆိုတာဟာ တကယ်တမ်းကျတော့ သာမန်တိုက်ခန်း ခပ်ရှယ်ရှယ်လေးတစ်ခုသာ ဖြစ်ပါသည်။ လဝါ ဝင်သွားတဲ့အခါမှာ ဘာတွေမှန်းမသိ တချောက်ချောက်တချက်ချက် ကွန်ပျူတာနှိပ်နေကြတဲ့ ကောင်မလေးနှစ်ယောက်။ ဘာမှ သေချာလုပ်နေပုံမရဘဲ ဟိုယောင်ယောင် ဒီယောင်ယောင်သာရှိတဲ့ ကောင်လေးတစ်ယောက်နဲ့ ငုတ်တုတ်ထိုင်နေတဲ့ အသက်ကြီးကြီး လူကြီးတစ်ယောက်တို့ကို တိုက်ခန်းရဲ့ရှေ့ဘက် ဧည့်ခန်းလိုနေရာ ဘဲမှာ တွေ့ရသည်။

"ဘာကိစ္စရှိလို့ပါလဲ"

လဝါကို တွေ့လိုက်တဲ့အခါ ကောင်လေးက သူ လုပ်စရာအလုပ် ရသွားသလို အပြေးအလွှား လာမေးပါသည်။

"ဦးထင်ကြီး ရှိလားမသိဘူး"

"ရှိပါတယ်၊ ချိန်းထားတာလားခင်ဗျ"

"ချိန်းတော့ မထားဘူး၊ လဝါလို့ ပြောပေးပါ"

"ဟုတ်ကဲ့ ... ခဏထိုင်စောင့်ပါဦး"

"ဟုတ်ကဲ့"ဟုသာ ဆိုသော်လည်း ထိုကောင်လေးဟာ ခုနက နေရာမှာသာ ပြန်ဝင်ထိုင်လိုက်လျက် ခုနကလိုပဲ ဟိုယောင်ယောင် ဒီယောင်ယောင် ဆက်လုပ်နေပါသည်။ လဝါက ကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်လိုက်ပြီး ထိုကောင်လေးကိုပဲ မပြတ်အကဲခတ်နေသည်။ ဦးထင်ကြီးက ဘယ်မှာလဲ။ "ရှိပါတယ်"ဆိုပြီး ဒီအရှေ့ခန်းထဲမှာတော့ မမြင်ရရင် နောက်ဘက်က အခန်းတစ်ခုထဲမှာဖြစ်ဖြစ် ဒါမှမဟုတ် အပေါ်ထပ်ပါ တစ်ဆက်တည်းရှိနေသေးရင် အပေါ်ထပ်ဆီမှာပဲဖြစ်ဖြစ် ရှိမည်။

"လဝါ"ဆိုတဲ့ ဧည့်သည်တစ်ယောက် ရောက်ရှိကြောင်းကို သွားမပြောရင် သူ ဘယ်လိုဆက်သွယ် ပြောကြားပေးမလဲ။ အင်တာကွန်းတို့ တယ်လီဖုန်းတို့ တစ်ခုခု နှိပ်လိုက်သလား၊ ကိုင်လိုက်သလား ကြည့်နေတော့လည်း ဘာမှလုပ်တာ မမြင်ပေ။ ဘာလဲ။ လဝါက စိတ်မရှည်တော့ပေ။

"တွေ့လို့မရသေးဘူးလားဗျ"

"ဩော် ... ဟုတ်ကဲ့ အစ်ကို၊ ဟိုဒင်း ... ဧည့်သည်။ အဲ ... ဧည့်သည်တော့ မဟုတ်ဘူးပေါ့၊ အထဲမှာ တစ်ယောက် ရောက်နေလို့ခင်ဗျ"

ဩော် ...။ ဒီလိုလား။ "အထဲကတစ်ယောက်ဆိုတာက ကြာဦးမလား မသိဘူး"ဟု တွေးလိုက်မိသော်လည်း





ကိုယ့်မှာလည်း ဒီနေ့အဖို့ ဘာအစီအစဉ်မှ သေချာမရှိလေရာ သဝါက မတွေ့တွေ့အောင်ပဲ ငုတ်တုတ်ထိုင်စောင့်ဖို့ ဆုံးဖြတ်လိုက်ပါသည်။ ကိစ္စကတော့ အပြတ်ရှင်းကို ရှင်းထားမှဖြစ်မယ်။ ကိုယ့်ရဲ့ဝသီက အားနာတတ်သူ ဖြစ်သော်လည်း တချို့လူတွေက အားနာနေလို့ မရဘူးလေ။ ကိုယ်က အားနာလို့ ဆင်ခြင်တွက်ဆနေရင် သူတို့ကကျတော့ အားမနာ ပါးမနာ ရှိလှတာနှင့် ကိုယ်ချည်း ခံနေရမည်။

ဦးထင်ကြီးဟာ အဲဒီလိုလူတွေထဲကပဲ ဖြစ်လိမ့်မည်။ ကိုယ်က ချင့်ချိန်နေရင် သူက ရှေ့ဆက်ဖွတ်လှမ်းတက်လာမှာ။ ဘာသဘောနဲ့လဲတော့ မသိပေမယ့် သူ့လုပ်ရပ်တွေက လဝါနဲ့ သွန်းပုံတို့ကို ကွဲကြ၊ ဓာတ်လမ်းပြတ်ကြစေချင်သလိုလို ဖြစ်နေသည်။ သူ့အကြောင်းတွေကို သူ့ကိုပဲ ပြန်ဖွင့်ချလိုက်ဖို့ ဆုံးဖြတ်လိုက်တာကလည်း အဲဒါကြောင့်ပါပဲ။ ကိုယ့်ပါအမှုလာပတ်နေမှာ ဦးဘာကတစ်ကြောင်းအပြင် "ခင်ဗျားကြီးက ကျုပ်တို့ကိုနှောင့်လိုနောက်ယှက်၊ ဖျက်လိုဖျက်ဆီးတွေ လိုက်လုပ်နေရင် ကျုပ်မှာလည်း ကျုပ်သိထားတာတွေ ရှိတာပဲ"လို့ ခြိမ်းခြောက်ထားချင်တဲ့သဘောလည်း ပါတာပေါ့။

"ဘုရားမှတ်လို့ ကိုးကွယ်ပါတယ် ဖွတ်ထွက်မှ တောင်ပို့မှန်းသိတယ်ဆိုတာ မင်းလိုလူမျိုးကို ပြောတာပေါ့။ လူပုံကြည့်လိုက်တော့ ထက်ထက်မြက်မြက်လိုလို၊ အရာရာသိတတ်၊ ကျွမ်းကျင်၊ လည်ပတ်တော့မလိုလိုနဲ့။ ဟန်သာများ

မနေတာ။ အရည်အချင်းကမှ မရှိတော့ ဘယ်လိုလုပ်ပြီး လူမွေးလူရောင် ပြောင်မလဲ ...

တွေ့စမြင်စကတော့ ဂိုက်ကထုတ်ထားလိုက်တာ ကမ္ဘာ့စီးပွားရေးလောကမှာပါ ကျင်လည်ဝင်ဆန့်တော့မယ့် စီးပွားရေးလုပ်ငန်းရှင်ကြီးလိုလိုနဲ့။ ဒီရုပ်ဒီရည်မျိုးကို လုပ်လုပ်သမျှ ဘာတစ်ခုမှ အောင်အောင်မြင်မြင် ဖြစ်မလာဘဲ သဲထဲရေသွန်၊ အသုံးမကျချည်းပဲ ဖြစ်နေလိမ့်မယ်လို့ ဘယ်သူက ထင်ခဲ့မှာလဲ။ အဖျင်းကလည်း နိုင်လိုက်တာဆိုတာ။ ဆယ်ခါရဲ့ တစ်ခါလောက် အောင်မြင်ဖြစ်ထွန်းပြီး စားရသောက်ရ ရှိမယ်ဆိုရင် ဘာမှပြောမနေတော့ဘူး။ ငါ့ဘဝမှာ လူကဲခတ်ညံ့ခဲ့တာ ဒီတစ်ခါပဲ။ တစ်ခါဆို၊ ဆိုသလောက် လည်း အထိနာလိုက်တာဟယ်။ အသည်းနာလိုက်တာ"

လဝါရဲ့မျက်လုံးတွေ ပြူးထွက်ကာ ပါးစပ်ပါ အဟောင်းသား ဖြစ်သွားပါသည်။ အသံ ...။ တိုက်ခန်းရဲ့အတွင်းဘက် တစ်နေရာမှ ထွက်ပေါ်လာသောအသံ။ တိတိကျကျဆိုရရင် ဘယ်လိုမှ မမှားနိုင် မလွဲနိုင်စွာ ယောက္ခမလောင်းကြီး ဒေါ်စိန်စိန်ရဲ့အသံ။

ပြောနေလိုက်တဲ့ စကားလုံးတွေကလည်းပဲ ပယ်ပယ်နယ်နယ်နှင့် အကျယ်ကြီး။ သူ့အသံတွေကို ဒီအရှေ့ဘက်ခန်းက ရုံးအမှုထမ်းဖြစ်ဟန်တူသူ လေးယောက်တို့ ကြားနေနိုင်သည်ဆိုတာကိုလည်း တစ်စက်မှ ဂရုမစိုက်ဟန်နှင့်ပါတကား။





အဲဒီအခန်းထဲမှာ ဦးထင်ကြီးအပြင် နောက်ထပ်ဘခြားတစ်ယောက် ထပ်မရှိတော့ဘူးဆိုရင် ဒီစကားတွေဟာ ဦးထင်ကြီးကိုပဲ ရည်ညွှန်းပြောဆိုနေသံတွေပဲပေါ့။ ကိုယ်တိုင်က အဲဒီ ဦးထင်ကြီးကိုပဲ မကျေနပ်ရင်းစွဲရှိနေတဲ့ လဝါပင် သွေးထဲကနေတောင် "တဖျင်းဖျင်း"နှင့် ဘယ်လိုမှ မခံစားနိုင် ဖြစ်လာပါသည်။ ဒီအရွယ်ကြီးရောက်နေတဲ့ ယောကျ်ားတစ်ယောက်ဟာ အများသူငါ သူစိမ်းတွေအလယ်မှာ ယောက္ခမလုပ်သူရဲ့အပြောအဆိုကို အဲဒီလောက်အထိ ခံနေထိုက်စရာလား။

"မင်းကိုတော့ ခေါက်ရိုးကျိုး၊ ဘောင်ဝင်ပြီး ငါ့လိုဘဝကြီးပါ သေမသွားစေချင်ဘူးကွာ။ သူတို့ရဲ့အစီအစဉ်တွေအတိုင်း ယောကျ်ားကိုက် လှုပ်ရှားမယ့်အစား ကိုယ့်ဆန္ဒနဲ့ကိုယ်ပဲ လှုပ်ရှားပြီး မင်းကိုတော့ သူတို့စိတ်တိုင်းကျ ချုပ်ကိုင်လို့ မရနိုင်ဘူးဆိုတာ ကြိုသိထားပေစေကွာ ငါ့ညီ"လို့ ဆိုခဲ့ပေမယ့် လဝါဟာ အဲဒီ ဦးထင်ကြီးရဲ့စကားကြောင့်တော့ မဟုတ်ပါ။ ကိုယ့်ကို အဲဒီလောက်ကြီး နင်ပဲငဆာ၊ သဟောက်သဟကြီး လာလုပ်နေရင်တော့ ဘယ်လိုမှ ငြိမ်ခံနေနိုင်မှာ မဟုတ်တာ သေချာပါသည်။ အားနာတတ်ဘာက နာတတ်တာ တစ်ပိုင်းလေ။

တကယ်တမ်း အပြစ်ရှိလို့ဆိုလည်း အပြစ်က ရှိ၊ရှိပါစေဦး။ သမက်နဲ့ ယောက္ခမဆိုတာ ရင်းနှီးချစ်ကြည် ရှိသေစရာဆိုရင် သားနဲ့အမိအနေအထားမျိုးလည်း ဖြစ်တယ်ဆိုပေမယ့်

မိခင်ရင်းဆိုရင်တောင် ဒီအရွယ် သားကြီးတစ်ယောက်ကို ရုံးဝန်ထမ်းတွေပါ ကြားသာနေအောင် ဒီလိုပြောဆိုနေစရာလား။

လဝါက ချက်ချင်းပဲ ထထွက်ပြီး ပြန်လစ်သွားလိုက်ရမလား။ အဘွားကြီး ကိုယ့်ကိုမမြင်နိုင်အောင်ဘဲ ပုန်းနေရမလားဆိုတာ အမြန်စဉ်းစားလိုက်ပါသည်။ ခုချိန်မျိုးမှာတော့ မတော်ရသေးတဲ့ သမက်လောင်းတစ်ယောက်အပေါ်မှာ ဟန်ဆောင်မှုကလေးတွေနဲ့ အတွင်းသရုပ်အမှန်ကို လုစ်မပြချင်လောက်သေးသည့် အဘွားကြီးဟာ သူ့မူလဗီဇကို လဝါပါ မျက်မြင်ကိုယ်တွေ့ဖြစ်သွားပြီးပြီဆိုရင် "ဒါဆိုလည်း ဆက်ဟန်ဆောင်ထားစရာ မလိုတော့ဘူးပေါ့"လို့ တွက်ရင် တွက်လိုက်မှာ။ "စောစောကြိုသိထားပြီးသားဆိုတော့ ဒီတစ်ယောက်ကိုလည်း စောစောကျူးသွင်းလို့ရတာပေါ့၊ ပိုတောင်ကောင်းတယ်"လို့ တွေးရင် တွေးလိုက်မှာ။

လဝါတစ်ယောက် ဘာလုပ်ရမှန်းမသိ စဉ်းစားမရနိုင် ဖြစ်နေဆဲ တံခါးဖွင့်သံတစ်ခု "ချပ်"ခနဲ မြည်လာကာ နောက်ဘက်မှ အရိပ်တစ်ခုက ရှေ့ဘက်ထဲသို့ "ဖျတ်"ခနဲပင် ရောက်ရှိလာပါသည်။ ထပြန်ဖို့ မမီတော့သည့် လဝါက နောက်ဘက်ကိုကျောခိုင်းပစ်လိုက်ပြီး ကိုယ့်ကို မရိပ်မိသာအောင် မနည်းကြိုးစားလိုက်ရပါသည်။

ကိုယ့်လိုပဲ အိမ်ရှေ့က လေးယောက်လုံး လှုပ်လှုပ်ရှားရှားတွေ ဖြစ်ကုန်ကြပြီး ငုတ်တုတ်ကြီးထိုင်နေတဲ့ လူကြီးတောင်





စာအုပ်စီသလိုလို၊ ဖုန်သုတ်သလိုလို ဖြစ်နေတာမြင်တော့ သက်ပြင်းတစ်ခုကိုလည်း ချမိသေးသည်။ "ကျွန်ဝယ်ရာ အဆစ်ပါ" ဆိုတာ ဒါမျိုးနေမှာပေါ့။ သူတို့လူကြီးတောင် ရစရာမရှိအောင် အပြောအဆို ခံနေရလေတော့ ဝန်ထမ်းဖြစ်ဟန်တူသူတို့လည်း နေစရာမရှိပြီ။

အခန်းထဲက ထွက်လာတဲ့ အဘွားကြီးဟာ လဝါက ကျောခိုင်းပုန်းရှောင်မနေလည်းဘဲ လဝါကို သတိထားမိမှာတော့ မဟုတ်ပါ။ သူ့ဘာသာ ဝုန်းဒိုင်းကြဲကာ ဆောင့်ကြီးအောင့်ကြီးနှင့် တိုက်ခန်းထဲမှ ပြန်ထွက်ပြီး ကွယ်ပျောက်သွားသည်။

အဲဒီအခါမှာလည်းပဲ လဝါဟာ ကိုယ်က မုန်းမုန်းရှိပေမယ့် ဦးထင်ကြီးကို အားနာတာနှင့်ပဲ သူနဲ့လည်း ဝင်တွေ့မနေတော့ဘဲ ပြန်ရန်းနိုး။ ကိုယ်ရောက်လာတာကိုပဲ ဦးထင်ကြီးမသိရလေအောင် ဖုံးဖိပစ်ခဲ့ရနိုးနိုးတွေကိုပါ လျှောက်စဉ်းစားလိုက်မိပါသည်။ ကိုယ်အပြင်မှာရောက်နေသည်ဆိုတာ သိလိုက်ရင် ခုနက အသံကြီးတွေကို ကြားနိုင်လောက်သည် ဆိုတာကိုပါ သူတွက်မိမည်။ အနေအထားတူ ဖြစ်လာမယ့်သူချင်းမှာ စီနီယာသမားက ဂျူနီယာတစ်ယောက်ရှေ့မှာ ဘယ်လောက်မျက်နှာပူအနေရခက်နေလိမ့်မလဲ။

"သြော် ...လဝါ ရောက်နေတာလား၊ အဆင်ပြေတယ်ကွာ၊ ငါ့ညီ"

အဘွားကြီးနဲ့အတူ သူပါ အခန်းထဲကနေ အပြင်ထိ ထွက်လိုက်လာတာကိုး။ ကျောခိုင်းနေတဲ့ လဝါကို အဘွားကြီးက တွေ့မသွားပေမယ့် ခြည့်ခန်းတင်ရပ်ကျန်ရစ်တဲ့ ဦးထင်ကြီးက ကောင်းကောင်းရိပ်မိ တွေ့ရှိသွားတာပေါ့။ သူ့ကြည့်ရတာ ခုနက ကိစ္စအတွက် ကြိုရဖူးပေါင်း များနေကြဟန်ရှိတဲ့ သူ့ဝန်ထမ်းတွေကို မျက်နှာမပူရုံသာမက လဝါကိုလည်း ဘယ်လိုမှနေဟန်မတူပါ။ "အဆင်ပြေတယ်ကွာ"ဟုပါ ဆိုလိုက်သေးတာကတော့ မလွန်ဘူးလား။ သူ မပြောနဲ့ လဝါတောင်မှ အဆင်မပြေတာလေ။

"ဘာအဆင်ပြေတာလဲဗျာ၊ ခင်ဗျားဟာက"

"ကိုယ်ပြောနေတာတွေက အဖြစ်မှန်တွေပဲဆိုတာ မင်း မျက်မြင်ကိုယ်တွေ့ ဖြစ်သွားတယ်လေ"

"ဦးထင်ကြီးရာ ... ခင်ဗျား ..."

"ဘာလို့ ငြိမ်ခံနေတာလဲလို့ မေးချင်တာလား။ အကျင့်ပါသွားတာလည်း ပါတယ်။ ပြီးတော့ ... အင်း ... ငါ့ညီ မသိသေးတာတွေ အများကြီး ရှိပါသေးတယ်ကွာ"

မသိသိလှကိစ္စကို ဆိုလိုတာလား။ ကိုယ့်မလည်း အပြစ်က တကယ်ရှိနေတော့ ပြန်မပြောချင်ရင်း၊ ငြိမ်ခံရင်းနဲ့ ဒီလိုအခြေအနေအထိရောက်ပြီး တစ်ဖက်က ပြောရေးဆိုခွင့်ရှိသူကြီးတွေလို ဖြစ်သွားတာလား။ ခပ်ပြုံးပြုံးပဲ ရှိနေသည့် ဦးထင်ကြီးရဲ့မျက်နှာကတော့ ဟန်လုပ်ပြုံးထားဟန် မရှိပါ။ လဝါရဲ့ခေါင်းထဲ ဖျတ်ခနဲ တစ်စုံတစ်ခုက ဝင်ရောက်လာသည်။





အဘွားကြီးကတော့ "စီးပွားရေးမှာ ဘာလုပ်လုပ် အသုံးမကျဘဲ အရှုံးနဲ့သာ ရင်ဆိုင်နေရသူကြီး"လိုလို ပြောသွားတာပဲ။ "ရွှေထင်ကုမ္ပဏီ"ဆိုတဲ့ နေရာဌာနနဲ့ ဝန်ထမ်းလေးတွေ၊ လုပ်ကိုင်နေကြတာတွေကလည်း ချောက်တီးချောက်ချက်။ သို့သော် ဒါတွေကရော အစစ်အမှန်မှ ဟုတ်ရဲ့လား။

မရွှေမှုန်ရဲ့နောက်ဘက်မှာ မသိသိလှဆိုတဲ့ လူမသိ သူမသိ ကိစ္စရပ်တစ်ခု ရှိနေခဲ့သလို ကျနေပုံရတဲ့ ရွှေထင်ကုမ္ပဏီရဲ့နောက်ဘက်မှာရော နှစ်အိမ်ထောင်တောင် ထောက်ထားနိုင်တဲ့ သူ့ရဲ့တကယ့်စီးပွားရေးက ဘာလဲ။

"မင်းကိုယ်မင်း တော်တော်သိသွားပြီလို့ မထင်လိုက်နဲ့ဦး။ ဒီ့ထက်ပိုသိသင့်သေးတယ်ကွ"

လဝါမှာ "မသိသိလှ အကြောင်းကိုလည်း သိထားပါသေးတယ်"လို့ ပြောချင်စိတ် မရှိတော့ပြီ။ လူလယ်ကောင်မှာ ဘွင်းဘွင်းကြီး၊ ပွင့်ပွင့်လင်းလင်းကြီး နိုင်ထက်စီးနင်းပြုခံနေရတဲ့ သူတစ်ယောက်မှာ လူမမြင်ကွယ်ရာမှာ ဖုံးဖုံးဖိဖိ သိုသိုဝှက်ဝှက် ပြန်အနိုင်ရနေသလိုမျိုး တစ်ခုရှိနေတာ။ လောကသဘာဝတရားက ညှိထားပေးတဲ့ ချိန်ခွင်လျှာ(Balance)တစ်ခုကော ဖြစ်မနေနိုင်ဘူးလား။

"ယောကျ်ားပဲဟာ"ဟု လဝါက မပြောပါ။ ဖောက်ပြန်မှု၊ မတည်ငြိမ်မှု၊ သစ္စာမဲ့မှုတွေကို ကိုယ်တိုင်လည်း ကျူးလွန်ခဲ့မှာမဟုတ်သလို ကျူးလွန်နေသူတွေကိုလည်း "သူ့အကြောင်းနဲ့

သူပဲလေ"လို့ အမှန်ဘက်ကထားပြီး တွေးမပေးနိုင်ပါ။ ဒါပေမဲ့ ချိန်ခွင်လျှာညီနေတဲ့သဘောကိုတော့ သဘောကျမိသလို အရှိသား။ ကိုယ့်ကိုယ်ကိုယ် အရမ်းအနိုင်ရပြီလို့ ထင်နေကြတဲ့ နိုင်လိုမင်းထက်လူတွေဟာ တစ်ဖက်မှာတော့ လူမသိ သူမသိ၊ ကိုယ်တိုင်လည်းမသိ အရှုံးကြီးရှုံးနေနိုင်တာဟာ လောကရဲ့နိယာမတရားပဲလေ။

"လူဆိုတာ ဖုံးကွယ်မှုတစ်ခု ကိုယ့်မှာရှိနေရင် အပြစ်ရှိနေသလို ခံစားကြရတယ်။ သူတစ်ပါးအပေါ် အနိုင်ယူနိုင်ခဲ့ခက်တယ်။ အရှုံးနဲ့ရင်ဆိုင်ရနိုင်တယ် ငါ့ညီ။ အဲဒါကြောင့် သူတို့သိမထားသေးဘူးလို့ ထင်မိတဲ့ မင်းအကြောင်းတွေကို ငါတမင်ဖော်လိုက်တာပဲ။ ငါ့ခံယူချက်ကို မင်း ဘယ့်နှယ် သဘောရသလဲ"

လဝါက ဦးထင်ကြီးကို စေ့စေ့စပ်စပ်ပဲ အကဲခတ်နေလိုက်သည်။

"ဟိုတစ်နေ့က သွန်းပုံနဲ့ ပြဿနာတက်ကြလို့ မင်း ကိုယ့်ဆီရောက်လာတာ မဟုတ်လား"

"ဒါပေမဲ့ ကျွန်တော်က ဘာဖုံးကွယ်မှုမှ မရှိဘူးဗျ။ အဲဒီအရေးမပါတဲ့ကိစ္စတွေ အားလုံးကိုလည်း သွန်းပုံကို ပြောပြထားပြီးသားပဲ။ ခုမှ ခင်ဗျားက အရေးပဲပါသယောင်ယောင် တလွဲတွေဝင်ကြီးကျယ်ပေးနေလို့ သွန်းပုံက အထင်လွဲသွားတာ"





"ကဲကောင်းဟာပေါ့ကွာ။ ဖုံးကွယ်မှုကင်းတယ်ဆိုတော့ ကောင်းကောင်းအိပ်ပျော်နိုင်တာပေါ့"

"ကျွန်တော် မပြောတော့ဘူးလို့ပဲ၊ ဒါပေမဲ့ တစ်ခုတော့ မပြောရမနေနိုင် ပြောချင်လာလို့ဗျာ။ ခင်ဗျားပြောတော့ ငယ်ငယ်တည်းက ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်၊ ကိုယ့်ဘာသာ ကြိုးစားရုန်းကန်ပြီး အောင်မြင်ပြည့်စုံအောင် ကြိုးစားနိုင်ခဲ့တယ်ဆို"

ဦးထင်ကြီးက လဝါကိုကြည့်ကာ သဘောကျလာ
သလို "ဟဲ ဟဲ ဟဲ ဟဲ"ဟု ရယ်လိုက်သည်။

"ကျွန်တော်ကမှ ကြီးတော်တွေ ဘကြီးတွေရဲ့အထောက်အပံ့က ပါသေးတယ်ဗျ။ ခင်ဗျားမှာ အဲဒီလိုလည်းမရှိနိုင်ဘူးဆိုရင် ခင်ဗျားက အဲဒီလောက် ညုံ့ညုံ့ကြီးထဲက ဟုတ်ပါ့မလား။ လက်မထပ်ခင်ကတည်းက အိုးပိုင် အိမ်ပိုင်နဲ့ စီးပွားရေးကအစ တောင့်တောင့်တင်းတင်းထဲက ဖြစ်နေပြီဆို"

"ဟဲ ဟဲ ... ဟဲ ဟဲ ... ငါ့ညီ စုံထောက်ဌာနမှာ အလုပ်ဝင်ပါလားကွ"

"ဒါ ခင်ဗျားဝန်ထမ်းတွေ မှတ်လား။ သူတို့ရှေ့ကြီးမှာ အပြောအဆိုတွေ ခံနေရအောင် ခင်ဗျား ဘာတွေလုပ်နေတာလဲ။ အဲဒီလိုလုပ်နေ အပြောခံနေရတာ ပျော်သလား၊ ဟုတ်လား"

"ဟဲ ဟဲ ဟဲ ... ငါ့ညီကို တစ်ရာ့ရာခိုင်နှုန်း ယုံမပေးနိုင်သေးတာ ခွင့်လွှတ်ပါကွာ။ ငါ့ညီကတစ်ဆင့်။ သွန်းပုံကတစ်ဆင့်။ ယောက္ခမကြီးနဲ့ ဒေါ်ရွှေမှုန်နဲ့ သိလို့မဖြစ်သေးတာတွေ အများကြီး ရှိပါသေးတယ် ...'ဟဲ ဟဲ ဟဲ"

ဦးထင်ကြီးက သူ့ဝန်ထမ်းဖြစ်ဟန်တူသူ လေးယောက်ကို တစ်ယောက်စီလိုက် လက်ညှိုးထိုးလိုက်ကာ ...

"ဟို့ကောင်မလေးနှစ်ယောက်က သူတို့ချင်း တစ်ဝမ်းကွဲကွ။ ရွှေမှုန်နဲ့လည်း နှစ်ဝမ်းပဲ ကွဲကြတယ်။ ဟိုအဘိုးကြီးကတော့ အဘွားကြီးရဲ့မောင်တော်တယ်။ ဟိုသတ္တဝါလေးကတော့ မရှိတော့တဲ့ သူတို့အမေကြီးရဲ့တူတဲ့ကွ။ သူတို့အမျိုးတွေချည်း ပတ်လည်ဝိုင်းနေကြတာ၊ ငါက သူတို့ရှေ့မှာ အပြောအဆို ခံရလေခြင်းလို့ ဘာကိုထူးပြီး သရုက်နေရဦးမှာလဲ။ သူတို့အမျိုးအကြောင်း သူတို့ပဲ အသိဆုံးနေမှာပေါ့ ...

'ညာတကာနဥ္စသင်္ဂဟော' လုပ်ထားချင်တဲ့ လုပ်ငန်းတစ်ခုကကော ဘယ်လိုလုပ် အောင်မြင်တိုးတက်ပြီး ထိုးထွက်လာနိုင်မှာလဲ။ သူတို့ကလည်း ဆွေရယ် မျိုးရယ်လို့ ပြန်ကြည့်ထောက်ပံ့ချင်တာထက် ငါ့စပိုင်ချထားချင်လို့ပဲ 'ဆွေမျိုးစုလူ့အဖွဲ့အစည်း' လုပ်ထားကြတာ နေမှာပေါ့။ အဲဒီတော့ လှုပ်လီလှုပ်လဲ့နဲ့ လည်သာပတ်သာလောက်ပဲ ရလဒ်က ထွက်မှာပေါ့ကွာ"





လဝါရဲ့မျက်ခုံးနှစ်ဖက် ခပ်ပင့်ပင့် ဖြစ်သွားသည်။

"အဲဒီလိုမကြည့်ပါနဲ့ကွ။ ငါက ယောက္ခမပိုက်ဆံ ထိုင်ဖြုန်းနေတာမှ မဟုတ်ဘဲ။ ကိုယ့်အရင်းအနှီးနဲ့ကိုယ် ကိုယ့်ဘာသာတိုးပွားချင်သလောက်ပဲ တိုးပွားအောင်လုပ်မှာပေါ့။ အပြစ်ရှိတယ်လို့ မခံစားရပေါင်ကွာ။ Not Guilty ပေါ့။ ဟဲ ဟဲ ဟဲ"

လဝါမှာ ခပ်ဖြဲဖြဲနှင့် ကျောချမ်းချမ်းပင် ဖြစ်ချင်သွားရသည်။ ဒီလိုမျိုးစကားတွေကိုကျတော့လည်း စပိုင်တွေကတစ်ဆင့် ပြန်ပေါက်ပေါက်၊ မပေါက်ပေါက် ဂရုကိုမစိုက်ဘဲ သူပြောတဲ့ "ဆွေမျိုးစု လူ့အဖွဲ့အစည်းကြီး"ရဲ့ ရှေ့မှာတင် ပေါ်တင်ပြောနေတော့တာပါပဲလား။

တော်တော်ကြာ ကိုယ့်အတွက်ကကျတော့ ကံမကောင်းဘဲ ပြဿဒါးကျတဲ့ရက် ဖြစ်နေရင် "ဒါတွေကို လဝါနဲ့ပြောနေကြတာပါ"လို့ သတင်းပြန်ရောက်သွားတော့ ဘယ်လိုလုပ်မတုန်း။

"ပြန်တော့မယ်ဗျာ"

"ပူးတွဲတရားခံစာရင်း ဝင်သွားမှာစိုးလို့လားကွ။ မင်းကိုခုတော့ လောလောဆယ်ဆယ်ကြီးတော့ ချက်ချင်းကြီးမချဲလောက်သေးဘူးလို့ ထင်တာပဲ ငါ့ညီ။ အချိန်အတိုင်းအတာတစ်ခုလောက်အထိတော့ ပွတ်ပြီးချော့ထားကြလိမ့်ဦးမှာကွ။ အဲဒီအချိန်ကို အကျိုးရှိရှိ အသုံးချလိုက်နိုင်ဖို့ပဲ

အရေးကြီးတာ။ အဲဒီကာလလေးအတွင်းမှာ သာယာမနေဘဲ ကိုယ်လုပ်စရာရှိတာကို လုပ်ထားရမယ်၊ ကိုယ့်အာဏာ ကိုယ်အပြီးထူထောင်ထားရမယ်။ ငါတုန်းက ဒါမျိုးတွေ ကြိုပြောပေးမယ့်သူ မရှိလို့ နာသွားတာပေါ့ကွာ"

နောက်ဆုံးစကားကိုတော့ ဦးထင်ကြီး ခပ်တိုးတိုးနဲ့ လှိုု့လှိုု့ဝှက်ဝှက်ပုံစံဖြင့်သာ ပြောခြင်းဖြစ်ပါသည်။ လဝါမှာ ကိုယ်လုပ်မယ်လို့ မျှော်မှန်းပြီး ရောက်လာခဲ့သည့် အငေ့ါပ်များကို ဘာတစ်ခုမှ ဖြစ်မြောက်အောင်မလုပ်လိုက်ရဘဲ ဦးထင်ကြီးဆီမှ အူလည်လည်နှင့်ပင် လှည့်ပြန်လာခဲ့ရပါသည်။

သွန်းပုံဆိုတာသည် လဝါအဖို့ နှစ်နဲ့ချီပြီးတော့ကို ကြိုးစားလိုက်ယူထားရတဲ့ ချစ်သူကလေး ဖြစ်ပါသည်။ နှစ်နဲ့ချီပြီး တော့ ဆိုတာကလည်း ဒီလိုလေ။ သူ့ကို ကိုယ်ကတရားဝင်ဖွင့် ဟအသိပေး တောင်းဆိုပြီဆိုတဲ့ အခါမှာ လဝါက ခုလက်ရှိအလုပ် လုပ်နေတဲ့ ရေနံကုမ္ပဏီမှာ အလုပ်ဝင်ပြီး ဖြစ်နေပြီမို့ ကမ္ဘာအနှံ့ လှည့်ပတ်သွားလာလိုက်၊ မြန်မာနိုင်ငံကို ခဏလောက်ပြန်ဝင်လာ ရလိုက ဖြစ်နေပြီ။ အဲဒီတော့လည်း ရက်အနည်းငယ်လောက် ဆက်တိုက် လုံးပမ်းလိုက်။ လနဲ့ချီပြီးဝေးနေပြန်လိုက် ဖြစ်နေရ တာ။





ဖုန်းတို့ အီးမေးလ်တို့နဲ့ အမြဲအဆက်အသွယ်လုပ် နေဖို့ ကြိုးစားတော့လည်း သင်းကလေးမှ လက်မခံ၊ မတုံ့ပြန် ဘာ။ ဒီတော့ တိကျတဲ့"အဖြေ"တစ်ခုရနိုင်ပါဖို့ နှစ်နဲ့ချီစောင့်ခဲ့ ရသလို ဖြစ်နေသည်။ စ,စတွေ့ချင်းကနေ ဖွင့်ပြောဖြစ်ဖို့ ချင့်ချိန် စောင့်မျှော်ခဲ့ရတဲ့ နှစ်တွေပါ ပြန်ထည့်ထွက်ရရင်တော့ သူများတွေ ပြောပြောနေကြတဲ့ "ဆယ်နှစ်ဆယ်မိုး" ဆိုတာသည် လဝါအဖို့ "ပျင်းတောင်ပျင်းသေး"ဟုသာ သတ်မှတ်ရမည်။

သွန်းပုံကိုလဝါက အထက်တန်းကျောင်းမှာ တစ် ကျောင်းတည်းတက်ခဲ့ရတဲ့ ဘဝကတည်းက မျှော်ငေးခဲ့ရတာ။ အဲဒီတုန်းကတော့ ကိုယ်ကလည်း မိဘမဲ့ဆိုတော့ ဘာမှမပြည့်စုံ နိုင်သေးခင်၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်မရပ်နိုင်ခင်မှာ သိမ်ငယ် ဘယ်မဟုတ်တောင် ကိုယ့်အငုံ့စိတ်က ကိုယ့်ကိုခွင့်မပြုခဲ့တာက တစ်ချက်။ "တစ်နေ့ရာရာမှာတော့ ခိုင်ခိုင်မာမာ ရပ်တည်နိုင်မှ ဖြစ်မယ်"ဆိုတဲ့ စိတ်က ငယ်ငယ်ရွယ်ရွယ်နဲ့ တခြားစိတ်ဝင်စား စရာတွေဆီ ယိမ်းယိုင်မသွားမိအောင် အတင်းတွန်းကာ ပိတ်ဆီး ထားတာက တစ်ချက်။

နောက်တစ်ချက်ကတော့ သွန်းပုံရဲ့နေတတ်ထိုင် တတ်ပုံပင်။ "အင်မတန် ဖင်ခေါင်းကျယ်ပြီး ရင့်လှတဲ့ မိန်းကလေး" အဖြစ် သွန်းပုံက နာမည်ကြီးပေတာ။ ယောကျ်ားလေးတစ်ယောက် များ သူ့အနား မယောင်မလည်နဲ့ ရှိချင်ရင် ရိုးရိုးပဲဖြစ်ဖြစ် ဆန်း ဆန်းထဲကပဲဖြစ်ဖြစ် ကြိုတင်ပြီးတော့ကို နာမ်နှိမ်ထားလိုက်ချင်တာ က သွန်းပုံရဲ့ဝသီပင်။

ယောကျ်ားတစ်ယောက်ကိုများ သူ့ထက်အသက်ငယ်ရင်၊ ရွယ်တူရင်တော့ ပြောမနေနဲ့တော့။ ကြီးရင်တောင် နေရာပေး လေးစားသမှုလေးနဲ့ နာမည်ရှေ့က "ကို"လေးဘာလေးတပ်ပြီး "ကိုအောင်ကျော်"၊ "ကိုမြင့်သိန်း" ဒီလို ဘယ်တော့မှမရှိပါ။ "အောင်ကျော်"၊ "မြင့်သိန်း"။ သူ့ရဲ့ဆိုစကားကတော့ "အဲဒီလို အင်မတန် ကျောမောလှတာကို မကျေနပ်ရင် သူနဲ့မပတ်သက်ကြနဲ့"ဟူ၍တည်း။

"ပတ်သက်လိုက်တာနဲ့ ရှေ့တစ်ဆင့်တိုးလာချင်တာတွေကို ကြိုကာထားတာလေ။ ရိုင်းလှချည့်လို့ ထင်ရင်လည်း မပတ်သက်ကြနဲ့ပေါ့၊ ရှင်းနေတာပဲ"

အဲဒါတွေကြောင့်ပဲ သွန်းပုံဟာ ငယ်ကတည်းက တစ်ကျောင်းတည်းထွက် ယောကျ်ားလေးများရဲ့နှုတ်ဖျားမှာ ချွဲပတ်ဖြစ်ကာ လူမုန်းများပါသည်။ သူ မျှော်လင့်ခဲ့သလိုပဲ ပတ်သက်မည့်သူလည်း ခပ်ရှားရှားပင်ဖြစ်ကာ နှစ်လိုသဘောကျတဲ့ ယောကျ်ားလေးရယ်လို့ မရှိသလောက်ပင် ဖြစ်ပါသည်။ တက္ကသိုလ်သက်တမ်းတစ်လျှောက်မှာလည်း ထိုနည်းလည်းကောင်း။

ရုပ်ရည်ကလေးက တင့်တယ်ပေမယ့် ယောကျ်ားလေးတို့ရဲ့စိတ်ဓာတ်ကလည်း ခက်ခဲတယ်ဆိုရင်သာ မရ,ရအောင် ခုံးဆွတ်ယူချင်တာ။ "တမင်အခြေမြှင့်ထားတာ"ဟု အမြင်ကတ်ကြလျှင်တော့ မလိုမုန်းထားပြီး ရန်ရှာကာ တမင်ချိုးရင်သာချိုးကြမည်။ တကယ်မြတ်နိုးချင်ပါတယ်ဆိုတဲ့ သူမျိုးကတော့ ရှား





သွားပြီပေါ့။ လူတကာတိုင်းမှာက ကိုယ့် Ego (အတ္တမာန)နဲ့ ကိုယ်လေ။ ဘယ်သူက အချိုးအနှိမ်ခံကာ အတင်း အနားကပ်ချင်နေကြမလဲ။

အဲဒီတော့ ဘာဖြစ်သလဲဆိုရင် "ပြိုင်ဘက်"ကင်းဘာပေါ့။ ကိုယ့်ဘာသာ ကိုယ့်သိမ်ငယ်မှု၊ ကိုယ့်ရည်မှန်းချက်တို့နဲ့ ကြိုးစားနေရချိန်မှာ "တစ်ပါးသူလက်ထဲ ပါသွားပြီ"ဆိုတာမျိုး တော်ရုံနဲ့ကို ရှိမလာနိုင်တော့တာ။ စိတ်ချထားလို့ရသည်။ သူ့ဒါကတော့ အဲဒီလိုဖြစ်နေတာကိုပဲ ပိုလို့တောင် သဘောကျသေး။ တစ်ခါတစ်ရံကျ ငယ်သူငယ်ချင်းများကို "ငါ့ကောင်မလေးကြည့်ထားပေးကြပါဦး၊ သတင်းပို့ပါဦး"ဟု လှမ်းအကြောင်းကြားမြန်းလျှင်ပင် ...

"ဘယ်အကောင်မှ ကြိုက်မယ့်သူ မရှိဘူး။ မင်းမှမကယ်တင်ရင် အပျိုကြီးပဲဖြစ်မှာ။ အချိန်မရွေး၊ ဘယ်အချိန်မှ ပြန်လာလာ၊ ကောက်စစ အချိန်မီတယ်။ မမီတော့ဘူးဆိုတာကို မရှိစေရဘူး စိတ်ချ"

သူ့ကို အဲဒီလို မှတ်ချက်ချကြတာများ ပြန်သိရင် သွန်းပုံတစ်ယောက် ဆွေ့ဆွေ့ကိုခုန်နေမည်ထင်သည်။ ဒါပေမဲ့ နည်းနည်းလေး ရင်းနှီးနီးကပ်လာချိန်မှာ သိလိုက်ရတာက သွန်းပုံ အဲဒီလုပ်ရပ်တွေ၊ စိတ်ဓာတ်တွေဟာ တမင်ကြီး တန်ဖိုးမြှင့်ထားတာလည်းမဟုတ်။ ရိုင်းပျကြမ်းတမ်းတဲ့ စိတ်ထားမျိုး ရှိတာလည်း မဟုတ်။ သူပြောသလိုပဲ တကယ့်ကို ကြိုကာထားတာ၊ ဘယ်သူ

နဲ့မှုကို မပတ်သက်ချင်တာ။ ရှင်းရှင်းပြောရရင် လက်တွဲဖော်ရှာ၊ အိမ်ထောင်ပြု ဆိုတာမျိုးကို စိတ်ထဲမှာကို မရှိတာ။ မလုပ်ချင်တာ။

မယ်သီလရှင်ဝတ်မလို့လား။ တောထွက်မလို့လားဆိုတော့လည်း မဟုတ်ပါ။ အိမ်ထောင်ကိုမပြုချင်တာ၊ ယောကျ်ားကို မယူချင့်တာသည် ဃရာဝါသကို စိတ်ကုန်စက်ဆုပ်နေလို့လည်း ဟုတ်ပုံမရပါ။ အဲဒီလို စရိုက်ထူးဆန်းပြီး နားမလည်ချင်စရာကောင်းမလေးမျိုးကိုမှ ကိုယ်ကလည်း (ရူးပြီး ထူးပြီးတော့)ပတ်သက်ချင်ခဲ့မိတဲ့ လဝါဟာ တရားဝင်ဖွင့်ဟတောင်းဆိုခဲ့ပြီးလို့ နှစ်နှစ်လောက်ကြာမှ "ကြည့်ကြသေးတာပေါ့"ဆိုတဲ့ အဖြေမျိုးကို စပြီးရခဲ့တာ။

"ဘာ ... ကြည့်ကြသေးတာပေါ့လဲ။ ဒီနေ့က အဖြေပေးတာ မဟုတ်ဘူးလား"

"ဪ ... စောင့်ကြည့်ကြတာပေါ့လို့ ပြောတာလေ"

"ဘာကို စောင့်ကြည့်ရမှာလဲ။ စောင့်ကြည့်လာတာပဲ ကြာလှပြီလို့ မထင်ဘူးလား"

"မဟုတ်ဘူး လဝါ။ ချစ်သူရည်းစားတွေရယ်လို့ လက်ခံနိုင်ကြပြီဆိုရင်တောင် ဒီလူနဲ့ ဒီမိန်းကလေးနဲ့ ကိုယ်နဲ့ဘဝတစ်လျှောက်လုံး အတူတူ လက်တွဲနေနိုင်သွားပါ့မလားဆိုတာ သွန်းပုံရော လဝါပါ နှစ်ယောက်စလုံး စောင့်ကြည့်ရဦးမှာ"





"ကိုယ်ကတော့ မလိုဘူး။ သွန်းပုံကို ရိုးမြေကျ လက်တွဲနိုင်တယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် သေချာနေတာကြာပြီ။ သွန်းပုံကရော ကိုယ့်ကို ခုထိ ဘာတွေစိတ်မချနိုင် ဖြစ်နေသေးတာလဲ"

"လဝါကို စိတ်မချတာ မဟုတ်ပါဘူး။ ကိုယ့်ကိုယ်ကိုယ်လည်း စိတ်မှသိပ်မချတာ။ သွန်းပုံရဲ့စိတ်တွေက ထပ်ပြောင်းရင် ပြောင်းဦးမလားဆိုတာ ကြည့်ရဦးမယ်"

"နောက်တစ်ယောက်ဆို ! "

"ဘယ်ကလာ။ ဒီတစ်ယောက်ကိုတောင် လဝါ ပြောသလိုဆို ရိုးမြေကျနိုင်မကျနိုင်က မသေချာသေးတာ။ နောက်တစ်ယောက်က ဘယ်ကထပ်ပေါ်လာနိုင်မှာလဲ။ အဓိပ္ပာယ်မရှိတာ"

"ဒါဖြင့် ဘာလဲ ! ကိုယ်တော့ နားမလည်ဘူး"

"ဟုတ်တယ် ... လဝါ နားမလည်ပါဘူး"

"အင်းလေ ... နားမလည်လို့ ဘာလဲလို့ မေးနေတာလေ"

"အဲဒါကို မဖြေပေးနိုင်ဘူး။ ဒါပေမဲ့ လဝါ သိထားဖို့က ချစ်သူတွေအဖြစ် လက်ခံတယ်ဆိုပေမယ့် တစ်နေ့ကျပေါင်းဖက်ဖို့တို့၊ နှစ်ယောက်တစ်ဘဝတို့ သူများတွေပြောလေ့လုပ်လေ့ရှိတာတွေက ဆက်ဖြစ်ချင်မှ ဖြစ်လာမှာ။ အဲဒီအချိန်ကျ သွန်းပုံကို အဆိုးမဆိုနဲ့။ ကြိုပြောထားတာက အဲဒီအချိန်ကျ ဖြစ်လာနိုင်မယ့် အခြေအနေကို မကျေနပ်

နိုင်ရင် ခုကတည်းက ရှေ့ဆက်မတိုးချင်နဲ့တော့။ နောက်ဆုတ်ငိုက်တော့။ ရတယ် ... ဘာမှမဖြစ်ဘူး"

"ဘာတွေလဲကွာ"

ဒါပေမဲ့ "လဝါကို သွန်းပုံလည်း ချစ်ပါတယ်"ဟု ဆိုလာပြီးသူလေးကို "တစ်ချိန်ကျ ဘာဖြစ်လာမယ်မှန်း မသိလို့" ဆိုပြီး ခုမှ နောက်ပြန်ဆုတ်ရမှာလား။ လဝါမှာ အချိန်တွေ အကြာကြီး ရင်းထားပြီးသား ဖြစ်သလို နှလုံးသားတစ်ခုလုံးကိုပါ ကိုယ့်ရဲ့အရင်းအနှီးထဲ အပြီးထည့်ထားပြီးသား ဖြစ်နေပြီ။ နောက်ဆုတ်ဖို့ ဘယ်ဖြစ်နိုင်တော့မလဲ။ ဘာပဲကြုံရကြုံရ ရှေ့ဆက်ခွတ်တိုးဖို့သာရှိသည်။

အဲဒီလို "အချိန်မရွေး ရပ်တန်းကရပ်ပစ်လိုက်ကြပြီး ပိုနေမြဲ ကျားနေမြဲပဲ ရှိကြဖို့ကို ကြိုမျှော်လင့်ထားနော်"လို့ ဆိုလာတာကို သူငယ်ချင်းတွေကတော့ ...

"သူ့ဘက်ကချည်း အတင်ကြီး၊ အကျောကြီးပဲ။ မင်းမိုက်လို့ ကွာ။ စိတ်ကုန်စရာ ကောင်းတာက အဲဒီတစ်ယောက် မဟုတ်တော့ဘူး၊ မင်း ဖြစ်နေပြီ"လို့လည်း သောင်းသောင်းဖျဖျနဲ့ ပိုင်းဝန်းထောပနာပြုခဲ့ကြပါသေးသည်။ ဘာကြီးပဲဖြစ်ဖြစ်လေ။ အတင်ကြီး ... အကျောကြီးမကလို့ အလွန်ကြီး၊ အကျူးကြီးပဲ ဖြစ်နေပါစေ ကိုယ့်ဘက်မှာ စကားလုံးကလေးက သုံးလုံးပဲရှိသည်။

"ချစ်တာကိုး"။ ဒါပဲ ...။ ကိုယ်ကမှ သူ့ကိုသာပဲ ချစ်တာကိုး။





အဲဒီလို အခက်အခဲတွေနဲ့ သူများနဲ့မတူခဲ့ရတဲ့ ဖြစ်ရပ်နဲ့ စခဲ့ရပြီး ခုလည်း ဘာအနှောင့်အယှက် အဖျက်အဆီးတွေက ဝင်ချင်နေပြန်ပြီမသိ။ "မေမေနဲ့လိုက်တွေ့မလား"လို့ ဆိုလာခဲ့တုန်းက "အမယ်လေး ... ငါမှငါ။ ငါလိုလူ ဇမ္ဗူမှာရှိသေးလား။ ပိုနေမြဲ ကျားနေမြဲလည်း ပြန်ဖြစ်နေစရာ မလိုတော့ဘူး။ စောင့်ကြည့်စရာတွေလည်း ကုန်သွားပြီထင်တယ်"လို့ ရင်ခုန်စိတ်လှုပ်ရှားခဲ့ရသမျှတို့ဟာ ခုတော့ အီလည်လည်ခံစားချက်နှင့် အဆုံးသတ်နေသည်။

အင်မတန်မှ ကြမ်းတမ်း၊ အထက်စီးဆန်ကာ အနိုင်ယူချင်လှပုံရတဲ့ အမေရယ်။ သူတကာကိစ္စထဲ ဆိုင်ဆိုင်မဆိုင်ဆိုင် ဝင်ပါစွက်ဖက်ကာ လွှမ်းမိုးထားချင်တဲ့ အစ်မရယ်။ လူထူးလူဆန်း ခဲအိုရယ်။ ဒီလိုလူတွေနဲ့ ဝန်းရံပြီး စိတ်ဒုက္ခရောက်ရမယ့် ဒဏ်ကိုပဲ ကိုယ်လည်း မခံနိုင်၊ သူတစ်ပါးကိုလည်း မခံစားစေချင်၍ များ"အိမ်ထောင်ကို မပြုချင်တာ"ဆိုတဲ့ နားလည်ရခက်တဲ့၊ လူ ခန်းများတဲ့ မိန်းကလေးပုံစံမျိုး ဖြစ်နေရရှာတာများလား။

ကိစ္စမရှိပါ။ ကိုယ့်ထက် နှစ်နှစ်လောက်ငယ်သေး ဘဲ့ကောင်မလေးက "လဝါ"လို့ ခပ်ရင့်ရင့်ပဲ ခေါ်ဝေါ်တာကို စိတ်ထဲ ဘယ်လိုမှ မရှိခဲ့တဲ့ လဝါဟာ ခက်ခက်ခဲခဲ နှစ်ရှည်လများ ကြိုးစားလိုက်ယူပြီးမှ "လက်ထပ်ချင်မှ လက်ထပ်မှာနော် ဒါပဲ"ဆိုတဲ့ စကားကိုခံပြီး ရခဲ့တဲ့ ချစ်အဖြေအတွက်လည်း ဘယ့်နှယ်မှ မနေခဲ့တဲ့သူမျိုးပဲ။

ခုနေခါ စိတ်အနှောင့်အယှက် ဖြစ်ရတာတွေဟာ သွန်းပုံအပေါ်မှာလား။ ဟုတ်မှမဟုတ်တာ။ မတော်ရသေးတဲ့ ယောက္ခမလောင်းကြီးအပေါ်၊ မရီးလောင်းအပေါ်၊ မယားညီအစ်ကို လောင်းအပေါ်။ "No matter" ကိစ္စမရှိပါဘူး။ ဘာပြဿနာမှကို မရှိတာပါ။ ဒါတွေဟာ တစ်ကန့်စီ။ တစ်ကန့်စီလို့ သဘောထားနိုင်ရင် အဆင်ပြေနိုင်ပါတယ်။ ပြဿနာမရှိပါဘူး၊ ငယ်စဉ်ကတည်းက သူများတကာတွေနဲ့ ဘဝမတူခဲ့တဲ့ လဝါက လူတကာနဲ့ အတွေးအခေါ် အယူအဆတွေ မတူညီနိုင်တာလည်း ဖြစ်နိုင်ပါသည်။

အဓိကကျတာ အရေးကြီးတာက ဒီကောင်မလေး တစ်ယောက်ကို လဝါက တကယ်ပဲ နှစ်နှစ်ကာကာ ချစ်မြတ်နိုးနိုင်သလား။ ဘယ်ဘက်က လှည့်တွေးတွေး "အရမ်းချစ်တာပဲ" ဆိုတဲ့ အဖြေပဲ တစ်သမတ်တည်း ထွက်နေရင်ပြီးပြီ။

ကားဂိုဒေါင်ရဲ့ ထောင့်တစ်နေရာမှာ တံမြက်စည်းပြောင်းပြန်ကြီးက အောက်ဘက်က ရေခဲလုံတစ်လုံးထဲစိုက်ပြီး တံမြက်စည်းအမွေးတွေက ရေစိုနစ်နေတဲ့ မြင်ကွင်းကို မြင်လိုက်ရတော့ လဝါက သက်ပြင်းကို မသိမသာ ချလိုက်မိပါသည်။





လဝါဟာ ယောကျ်ားလေး။ ပြီးကျတော့ မိဘမဲ့တစ်ယောက်လည်းပဲဖြစ်သည်။ သို့သော် အုပ်ထိန်းသူကောင်းနဲ့ကြီးပြင်းခဲ့ရတဲ့အတွက် စည်းစနစ်ကျကျ နေထိုင်ဖို့နဲ့ ပစ္စည်းပစ္စယ ရှိသေသိတတ်ဖို့ဆိုတာ မိနဲ့ဘနဲ့ ကြီးပြင်းရတဲ့ တချို့မိန်းကလေးတွေထက်တောင် သာနေသေးသည် ထင်ပါသည်။ ခုလည်းပဲ ရှေ့ကမြင်ကွင်းကို ကြည့်မရ။ စိတ်ကသိကအောက်ဖြစ်နေပြီ။

ကြီးကြီးတို့ဆိုရင် တံမြက်စည်းတွေကို အမွေးတွေက ပိပြား၊ နှုတ်ခမ်းမွေးပုံစံကြီးနဲ့ အသားသေနေပြီး လှည်းလို့မကောင်းတော့မှာစိုးလို့ကို အမွေးအပေါ်ထောင်ပြီး စိုက်ထားလို့ရတဲ့ သီးသန့်စင်နှင့်ပင် အမြဲထောင်ထားသည်။ ခုလို ရေခဲလုံကြီးထဲ အမွေးတွေပါနစ်ပြီး ဂိုဒေါင်ထောင့်ထဲ ရောက်နေဖို့ကတော့ ခေးရောပင်။

သွန်းပုံလည်း အင်မတန်စနစ်ကြီးသူပဲ မဟုတ်ဘူးလား။ လဝါတစ်ယောက် တစ်ခါတလေလောက်များ ချွတ်ချော်ပြီး စည်းကမ်းမရှိတာ တစ်ခုခု လုပ်မိရင်၊ ပစ္စည်းပစ္စယ မရိုသေမိရင် ပြောလို့၊ မြည်တွန်တောက်တီး ဆူပူမ်လို့မဆုံးပြီ။ ဒါဖြင့် ဒီအိမ်မှာ သွန်းပုံ တစ်ယောက်ပဲ ကွက်စနစ်ကြီးနေပြီး ကျန်တဲ့သူတွေကတော့ နေချင်သလို နေတတ်ကြတဲ့ သဘောများလား။

မနေနိုင်မထိုင်နိုင်သည့် လဝါမှာ အိမ်ရှေ့ပေါ်တီကို အောက်ကနေ လှမ်းမြင်နေရတဲ့ ဂိုဒေါင်ဘက်ဆီသို့ လျှောက်လှမ်းသွားလိုက်ပါသည်။

“ဘာလုပ်မလို့လဲ”

သူ့နောက်ကနေ တစ်ခါတည်းပါလာပြီး အိမ်ထဲ လိုက်မဝင်လာသည့် လဝါကို သွန်းပုံက အံ့ဩသလို အော်မေးလိုက်သည်။

“ဩော် … ဟိုမှာ၊ ဟိုဟာလေးတစ်ခုပါ”

“ဘာလေးလဲ”

လဝါရဲ့နောက်ကနေ “ဘာပါလိမ့်”ဟု ပြေးလိုက်လာသည့် သွန်းပုံမှာ လဝါမေးငေါ့ပြရာကို လှမ်းမြင်လိုက်လျှင်တော့ မျက်နှာက ခပ်ပျက်ပျက်နှင့် ရဲတွတ်သွားပါသည်။

“အိမ်ကကောင်မလေးတစ်ယောက်ယောက် ဂိုဒေါင်သန့်ရှင်းရေး လာလုပ်ပြီး ပြန်သိမ်းမသွားမိဘူး ထင်တယ်။ တံမြက်စည်းက အသစ်ကြီးရှိသေးတာ၊ အမွေးတွေပိပြီး ဆွေးသွားမှာစိုးလို့”

ကိုယ်ပြောချင်တာတွေ အားလုံးပြောပြီးမှပင် သွန်းပုံရဲ့မျက်နှာထားကို အကဲခတ်မိတော့တဲ့ လဝါက မနေနိုင်မထိုင်နိုင် သွားလုပ်ပေးမလို့ပြင်ထားတဲ့ ခြေလှမ်းတွေကိုရပ်ကာ ကိုယ်ရှိန်သတ်လိုက်ပါသည်။ ကိုယ်တိုင်ကလည်း စည်းကမ်းရှိတဲ့ကောင်မလေးဆိုတော့ သူတို့အိမ်သားတွေရဲ့ ကဘောက်တိကဘောက်ချာ လုပ်ရပ်ကို လဝါ့ရှေ့မှာ ရှက်သွားပုံရပါသည်။ သွန်းပုံဟာ နှုတ်ခမ်းကလေးပင် တင်းတင်းစေ့လို့။





“ထားလိုက်ပါ လဝါ။ ပြီးရင်လည်း ခြံထဲမှာပဲဖြစ်ဖြစ် စောင့်ပေတော့။ သွန်းပုံပဲ အိမ်ပေါ်တက်ပြီး အဲဒီစာအုပ်ကို ရှာပေးလိုက်တော့မယ်။ ခဏပါ မကြာပါဘူး”

ဟော …။ ရှက်သွားတာနဲ့ပဲ စိတ်ကပါ အော်တိုမက်တစ် ဆက်တိုက်ကောက်ချိတ်သွားပြန်ပြီထင်သည်။ အစကတော့ အပြင်တစ်နေရာ သွားကြရာကနေ သူ့ကိုပြန်လိုက်ပို့ရင်းနဲ့ “အပြန်မှာ စာအုပ်တစ်အုပ် ပြန်ထည့်ပေးလိုက်ချင်တာကို အအေးသောက်၊ မုန့်စားပြီး ခဏထိုင်စောင့်ပေါ့”ဆို။ “စာအုပ်ကရှာရမှာ နည်းနည်းတော့ ကြာဦးမှာ”ဆို။ ခုကျတော့ အိမ်ပေါ်သို့ပင် အတက်မခံတော့မည့် ပုံပါလား။

အိုကေ …။ ကိုယ့်အပြစ်နှင့်ကိုယ်ပဲ ထင်ပါသည်။ ရှိစေပေါ့။ နောင်တစ်ချိန် တကယ်ပဲ ဤအိမ်သို့ပဲ လိုက်နေရမည်ဆိုလျှင် ဘာကြီးပဲတွေ့တွေ့ မျက်စိမှိတ်၊ လျစ်လျူရှု၊ နို့မို့အကောက်ခံရမည်။ ဒီလိုလား …။ အိုကေ …။

ခြံကလေးက ကြီးကြီးတို့ခြံကြီးလို အကျယ်ကြီးမဟုတ်ပေမယ့် အရွယ်တော် အနေတော်လေးနှင့်ပင် ချစ်စရာလေးပါ။ ဟိုးတစ်နေ့က ဒီအိမ်ကို တစ်ခေါက်ရောက်ခွင့် ရခဲ့ပေမယ့် ထမင်းကျွေးဖို့ချည်း စိတ်သန်နေကြတဲ့ အမေနဲ့အစ်မကြောင့် ခြံထဲကို ခြေတောင်မချလိုက်ရပါ။

ကြီးကြီးတို့ရဲ့ခြံကျယ်ကျယ်ထဲမှာ မိုလ့်ခွင့်ရခဲ့တဲ့အတွက် လဝါက ခြံတွေကိုချစ်သည်။ ကိုယ့်ခြေထောက်ပေါ်

ကိုယ်ရပ်နိုင်ပြီဆိုပြီး ကိုယ့်တိုက်ခန်းနဲ့ပဲ ကိုယ်သွားနေတော့မည်ဟု ဆုံးဖြတ်လိုက်ပြီးစဉ်မှာ လေးဖက်လေးတန် ပိတ်နေသလို ခံစားရတဲ့ တိုက်ခန်းရဲ့ခံစားချက်က လဝါကို လအနည်းငယ်လောက် တစ်မျိုးလေး ဖြစ်နေစေပါသေးသည်။

ဒီခြံလေးကကျတော့ သူ့ဟာနဲ့သူ သေးသေးကလေးဖြစ်ပေမယ့် စိုက်ပျိုးထားတာနဲ့ နေရာအထားအသို စီစဉ်တတ်မှုကြောင့် နေပျော်စရာလေးလိုလို ဖြစ်နေပါသည်။ မာလီသီးသန့်သာ မရှိရင်တော့ ဒီအိမ်က အိမ်ရှင်မကြီးသုံးယောက်ဟာ ခြံပြုပြင်ထိန်းသိမ်းမှုမှာ ဝါသနာပါကြတဲ့အပြင် ကျွမ်းကျင်သူတွေလည်း ဖြစ်မည်ဟု မှန်းလို့ရနိုင်တာပေါ့။

သုံးယောက်ထဲက တစ်ယောက်လောက်ပဲ ဝါသနာပါတာ၊ စိတ်ဝင်တစား လုပ်ထားတာ ဆိုရင်တော့ သွန်းပုံပဲဖြစ်ပါစေ။ လဝါရော သွန်းပုံပါ ခြံအလုပ်ကို စိတ်ဝင်စားကြတယ်ဆိုရင် ဒါ အတော်ကြီး ကီးကိုက်သွားပြီ။ ဒီအိမ်ကို လိုက်နေနိုင်လောက်စရာ နေပျော်ကျေနပ်စရာ တစ်ချက်လောက်ရပြီ။

ဂဝံတွေကော၊ လိပ်သည်းတွေရော၊ ကျောက်စရစ်အကြီးစားကြီးတွေနဲ့ပါ ခြံရဲ့နေရာတော်တော်များများကို အလှဆင်ပုံဖော်ထားပုံဟာ ပရော်ဖက်ရှင်နယ် တော်တော်ဆန်ပါသည်။ ပန်းအိုးတွေကို ပုံစံမျိုးစုံနဲ့ အကြီးအသေးတွေ စီချပြထားတာကလည်း စိတ်ဝင်စားစရာ။ ဟင် … ဟိုဟာလေးကကျတော့ ဘာလေးပါလိမ့်။





ခြံထဲမှာ ဒီတိုင်းကြီး မတ်တတ်ကြီး နေနေရမှာကျတော့လည်း ပျင်းစရာကြီး။ လဝါမှာ ကိုယ်တိုင်ကလည်းဝါသနာပါသည်ဆိုတော့ သွားရင်း လာရင်း လျှောက်ကြည့်ရင်းနှင့်ပင် ခြံနောက်ဘက်ထောင့်က သရက်ပင်ကြီးရဲ့ နောက်ကွယ်ထောင့်တစ်နေရာမှာ အိမ်ကလေးလိုလို၊ စင်ကလေးလိုလို တစ်ခုကိုတွေ့လိုက်ရတာမို့ ဘာလေးပါလိမ့်ဆိုတဲ့ စပ်စုလိုစိတ်နဲ့ သရက်ပင်ကြီးနောက်ကို ကျပ်ကျပ်သပ်သပ်ပဲ ချိုးကွေ့ပြီး ဝင်လိုက်ပါသည်။

အာ …။ ဒါကတော့ decoration လုပ်ထားတာထက်နတ်ကွန်းငယ်တစ်ခုပဲ ထင်ပါရဲ့။ ဟာ … ဟိုဟာက။ နတ်ကွန်းလေးလို အိမ်ပုစိလေးထဲမှာ အရုပ်လေးတစ်ရုပ်ပါ။ မြင်ဖူးနေကျနတ်ရုပ်လိုလိုဟာမျိုးတွေ ဆိုရင်တောင် ကိုယ်ကတော့ ကိုးကွယ်ဘယ်ရယ် မဟုတ်ပေမယ့် လေးစားသမှုတစ်ခုနဲ့ ပြန်ပဲလှည့်ထွက်သာခဲ့မိမည်ဖြစ်တဲ့ လဝါဟာ၊ အဲဒီအရုပ်က နတ်ရုပ်မဟုတ်နိုင်ဘူးလို့ သိလိုက်တာနဲ့ တစ်ပြိုင်နက်မှာတော့ ကျပ်ကျပ်သပ်သပ်ထောင့်ထဲမှာပဲ အတင်းတိုးဝင်ထိုင်ချလိုက်မိရင်း အရုပ်ကလေးကိုအိမ်ကလေးထဲကနေ ဆွဲထုတ်လိုက်မိပြီးသား ဖြစ်နေပါပြီ။

"voodoo"ရုပ်။ သေချာတယ် ဒါ ဗူဒူးလုပ်ထားတဲ့အရုပ်။ ဟေတီတို့ ဘာတို့လို အနောက်အင်ဒီးယားကျွန်းတွေကနေ တစ်ကမ္ဘာလုံးအထိပါပျံ့ပြီး ခုဆို မြန်မာနိုင်ငံမှာပါ အဟုတ်ကြီးလိုက်အတုခိုးနေကြပြီလား မသိတဲ့ ဗူဒူး(စုန်းကဝေမှော်အတတ်နှင့် ပြုပြင်ထားသော)အရုပ်။ တစ်ကမ္ဘာလုံး လှည့်သွားနေရပြီး

ယုံကြည်မှု၊ စွဲလမ်းမှုတွေ ပြင်းထန်ကြတဲ့ ကျွန်းစုနိုင်ငံမျိုးတွေမှာပါ တာဝန်ထမ်းဆောင်ဖူးတဲ့ လဝါဟာ ဗူဒူးရုပ်ကိုတော့ ကောင်းကောင်းကြီးကို သိပါသည်။

ဟိုတွေမှာတော့ နှစ်နာစေချင်သူရဲ့ ဆံပင်တို့ ဘာတို့နဲ့ အရုပ်ပုံ စည်းဖွဲ့တတ်ကြတာ။ ဒီမှာကတော့ ဘာအဝတ်စ၊ ဂွန်နီဖျင်ကြိုးစတွေနှင့် လုပ်ထားမှန်း မသိပါ။ သို့သော် အဝတ်အစားပါ ဝတ်ပေးထားလိုက်သေးတဲ့အခါ ဒါ ဘယ်သူ့ကိုရည်ရွယ်ထားသလဲဆိုတာ ခုမှ ဆက်ဆံဖူး၊ သိဖူးစ လဝါပင် ရိပ်မိပါသည်။ ပင်အပ်ရှည်ကြီးတွေနဲ့ တစ်ကိုယ်လုံး စိုက်ခံထားရပြီး ပါးစပ်စည်းလက်ပြန်ကြိုးတုပ်ပါ ခံထားရတဲ့ အရုပ်ဟာ စတစ်ကော်လာတင်ရှပ်လက်ရှည်နဲ့ လက်ပြောင်ပြောင်ပုဆိုးစနဲ့။ ဦးထင်ကြီးပေါ့။

လဝါမှာ "တောက်"တစ်ချက်ပင် ခေါက်လိုက်မိကာ အရုပ်က အပ်ရှည်တွေကို ဆွဲဖြုတ်ပြီး ခြံပြင်ဘက်ကို လွှင့်ပစ်လိုက်ပါသည်။ ပြီးရင်တော့ ကြိုးစတွေနဲ့ ပုံဖော်ထားတဲ့အရုပ်ကို ကြိုးတွေပြေပြီး ပုံပျက်သွားအောင် တစ်စစီဆွဲဖြုတ်ပစ်လိုက်သည်။ ပြီးတာနဲ့ အဲဒီကြိုးအလုံးအထွေးနဲ့ အဝတ်သေးသေးလေးတွေကိုပါ ခြံပြင်က ရေမြောင်းထဲလွှင့်ပစ်။

ကိစ္စအားလုံးပြီးလို့ သရက်ပင်နောက်ကနေ တိုးတိုးဖွေ့ဖွေ့နဲ့ ပြန်ထွက်လာချိန်မှာ သွန်းပုံကို ဟိုကြည့်ဒီကြည့်နဲ့ လျှောက်ရှာနေတဲ့ပုံစံနဲ့ ဆုံလိုက်ရပါသည်။

"ဟယ် ... ရှာလိုက်ရတာ၊ ဘယ်ရောက်နေတာလဲ"





"ဒီလိုပဲ လျှောက်ကြည့်နေတာလေ၊ ခြံလေးက ချစ်စရာလေးပဲ၊ ဘယ်သူစီစဉ်ထားတာလဲ"

"သွန်းပုံပေါ့။ ဒါပေမဲ့ ကိုယ်ကအပြောပါ၊ ဝိုင်းလုပ်ပေးတဲ့ မာလီကြီးက တစ်ပတ်တစ်ခါ အလုပ်ဆင်းတယ်။ ခုနက ဘယ်ရောက်နေတာလဲဆို"

"ဟိုဘက်ပါ၊ ဒါနဲ့ သွန်းပုံတို့က ဘာ့ဘာသာကိုးကွယ်တာလဲ"

သွန်းပုံက လဝါကို မျက်လုံးကြီးပြူးကာ ကြည့်လာသည်။

"ဗုဒ္ဓဘာသာပေါ့၊ ဘယ်လိုဖြစ်နေတာလဲ"

"ဟိုဘက်နောက်ဘက်မှာ နတ်စင်လိုလို အိမ်ကလေးတွေ့လို့"

"အာ ... မမတို့ပေါ့။ ယတြာချေတာ သိပ်ဝါသနာပါကြတာလေ။ တစ်မျိုးပြီးတစ်မျိုးကို မပြီးနိုင်တာ။ ခု ဘာတွေလုပ်ထားကြပြန်ပြီလဲ၊ ဘာတွေ့ခဲ့လို့လဲ"

"ဘာမှမတွေ့ပါဘူး။ မရွှေမှုန်တို့က ယတြာချေတာသိပ်ဝါသနာပါတယ်ဆိုရင်...သွန်းပုံကရော"

"ပုတီးဘယ်နပတ်စိပ်ရင် စာမေးပွဲအောင်မယ် ဆိုတာမျိုးတော့ မပြည့်မချင်း စိပ်တာပေါ့၊ ဟင်း ဟင်း ဟင်း"

ပြောပြီး ခပ်ရှက်ရှက်ပုံစံနှင့် မျက်စောင်းလေးတစ်ချက်ပါ ထိုးလိုက်သေးလျှင် လဝါရဲ့ရင်ထဲ ဘယ်လိုလေးဖြစ်သွားရသည်မသိဘဲ ခုနက ဗူဒူးရုပ်ကို မေ့ချင်သွားရပါပြီ။

"ကဲ ... ပြန်တော့မလား"

"ဟာ ... ဘာလို့ အတင်းကြီး နှင်လွှတ်မှာလဲ၊ အစတုန်းကဖြင့် အအေးတိုက်မယ်ဆို"

"ခု အိမ်မှာ ဘယ်သူမှ မရှိကြဘူး။ ခဏကြာကျ အကုန်ပြန်လာကြတော့မှာ။ အအေးဝင်သောက်ပြီးမှ ရင်ပူနေရရင် ပိုမကောင်းပါဘူး။ ပြန်လိုက်တော့နော်။ လိမ္မာတယ်"

သွန်းပုံရဲ့ပုံစံလေးက တစ်မျိုးလေးပါ။ တစ်ခုခုကိုပဲ ဖုံးကွယ်ထားသလိုလို။ ပြောလိုက်တဲ့စကားရဲ့နောက်မှာ အဓိပ္ပာယ်တစ်ခုခုပဲ ထပ်ရှိနေသေးသလိုလို။ သက်ပြင်းလေးတစ်ခုကိုလည်း ခိုးချလိုက်သလို ထင်လိုက်မိသည်။ လဝါက ပြန်ဖို့ပဲ ဆုံးဖြတ်လိုက်ပါသည်။

ဖြတ်ကယ် ဖြတ်ကယ်နဲ့ စိတ်ကောက်ဖို့၊ မာကျောဖို့၊ ဆုပ်မြည်တွန်ဖို့လောက်ချည်း အားသန်နေတတ်တဲ့ ကောင်မလေးဆီမှာ ဒီနေ့လို ခိုးကြောင်ခိုးဝှက် သက်ပြင်းလေးလေးတွေနဲ့ ညှိုးပျက်ပျက်လိုလို မျက်နှာလေးက သိပ်မကြုံဖူးလှတာမို့ လဝါရဲ့ရင်ထဲ ထိခိုက်ချင်လာရသည်။ ပစိပစပ်များပြီး မြည်တွန်တောက်တီးနေတတ်တာကို သည်းခံနိုင်တယ်။ မျက်နှာညှိုးနေတာကိုတော့ ရင်ဆိုင်ရတာ ခံရခက်၊ ဆုတ်နစ်စရာကြီးပင်။

လဝါဟာ ဒီကောင်မလေးကို ကိုယ်ထင်ထားတာထက် ပိုချစ်နိုင်နေသေးတာပါလား။ မလွယ်ဘူး ... ရှုံးမှာပဲ။





ခြံထဲက ကားထွက်လာပြီးချိန်မှာတော့ တမင်ကို "လှည့်မကြည့်ဘူး"ဟု စိတ်ဆုံးဖြတ်ထားပေမယ့် သွန်းပုံတစ်ယောက် ဟိုခြံထောင့်ဘက်က သရက်ပင်နောက် တန်းပြေးကာ "ဘာရှိနေမလဲ"လို့ သွားပြန်ကြည့်မှာပဲဆိုတာ စိတ်ထဲမှာသေချာနေရပါသည်။

တစ်ခုခုကို မတင်မကျနဲ့ စိတ်ထဲစနောင့်စနင်းဖြစ်လာရင် အားကိုးရှာချင်တဲ့စိတ်က လူတွေမှာ ဖြစ်ပေါ်လာတတ်ကြတယ် ထင်ပါသည်။ လဝါဟာ သွန်းပုံတို့အိမ်ကအပြန်မှာ မရည်ရွယ်ပါဘဲနှင့် ကြီးကြီးတို့အိမ်ဘက်သို့ ကားကိုဦးတည်လာခဲ့မိရက်သား ဖြစ်နေသည်။ တကယ်တော့ "သားကောင်မလေးကို ခေါ်လာခဲ့ပါဦး"လို့ တောင်းဆိုထားတဲ့ လူကြီးတွေရဲ့အိမ်ကို သွန်းပုံ မပါနိုင်သေးဘဲ လဝါက မသွားချင်သေးပါ။ အဲဒါကြောင့် ခါတိုင်းလို မြန်မာပြည်ကို ပြန်ဝင်နေတဲ့ အချိန်တိုင်း လုပ်နေကျ ညနေတိုင်းနီးပါး ထမင်းသွားစားတာတို့၊ မနက်အစောကြီးမှာ ဘရိတ်ဖတ်စ်သွားစားတာတို့ကိုပင် မလုပ်ဖြစ်ဘဲ မသိမသာ ရှောင်နေလိုက်တာပင် ကြာနေပြီ။

"ဟဲ့ ... လဝါ၊ အောင်မယ်လေး ... မင်းဘာဘက်တောင် ဒီကောင် နေမှကောင်းရဲ့လား မသိဘူး၊ တစ်ချက်လောက်သွားကြည့်လိုက်ပါဦးလားလို့ ပြောနေသေးတယ်"

"မဟုတ်ပါဘူး၊ ကောင်မလေးကို အိမ်လိုက်ခဲ့ဖို့ နားချလို့ မရနိုင်သေးလို့ ရှောင်နေတာပါ"

"ဖြစ်ရလေဟယ်၊ မိန်းကလေးမပါနိုင်ရင် မလာနဲ့ဦးလို့ များ ပြောမိလို့လား။ မင်းဘဘကတော့ မင်းကို ကောင်း ကောင်း ဟားနေတော့မယ် လဝါ"

ကြီးကြီးတို့ရဲ့ သဘောကျစရာ ကောင်းတဲ့အချက်မှာ လဝါတစ်ယောက် အဖြေရခက်နေတော့မည်ထင်လျှင် "ကောင်မလေးက ဘယ့်နှယ်ကြောင့် ငါတို့အိမ်ကို မလိုက်ချင် ဖြစ်နေရတာတုန်း။ နားချလို့တောင် မရနိုင်ဘူးဆိုတော့ အကြောင်းရင်းက ဘယ်လောက်များ ကြီးကျယ်နေလို့တုန်း" စသဖြင့်သော မေးခွန်းတွေကို ဘယ်တော့မှ ဆက်မေးလာလိမ့်မည် မဟုတ်ပါ။

"သူက ကျွန်တော့်ကို လက်ထပ်ဖို့ကတိမပေးသေးတာလည်း ပါ,ပါတယ်"

"ပြောင်းပြန်ကြီးပါလားဟယ် ... အံ့ရော"

ကြီးကြီးက လဝါရဲ့ပခုံးကို တစ်ချက် နှစ်ချက်လောက် လှမ်းပုတ်လိုက်ကာ "အိမ်ထဲဝင်ကြစို့"ဟု ပြောသည်။ ပေါ်တီကိုအတွင်းဘက် ဖိနပ်စင်တွေရှိတဲ့ အခန်းလေးကိုဖြတ်ပြီး ဧည့်ခန်းထဲသို့ လှမ်းဝင်ရသည့် အကွေ့ကလေးမှာ ဧည့်သည်တွေရဲ့ပစ္စည်းတွေ ထီး၊ ဦးထုပ် စသဖြင့်တွေ ချိတ်ထားခဲ့ဖို့ စင်ကလေးတွေ ရှိပါသည်။ အဲဒါရဲ့အနောက်ဘက်ထောင့်ထဲမှာတော့ ဘဘရဲ့ဂေါက်ရိုက်ပစ္စည်းများနဲ့ အိမ်သန့်ရှင်းရေးပစ္စည်းတွေဖြစ်တဲ့ ဖုန်စုပ်စက်တို့၊ တံမြက်စည်း၊ ကြက်မွေးတို့ထားတဲ့ အခန်းကလေး။





တံမြက်စည်းစင်တွေကို လှမ်းမြင်လိုက်ရတဲ့အခါ စိတ်ထဲမတင်မကျနဲ့ ဘာလိုလို ညာလိုလို ဖြစ်နေတဲ့ လဝါဟာ နံဘေးကနေ ကပ်လိုက်လာတဲ့ ကြီးကြီးကို လှမ်းတစ်ခန့် ...

"ကြီးကြီး ... မြန်မာမှာ အောက်လမ်းတို့ ဘာတို့ လုပ်ကြတဲ့အခါတွေမှာ တံမြက်စည်း ဇောက်ထိုးကို ရေလောင်းပြီး ဘာလုပ်တယ်ဆိုလား။ အဲဒါမျိုးရှိသလားလို့နော်။ ကျွန်တော် ကြားဖူးမိသလားလို့"

"ဟဲ့ ... ပေါက်တတ်ကရ။ မကြားဝံ့ မနာသာ။ စုန်း၊ ကဝေ၊ အောက်လမ်းဝဇ္ဇုတွေများ ဖတ်သလား"

"မဟုတ်ပါဘူး၊ ဟိုမှာ တံမြက်စည်းတွေကို လှမ်းမြင်လိုက်လို့ ခေါင်းထဲရောက်လာလို့ပါ"

"ယောကျ်ားကို ဘုန်းကံနိမ့်အောင် လုပ်ကြတာတဲ့လေ။ ကိုယ့်ရဲ့အိမ်ဦးနတ်က ဖောက်ပြန်နေတာတို့၊ ပြောမရ ဆိုမရ တစ်ခုခုတို့ဖြစ်ရင် အင်မတန် စိတ်ဓာတ်ယုတ်ညံ့နိမ့်ကျတဲ့ မိန်းမမျိုးတွေက မကြံကောင်း မစည်ရာ ထင်ရာလုပ်ကုန်ကြတဲ့ သဘောပေါ့။ အဲဒီလောင်းလို့ရတဲ့ အရည်ကိုမှ အဲဒီယောကျ်ားကို တိုက်ရသတဲ့ကွယ်။

တကယ်ပဲ ဘုန်းကံနိမ့်သွားပြီး ကိုယ့်ပြောစကားအောင်မအောင်ကတော့ မပြောတတ်ပါဘူး။ ဒါပေမဲ့ ကျန်းမာရေးရှုထောင့်ကပဲ ကြည့်ပါဦး။ တံမြက်စည်းဆိုတာ အိမ်ကအမှိုက်တွေ ဖုန်တွေ၊ အညစ်အကြေးပေါင်းစုံ

နဲ့ နေ့စဉ်ထိတွေ့နေရတဲ့ ပစ္စည်းလေ။ ကြီးကြီးတို့တောင် ခြံထဲထွက်ပြီး တံမြက်စည်းကို ဖုန်ပြန်ခါတယ်ဆိုတာပဲ ရှိပေမယ့် တံမြက်စည်းလျှော်တယ်ဆိုတာ ဘယ်အိမ်မှာများ ကြားဖူးသလဲ။ ယောကျ်ားလုပ်တဲ့သူတွေတော့ ဗိုက်ထဲကို ရောဂါပိုးပေါင်း(၈၀)လုံး တစ်ခါတည်း တန်းရောက်သွားမှာပဲ”

ဟင်း ...။ ထင်လိုက်မိတဲ့အတိုင်းပါပဲလား။ ဗူဒူးရုပ်ကိုပါ တွေ့လိုက်မှပင် တံမြက်စည်းဖောက်ထိုးရေစိမ်ဟာလည်း ပုံမှန်စည်းကမ်းပျက် မေ့လျော့တာမျိုးလောက်တော့ မဖြစ်နိုင်တော့ဘူးဆိုတဲ့ အထင်က တကယ်ပဲ မှန်နေပြီပေါ့။

“သားက အဲဒါကို ဘယ်မှာတွေ့ဖူးလို့လဲ”

အသက်ကြီးနေပြီ ဖြစ်ပေမယ့် ဉာဏ်ရည်ထက်မြက်ကာ တွေးခေါ်နိုင်စွမ်းအား ကြီးမားနေဆဲဖြစ်တဲ့ ကြီးကြီးရဲ့မျက်လုံးတွေက အဖြေရှာလိုမှုတစ်ခုနှင့် တဖျပ်ဖျပ်တောက်ပလို့ လာကြပါသည်။

“ကျွန်တော့်ကောင်မလေးအိမ်မှာ”လို့ မှန်တဲ့အတိုင်း အဖြေ ပေးလိုက်ရမှာကို လဝါက ရှက်သည်။ သူများတကာကို အတင်းကြီး မစွက်ဖက် မချုပ်ချယ်တတ်တဲ့ ကြီးကြီးတို့ဟာ အဖြစ်မှန်ကို သိလိုက်ရလို့လည်း “အမယ်လေး ... အဲဒီလိုအိမ်မျိုးနဲ့ အပတ်အသက်မလုပ်စမ်းပါနဲ့ ခုဖြတ်။ ခုဖြတ်။ မဖြစ်ဘူး”ဟုလည်း ပြောလာကြမည့်သူမျိုးတွေ မဟုတ်ပါ။





လဝါက ရှက်လို့ကို ဖွင့်မပြောချင်တာ။ လုပ်ထားဘာကတော့ ကိုယ့်ကောင်မလေး မဖြစ်နိုင်ဘူးပေါ့။ ဒါပေမဲ့ ဒီအမေ၊ ဒီအစ်မတို့ရဲ့သမီး၊ ညီမ၊ ဒီအသိုင်းအဝိုင်းထဲကပဲဆိုတော့ လဝါရဲ့အုပ်ထိန်းသူတွေရဲ့ ရင်ထဲမှာ ဘယ်လိုရှိမလဲ။ ကိုယ်က မှန်ရာကို ဖွင့်မပြောလည်းပဲ ဉာဏ်ထက်ပြီး အတွေးသွက်တဲ့ ကြီးကြီးတို့ဟာ လဝါဆီက ဒီစကားမျိုး ထွက်လာရင် ဖြစ်နိုင်ချေကို ဆက်တိုက်တွေးမိပြီးသားတော့ ဖြစ်ချင်ဖြစ်သွားကြမှာပါပဲ။ ရှိပစေ။

“အေး ... အေး ... မင်းဘာဘနဲ့ စကားသွားပြောလိုက်ပါဦး၊ ညစာစားပြီးမှ ပြန်မှာမဟုတ်လား”

“ဟုတ်ကဲ့”

သူ့ရဲ့တဖျပ်ဖျပ် တောက်ပနေတဲ့ မျက်လုံးတွေကို မျက်လွှာချ ရုပ်သိမ်းလိုက်တဲ့ ကြီးကြီးရဲ့မျက်နှာပေါ်မှာ စိတ်မကောင်းတဲ့ အရိပ်အယောင်တွေ ထင်ဟပ်လာသည်။ လဝါမှာ ကိုယ့်ရဲ့ကြီးတော်ကိုပဲ ကိုယ်ပြန်အားနာသွားရပြီး မျက်နှာပူ စိတ်မကောင်း ဖြစ်ရပါသည်။ ကြီးကြီးရဲ့ယောကျ်ား ဘာဘ အမြဲရှိနေကျ စာကြည့်ခန်းထဲသို့ ဝင်သွားလိုက်တော့ စာအုပ်တစ်အုပ်နဲ့ ရှိနေတဲ့ ဘာဘက “တဟေးဟေး”နှင့် ဆီးကြိုရယ်မောနှုတ်ဆက်ကာ ...

“မင်းကြီးတော်က ပြောနေတယ်၊ ဘယ်တော့လဲ မင်းမင်္ဂလာကိစ္စက”

"အစီအစဉ် မလုပ်ရသေးပါဘူး"

"ဒီတစ်ခေါက် ဒီပြန်ဝင်နေတုန်း အားလုံး မစီစဉ်ခဲ့နိုင်ဘူးပေါ့၊ နည်းနည်းတော့ ပြီးခဲ့မှာလား။ လာမယ့်အခေါက်ကျမှ စ,စီစဉ်မှာလား"

"အဲဒီလိုကို အတိအကျ မရှိသေးတာပါ"

"ဟကောင်ရ ... နည်းနည်းတော့ မှန်းဆပြီး ကြိုလေးဘာလေးပြောလေကွာ။ မင်းကြီးတော်မှာ သူလည်း နည်းနည်းတော့ စီစဉ်စရာလေးတွေ ရှိမှာပေါ့။ ငါကလည်း မင်းတို့ ဘာတွေလုပ်ကြမလဲဆိုတဲ့ အတိုင်းအတာနဲ့ ဘာလက်ဖွဲ့မယ်။ ဘယ်အပိုင်းကို ဘယ်လိုစီစဉ်ပေးမယ် ဆိုတာတွက်ပြီး ငွေကြိုရှာထားရဦးမယ်။ အချိန်တော့ အတိအကျမဟုတ်တောင် နည်းနည်းမှန်းပြောပေါ့။ မင်းဟာက"

ဘဘတို့က အဲဒီလို ပွင့်ပွင့်လင်းလင်း အစားထဲက နို့ သဝါကလည်း "မလိုပါဘူး ဘဘ"တွေ ဘာတွေပြန်လုပ်နေ ေ · မလိုပေ။

"ကြီးကြီးကတောင် ပြောနေတယ်၊ ပြောင်းပြန်ကြီးပါလားတဲ့။ သူက ကျွန်တော့်ကို လက်ထပ်ပါမယ်လို့ ကတိမပေးသေးဘူး ဘဘ။ စီစဉ်လို့မရသေးဘူး"

ဘဘမျက်နှာက တစ်မျိုးကြီးဖြစ်သွားကာ မျက်ခုံးကြီးတွေပါ မြင့်တက်လာပြီး ...





"ကိစ္စမရှိဘူး။ ဟုတ်တယ် ... ဟုတ်တယ်။ မိန်းကလေးပဲ ... စဉ်းစားပစေ၊ ချင့်ချိန်ကြောက်လန့်ပစေပေါ့။ ဒီလောက်တော့ ရှိရမှာပေါ့။ ဒီမှာ ... မင်းဘက်ကပဲ ပြန်စဉ်းစားနေရတာ၊ တွေဝေသွားတာ၊ ရှေ့မတိုးရဲ နောက်မဆုတ်ချင်ဖြစ်နေရတာတွေ မဟုတ်ရင်သာပြီးရော။ ကျန်တာက ကိစ္စမရှိဘူး"

ကြီးကြီးရဲ့စကားက သူ့တူတော်မောင်အတွက် အုပ်ထိန်းသူ ကြီးတော်တစ်ယောက်ရဲ့အတွေးဖြစ်ပြီး ဘဘရဲ့စကားကတော့ ယောကျ်ားချင်းပေးတဲ့ အကြံဉာဏ်မျိုးပဲ ဖြစ်လိမ့်မည်။

## အခန်း(၃)

"ဒီတစ်ခေါက် ပြန်မထွက်ဖြစ်ခင် ဈေးစပ်ဖို့ကိစ္စကို စီစဉ်ခဲ့ရင် ဘယ့်နှယ်လဲ။ မိန်းကလေးဆိုတာ တစ်သက်မှာ တစ်မင်္ဂလာဆိုပေမယ့် ဈေးစပ်ပွဲကိုပါ နည်းနည်းခမ်းခမ်းနားနား ကြီးကြီးကျယ်ကျယ်လေး လုပ်လိုက်နိုင်ရင် နှစ်မင်္ဂလာရတယ်လို့လည်း ပြောနိုင်တာပ်လေ။ မောင်လဝါက ဘယ်လိုသဘောရသလဲ"

လဝါက ယောက္ခမလောင်းကြီးရဲ့ အမေးစကားကို ပြန်မဖြေသေးဘဲ ခပ်လှမ်းလှမ်းက ကုလားထိုင်တစ်လုံးမှာ စုပုပ်ပုပ်ပုံစံနှင့် ထိုင်နေသည့် သွန်းပုံကိုပဲ လှမ်းကြည့်လိုက်ပါသည်။ လဝါ ဤအိမ်သို့ ရောက်လာကတည်းက ဘာတွေကြို့စိတ်ကောက်နေနှင့်သည်မသိသည့် သွန်းပုံက လဝါရဲ့အကြည့်ကို မျက်စောင်းတစ်ခုနှင့် တုံ့ပြန်လိုက်သည်။





"ဒီတနင်္ဂနွေကျ မနက်(၁၀)နာရီလောက်အိမ်ကို ခဏလာခဲ့ပါဦး"ဆိုလို့ လာရတာလေ။ နို့မို့ သူ မခေါ်ရင် သူ့အိမ်ကို ကိုယ့်သဘောနဲ့ကိုယ် မလာပါဘူး။ (၁၀)နာရီလို့ဆိုထားတာလည်း နောက်မကျပါဘူး။ ငါးမိနစ်အလိုလောက်မှာရောက်သားပဲ။ အဲဒါကိုပဲ ဘာကိုစိတ်လုပ်နေပြန်သည် မသိ။ ဒါမှမဟုတ် ခုမှ ရောက်လာတဲ့ လဝါကို မဟုတ်ဘဲ သူ့အမေ၊ သူ့အစ်မတစ်ယောက်ယောက်နဲ့များ မပြေမလည် ဖြစ်နေကြတာလား။

ဒါပေမဲ့လည်းပဲ စိတ်ကောက်နေရင်တောင်မှ ချစ်စရာကောင်းလှတဲ့ မိန်းကလေးဟာ လဝါရဲ့အသည်းနှလုံးကို အဲဒီအကြောင်းမဲ့ မျက်စောင်းတစ်ခုနှင့်ပဲ ချုပ်ယူကလီလိုက်နိုင်ပြန်ပါသည်။

"ဘာကြည့်တာလဲ ... လုပ်ရင်လုပ်မယ်၊ မလုပ်ရင်မလုပ်ဘူး၊ ကိုယ့်ဘာသာပြောလိုက်လေ"

ဟ ...။ ဒါတော့ လွန်ပြီ။ သူ့ဘက်ကပဲ "လက်ထပ်ချင်မှ လက်ထပ်မှာနော် ဒါပဲ။ ပတ်ဝန်းကျင်အားကိုးနဲ့ သူများဆန္ဒကို သေချာမယူရသေးဘဲနဲ့တော့ ဇွတ်ကြီးအဓမ္မကြီးအကုန်လျှောက်လုပ် စီစဉ်ပစ်မယ်တော့ မကြံနဲ့။ ဘယ်အဆင့်ကြီးအထိပဲ စီစဉ်ပြီးနေနေ သွန်းပုံ စိတ်သဘော မပါလို့ကတော့ ရောက်ရာအရပ်မှာ တီခနဲဖြတ်ချပြီး အကုန်ပြန်ဖျက်ပစ်မှာပဲ"ဆို။ ဟိုတစ်နေ့ကပဲ"လက်ထပ်ဖို့ကို ခုထိ စဉ်းစားလို့ကို မရသေးဘူး" ဆို။

"သူပဲ နည်းနည်းအချိန်ယူကြရင် ကောင်းမယ်ထင်တယ် နော်ဆို။ အစီအစဉ်တွေကို နောက်ဆုတ်လိုက်ရင် ပျာပျာသလဲ၊ ပြီးပြီးရောကြီးတွေ ဒလမန်းကြမ်းကောက်လုပ်နေစရာ မလိုတော့လို့ ကျကျနန ပိုစီစဉ်နိုင်မယ်ဆို။ ပိုက်ဆံပိုစုလိုက်နိုင်ရင် နောင်အတွက်လည်း ပိုအဆင်ပြေတာပေါ့ ဆို"

ဟင် ! တစ်ခုမှလည်း မပြောမိပါလား။ သူကလည်းပဲ လဝါရဲ့စိတ်ကူးအတွေးကို သိနေတဲ့အလား၊ နောက်ကနေ ချုတ်စွပ် "တဆို့ဆို"နဲ့ လိုက်ပြောလိုက်သေးသည်။ သို့သော် လဝါလုံးဝ မပြောခဲ့မိသည့် စကားတွေကို သွန်းပုံရဲ့နှုတ်ဖျားကနေ "လဝါ ပြောပါသည်"ဟု ထွက်လာလျှင် ဒါတွေကို လဝါရဲ့စကားတွေအဖြစ် သူ့အိမ်သားတွေ သိထားစေချင်လို့။ အမှန်တကယ်ကတော့ အဲဒါတွေဟာ သူ့ဆန္ဒတွေပဲ ဖြစ်နေလို့။ ဒါ ... နေမှာပေါ့။

သွန်းပုံရဲ့ဆန္ဒတွေ ဆိုရင်တော့ လဝါက ဘာလို့ "ငါ ဘယ်မှာ ပြောလို့လဲ"လို့ ထငြင်းနေရမှာလဲ။ အမှန်အတိုင်း ပြောရရင်လည်း သူ့အမေကြီးရဲ့စကားကြောင့် အသက်ရှူကျပ်သွားရတဲ့ လဝါဟာ သွန်းပုံရဲ့စကားကြောင့် အသက်ရှူပြန်ချောင်သွားပြီး "တော်ပါသေးရဲ့" ဟုပင် ဖြစ်သွားမိရသည်ဆိုရင် ပိုမှန်ပါသည်။

သွန်းပုံရဲ့စကားတွေကြောင့် သူ့အမေကြီး မျက်နှာပျက်သွားသည်။ ဒါလည်း နည်းလမ်းတော့ကျတာပဲ။ ယောက်ျား





လေးဘက်က "နောက်ဆုတ်လိုတဲ့၊ အချိန်ဆွဲလိုတဲ့စကားတွေ" ပြောလာပါသည် ဆိုတာကို ဘယ်သမီးရှင်က နှစ်လိုအားရရှိနိုင်မှာလဲ။

"ဘာဖြစ်လို့လဲ မောင်လဝါ။ မောင်လဝါ ဆိုလိုတာက စေ့စပ်ပွဲဆိုတာကို သပ်သပ်မလုပ်ချင်တာလား။ လက်ထပ်ကြဖို့ကိုပါ နောက်ဆုတ်ချင်တာလား"

"အဲ ... အစီအစဉ်လေးတွေ ပိုပြီးစနစ်တကျဖြစ်အောင်လို့ပါ၊ စေ့စပ်ပွဲက လုပ်လုပ် မလုပ်လုပ်။ လက်ထပ်ပွဲအစီအစဉ်ကတော့ အဲ ... ကျွန်တော်လည်း ပြန်ထွက်ဖြစ်ဖို့ ရက်ကနီးကပ်နေပြီ။ ဘယ်လိုမှ မမီနိုင် မပြုနိုင်"

ကိုယ့်ရဲ့ဆန္ဒနဲ့ တကယ့်စိတ်ရင်းအတိုင်း ပြောနေရဘာ မဟုတ်တဲ့ စကားတွေကို ပြောနေရင်းက "ငါပြောနေတာတွေန်ရဲ့လား၊ နည်းလမ်းကျရဲ့လား၊ မဖုရားလေးရဲ့ဆန္ဒအတိုင်းမှကိုက်တိကျရဲ့လား"ဆိုတာ သွန်းပုံကိုလည်း လှမ်း‚လှမ်းအကဲခတ်နေရသေးသည်။

"အဲဒါက စိတ်ပူစရာမရှိပါဘူး။ ဒီမှာ Wedding Planner Service တွေ ရှိတာပဲ။ တချို့များ သတို့သားလောင်းရော၊ သတို့သမီးလောင်းပါ နိုင်ငံခြားမှာ။ ဒီမှာ မိဘတွေနဲ့ Planner တွေနဲ့ပဲ ကာယကံရှင်တွေ မရှိဘဲနဲ့ ကြိုစီစဉ်ထားရတာ။ ဖြူးလို့ ဖြောင့်လို့၊ တင့်တယ်လို့၊ ဘာမှပူစရာမလိုဘူး"

ဒုက္ခပါပဲလား။ "လက်ထပ်ဖို့ကို ခုထိ စဉ်းစားလို့ကို မရသေးဘူး"လို့ တကွင်ကွင် ကြွေးကြော်နေတဲ့ သမီးလုပ်သူရယ်။ တစ်ကြိမ်တစ်ခါလောက် အိမ်ခေါ်မိတ်ဆက်လိုက်ပြီးတာနဲ့ နောက်တစ်ကြိမ် ထပ်အတွေ့မှာ "ဘယ်နေ့ စေ့စပ်ကြမလဲ ... လက်ထပ်ကြမလဲ"လို့ တန်းမေး၊ စိစဉ်ချင်နေတဲ့ အမေရယ်။ အင်း ... ပြဿနာပါလား။

"အဲဒီ Planner ဆိုတာက မေတ္တာရှိအလကားလုပ်ပေးနေမှာမှ မဟုတ်တာ မေမေ။ ခုနေ ကောက်ကက်စီစဉ်နေလို့ကတော့ ဘာမှတင့်တယ်လာစရာ မရှိဘူး။ သူ့မှာ ပိုက်ဆံတစ်ပြားမှ မရှိဘူး"

ဟ ...။ အဲဒါကကော ဘာလဲ။ အဘွားကြီးရဲ့ မျက်နှာလည်း ပို၍ ပို၍ပင် ပျက်သွားသည်။ အင်း ...။ နေရင်းထိုင်ရင်းနဲ့ အပြစ်ရှိ ဂုဏ်ငယ်ရမယ့် အပေါက်မျိုးပဲ။ သူတို့ဟာက စေ့စပ်ပွဲကိုတောင် ခမ်းခမ်းနားနား ကြီးကြီးကျယ်ကျယ်ကလေးလို့ ပြောလာပုံထောက်ရင် "နှစ်ပွဲပေါင်း ဘယ်လောက်သုံးပစ်လိုက်မယ်"လို့ ရည်မှန်းထားကြတာမျိုးပါလိမ့်။ အပိုတွေပါ အကုန်လျှောက်ဖြုန်းပြီး ငွေကိုပုံအောသွန်ချပစ်လိုက်တာမျိုး မလုပ်ဘူးဆိုရင် လဝါဟာ သမီးရှင်မျက်နှာပျက်ရလောက်အောင် လက်ထပ်ပွဲလုပ်ဖို့ပင် ငွေတစ်ပြားမှ မစုမိနိုင် သးတဲ့ အောက်ကျနောက်ကျအနေအထားတော့လည်း မဟုတ်ရပါ။





ပြောရရင် ခုချိန်မှာ မိန်းမတစ်ယောက်ကို တင့်တောင်းတင့်တယ်လည်း တောင်းယမ်းလက်ထပ်ယူနိုင်သည်။ တစ်အိမ်းတစ်အိမ် ထူထောင်ကာ ဘဝကို အခြေကျကျ လှလှပပ မငြိုငြင်ရအောင်လည်း စနိုင်ပြီ။ သို့သော် အမေကြီးရဲ့ မျှော်မှန်းမှုကလည်း ဘယ်အထိလဲ မသိ။ သမီးကလေးကလည်း ဒီအခြေအနေလောက်ကို "တစ်ပြားမှ မရှိဘူး"ဆိုပါလား။

"အေးပေါ့ကွယ် ... မိန်းကလေးတစ်ယောက်အပေါ် မိဘသားဘသားပီသချင်တယ် ဆိုရင်တော့ ဒီအလုပ်၊ ဒီဝင်ငွေမျိုးနဲ့ ယောကျ်ားတစ်ယောက်ဟာ လက်ထဲ ပိုက်ဆံတစ်ပြားမှ စုမိပြီးမရှိလောက်အောင်အထိတော့ အဖြစ်ဆိုးနေဖို့မကောင်းဘူးပေါ့"

"တိန်"ခနဲပဲ။ တင်းပုပ်ကြီးကြီးနဲ့ ထုချလိုက်သည့်နှယ်။ သံနေသံထားနဲ့ မျက်နှာထားတို့က "ရွှေထင်ကုမ္ပဏီ"မှာ ကြားခဲ့ဖူးတဲ့ စကားများလောက် မဟုတ်ပေမယ့် အဲဒီအဆင့်မျိုး အမြန်မနှေး ရောက်လာစေမယ့် ခြေဆင်းမျိုးပဲလား။

"ဒါမှမဟုတ် မင်းကို မောင်ထင်ကြီးကများ ဘာတွေပြောထားသလဲ"

"ခင်ဗျာ"

"သူ ဘာပြောပြော ယုံစရာမလိုဘူးနော်။ ဒီကိစ္စကို လူသိတော့ မခံချင်ပါဘူး။ ဒါပေမဲ့ ရှင်းရှင်းပြောရရင် သူက ဦးနှောက်သိပ်မကောင်းဘူး"

လဝါ တစ်ယောက် အရမ်းအံ့ဩသွားရစဉ် သွန်းပုံထံမှ တမင်တကာ ကျယ်ကျယ်လောင်လောင် လုပ်ပြလိုက်သည့် သက်ပြင်းချသံကို ကြားလိုက်ရပါသည်။ ကိုယ်ကိုယ်တိုင်က "ဒီလူကြီးဟာ ရူးများနေလား။ ဦးနှောက်မှ ကောင်းရဲ့လား"ဟု တမင်တကာ နှစ်နှစ်နှာနှာ၊ အကြိမ်ကြိမ် တွေးခဲ့မိဖူးပေမယ့် ခုလို တစ်အိမ်တည်း အတူနေ ယောက္ခမတော်စပ်သူထံမှ အဲဒီလို ကြီး ကြားလိုက်ရတာကကျတော့ စိတ်မသက်မသာ ဖြစ်ချင်စရာ ကောင်းလွန်းမနေပေဘူးလား။

"သူက တစ်ကမ္ဘာလုံးကိုလှည့်ပြီး သူ့စိတ်ထဲပေါ်လာတဲ့ သူတွေရဲ့ မကောင်းကြောင်းတွေကို လျှောက်ပြောတတ်တဲ့ ရောဂါမျိုးရှိတယ်။ မင်းအကြောင်းတွေကို တို့တွေကို ကြံဖန်ပြီး လာပြောပြခဲ့ဖူးတာကိုက သက်သေလေ။ အဲဒီတော့ သူပြောဖူးထားတဲ့ စကားတွေရှိခဲ့ရင် အဲဒါတွေကြောင့် ကိုယ့်ရည်ရွယ်ချက်ကို နှောက်ရှေ့ချင်တာတို့၊ ကိုယ့်ကိုယ်ကိုယ် လူပေါ့သွမ်းအဖြစ်ခံပြီး နိမိတ်မရှိနမာမရှိ "ပိုက်ဆံတစ်ပြားမှ မရှိပါဘူး"လို့ လျှောက်ပြောနေတာမျိုးတို့တော့ မဖြစ်စေနဲ့ပေါ့။ အဲဒီအတွက်ဆိုရင်တော့ စိတ်ထဲမှာ ဘယ်လိုမှမရှိနဲ့၊ သူ ဘာပြောပြော မမှန်ဘူး"

စိတ်ထဲမှာကတော့ ရှိကိုရှိပါသည်။ ရှိရတော့မှာပေါ့။ ဒီမိသားစုဟာ ကာယကံရှင် ကွယ်တာနဲ့ သူ့မကောင်းကြောင်း ဖမ်းအတင်းတုပ်ကြတော့တဲ့ ဝသီပိုင်ရှင်တွေလား။ ဦးထင်ကြီးရဲ့





"တစ်မိသားစုလုံး မကောင်းကြောင်း"တွေကို အင်မတန်စိတ်ကုန်ခဲ့ရတဲ့ လဝါဟာ အခု အဘွားကြီးရဲ့ "ဦးထင်ကြီး မကောင်းကြောင်း"ကို ကြားလိုက်ရတော့လည်း စိတ်ထဲမှာ ဘယ်လိုမှလက်မခံနိုင်၊ မနှစ်မြို့နိုင်တွေပဲ ဖြစ်နေမိပါသည်။

ဘယ်လိုပင်ဖြစ်ပါစေ။ "မယားညီအစ်ကို"ဆိုတာသည် ဘဝတူလူတန်းစားတွေ။ ယောက္ခမလုပ်တဲ့သူဘက်က သမာသမတ်ရှိပြီး လူကြီးပီသရင်တော့ ကိစ္စမရှိဘူးပေါ့။ အလကားနေရင်း နှိမ်ချပြောဆို ဖိနှိပ်ပြီး ပြဿနာပဲ ပေးနေမည်ဆိုရင်တော့ (သူနဲ့ကိုယ်ဟာ စိတ်ရင်းတွေ၊ character တွေ တူတူ မတူတူ) မယားညီအစ်ကိုချင်း အတူလက်တွဲသင့်လည်း တွဲရတော့မည်။ ဘိုက်ပွဲဝင်ရတော့မည့် ဦးတည်ချက်ချင်းက သွားတူနေနိုင်ပြီကိုး။

တကယ်ပဲ စိတ်မမှန်ဘူး၊ ဦးနှောက်မကောင်းဘူးဆိုရင်တောင် နဂိုက လူကောင်းဖြစ်ပါရက် သူတို့တစ်တွေ ပေါက်ကရ ရှုရှုကြဲကြဲ ယတြာတွေ လျှောက်ချေပြီး နှာမ်နှိမ်နေကြလွန်းလို့လည်း ဖြစ်နိုင်တာပဲ။ ဒီလိုဆိုရင်တော့ လဝါသည်လည်း (သွန်းပုံလေး ကိုယ်တိုင်က မဟုတ်တောင်) နောင်သောအခါမှာ သူတို့ရဲ့ယတြာစက်ကွင်းထဲက ကင်းလွတ်နေပါမည်ဟု ကံသေကံမ မပြောနိုင်ပါ။

နောက်သမီးတစ်ယောက်လည်း ထပ်မရှိတော့တာမို့ နောက်ထပ် သမက်အသစ်ဖြစ်လာမယ့် သူတစ်ယောက်ထံမှာ "အဲဒီ လဝါဆိုတဲ့ကောင်ဟာ စိတ်မမှန်ဘူး"ဆိုတာမျိုးတော့

သွားဖြစ်နေဖို့ မရှိဘူးပေါ့။ သို့သော် ဆွေမျိုးအသိုင်းအဝိုင်း၊ မိတ်သင်္ဂဟ၊ ရှိရှိသမျှ ပတ်သက်သမျှ လူတကာတိုင်းဆီမှာ "လဝါဟာ ဦးနှောက်မကောင်းသူ"ဟုသာ နာမည်ကြီး သတင်းမွှေးနေရလျှင် ...။

တကယ်ပါ။ သွန်းပုံရဲ့အရိပ်အကဲကို ကြည့်ကာ သူကလေး စိတ်တိုင်းကျ လိုက်လျှပ်ရှားပေးနေရတာမျိုး မဟုတ်တော့ဘဲ ချက်ချင်းလက်ငင်းကြီး လက်ထပ်ဖြစ်ဖို့ကို လဝါကိုယ်တိုင်က အင်တင်တင် ဖြစ်ချင်လာရပါပြီ။ ဘဘကတော့ "မင်းကပဲ ပြန်စဉ်းစားနေရတာ၊ တွေဝေသွားတာ၊ ရှေ့မတိုးရဲ နောက်မဆုတ်ချင် ဖြစ်နေရတာ ဆိုရင်တော့ မကောင်းဘူးပေါ့"လို့ ပြောခဲ့တာပဲ။ ဒါပေမဲ့ လဝါက အဟုတ်ပင် တစ်မျိုးကြီး ဖြစ်ချင်လာပြီ။

သူငယ်ချင်းတစ်ယောက်ကတော့ ...

"နီနီ့ရဲ့အဖေကြီးက ငါ့ကို သဘောမတူဘူးဆိုလို့ မတူလည်းနေဗျာဆိုပြီး ငုတ်တုတ်ကို ထိုင်စောင့်နေတာ။ ဒီကြားထဲမှာ အဘိုးကြီးက နည်းနည်းမမာလာတော့ စိတ်ပြောင်းပြီး အထက်စီးကနေပဲ လိုက်လျှောမယောင်ယောင် လေသံတွေ ပစ်လာသေးတယ်။ နေပါစေ။ စကားကို ပြန်မစပ်ဘဲ ထားထားလိုက်တယ်။ အဘွားကြီးကတော့ နဂိုတည်းက သဘောကောင်းပါတယ်။ သိပ်တောင် ကြာကြာမထိုင်လိုက်ရပါဘူး။ ဖွဲနဲ့စောင့်နိုင်ဖို့ပဲ လိုတာပါ။ အဘိုး





ကြီးမရှိတော့မှ အဘွားကြီးကို လေချိုလေးနဲ့ ဖင်ဘူးတောင်းထောင် ရှိခိုးပြီး ပြန်ဝင်လိုက်တာ။ ဟော ... အဆင့်ကိုပြေလို့"

သူ့နည်းလမ်းနဲ့ကတော့ လဝါနဲ့က သိပ်ကိုက်နိုင်မည်ဆောင်။ အတုခိုးလို့ မဖြစ်နိုင်ပါ။ အသက်ကြီးတဲ့ အဘွားကြီးက အချိန်တန်ရင် သွားမည်ပဲထားဦး။ (ဒါတောင် စိတ်ဆောင်ဆောင်၊ ကျန်းကျန်းမာမာကြီးနဲ့ အလတ်ကြီး ရှိသေးတဲ့ဟာ။ သူငယ်ချင်းပြောသလိုဆို ထိုင်နေတဲ့ ကုလားထိုင်ပဲဆွေးပြီး ပြိုကျရင်ကျမည်။ အချိန်တန်တယ်ဆိုတာ တော်ရုံနဲ့မှ ရှိလာပါ့မလား။) ပိုဆိုးတာက အစ်မ ...။ အစ်မ ...။ ကိုယ်နဲ့ရွယ်ရင့်တဲ့တူ ငယ်ငယ်ရွယ်ရွယ်ပဲ ရှိသေးတဲ့ အစ်မတစ်ယောက်က ခံနေသေးတဲ့ဟာ။ သူကတော့ ကိုယ်သာ အရင်သွားရင် သွားနှင့်ရမည်။ သူကတော့ "တော့တာပြပြီးလိုက်ပို့ပါ့မယ်"ဆိုတဲ့ အစားထဲကပဲ ဖြစ်နေပုံကြီးလေ။

ဟိုက် ! ငါ ဘာတွေ လျှောက်တွေးနေမိပါလိမ့်။ ကြံကောင်း မစည်ရာ။

"အေးပေါ့ ... မင်းတို့ချင်း ညှိကြပေါ့။ ပိုက်ဆံက ကိုယ်တိုင်စုဖို့ အဆင်မပြေရင် သွန်းပုံကပဲ ဝင်စီစဉ်ကိုင်တွယ်ပေးထားရင်လည်း ရတာပဲ။ ဒါမှမဟုတ် ဒီလိုကိစ္စမျိုးမှာ မင်းတို့မမက တကယ် စစ်စစ်စီစီနဲ့ စိတ်ချရတယ်။ သူ့အကူအညီတောင်းချင်တယ်ဆိုရင်လည်း အန်တီကပြောပေးမယ်"

ဟဲ ဟဲ ဟဲ ...။ လက်မှမထပ်ရသေးဘူး။ ရသမ္မ လခ၊ ဝင်သမျှဝင်ငွေ မရီးဆီ အကုန်အပ်ရမယ့် အပေါက်မျိုးပါ လား။ "ကြားဖူးကြရဲ့လား အရပ်ကတို့"လို့ လိုက်မေးရမလို ဖြစ်နေပြီ။ နဂိုတည်းကိုက သွန်းပုံဆိုရင် သိပ်မကြည်လင်ချင်ကြ တဲ့ လဝါရဲ့သူငယ်ချင်းအပေါင်းအသင်းတွေသာ ဒီသတင်းကို ကြားလို့ကတော့ ဗိုက်နှိပ်ပြီး လူးလိမ့်ပြီး ရယ်ကုန်ကြတော့မည် ထင်သည်။

ယောက္ခမလောင်းကြီးက "စိတ်ပျက်ပါတယ်"ဆိုတဲ့ ရုပ်မျိုးနဲ့ ထိုင်ရာက ထထွက်သွားလျှင် ခပ်လှမ်းလှမ်းမှာ (တမင် လားတော့မသိ)သွားထိုင်နေတဲ့ သွန်းပုံက ဖြတ်ခနဲ အနားရောက် ချလာကာ ...

"ဟွန်း ! သူများကို လိုက်လျောသလိုလို အလိုလိုက်သလိုလို နဲ့ တကယ့်တကယ်က သူကိုယ်တိုင်ကိုက အင်နေပြီ"

"ဟာ ... ဘာလဲ ... ! "

ရယ်ချင်သွားတဲ့ရုပ်ကို မနည်းဖုံးဖိရပါသည်။ တကယ် လျင်တဲ့ ကောင်မလေး။ အဲဒါလေးတွေကြောင့်လည်း လဝါတို့ မနေနိုင် မထိုင်နိုင် ကျရှုံးနေရတာ။

"မကြိုက်ဘူးမှတ်လား။ အမှန်အတိုင်းပြောပါ။ ကြုံနေရတဲ့ အခြေအနေတွေကိုလည်း မကြိုက်ဘူးမှတ်လား။ လူတွေကို လည်း မကြိုက်ဘူးမှတ်လား။ ဟန်ဆောင်မနေပါနဲ့။ ဟုတ်၊ ဟုတ်တယ် ပွင့်ပွင့်လင်းလင်းပေါ့"





"ရှာကြံကောက်ချိတ်စရာ အကြောင်းအရာ ကုန်သွားပြီ လား ... ဟုတ်လား၊ ခုဟာကတော့ ဘာလိုင်းကြီးကွာ"

"ဒါပေမဲ့ အမှန်တရားတွေလေ။ ဒီမှာ လဝါ။ ရှင့်ကိုလေ ကျွန်မ မချစ်ဘူး မထင်နဲ့"

ဟာင် ... ခနဲတောင်ဖြစ်ပြီး လဝါမှာ အငိုက်ပင်မိ သွားရပါသည်။ ခုဆောင့်ရန်လိုနေရာကနေ ဘယ်လိုများ ပြောချ လိုက်ပါလိမ့်။ အသံကလေးကလည်း မချိတင်ကဲလိုလို။ မမျိုနိုင် ထိန်းနိုင်လိုလို။ လုပ်လည်း လုပ်တတ်လွန်းပါပေသည်။ လဝါ မှာ ခုနက ခံစားလာရသည့် အင်တင်တင်တွေ၊ တွေဝေခြင်းတွေ င် ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်မတတ်။ လာ ... ါဖြင့် ခုပဲ ပေးစီစဉ်ကြစို့"ဟုပင် ပြောချလိုက်ချင်လာမိတော့ သည်။ တကယ်တမ်း ပြောမယ်ဆို "သိပ်ချစ်နေတယ်များ မှတ်မ နဲ့"လို့ပဲ ခါတိုင်းလို ပြောမယ်ထင်ထားတာလေ။ ခုတော့ "မချစ်ဘူးမထင်နဲ့"တဲ့။ ဟား ...။

"ဒီလိုဆို ဘာကအဆင်မပြေ ဖြစ်နေတာလဲ သွန်းပုံ"

"ဟင့်အင်း ... ဘယ်ဟာကမှ အဆင်ပြေမှာ မဟုတ်ဘူး၊ လဝါ စိတ်ညစ်ရမှာ။ လဝါ စိတ်ညစ်ရင် သွန်းပုံလည်း စိတ်ညစ်ရမှာ။ ပျော်လာဖို့မရှိဘဲ စိတ်ချည်းညစ်နေရမယ် ဆိုရင် ဘာလုပ်ဖို့လဲ"

"အမေတွေ အစ်မတွေကြောင့်လား"ဆိုတဲ့ မေးခွန်း ကို (သူ့ဘက်က ပြောလာချင်ပုံမရတဲ့အတွက်) လဝါကလည်း

ထုတ်မမေးပါ။ သူ့ဘက်က ပြောလာခဲ့ရင်တောင် "အဲဒါက ဖြေ...
ရှင်းလို့ ရနိုင်ပါတယ်။ ဒီလောက် စိတ်ညစ်စရာကြီးတော့လည်း
မဖြစ်နိုင်ပါဘူး"လို့ ကိုယ်ကမှ ပြန်မပြောနိုင်ဘဲ။ ဖြစ်နိုင်ချေ...
သော ဖြေရှင်းနည်းက သူ့အစ်မ ပြောထားသလို ဒီအိမ်မှာ အ...
လာနေဖို့ကိစ္စကို အတတ်နိုင်ဆုံး တွန်းလှန်ငြင်းပယ်ပစ်နိုင်ရင်တော့
ချုပ်ကိုင်လွှမ်းမိုးခံရမှုတွေကနေ နည်းနည်းလောက်များ သက်သာ...
ခွင့်ရမလား မသိပေ။

သို့သော် သူ့အစ်မက စပြောကတည်းက "သွန်းပုံ...
တော့ မမေနဲ့ခွဲပြီးနေမှာ မဟုတ်ဘူး"လို့ပဲပြောတာလေ။ သွန်း...
ရဲ့ဆုံးဖြတ်ချက်လိုလိုသာပဲ ပြောထားတာ။ ဒီတော့ ကိုယ့်လူကို...
ဘယ်လိုများ ဆွဲဆောင်နားချတဲ့နည်းကို သုံးရမလဲ။

"ဒါနဲ့ ဒီနေ့က ဘာလို့ ခေါ်တွေ့တာလဲ"

"မမေတို့က အလကားနေရင်း လောနေကြလို့...
သွန်းပုံက ဘာမှလောစရာမရှိဘူးလို့ချည်း ငြင်းထုတ်နေ...
အဲမေနဲ့ အစ်မနဲ့တစ်ဖက် သွန်းပုံကတစ်ဖက် ရန်တွေ...
ထားကြတာ။ ဒါပေမဲ့ မမေက တွေ့ချင်ပါတယ် ဆိုတာ
ကို ခေါ်မပေးဘူးလို့လုပ်လို့ ဘယ်ရပါ့မလဲ"

"ဪ ... အဲဒါကြောင့် မျက်နှာက ပုပ်အဲ့နေတာ။ ကို...
က ငါနဲ့လည်း ဘာမှမဖြစ်ပါလားလို့ စဉ်းစားမရဖြစ်...
တာလေ။ အဖြေကိုမပေါ်ဘူး"

"လဝါက အဲဒါတွေ ချစ်ဖို့ကောင်းတာ"





"ဒီလောက်တစ်ချစ်တည်း ချစ်နေရင်လည်း ဘာတွေအချိန်
ဆွဲငြင်းထုတ်နေတော့မလဲ ကောင်မလေး ! "

သွန်းပုံကတော့ ညီမရင်း။ သမီးရင်း ဖြစ်နေတဲ့
အတွက် ဦးထင်ကြီးလိုမျိုး "မမက သိပ်ဆိုးတာ၊ မေမေကတော့
သိပ်စိတ်ကုန်စရာကောင်းတာ"စသဖြင့်တွေ ဘယ်ပြောလိုပါ့မလဲ။

"ဒါဖြင့်လည်း နောက်ဆုတ်ရင်း ရက်ထပ်ရွှေ့ရင်းနဲ့ ကိုယ်
တို့နှစ်ယောက်ရဲ့မင်္ဂလာပွဲဆိုတာက ဘယ်တော့မှ ကြလာ
ရစရာ မရှိတော့တာမျိုးအထိ ဖြစ်သွားနိုင်တာလား သွန်းပုံ"

သွန်းပုံက ခွေခေါက် စိတ်ကုန် အားလျော့နေသော
ပုံစံကနေ ရုတ်တရက် ကိုယ်ကို ခပ်မတ်မတ်ပြင်ထိုင်ပစ်လိုက်ရင်း
ရုပ်ကလည်း ဂျပိုးကျလိုသော ကူလီကူမာ ရုပ်မျိုးလေး ဖြစ်လာ
ကာ အသံက ခပ်သွက်သွက်၊ ဒါပေမဲ့ ခပ်တိုးတိုးနှင့် ...

"ဘယ်ဟုတ်ပါ့မလဲကွ။ ဒါက ငါကိုယ်တော်မြတ်ကြီးရဲ့
စိတ်ပေါ်မှာပဲ မူတည်နေတာပဲဟာ။ ခုချက်ချင်း စိတ်ထ
ပြောင်းပြီ ဆိုလို့ကတော့ ပွဲတွေ ဘာတွေ လုပ်တဲ့အထိ
လည်း စောင့်မနေတော့ပါဘူး။ ခိုးပဲပြေးလိုက်ကြမယ်"

ခပ်မိန့်မိန့် ခပ်မတ်မတ်နဲ့ ဘယ်လိုရုပ်မျိုးလေး
လုပ်ထားမှန်းကို မသိ။ အသည်းယားလိုက်တာ။ တင်းကျပ်ပြီး
လှုပ်မရအောင် ဖက်ပွေ့ချုပ်နှောင်ထားလိုက်ချင်သည်။

"တောက် ! ဒီအကြံအတိုင်းဆိုရင်တော့ ငါတော့ တစ်ပြား
တစ်ချပ်မှ ကုန်ကျစရာမလိုတော့ဘဲ မိန်းမတစ်ယောက်

တော့ ရရချေသေးလို့ အရမ်းဝမ်းသာသွားတယ် မဟုတ်လား"

ခုပဲ အသည်းယားစရာရုပ်ကလေးနဲ့၊ ခုပဲ ကောက်ကောက်ချိတ်ချိတ်ကြီး ဖြစ်သွားရပြန်ပြီ။ "မင်းအမေကြီးပြောတဲ့ ဦးနောက် သိပ်မကောင်းဘူး၊ စိတ်သိပ်မမှန်ဘူး ဆိုတာ မင်းကို ပြောချင်တာများလား"လို့ နောက်ပြောင်ကြည့်လိုက်ရင်တော့ မချော လေးရဲ့အကောက်ပဒေသာဟာ ခုနစ်ရက်တစ်ပတ်လောက်လည်း ဖြစ်သွားနိုင်ပါသည်။

ဒီတစ်ချို့ နေ့ပြန်ပုံကတော့ မျက်လုံးပြူးရမလို၊ ရင် [illegible] ဘ်ရမလိုနှင့် "အိမ်မှာပြဿနာတွေတက်ပြီး၊ ပွက်လောရိုက်၊ ဝိုင် [illegible] င်းကြိကုန်ကြပြီ။ အမြန်လာ။ ကိုယ့်ကိစ္စ ကိုယ်လာရှင်းချေဦး"[illegible]။ လဝါမှာ အထိတ်ထိတ် အလန့်လန့် ဘုမသိဘမသိနှင့် ပင် [illegible] အား ... အေး"လုပ်လိုက်ရတော့ မချောလေးက "နာရီဝက် အတွ [illegible] း မရောက်,ရောက်အောင်လာ"တဲ့။ ထပ်ဆင့်လိုက်သေးသည်။

"ကိုယ့်ကိစ္စ ကိုယ်လာရှင်း"ဆိုတာက ဘာပါလိမ့်။ သူတို့အိမ်မှာ အဲဒီလောက် ပြဿနာတွေတက်၊ ဝုန်းဒိုင်းကြဲဆိုတာမျိုးဖြစ်ကုန်ရအောင် ကိုယ်က ဘာများလုပ်မိလိုက်လို့လဲ။ တကယ့်





ဘာကယ်တမ်းက အဲလိုဖြစ်ကုန်ကြမယ် ထင်ထားတဲ့ ဦးထင်ကြီးရဲ့ကိစ္စကိုတောင်မှ ခုချိန်ထိ ရေငုံနှုတ်ပိတ်ပဲ နေထားခဲ့တာ။ ချစ်သူအပေါ် သစ္စာဖောက်ရာကျမလားတော့ မသိပေမယ့် ကိုယ့်ကြောင့် ပြဿနာတက်ကုန်ကြတယ် ဆိုတာမျိုးမှ မဖြစ်ချင်ပဲ။

ခုတော့ မဖြစ်ချင်တာက ဖြစ်ကိုဖြစ်လာပြီ။ ကိုယ်က ဘယ်နေရာကနေ တရားခံဖြစ်ရပြန်တာပါလိမ့်။

သွန်းပုံတို့အိမ်ရောက်တော့ သွန်းပုံရဲ့ရုပ်ကတော့ ခပ်အေးအေးပါ။ မချွေမှုန်နဲ့ ဒေါ်စိန်စိန်တို့ကဖြင့် မောင်းတင်ထားတဲ့ ရုပ်ကြီးတွေနဲ့။ ဦးထင်ကြီးလည်း ရှိနေကာ သူ့ရုပ်ကတော့ အထူးပြောနေစရာမလိုအောင် တရားခံရုပ်နဲ့ပေါ့။ လဝါကို တံခါးလာဖွင့်ပေးတဲ့ သွန်းပုံက နိုးကြောင်နိုးဝှက် တီးတိုးလျှို့ဝှက်သောလေသံမျိုးတော့ မဟုတ်။ ဒါပေမဲ့ ခပ်တိုးတိုးတော့ ခပ်တိုးတိုးနှင့်ပင်။

"ကိုယ့်ကိစ္စမဟုတ်လည်း မဟုတ်ဘူးလို့ပဲ ပြောလိုက်ပေါ့ သိလား။ ဘာဘာညာညာ တောင်တောင်အီအီတွေ စဉ်းစားပြီး ဟိုလူ့အတွက် ဒီလူ့အတွက် ဆိုတာမျိုးလုပ်မနေနဲ့။ လဝါရဲ့ကိစ္စ ဟုတ်ဟုတ် မဟုတ်ဟုတ် လဝါနဲ့သွန်းပုံတို့ကြားမှာ ဘာပြဿနာမှ မရှိဘူး ... သိလား"

အဲဒီလိုဆိုလို့ကတော့ ဘာကိုရင်မဆိုင်ရဲစရာရှိရမလဲ။ မရီးလောင်းနဲ့ ယောက္ခမလောင်းတို့ သူတို့ဘာသာ မောင်းတင်ရုံမကလို့ ကိုယ့်နားထင်ကိုပဲ ထောက်ချိန်ထား၊ ချိန်ထား ချစ်သူက

ကိုယ့်ဘက်မှာလေ။ "ဘာပြဿနာမှ မရှိဘူး"ဆိုပဲ။ ပြီးရောပေါ့။ ဒါနဲ့ ကိုယ့်ကိစ္စဆိုရင် ဟိုလူကြီးက ဘာ့ကြောင့် တရားခံရုပ်နဲ့ ဝင်ဖြစ်နေရတာတဲ့လဲ။

"လာ ... ထိုင် မောင်လဝါ"

ယောက္ခမလောင်းကြီးက (လေသံကတော့ ခပ်ပြတ်ပြတ်ပေမယ့်) အေးအေးဆေးဆေးပဲ ဆီးကြိုလိုက်ချိန်မှာ သူကိုယ်တိုင်လည်း အေးဆေးဝင်ထိုင်မနေနိုင်၊ မတ်တတ်ရပ်ရက်ကြီးပင် ဖြစ်နေတဲ့ မချွေမှုန်က လဝါကိုလည်း ထိုင်ခွင့်ပင့်ပေးနေချင်တော့ပုံမရဘဲ ...

"မင်းမှာ ဟိုလူမသိ၊ ဒီလူမသိအောင် ခိုးဝှက်ထောက်ပံ့နေရတဲ့ ဆွေမျိုးတွေရှိတယ်ဆို၊ အဲဒါ ဟုတ်သလား မောင်လဝါ"

"ဟိုလူကြီးကတော့ ချွန်ထားပြန်ပြီ"ဟု တွေးနိုင်လိုက်တာက တစ်ချက်၊ မချွေမှုန်ရဲ့လေသံ၊ စကားလုံးတွေနဲ့ မျက်နှာထားကို မကြိုက်တာကတစ်ချက်နဲ့ လဝါရဲ့မျက်နှာက ခပ်ပြန့်ပြန့် ခပ်တင်းတင်း ဖြစ်သွားပါသည်။ ဦးထင်ကြီးဘက် လှည့်ကြည့်လိုက်တော့ "အဲ" ... "အ"ဟု အသံတွေထွက်မနေရုံတစ်မယ်။ အကျပ်ရိုက်နေတဲ့ရုပ်နဲ့။ သူ့ရှေ့ကစားပွဲပေါ်မှာတော့ ကြွပ်ကြွပ်အိတ်နဲ့ နှစ်ထပ်လောက် ထုပ်ထားလို့ အထဲထိ သေချာ မမြင်ရပေမယ့် ပိုက်ဆံထုပ်တွေမှန်း သိသာနေတဲ့ အိတ်တစ်လုံးက စားပွဲပေါ်မှာ။





"သူ့ဆီမှာ ပိုက်ဆံတွေတွေ့လို့ မေးကြည့်တော့ အဲဒါမင်းပိုက်ဆံတွေဆို"

လုပ်ထားလိုက်ပေါ့။ ခိုးကလည်း လုပ်ချင်သေး။ ဒိရိလုံခြုံအောင်ကလည်း မလုပ်နိုင်။ ပြဿနာဖြစ်တော့ သူများ နာမည်ဆွဲထည့်။ ဘယ်လိုမှန်းကို မသိ။ တော်တော့်ကိုစိတ်ပျက် ရာကောင်းပေမယ့် လဝါဟာ ချက်ချင်းဆိုသလိုပင် အဲဒီမလည် ရှုပ် မယားညီအစ်ကိုလောင်းကြီးဘက်ကပဲ လိုက်ဖို့ဆုံးဖြတ်လိုက်ပါသည်။

သူ့မှာ ဘာအခွင့်အရေးမှမရှိဘဲ ကိုယ့်လာဟောက်ဟန်းနေသည့် မိန်းမကြီးတစ်ယောက်ဘက်ကတော့ ဘာဖြစ်လို့ပါရမှာတုန်း။ သူ့ဟာက ပို့ပိုရင်းနီးလာလေ နိုင်ထက်စီးနင်းနဲ့ သဟောက်သဟာက နိုင်လာလေဆိုရင် မရင်းနှီးတာကမှ တော်ဦးမည်။ ရောက်ရောက်ချင်း ပိတ်ပက်ဆီးဟောက်ပြီး "နင့်မှာအပြစ်ရှိသလား"ဆိုတဲ့ မျက်နှာကြီးနဲ့ ကြည့်နေရအောင် ကိုယ်က သူ့လက်အောက်ငယ်သားလား။ တရားခံပြေးလား။

"ဟုတ်တယ် မချွေမှုန်၊ ကျွန်တော် ဦးထင်ကြီးကို ပိုက်ဆံနည်းနည်း အပ်ထားတယ်"

လဝါရဲ့အဖြေစကားကြောင့် အဲဒီလို ဖြေလိုက်မယ်လို့ ဘယ်လိုမှ ထင်ထားပုံမရတဲ့ သွန်းပုံရော ဦးထင်ကြီးပါ ပါးစပ်အဟောင်းသားတွေ ဟကုန်ကြပါသည်။ မချွေမှုန်သည်လည်း အံ့သြသွားဟန်ရှိပြီးမှ သူထင်တဲ့အတိုင်း ဖြစ်မလာလို့ မခံချိသွားတဲ့ရုပ်နဲ့ ...

"ဘယ်လောက် အပ်ထားတာလဲ"

လဝါက အိတ်ကိုတစ်ချက် လှမ်းအကဲခတ်လိုက်သည်။ ခပ်ဖုဖုဖြစ်နေတာက သုံးဖုလောက်တော့ ထင်တာပဲ။

"သုံးဆယ်"

"ဘယ်လောက် ! "

"သိန်းသုံးဆယ်လေ"

"ဟင် ! ဒီမှာက ဆယ့်ငါးသိန်းပဲ ရှိပါလား။ ဦးထင်ကြီး ကျန်တဲ့ဆယ့်ငါးသိန်းက ဒါဖြင့် ဘယ်မှာလဲ"

ဟိုက် ...။ ခပ်ဖုဖုက သုံးဖုလို့ ထင်လိုက်တာ။ ငါးရာတန်တွေ သုံးစည်းမို့များလား။ ဆယ့်ငါးသိန်းပဲ ဆိုပါလား။

"အဲ ... ကျန်တာတွေက ရုံးမှာ"

"ရှင်က ဘာဖြစ်လို့ ဟိုတစ်ထုပ် ဒီတစ်ထုပ် ဟိုတစ်ဝက် ဒီတစ်ဝက် လုပ်ထားရတာလဲ"

"အထုပ်ကြီးက ကြီးနေရင် မင်းမမြင်အောင် ဖွက်ရမှာက ပိုခက်လို့ပေါ့ကွာ၊ ခုတောင် ခပ်သေးသေးလုပ်ထားရက်နဲ့ မင်းက မြင်ဖြစ်အောင် မြင်သွားသေးတာပဲဟာ။ တစ်ဝက်စီ ခွဲထားတော့ ပိုလုံခြုံမလားလို့ပေါ့ ... ဒါပဲ"

ဦးထင်ကြီးရဲ့ရုပ်က တရားခံရုပ်ကနေ စိတ်တိုင်းကျ ကျေနပ်နိုင်သည့် ရုပ်မျိုးသို့ ပြန်ပြောင်းလဲလာသည်။ မရွှေမှုန်က တော့ တော်တော့ကို အူတွေ အသည်းတွေ နှလုံးတွေ ယားနေတော့တဲ့ ရုပ်မျိုးနဲ့။ လဝါကို လှမ်းခေါ်။ ဦးထင်ကြီးရဲ့အလိမ်ကို





ဖော်။ ပြီးရင် ဒီပိုက်ဆံထုပ်ကြီးကို သူ မောင်ပိုင်သိမ်းဆည်း။ လက်ချာလေး ဘာလေး ထပ်ရိုက်၊ နည်းနည်းကြမ်းသင့်ရင် ထပ်ကြမ်း။ ဒီလို သေချာပေါက် အစီအစဉ်ကနေ လွဲချော်ပြီး မပိုင်မနိုင်ကြီး ဖြစ်သွားရတော့ "ဘာဆက်လုပ်ရပါ့"လို့တောင် ရတ်တရက် မစဉ်းစားနိုင်တော့တဲ့ရုပ်နဲ့။

"အဲဒီလောက် ငွေပမာဏအများကြီးကို ထောက်ပံ့ရအောင် ဘယ်လိုဆွေမျိုးသားချင်းမို့လဲ။ ပြီးကျတော့ ဘာကြောင့် ကိုယ်တိုင်သွားမပေးနိုင်ဘဲ သူ့ကို အကူအညီ တောင်းရတာလဲ"

တစ်ချိန်လုံး တည်တည်ကြီးပဲ အကဲခတ်နေခဲ့တဲ့ ဒေါ်စိန်စိန်က အကျပ်ရိုက်နေတဲ့ မရွှေမှုန်ရဲ့နေရာကို အစားဝင် နေရာယူလိုက်သည်။

"မိဘတွေရှိကတည်းက ကျေးဇူးရှိတဲ့ မိသားစုမို့ပါ။ ကိုယ်တိုင်မသွားချင်တာက ခုလက်ရှိ အုပ်ထိန်းသူတွေနဲ့ကျတော့ သိပ်မသင့်မြတ်ကြလို့ ဆိုပါတော့။ ဦးထင်ကြီးနဲ့ကလည်း ခင်မင်လာတော့ အကူညီတောင်းစရာရှိလည်း ပြောပါကွာ ဆိုလို့"

ဟိုလူကြီးကတော့ ဘာတွေ ဘယ်လိုကြိုပြောထားသည်မသိ။ လဝါပါးစပ်ထဲရှိတာတွေ လျှောက်ပြောလိုက်တာနဲ့ ရဲ့နောက်ကိုက်ညီမှု ရှိပါ့မလား။ ကိုက်ကိုက် မကိုက်ကိုက် အဲဒီလောက် ဖြောင့်ဖြောင့်တန်းတန်း ရှောရှောရှူရှူဖြတ်လမ်း ဖြတ်

ကွက် ဆင်နိုင်လိုက်တာကိုပဲ လဝါက ကိုယ့်ဘာသာ အံ့ဩနေမိသည်။ မဟုတ်တရုတ်တွေကို အထစ်အငေါ့မရှိ ပြောထွက်နေလိုက်တာ ... ကြည့်စမ်း။

"ပြောတော့ဖြင့် ပိုက်ဆံမရှိဘူးဆို။ ကိုယ့်မိန်းကလေးရဲ့ ဆွေမျိုးသားချင်းတွေရှေ့မှာ သိက္ခာကျခံပြီး 'မရှိ'စကားကို ဆိုရဲတဲ့သူက ကိုယ့်ဘက်က ဆွေမျိုးကျတော့ သိန်းသုံးဆယ် ဆိုတာနည်းတဲ့ ငွေလား။ အဲဒီလောက် ဘက်ပင်းတဲ့စိတ် ဓာတ်မျိုးကိုကော၊ စည်းမရှိကမ်းမရှိ အပေးအကမ်း လက်ဖွာတတ်တာမျိုးကိုကော တို့များတော့ နည်းနည်းမှမကြိုက်ပါဘူး။ အဲဒါ အိမ်ထောင်တစ်ခုရဲ့သာယာရေးကို ပျက်ပြားစေတဲ့ အကျင့်ပျက်တွေပဲ"

အဘွားကြီးက သူ့စကားကို "အဲဒါကြောင့် မင်းမှာ စနစ်တကျ စုဆောင်းသိမ်းဆည်းမှု လိုအပ်နေမယ်ဆိုရင် မင်းအစ်မကို အကူအညီ တောင်းပါလို့ အန်တီက ပြောနေရတာ"ဟု အဆုံးသတ်လိုက်ပါသည်။ ယောက္ခမလောင်းကြီးရဲ့စကားတွေကိုလည်း မနှစ်မြို့ပေမယ့် သူကတော့ အမေနေရာက လူကြီးမို့ရယ်၊ ပြီးကျတော့ မရွှေမှုန်လောက် အော်ငေါက်ပြီး မပြောတာရယ်နဲ့ လဝါက ဘာမှပြန်ပြောမနေတော့ဘဲ အသာငြိမ်ပြီးတော့ပဲ နားထောင်ပေးနေလိုက်ပါသည်။ စကားဆုံးပြီထင်မှပင် ထိုင်နေရာက အသာထကာ ဦးထင်ကြီးရဲ့ရှေ့က ကြွပ်ကြွပ်အိတ်ထုပ်ကို သွားဆွဲယူလိုက်ပြီး ကိုယ့်ပေါင်ပေါ် ကိုယ်တင်ထားလိုက်သည်။





အဘွားကြီးကော အကြီးမပါ မျက်နှာပျက်၊ ဦးထင်ကြီးကတော့ ပြုံးပျော်။ ချစ်သူလေးကတော့ "နေနှင့်ဦး"ဟု တေးဘော့မှာတွေကို သိပါသည်။ သို့သော် ကိုယ်မှ အဲလိုဇွတ်မကယ်ဘင်ရင် ဒီမလည်ရှုပ်ကြီးဟာ သူ့ပိုက်ဆံသူ ပြန်မြင်ခွင့်တောင်ရှိဘော့မှာ မဟုတ်။ မရွှေမှုန်က ဇွေ့ခနဲပင် ကောက်သိမ်းသွားတော့မှာ မဟုတ်လား။

နေပါဦး။ ကိုယ်ကလည်း ဘာဖြစ်လို့များ အဲဒီလိုများယွင်းဖောက်ပြန်နေမှန်း သိသိကြီးနဲ့လူဘက်က လိုက်ပြီးဘက်ငင်း ကယ်တင်နေမိပါလိမ့်။ ခင်မင်လာမိလို့လား ဆိုတော့လည်း မဟုတ်ပါဘူး။ တကယ်ပါ။ ဒီလူကြီးကို သေချာပေါက်ကို ခင်ခင်စိတ် မဝင်မိသေးပါဘူး။ စိတ်ပျက်ကာ အထင်တောင်သေးနေသေးသည်ဆိုရင် ပိုမှန်မည်။ အဲဒါနဲ့များ သူ့ဘက်ကလိုက်ပြီး သူ့ရော၊ သူ့ငွေထုပ်ကိုပါ ကယ်တင် ...။ ဗျူး ...။

ဘာဖြစ်နိုင်မလဲ၊ ကျိန်းသေပေါက် ဟိုအစ်မကြီးသိသိလှဆီပို့မယ့် ငွေထုပ်ပဲဖြစ်မှာပေါ့။ မီးဖွားစရိတ်များလား။ ကိုယ်ကလည်း သိန်းသုံးဆယ်ဟု ရမ်းတုပ်လိုက်မိသေးသည်ဖြစ်ရာ ကိုယ်ခွင့်စေ့လို့ ပြန်ထွက်ခါနီးကျ ချစ်သူလေးက (သူ့အမေကြီးဆနိုင်းလို့ပဲဖြစ်ဖြစ်၊ သူ့စိတ်ဆန္ဒအလျောက်ပဲဖြစ်ဖြစ်) "အဲဒီသိန်းသုံးဆယ်ကြီးတောင် ငွေသား(Cash)အထုပ်ကြီးကို ဘယ်ထားခဲ့သလဲ"ဘာညာ မေးလာရင်တော့ ခက်ပြီ။

မမေးဘူးလို့ ပြောနိုင်တာမဟုတ်။ ဟိုတစ်နေ့က တောင် မဆီမဆိုင် စွက်ဖက်ခြယ်လှယ်ချင်လှတဲ့ မရီးလောင်းဟာ "လဝါပြန်ထွက်သွားရင် ကားကို ဘယ်မှာထားခဲ့မှာလဲ" ဆိုတဲ့ စကားမျိုးကို မေးလာခဲ့ပြီးပြီ။ ဘယ်မှာထားထားပေါ့။ သူတို့နဲ့ မရင်းနှီးရသေးခင်က၊ ခေါ်ခက်အသိအမှတ်ပြု မခံရသေးခင်က ဘယ်တွေမှာထား,ထားခဲ့မလဲ။ အဲဒီနေရာမှာပဲ ဆက်ထားမှာပေါ့။ မဟုတ်ဘူးလား။

တကယ်က ကြီးကြီးတို့အိမ်မှာပဲ ထားခဲ့တာပါ။ အဲဒီအိမ်က ဒရိုင်ဘာကြီးကပဲ အတွင်းအပြင် အကုန်စစ်ဆေး ကြော့သထားပြီး စက်နှိုးပေးထားတာမို့ လဝါ ပြန်လာရင်ကား ဟာ ကိုယ့်လက်ထဲရှိတဲ့ တစ်လခွဲအချိန်ထက်ပင် အခြေအနေ ကောင်းကောင်းပြီး ပြန်ပြန်ရစမြဲ။

အဲဒါကိုပဲ ပူပူရယ်ကပင်ပင် ပုံစံကြီးနဲ့ အဲဒီလိုပြော လာတာကို လဝါက ကျေးဇူးတင်ရမယ့်အစား စိတ်ပဲပျက်နေမိခဲ့ ရတာ။ ကားကိုတောင် အဲဒီလိုပြောထွက်လာတဲ့သူဆိုတော့ ဒီသိန်း သုံးဆယ်ဆိုတဲ့ ငွေသားတွေကိုလည်း "ငါသိမ်းထားပေးမယ်" လို့ များ တိုက်ရိုက်ကြီး ပြောချလိုက်ရင်တော့ လဝါမှာ ဦးထင်ကြီးရဲ့ အထုပ်အပြင် ကိုယ့်ရှိတဲ့ FE Bank အကောင့်ထဲကဟာတွေကို ပါ ထုပ်ဖလှယ်ပြီး ထပ်ဖြည့်ပေးနေရဦးတော့မှာလား။

"မရှိတော့ဘူး" လို့ ပြောလိုက်ရင်တော့ အဘွားကြီး ပေါ်တင်စွပ်စွဲထားတဲ့ "စည်းမရှိ ကမ်းမရှိ အပေးအကမ်းလက်ဖွား





ကိုယ့်အမျိုးဘက်ပင်းတဲ့ အကျင့်ပျက်ရှိသူ" တစ်ယောက်ဖြစ်ရပေ တော့မည်။

အဘွားကြီးကော မရွှေမှုန်ပါ ပေါင်ပေါ်က ပိုက်ဆံ ထုပ်ကို ကျစ်ကျစ်ဆုပ်ကာ ဆက်ကိုင်ထားဆဲ လဝါကို အနေရ ခက်,ခက်အောင်တွေ စိုက်ကြည့်နေကြပါသည်။ စိတ်မာတတ် စေ်ဆင်ရေးနဲ့ တိုက်စစ်ဆင်နေကြတာပေါ့။ ခုမှပဲ "ပုံစံခွက်ထဲ ကိုယ်တိုင်လည်း ခုန်မချလိုက်နဲ့။ ခြေချော်ပြီးတော့လည်း ကျမ သွားစေနဲ့ကွ" ဆိုတဲ့ ဦးထင်ကြီးရဲ့စကားတွေဟာ တော်တော် နက်နက်ပြီး တန်ဖိုးရှိပါလားဆိုတာ တရေးရေး တွေးမိလာနိုင်တော့ သည်။

"ပိုက်ဆံဆိုတာ အဲဒီလို လျှောက်ဖြန့်းပစ်နေရတာ မဟုတ် ဘူး။ မင်းမှာမရှိတဲ့ တစ်နေ့ကျရင်ကော အဲဒီဆွေမျိုးဆိုတာ တွေက လာပေးမှာလားပြော၊ မင်းကိုအုပ်ထိန်းခဲ့တဲ့ ကြီး တော်ကတောင် မပေးစေချင်ပါဘူး ဆိုတာကို မင်းက ဖွတ်ပေးတော့မယ် ဆိုတာတော့ စဉ်းစားလို့တောင် မရဘူး။ ဒါမျိုးရှုပ်ရှုပ်ယှက်ယှက်တွေကို တို့မိသားစုက မကြိုက်ပါ ဘူးကွယ်၊ လက်မခံနိုင်ပါဘူး"

"ဟုတ်ကဲ့ ... ကျွန်တော် ဦးထင်ကြီးကို အကူအညီတောင်း မိတာကို တောင်းပန်ပါတယ်။ ဦးထင်ကြီး ... ရုံးခန်းမှာထား တယ်ဆိုတဲ့ ကျွန်တဲ့တစ်ထုပ်ကို ကျွန်တော် ဘယ်တော့ လောက် လာပြန်ယူလိုက်ရမလဲ"

"အေးကွာ ... ငါကလည်း မင်းကို ပြန်တောင်းပန်ရမယ်နဲ့ တူပါတယ် ငါ့ညီရာ။ မင်း အဆင်ပြေတဲ့အချိန် လှည့်ဝင်ယူလိုက်လေ"

လဝါက ပိုက်ဆံထုပ်ကိုကိုင်ကာ ထိုင်ရာမှ ထရပ်လိုက်ပါသည်။

"တောင်းပန်ပါတယ် အန်တီ။ တောင်းပန်ပါတယ် မရွှေမှုန်။ ကျွန်တော့်ကြောင့် မိသားစုထဲမှာ ပြဿနာလိုလိုတွေ ဖြစ်ကြရတယ်။ နောင်မဖြစ်စေရပါဘူး၊ ပြန်လိုက်ပါဦးမယ် ခင်ဗျ"

အဘွားကြီးကော မရီးလေးပါ မျက်လုံးတွေ စိမ်းစိမ်းတောက်တောက် ပိုဖြစ်လာသည်။ ငွေထုပ်ကို မရွှေမှုန်ထံ အပ်ခဲ့တာမျိုးအထိ မဟုတ်ရင်တောင် "အမျိုးအဆွေကို စည်းမရှိကမ်းမရှိ မထောက်ရ"ဆိုတဲ့ အမိန့်စကားလောက်ကိုတော့ နာခံပြီး "ခုလည်းမပေးတော့ပါဘူး၊ နောင်လည်း မထောက်ပံ့ပါဘူး" ဆိုတဲ့ ဝန်ခံကတိမျိုးကိုတော့ မျှော်လင့်နေကြသည် ထင်ပါရဲ့။

"မင်းမှာ ပြုပြင်စရာတွေ အများကြီးရှိသေးတယ်။ ဒီပုံအတိုင်းဆိုရင်တော့ မဖြစ်သေးဘူး။ မင်းတို့ချင်း အချိန်ယူပြီးညှိကြဦး၊ ပြင်ဖို့ကောင်းတဲ့ အကျင့်တွေကို မပြင်နိုင်ဘဲနဲ့ ဆိုရင်တော့ ဘယ်ဖြစ်မလဲ"

မရွှေမှုန်က အဓိပ္ပာယ်အတော်ပြည့်ဝပုံရသော စကားတစ်ခွန်းကို အပြီးသတ်ဆိုလိုက်ပါသည်။ ဒါပေမဲ့ အချိန်မယူချင်





ဘာက ခင်ဗျားနဲ့ ခင်ဗျားအမေ မဟုတ်လား မရွှေမှုန်ရဲ့။ ကျွန်တော်တို့ ကာယကံရှင်နှစ်ယောက်စလုံးက အချိန်ယူချင်ကြသေးတဲ့သူချည်းပဲ။ သူ့ဘာသာ ဘယ်လောက်ပဲ ခြိမ်းခြောက် ခြိမ်းခြောက်ချစ်သူလေးဆီက "လဝါနဲ့ သွန်းပုံနဲ့ကြားတည်းမှာ ဘာပြဿနာမှ မရှိဘူး"ဆိုတဲ့ စကားကို ရထားပြီးပြီပဲ။

သို့သော် လဝါမှာ ကိုယ့်ကို ကားနားထိ ပြန်လိုက်ပို့သည့် သွန်းပုံလေးကို တကယ်ပဲ ကိုယ့်ဘက်က ရပ်နေသေးရဲ့လား ဆိုတာကို အကဲခတ်ကြည့်ရပါသေးသည်။ သွန်းပုံကားစိတ်ကွက်နေဟန်၊ ကောက်ချိတ်နေဟန် တစ်စက်မျှမရှိ။ ပြောရမယ်ဆိုရင် အားတောင်ရနေတဲ့ပုံစံမျိုးတောင် ပေါက်နေသလားလို့။ ဘယ်တုန်းကမှ သူ့ဘက်က ချောသည် ပျော့သည်ရယ်လို့ မရှိတဲ့ မိန်းကလေးမျိုးက လဝါရဲ့လက်ဖျားကိုပင် ဆတ်ခနဲဆွဲဆုပ်ညှစ်လိုက်သေးကာ "စိတ်မညစ်နဲ့"ဟု တီးတိုးလေး ဆိုလိုက်ပါသေးသည်။

"မညစ်လို့တော့ မရဘူး၊ ညစ်တာက ညစ်တယ်။ ဒါပေမဲ့ အိုကေပါ။ ပြီးသွားမှာပါ"

လဝါကလည်း အခွင့်အရေးရတုန်း တစ်ဆင့်လေးဘက်ကာ ရစ်ထားကြည့်လိုက်သည်။ လဝါရဲ့စကားကြောင့် သွန်းပုံမျက်နှာလေး ညိုသွားကာ သက်ပြင်းလေးတစ်ချက်နှင့် ...

"အစ်ကိုကြီးက ဘယ်လိုခေါ်မလဲ၊ အင်း ... ခြေသိမ်မငြိမ်ချင်တဲ့ သဘောပေါ့၊ အဲဒါကြောင့်ပါ"

"ငြိမ်ချင်စရာမှ မရှိတာ"

သွန်းပုံက လဝါကို မျက်လုံးကြီးပြူးပြီး ကြည့်လာသည်။ ပြီးတာနဲ့ ကိုယ့်ရဲ့လက်ဖျားလေးကို လာဆုပ်ညှစ်ထားတဲ့ သူ့လက်က ချက်ချင်းဆိုသလို ကိုယ့်ဗိုက်နေရာသို့ ဖြတ်ခနဲကျရောက်လာကာ ...

"ဟင် ... ဘာဖြစ်လို့ လှုမိုက်အားပေးတဲ့ စကားမျိုးကို ဆိုရတာလဲ။ ငါ့အလှည့်ကျရင်လည်း ဒီလိုပဲ ဖြစ်မှာပဲလို့ ကြိုခြိမ်းခြောက်ချင်တာလား။ ဒီကဖြင့် သူ့အပြစ်မရှိဘဲ အပြောအဆို ခံလိုက်ရတာကို အားနာလို့ စိတ်ကောင်းလေး ဝင်ပေးနေတုန်း ရောင့်တက်မလာချင်နဲ့ သိလား။ သူများတကာတွေကိုပဲ ပတ်လို့ရချင်ရမယ်။ သွန်းပုံကိုတော့ ရမယ်မထင်နဲ့ ...

ယောကျ်ားတွေများ တွေ့ကြ၊ သိကြတာ ဘယ်လောက်မှ မကြာသေးဘူး။ အရေးကြုံတော့ ဖြတ်ခနဲ တခ်နပ္ပတ္တိဉာဏ်နဲ့ ဘက်ပင်းလိုက်ကြတာလေ။ ဘာဆွေမျိုးသားချင်း ကျိတ်ထောက်မှာလဲ။ အစ်ကိုကြီး ပိုက်ဆံထုပ်ကို ပြီးကျမှ တီတ်တီတ်သွားပြန်ပို့ပေးမှာများ မသိဘူးထင်မနေနဲ့"

"အား ... အား ... နာတယ်ဟ။ အိမ်ပေါ်က လှမ်းမြင်နေရရင်လည်း မကောင်းပါဘူး၊ ပါးစပ်နဲ့ပဲ ပြောပါ။ လက်မပါပါနဲ့။ သိရင်လည်း ဘာဖြစ်လို့ ခုနကတည်းက





အဖြစ်မှန်ကို မဖော်လိုက်သေးလဲ။ ညီမကတောင် အစ်မဘက်ကပါပြီး အဖြစ်မှန်ကို ဖော်တာမျိုး မလုပ်သေးတာ။ ကိုယ်က ဦးထင်ကြီးဘက်က ပါလိုက်တာကျတော့ ပြဿနာလာရှာစရာလား"

ပြောရင်းက လဝါက သွန်းပုံကို အံ့သြနေသည်။ အစ်စ်ပဲ။ ဦးထင်ကြီး ခြေမငြိမ်မှန်းလည်း သိထားတယ်။ လဝါတို့ မူးပေါင်းပြီး လုပ်ဖောတ်ဆင်လိုက်ကြပြီ ဆိုတာလည်းသိတယ်။ ါတောင်မှ ဘာလို့ အလိမ်မဖော်ဘဲ ငြိမ်နေလိုက်တာလဲ။ ဦးထင်ကြီးအပေါ် ခင်မင်စိတ်လည်း မဝင်၊ လုပ်ရပ်ကိုလည်း မကြိုက်ဘဲနှင့် ဘက်ပင်းမိလိုက်သော ကိုယ့်ကိုယ်ကိုယ်တောင် အံ့သြလှပြီဖြစ်တဲ့ လဝါဟာ သွန်းပုံကိုတော့ ဆယ်ခါပြန် အံ့သြပြီး ဆလံတောင် နှစ်ခါလောက် သ,လိုက်ချင်လာသည်။

"အစ်ကိုကြီးနဲ့ ပြန်တွေ့ကြရင် သွန်းပုံလည်း ရိပ်မိနေတယ်လို့ သွားပြောမနေနဲ့ဦး"

သွန်းပုံက "ကားနားအထိ ဆက်မလိုက်တော့ဘူးနော်"ဟု ပြောကာ အိမ်ဘက်ပြန်လှည့် လျှောက်သွားပါသည်။ ကိုယ့်ကားကို သူတို့ပေါ်တီကိုအောက်တည့်တည့်မှာ မရပ်ခဲ့မိဘဲ ခြံဘစ်ဖက်က ဂိုဒေါင်ရှေ့နားလောက်မှာ (ဘာကိစ္စမှန်းမသိသေးခင်တုန်းက အပြောအဆိုလွတ်အောင်) လွတ်လွတ်ကင်းကင်းသွားရပ်ခဲ့မိတဲ့ လဝါမှာတော့ ခြံထဲကို ဖြတ်လျှောက်ပြီး ကားဆီထိဆက်သွားနေရသေးသံခိုက် ...

"ခွမ်း"

"ဟိုက် ... အမယ်လေး"

အပေါ်ထပ် ဝရန်တာတစ်ခုကနေ ပန်းအိုးကြီးတစ်လုံး ပြုတ်ကျလာလိုက်တာ၊ ကိုယ်နဲ့ သီသီလေး မွတ်သွားပြီးမှ မြေပြင်ပေါ်မှာ "ခွမ်း"ခနဲ။ အတော်ကြီးထွား သန်မာပွင့်လန်းနေပြီဖြစ်သော နှင်းဆီပင်တစ်ပင်ခမျာ ပန်းအိုးကွဲများ၊ မြေကြီးခဲ ဆွေးခဲများနှင့် မြေပြင်ပေါ်မှာ တုံးလုံးကလေးဖြစ်နေရှာသည်။ ဒီလောက် လေးပင်ကြီးမားနေတာကြီးတစ်ခုဟာ လေတိုက်လို့ ကြောင်တိုးလို့ ဆိုတာလောက်နဲ့တော့ ဘယ်နည်းနဲ့မှ ပြုတ်ကျလာနိုင်ပါဘူးလို့ အတပ် သေချာစွာ အပေါ်သို့ မော့ကြည့်လိုက်သော် ... ထိုဝရန်တာထက်၌ ခပ်တည်တည်ရုပ်နှင့် မရွှေမှုန်။

"မင်းကိုလုပ်တာ မဟုတ်ဘူးဟေ့၊ မင်းရှိနေမှန်း သိတောင် မသိဘူး"

ဖြစ်နိုင်ပါသည်။ သူ့ကြည့်ရတာ သူလုပ်ချင်တာ တစ်ခုခုရှိရင် ဘေးဘီဘာညာ ဘယ်သူရှိရှိ မရှိရှိလည်း ဂရုစိုက်နေမယ့်ရုပ်မျိုးကြီးမှ မဟုတ်တာ။ ဒါဖြင့် ဒါကြီးကို သူတွန်းချလိုက်တာပါလို့တော့ ဝန်ခံလိုက်တာပေါ့။

"ဘေးဖယ်ဟေ့။ မင်းကိုလုပ်တာ မဟုတ်ဘူးလို့ ပြောပြီးပြီ၊ သိရင်ဖယ်တော့။ တော်တော်ကြာ ရှိမှန်းသိသိနဲ့ ထပ်လုပ်တယ်လို့ အပြောမခံနိုင်ဘူး"





မြတ်စွာဘုရား ...။ ဒါဖြင့် ထပ်လုပ်ဦးမယ့်သဘောပေါ့။ အဲဒီဝရန်တာထက်မှာကလည်း အနီရောင်ပန်းပွင့်တွေကိုယ်စီနဲ့ နှင်းဆီပင်တွေချည်း။ အလှအပ မြတ်နိုး၊ သစ်ပင်ကိုတန်ဖိုးထားတာထက် စနေသားကို ယကြာချေဖို့အတွက်ပဲ တမင်စီစဉ်စိုက်ပျိုးထားလေရော့သလား မသိပေ။

"ခွမ်း ..."

တကယ်ပဲ နောက်တစ်လုံး ထပ်ကျအလာမှာတော့ လဝါဟာ ကိုယ့်ကားရှိရာ ခြေကုန်သုတ်လို့ပဲ ပြေးမိပါချေပြီ။ ဗုဒ္ဓဟူးသားဆိုရင်တော့ အင်း ... ယ,ရ,လ,ဝ, ...။ ကိုယ့် သွန်းပုံလေးကတော့ ရွက်လှပင်တွေ၊ ရဲယိုပင်တွေ ကြိုတင်စိုက်ပျိုးစုဆောင်းထားတာမျိုး မလုပ်တန်ကောင်းဘူးထင်ပါရဲ့ ... နော် ...။

ဟိုတစ်နေ့က သူ့ပိုက်ဆံထုပ် သွားပြန်ပေးရင်း လဝါက ဦးထင်ကြီးကို ...

"ဆယ့်ငါးသိန်းကြီးများတောင် မရွှေမှုန် မသိဘဲ ခင်ဗျားတစ်နေရာရာမှာ သုံးမယ်ပေါ့ ... ဟုတ်လား"

"အမှန်ကတော့ ငါ့ရှာထားတဲ့ ငါ့ပိုက်ဆံ။ ငါ့ဘာသာ ဘယ်နေရာမှာသုံးသုံးပေါ့၊ မဟုတ်ဘူးလား ငါ့ညီရာ"

"ခင်ဗျားကြီးက ကိုယ့်မိန်းမ ကိုယ်ပြောရမယ့်စကားမျိုးကို သူ့ကျတော့ သွားမပြောဘဲ ကျုပ်ကို ဘာလို့လာပြောနေတာလဲ။ မရွှေမှုန်ကို အဲဒီလိုမျိုး တဲ့ပဲပြောပစ်လိုက်လေ။ အဲဒါဆို ကျုပ်ကိုဆွဲထည့်တာတို့ ဘာတို့ အပိုတွေတောင် ဘာမှလုပ်နေစရာ မလိုတော့ဘူး"

"အဲဒီနေ့က မင်းကို ကိုယ် အမှုားကြီး ကျေးဇူးတင်ပါတယ်ကွာ၊ မင်း လုပ်ပေးလိုက်လိမ့်မယ်လို့တောင် ထင်မထားဘူး"

"ကိုယ့်ကိုယ်ကိုယ်လည်း ထင်မထားပါဘူး။ အဲဒါကြောင့်မို့တော့ ခင်ဗျားဘက်ပါပြီး သွေးသောက်ညီအစ်ကိုဖွဲ့ပြီလို့လည်း မထင်လိုက်နဲ့ဗျ။ ကျွန်တော်သာဆိုရင် လုပ်မယ့်ပုံစံနဲ့ ခင်ဗျားလုပ်နေတဲ့ပုံစံတွေက မတူဘူး၊ ခင်ဗျားကို ကျွန်တော်က သိပ်သဘောကျတာ မဟုတ်ဘူး"

"မင်းလို ပြတ်ပြတ်သားသား ပွင့်ပွင့်လင်းလင်း ပုံစံမျိုးငါလည်း ကြိုက်တာပေါ့ကွာ၊ ဒါပေမဲ့ မရနိုင်တော့ဘူး"

"ဘာလို့မရနိုင်ရမှာလဲ၊ မလုပ်လို့ မဖြစ်တာ မဟုတ်လားဗျ"

"လုပ်လို့ကို မရတော့တာ"

"လုပ်မကြည့်တော့ဘဲနဲ့ ပြောနေတာလည်း ဖြစ်နေပါဦးမယ်ဗျာ"





"မင်း မသိပါဘူးကွာ၊ လုပ်ကြည့်ချိန်တောင် မရလိုက်တာပါ၊ အဲဒါကြောင့် မင်းကို ငါက ..."

ဒီလိုနဲ့ပဲ စကားတွေက လိုရင်းမရောက်ဘဲ နောက်ဆုံးတော့ ဒီဘူတာပဲ ပြန်ပြန်ဆိုက်ကာ လည်နေသည်။

"စပ်စုတယ်လို့တော့ မထင်စေချင်ဘူး၊ ခင်ဗျား ဘာလုပ်မလို့လဲ"

"မင်း ပြန်ကိုယ်တင်ပေးထားတဲ့ ပိုက်ဆံတွေဆိုတော့လည်း စပ်စုလိုက်တာလို့ ထင်ပေမယ့် ပြောပြရတော့မှာပေါ့။ နမတစ်ယောက် ကျန်းမာရေးကိစ္စပါကွာ"

"သြော် ... တကယ်တမ်းကျတော့ ကိုယ့်ဘက်ကခွေမျိုးကို ခိုးထောက်နေတာက ခင်ဗျားပေါ့ ... ဟုတ်လား"

"ခင်ဗျားနမက ကလေးမွေးမှာမှ ဟုတ်ရဲ့လား"လို့ပါ မေးချလိုက်ရ မကောင်းဘဲ ရှိရောမယ်။ ဒီ့ထက်လည်း ပိုပြီး မစပ်စုချင်ပါ။ ပတ်ပတ်သက်သက် စပ်စပ်ရှက်ရှက်ကို မလုပ်ချင်တာ။ လဝါသာ အကုန်သိပြီးနေပြီဆိုရင် ဒီလူကြီးရဲ့ဆက်ဆံတဲ့ပြန်မှုတွေက တစ်မျိုးပြောင်းကို ပြောင်းလာလိမ့်ဦးမယ်ဆိုတာ စိတ်ထဲက သေချာကို သိနေသည်။ "ဒီကောင်သိနေပြီပဲ မထူးတော့ပါဘူး"ဆိုတဲ့ သူခိုးသေဖော်ညှိမှုတွေက လာမှာလေ။ လာကိုလာမှာ။

အဲဒီနေ့ကတော့ "နမတစ်ယောက် ကျန်းမာရေး" ဆိုတာထက် ပိုပြောချင်ဟန်မရှိခဲ့တဲ့ ဦးထင်ကြီးဟာ နောက်ထပ်

နှင်ရက်လောက် အကြာမှာတော့ ညကြီးမင်းကြီး (၁၀)နာရီခွဲလောက်မှာ အလန့်တကြား ဖုန်းသံတစ်ခုနဲ့ လဝါရဲ့အိပ်ရေးကို ဖျက်နှိုးပစ်လိုက်ကာ ...

"ညီရာ ... ငါ့ကို ကူညီပါဦးကွာ။ မင်းမှ မကယ်ရင် ငါလုံးဝဒုက္ခရောက်ရတော့မှာမို့ပါ။ ကူပါကွာ ... နော်။ မင်းအခုချက်ချင်း မြောက်ဥက္ကလာပ (......)လမ်း၊ အိမ်နံပါတ်(...)ကို သွားပေးစမ်းပါ။ ခုချက်ချင်းနော်"

"ဟိုအိမ်"ဟု သိလိုက်တာနဲ့ အိပ်ပျော်ခါစလေးမှာ ပြန်နိုးလာရတာမို့ ခေါင်းခဲပြီး အိပ်ချင်မူးတူးကြီး ဖြစ်နေရာကနေ မျက်လုံးတွေ ဘာတွေပါ ပြူးကျယ်ပြီး လန်းဖြာကုန်ရပါသည်။ လုပ်ပြီ။ စပြီ။

အဲဒီလောက်ကြီးအထိ ဆွဲထည့်ချင်တာကတော့ လွန်လွန်းပြီ။

"ငါ ဒီအချိန် ဒီအိမ်ကနေ ဘယ်လိုအကြောင်းပြချက်နဲ့မှ တစ်ညလုံး ပျောက်သွားလို့ မရနိုင်တော့ဘူးကွာ။ မင်းလည်း သိပါတယ်။ ခု မင်းကို ငါပြောပြဖူးတဲ့ ငါ့နမဟာလေ ... ကလေးမီးဖွားဖို့ ဗိုက်နာနေပြီတဲ့ကွ၊ အဲဒါလေး ..."

ခုချိန်ထိတောင် "ငါ့နမ"က မလျော့ချင်သေး။

"သူ့ယောက်ျားက ဘယ်ရောက်နေလို့လဲဗျ"

"ကျွတ် ! ခက်တာပဲကွာ၊ ခက်လိုက်တာ၊ ရွှေမှာပေါက်သွားပြီ ထင်တယ်တဲ့ကွ။ အချိန်မီသွားမှ ဖြစ်မှာပါ ငါ့ညီရာ။ ကဲကွာ ... မထူးတော့ပါဘူး။ ညီရေ ... ငါ့ကိုခွင့်လွှတ်ပါကွာ။ မင်း ပြောချင်မယ့် အပြစ်တင်စကားတွေလည်း နောက်မှပဲ စုထားပြီး ပြောချင်သလောက်သာပြောပါတော့။ အဲဒါ ငါ့မိန်းမပါကွာ။ ငါ ဝန်ခံပါပြီ။ ငါ့မိန်းမမို့ပါ။ မင်း သွားစောင့်ရှောက်ပေးပြီး အစကနေ အဆုံးလိုအပ်တာလေး ..."

"ဟာ ... အဓိပ္ပာယ်မရှိတာကြီးပဲဗျ"

"လုပ်ပါကွာ"

"ဘယ်လိုလုပ်, လုပ်လို့ရမလဲ၊ ဒါ ကျွန်တော်ပါ အပြစ်မလွတ်မယ့်ကိစ္စ"

"မင်းကိုတော့ ဘာမှပြောကြမှာ မဟုတ်ပါဘူး၊ မင်းကိုတော့ သူတို့က ရှိန်ပါတယ်။ ငါသိတယ်။ တကယ်ပြောတာပါ"

"ရှိန်ရှိန် မရှိန်ရှိန်ဗျာ၊ ဘာဆိုင်လဲ။ သွန်းပုံသာသိရင် အင်မတန် အပြစ်ကြီးကြီးနဲ့ အရေးယူမယ့်ကိစ္စ"

"ဟိုမှာက လူ့အသက်တစ်ချောင်းတောင် မဟုတ်ဘူး၊ နှစ်ချောင်းတောင်ကွ။ ဒါကိုတောင်မှ မင်းက ငြင်းနေရက်သလား။ ငါ့လုပ်ရပ်က ကောင်းကောင်း မကောင်းကောင်း ငါ့သားဦးလေးပါကွာ။ မင်း ... မင်း ... မငြင်းပါနဲ့"

ကျွတ် ...။ ဒိုသံကြီးများပင် ပါလာပြီ။ ပြောနေပုံက ငြင်းထုတ်နေတဲ့သူကပဲ ရက်စက်လှတဲ့၊ အသည်းနှလုံးမရှိတဲ့၊ ကိုယ့်ဖို့ပဲ ကိုယ်ကြည့်နေတဲ့ အရိုင်းအစိုင်းကောင်ကြီး ဖြစ်ရတော့

မလိုလို့နဲ့။ သူ့ကျတော့ အဲဒီအသက်နှစ်ချောင်းဆီကို ဒီဘက်မှာ ပြတ်ပြတ်သားသား ပုန်ကန်ပစ်ပြီး ပြေးချမသွား။ မဆီဆိုင်တဲ့ လူကိုပဲ Guilty (အပြစ်မကင်း) ဖြစ်ရအောင် လာလုပ်နေသည်။

"ဖြစ်နိုင်ရင် သွားချင်တာပေါ့ကွာ၊ ငါ သွားချင်တာပေါ့"

"သွားလိုက်ပေါ့ဗျ"

"မဖြစ်လို့ပေါ့ကွ။ နို့မို့ဆို ငါ့ရဲ့အစုတ်ထုပ်ကို မင်းကို အလကားနေရင်းနဲ့ ဖြေပြမနေတော့ဘူး ပေါ့ကောင်"

ငိုသံပါကြီးကနေ ဒေါသသံကြီးနဲ့ ဖြစ်လာပြန်ပြီ။

"မင်း တကယ်ပဲ သွားမပေးဘူးလား"

လဝါမှာ သက်ပြင်းကြီးပဲ မှုတ်ထုတ်လိုက်ရတော့ ကာ ...

"သွားမယ်ဗျာ ... ကဲ ... သွားပါမယ် ... သွားပြီး ဘာလုပ် ရမှာလဲ"

"သူ့ကို ဆေးရုံပို့ပေးပြီး လုပ်စရာရှိတာ အကုန်လုပ်ရမှာ ပေါ့ကွ၊ ဒါ မေးစရာလား"

"ကျုပ်က မိန်းမကလေးမွေးဖူးတာမှ မဟုတ်ဘဲဗျ၊ မေးရ မှာပေါ့"

"မင်းလုပ်နေတာနဲ့ပဲ ဟိုမှာထွက်မယ့်ကလေးက အိမ်တင် ထွက်နေလောက်ပြီ။ အမြန်သွားတော့ကွာ၊ မင်းရောက်လာ လိမ့်မယ်ဆိုတာ ငါ ဖုန်းကြိုဆက်ထားပေးလိုက်မယ်၊ စိတ် ချမယ်နော် ငါ့ညီ"





အဲဒါနဲ့ပဲ လဝါမှာ ဘုမသိဘမသိနဲ့ သူစိမ်းမိန်းမ ကြီးတစ်ယောက် ဗိုက်နာနေတဲ့အိမ်ဆီ ရောက်ရရော ဆိုပါတော့။ ရောက်တော့ "လာမိတာက ပိုမှန်ပါတယ်"ဟု ချက်ချင်း ဖြေ သွားလိုက်နိုင်ပါသည်။ အင်မတန် အားငယ်ဝမ်းနည်းနေဟန်တူ တဲ့ အစ်မကြီး မသိသိလှဟာ ဘာမှလုပ်ကိုင်တတ်ဟန်မရှိတဲ့ အိမ်အကူကောင်မလေးတစ်ယောက်နဲ့ပဲ မျက်ရည်လည်ရွဲတွေဖြစ် သို့။

လဝါကိုမြင်မြင်ချင်း "ကိုထင့်ညီကလေး ဆိုတာ သား"ဆိုပြီး တက်တော့ချက်တော့မယ့်ပုံဖြစ်နေလို့ လဝါမှာ ကိုယ် တိုင်ပဲ ချီပွေ့ချရ။ ကားမောင်းနေတဲ့ လမ်းတစ်လျှောက်လုံးလည်း အနားကနီး မီးနေသည် သတိလစ်မသွားရလေအောင် ကား မောင်းနေရင်း တစ်ဖက်က တတ်သမျှ မှတ်သမျှတွေ ရှာကြံလုပ် နေရ။ အနီးဆုံးဆေးရုံကြီးဆီ ရောက်ပြန်တော့လည်း ကိုယ်ပဲချီ ပွေ့ချရ။

ဆေးရုံက နာ့စ်ကလည်း "အဖေနာမည်"ဟု မမေး ဘဲ "ရှင့်နာမည်"ဆိုတော့ ကိုယ်ကလည်း ဘုမသိဘမသိနဲ့ ခေါင်းကမ်းပြီး (ဘာကြောင့်လာမေးနေမှန်းလဲ သေချာမသိဘူး ကိုး) "လဝါ"ပေါ့။ တစ်ညလုံးလည်း မိုးသာစင်စင်လင်းသွားတယ် အိပ်ချိန်ဆိုတာ ဘာမှန်းတောင် မသိလိုက်ရပါ။ မသိသိလှက လည်းပဲ မွေးဖွားဖို့ကို ခက်ခဲနေလိုက်တာ။ နောက်ဆုံးကျတော့ ခွဲစိတ်ခွဲပြီး မွေးယူရသည်။

"ဦးလဝါ ... ဦးလဝါ ... မသီသီလှ မွေးပြီ။ သားလေးနော်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

ခဏနေလို့ ကလေးထုတ်လာမှ ကြည့်လိုက်တော့ ကလေးရဲ့လက်က လက်ပတ်အဖြူကလေးမှာ "ဘောဘီလဝါ"တဲ့။ အဲဒီတော့မှပင် "ဟိုက်"ခနဲ ဖြစ်ရတော့ကာ ...

"ဆရာမ ... ဆရာမ ... ကလေးက ကျွန်တော့်ကလေး မဟုတ်ဘူး"

ဆရာမကလေး မျက်နှာပျက်သွားကာ နံဘေးနဘေးက လူတွေလည်း ဝိုင်းကြည့်လာကြသည်။

"အဲဒါက နောက်မှရှင်းပါ၊ ခုတော့ ဒီမှာ ဘာမှပြောလို့မရဘူး။ ဒါ မသီသီလှကလေးပဲ၊ ဒီမှာပေးထားတဲ့ အဖေနာမည်က ဦးလဝါ"

"ဟာ ... အဲဒါ ကျွန်တော့်နာမည်ကို ဒီကတစ်ယောက်က လာမေးလို့ ပြောပြလိုက်မိတာပဲ။ ဒါပေမဲ့ အဖေက ကျွန်တော်မှ မဟုတ်တာ၊ အဖေက ဦးထင်ကြီး"

"ဟာ ... ဘာတွေလဲ၊ ရှုပ်နေတာပဲ"

"ဘာမှမရှုပ်ဘူး၊ ရှင်းရှင်းကလေးပဲ။ ကလေးရဲ့အမေက မသီသီလှ။ အဖေက ဦးထင်ကြီး။ ကျွန်တော်က ဘာမှမဆိုင်ဘူး။ ဒီလက်ပတ်ကို ပြန်ပြင်ပေးပါ။ နို့မို့ ပြဿနာတွေ အကုန်တန်းစီတက်ကုန်လိမ့်မယ်"





ပြုံးစုပုပ်အဲ့သော မျက်နှာနှင့် ဆရာမလေး ပြန်ထွက်သွားတော့မှ လဝါမှာ ဦးထင်ကြီးဆီ ဖုန်းဆက်ရသည်။

"ခင်ဗျား မလာသေးဘူးလား"

"မိုးသိပ်မလင်းသေးဘူး ညီရာ၊ အားလုံး အေးအေးဆေးဆေးပဲ မဟုတ်လား"

"မအေးဆေးဘူး"

"ဟော့ကောင် ... နမိတ်မရှိ နမာမရှိ စကားကို ဆင်ဆင်ခြင်ခြင် ပြောစမ်း"

"မအေးလို့ မအေးဘူး ပြောတာပေါ့ဗျ။ ခွဲမွေးလိုက်ရတယ်၊ ကလေးတော့ ကောင်းတယ်ပြောတာပဲ၊ အမေကတော့ သတိမရသေးဘူး၊ သွေးလိုလို့တဲ့ သွေးရှာရသေးတယ်။ အရေးထဲ ကလေးက အပြင်ထွက်လာတော့ လက်ပတ်မှာ ပါလာတာက ဘောဘီလဝါတဲ့၊ အဲဒါကို ကျုပ်က အေးဆေးပဲ ဗဲရီးဂွတ်လို့ ပြောရမှာလား"

"အေးပါကွာ ... အေးပါ၊ သားလေးပဲ မဟုတ်လား၊ ဘယ်သူနဲ့တူလဲ"

"ခင်ဗျားနဲ့တော့ လုံးဝမတူတာ အမှန်ပဲ"

အမှန်ကတော့ သူ့ရုပ်ကြီးမှ ချွတ်စွပ်ပင်။ လဝါက အမြင်ကပ်ကပ်နဲ့ အရွဲ့တိုက်ပြောလိုက်ခြင်းသာ။ တော်တော်မြင်ပြင်းကတ်ချင်စရာ လူကြီးဟာ ပီတိနဲ့ ဝမ်းသာအားရ ရယ်တာ ဘောင်မှ ရယ်သံက ကျယ်ကျယ်လောင်လောင်နဲ့ တစ်ဆက်တည်း

ရှည်ရှည်လျားလျား မဟုတ်။ ဟဲ ဟဲ ...။ ဟဲ ဟဲ ... နှင့် ခပ်တိုးတိုး နှစ်လုံးချင်း ဖြတ်ဖြတ်ပြီး ရယ်နေသည်။ ရယ်တာတောင် ဝမ်းသာအားရ၊ ဝဝလင်လင်၊ ကျယ်ကျယ်လောင်လောင် မရယ်ရဲတာကတော့ ယောကျ်ားတစ်ယောက်အနေနဲ့ လွန်လွန်းပြီဖြစ်ရာ လုံးဝသနားဖို့မကောင်းတော့ပေ။

"ဒီမှာ ... ခင်ဗျားကြီး ကျုပ်ကို ကျေးဇူးရှင်စာရင်း သတ်မှတ်တယ်ဆိုရင် ကျုပ်မေးတာ တစ်ခုကို မှန်မှန်ဖြေစမ်းဗျာ။ ခင်ဗျားဟာက နှစ်ယောက်လုံးက Big တွေချည်း ဖြစ်နေတော့ ဘယ်သူက စမောလ်လဲ မှန်းလို့ကို မရတော့ဘူး။ အဲဒါတစ်ခုတော့ ကျုပ်သိချင်တယ်ဖြေ"

"ဟင်း ... သီသီနဲ့က အရင်ပါကွာ၊ ဒါပေမဲ့ သူက ကလေးယူလို့ မရနိုင်ဘူးဆိုတော့ ငယ်ကတည်းက တစ်ကောင်ကြွက်ဘဝနဲ့ ကလေးရူး ရူးခဲ့တဲ့ ငါက မရွှေမှုန်နဲ့ ထပ်တွေ့တော့ သီသီဟာ ကျေကျေနပ်နပ်ပဲ လက်မှတ်ပြန်ထိုးပြီး ကွာပေးခဲ့ရှာတာ"

မျက်စိတွေ ဘာတွေလည်း လည်ထွက်ကုန်ရပါပြီ။ ကလေးလိုချင်လို့ ထပ်ယူတဲ့သူနဲ့ကကျ ကလေးမရ။ ကလေးမရနိုင်လို့ လက်မှတ်ထိုးပြီး ပြန်ကွာပေးထားတဲ့ ပထမမိန်းမနဲ့ကျတော့ ကလေးက ပြန်ရ။ ဒါပေမဲ့လည်း လက်မှတ်ထိုးပြီး ပြန်ကွာပေးထားပြီဆိုတော့ကာ ပထမဇနီးဖြစ်ခဲ့ဖူးသူတစ်ယောက်ဟာ ခုနေခါမှာတော့ တရားမဝင် နိုးဂုက်ပေါင်းသင်းထားသူပဲ ဖြစ်ရ





ပြန်။ လောကကြီးရဲ့ လှည့်ကွက်က တော်တော်လည်း ပြင်းထန်ရက်စက်လှပါလား။ အကြောင်းမသိနိုင်တဲ့ လဝါရဲ့ သူငယ်ချင်းတို့ ပ်ကွက်ထဲမှာတော့ ပြန်ကွာပေးထားတာကို မသိရင် မသိသိလှ ာ တောက်လျှောက်၊ နှစ်ရှည်လများ ပေါင်းသင်းခဲ့တဲ့ တရား င်မယားကြီးပေါ့။

"ဒီဘက်မှာ အဆင်မပြေတိုင်း သီသီ့ဆီပြန်။ ပခုံးတောင်ပြီး ခေါင်းစိုက်ငိုခဲ့တာမျိုး တကယ်တော့ ငါမလုပ်သင့်ဘူးပေါ့ကွာ။ သီသီက နှလုံးရောဂါအရင့်အမာကြီးနဲ့ကွ။ ကလေးမွေးလို့ မရဘူးလို့ ဆရာဝန်ကြီးတွေ ကိုယ်တိုင်က ပြောထားကြတာ။ တစ်ခုခုဆိုရင် ငါပဲ သေပစ်လိုက်ချင်တယ် ငါ့ညီရာ။ မင်း ကူညီလက်စနဲ့ ငါ့ကို ဆက်ပြီးကူညီပါဦးကွာ"

ကဲ ... ဘာများ တတ်နိုင်မှာလဲ။ တစ်လခွဲသာရခဲ့တဲ့ ခွင့်ရက်ကဖြင့် စေ့တော့မည်။ ဒီတော့ ခွင့်ရက်စေ့ပြီး အလုပ်ဌာနရှိရာ နိုင်ငံရပ်ခြားသို့ ပြန်ထွက်မသွားရသေးခင်စပ်ကြား သူစိမ်းအစ်မကြီးတစ်ယောက်နဲ့ ပေါက်စနီးပေါက်စန ဘေဘီလဝါ(အဲလေ)ကလေးလေးတစ်ယောက်နဲ့။ အားနာတတ်တဲ့ လဝါဟာ ချစ်သူကလေးကိုရှောင်။ မချစ်မနှစ်သက်လိုသူရဲ့တာဝန်တွေကို ထမ်း။ ဒီလိုလား ...။

"ဘာပဲဖြစ်ဖြစ် အကောင်းဆုံး၊ လိုလေသေးမရှိဘဲ ဖြစ်ချင်တယ်ကွာ။ သူ့ဆီမှာ ငါ ဟိုတစ်နေ့က ပိုက်ဆံထုပ်ကို

ပို့ပေးထားတာတော့ ရှိပါတယ်။ တောင်းယူပြီး ရှင်းပေးလိုက်ပါ။ ပိုက်ဆံကို ငှဲလိုက်ရတယ်ဆိုတာမျိုးလည်း မဖြစ်ချင်ဘူး။ လိုအပ်ရင်လည်း မင်းပဲ ခဏစိုက်ထားပေးလိုက်ပါ"

အင်း ...။ ဆံထုံးလည်းစိုက်၊ ဆီလည်းစိုက်။

"ပြောနေတဲ့လေသံက ခင်ဗျား ဒီနေ့ကော ပေါကောပေါ်လာဦးမှာလား။ ခင်ဗျားမိန်းမရဲ့အခြေအနေကလည်း ခင်ဗျားသိတဲ့အတိုင်းနော်၊ တစ်ခုခုဆို ကျွန်တော်က ဘာမှအဆုံးအဖြတ် မပေးနိုင်ဘူး"

"အေးပါကွာ ... ငါ ဘယ်လောက် ခုချက်ချင်း ပြေးလာချင်နေမလဲဆိုတာ မင်း သိဖို့ကောင်းပါတယ်"

"ဆန္ဒတွေ စိတ်ထားတွေက ဘာမှအရေးမပါဘူးဗျ၊ လုပ်ရပ်ကပဲ အရေးကြီးတာ"

"အေးပါကွာ"ကိုပဲ အလုံးတစ်ရာလောက် ဆိုကာ ဦးထင်ကြီးက ဖုန်းချသွားခဲ့သည်။ "ဘာကို ဒီလောက်ကြောက်နေရတာလဲ"ဆိုတာ စဉ်းစားလို့ကို မရပါ။ မမြွေမှုန်ဟာ ဦးထင်ကြီးဆီမှာ ပထမမိန်းမတစ်ယောက် ရှိခဲ့ဖူးတာ၊ တစ်ခုလပ်ဖြစ်တာကို သိရက်နဲ့ယူခဲ့သည်ဖြစ်စေ။ မသိဘဲ ယူခဲ့သည်ဖြစ်စေ သွန်းပုံလိုခယ်မလုပ်တဲ့သူကတောင် "အစ်ကိုကြီးက ခြေသိပ်မငြိမ်ချင်တဲ့သဘော"လို့ ပြောနေမှတော့ မိန်းမလုပ်တဲ့သူဟာ ဒီယောကျ်ားရဲ့အခြေအနေမှန်ကို သိတော့ သိပြီးနေပြီပေါ့။





လောကကြီးမှာ လူမသိ သူမသိ အဖြစ်ကသာဆိုးတာ။ လှုပ်ရှားဖို့ခက်တာ မဟုတ်ဘူးလား။ သိသွားပြီ၊ ရိပ်မိသွားပြီဆိုရင် နာမည်ဆိုးလက်မှတ်နဲ့သာ ဖြစ်ချင်ဖြစ်သွားမည်။ ဆက်လက်လှုပ်ရှားချင်သူ တစ်ယောက်အတွက်ကတော့ လှုပ်ရှားဖို့လွယ်သွားပြီလေ။

ပြီးကျတော့"ယောကျ်ားတွေ မိန်းမကြောက်ရတယ်" ဆိုတာ "ဘာကိုကြောက်တာလဲ"ဆိုတာကို လဝါက အရမ်းသိချင်သည်။ မိဘလို ဆရာသမားလို ကြိမ်နဲ့ရိုက်မှာကို ကြောက်ရပုံမျိုးလည်း မဟုတ်။ လဝါတစ်ယောက် သွန်းပုံ မျက်နှာကို အညိုးခံဝံ့တာမျိုးလို ထားရစ်ခဲ့မှာ။ ဖြတ်ချသွားမှာ။ ကိုယ်ချစ်ရတဲ့သူနဲ့ ဝေးရမှာ၊ မပိုင်ဆိုင်ရတော့မှာကို ကြောက်နေရမှာမျိုးလည်း မဟုတ်။ ပြောရမယ်ဆိုရင် မမြွေမှုန်ကသာ ဦးထင်ကြီးကို မသိသိလုနဲ့ အနိုင်အပြိုင် ပြန်ဆွဲရတော့မှာမို့ သူ့ဘက်ကတောင် တစ်ကွက်ရှုံးနေသေး။ ဦးထင်ကြီးကတောင် စင်ပေါ်လိုလို ဖြစ်နေသေးတာမဟုတ်လား။

ချစ်ရခင်ရ မြတ်နိုးရလွန်းလို့ မခွဲမခွာနိုင် ဖြစ်နေဟန်မျိုးလည်း တစ်စက်မှ မရှိဘဲနဲ့များ။ ဖြစ်နိုင်ရင် ကမ္ဘာ့အစွန်းတစ်ဖက်အထိတောင် ရှောင်ပြေးချင်ဟန် ပေါက်နေတော့တဲ့သူကများ။ ဒါဖြင့် ဘာကိုဒီလောက်ငဲ့ကွက်ပြီး အကြောက်ကြီး ကြောက်နေရတော့တာတဲ့လဲ။

မသီသီလှရဲ့ အခြေအနေက ဘာမှန်းမသိရသေး၍ လဝါမှာ (မအိပ်ရသေးသော်လည်းပဲ) သွားတိုက်၊ မျက်နှာသစ်၊ အင်္ကျီအဝတ်အစားပါလဲလှယ်ပြီး ဗိုက်လည်းဖြည့်ချင်နေတဲ့ ဆန္ဒတွေကို အသာခေါက်သိမ်းကာ ဒီတိုင်းသာ ငုတ်တုတ်ထိုင်နေရပါသည်။ ကိုယ်ချင်းကလည်း စာရမည်လေ။ ကိုယ်ကလည်း တစ်ကောင်ကြွက်၊ ဦးထင်ကြီးလည်း တစ်ကောင်ကြွက်ဖြစ်သလို မသီသီလှကလည်း တစ်ကောင်ကြွက်ပင် ဖြစ်နေပြန်ရာ တစ်ကောင်တည်းချည်း ဖြစ်နေကြတဲ့ ဟိုကြွက်တွေကို ဒီကြွက်ကမှ ကိုယ်ချင်းမစာ၊ ဘယ်သူက လာစာလိမ့်မတုန်း။

ပထမတော့ ကြီးကြီးတို့ထံ လှမ်းပြောကြည့်ဦးမလားလို့ပါ။ သို့သော် ကိုယ်နဲ့တောင် ဘာမှမဆိုင်တာ။ သူတို့လူကြီးတွေက ဘာကိစ္စ ဒီဒုက္ခတွေကို ပိုင်းခံနေရမှာလဲလို့ တွေးမိလိုက်တဲ့အခိုက်မှာတော့ ကြီးကြီးတို့ကိုလည်း လှမ်းပြောမနေချင်တော့ပေ။ အဲဒီလိုနဲ့ပဲ လူက ငြီးစီစီကြီး ပိုဖြစ်လာလေလေ။ ဟိုလူကြီးကိုပဲ မေတ္တာက လှိုင်လှိုင်ပို့သရလေ။ တစ်ကောင် ဘယ်လောက်ဲကြွက်ကြွက်ကွာ။ အားကိုးအားထား ဆွေမျိုးရင်းချာ မရှိရင်တောင် အကူအညီတောင်းလို့ရတဲ့ မိတ်သင်္ဂဟက ကိုယ်တစ်ယောက်တည်းပဲရှိရမှာလား။ နောက်တစ်ယောက်ကိုပါ ထပ်ဝန်ခံဖွင့်ပြော အကူအညီတောင်းပြီး (ကိုယ်တိုင်ကြွချီတော်မမူမလာနိုင်သေးရင်) လဝါနဲ့ နောက်တစ်ယောက်ယောက်နဲ့ လူစားလာလဲပေးဖို့ ကောင်းပြီလို့ မထင်သေးဘူးလား။





သည်းညည်းမခံနိုင်တော့တဲ့အဆုံး ဖုန်းထပ်ဆက်တော့ လဝါရဲ့နံပါတ်မြင်တာနဲ့ ဟိုဘက်မှာ နိုပ်နှိပ်ချချည်းနေလေရောသလားမသိ။ ဖုန်းက လိုင်းကိုမချိတ်မိပေ။ အခါတစ်ရာလောက်မှားတမ်း နှိပ်ဆက်ပစ်လိုက်တော့မှ မနက်ခင်းကထက်တောင်တိုးနေသေးတဲ့ စိုးရိမ်မကင်းလေသံမျိုးနဲ့ ဖုန်းကို ကောက်ကိုင်လိုက်တော်မူတော့ကာ ...

"အား ... ညီရေ၊ အခြေအနေမကောင်းဘူး၊ မင်းဖုန်းမဆက်သေးရင် ကောင်းမယ်"

"ဘာဖြစ်တယ်ဗျ၊ ခင်ဗျားတင် အခြေအနေမကောင်းတာလား၊ ဒီမှာလည်း မကောင်းဘူး"

"ဟင် ... ဟင် ... သီသီနဲ့ သားနဲ့ ဘာဖြစ် ..."

"သူတို့ ဘာမှမဖြစ်ဘူး၊ ဖြစ်နေတာက ကျုပ်ဗျ ... ကျုပ် ... ကျုပ် ...။ ကျုပ်ပြန်ချင်ပြီ။ ခင်ဗျားကိုယ်တိုင် မလာနိုင်ရင်လည်း တစ်ယောက်ယောက်နဲ့ လူစားလွှတ်လဲပေးဖို့ စီစဉ်ချေတော့"

"စီစဉ်ဖို့တောင် မလွယ်လောက်ဘူး ငါ့ညီ"

"ဟော့လူ ..."

"ဒီလိုကွာ ... တောင်းပန်ပါတယ်၊ ငါလည်း မင်းကို အားနာလွန်းလို့ ဘာပြောရမှန်းတောင် မသိတော့ပါဘူး။ ဒီမှာက ပြဿနာတက်နေကြပြန်ပြီ"

"ခင်ဗျားတို့ဘာသာ ဘာဖြစ်ဖြစ်ဗျာ။ ကျုပ်နဲ့မဆိုင်ဘူး"

"ဆိုင်တယ်ကွ၊ ပြဿနာက မင်းကိစ္စ"

"ဘာ ... ! ဘာပြောလိုက်တယ် ... ခင်ဗျား"

"မင်းနဲ့ပတ်သက်ပြီး ဖြစ်နေကြတာ ငါ့ညီရာ။ ညက အဲဒီမှာ ကလေးလာမွေးတဲ့ ကလေးအမေတစ်ယောက်ဟာ ရွှေမှုန့်သူငယ်ချင်းရဲ့ညီမ ဖြစ်နေတယ်တဲ့ကွာ၊ အဲဒီသူငယ်ချင်းက မင်းကိုမမြင်ဘူးပေမယ့် နာမည်တော့ ကြားဖူးထားသူ ဖြစ်နေတယ်။ အဲဒီမှာ "ဘောဘီလဝါ"ဆိုတဲ့ ပြဿနာက အခုအိမ်ကို သတင်းရောက်လာပြီ၊ အဲဒါကွာ"

"ဟာ ... ! "

အကျယ်ကြီး ထအော်လိုက်မိပြီးမှ "ဆေးရုံရပဝုဏ်ပါလား"ဟု သတိရကာ ကိုယ့်ရဲ့အသံတွေကို ပြန်လျှော့ရသည်။ ဘယ်လိုပင်လျှော့လျှော့၊ လူက တဆတ်ဆတ်တောင် တုန်တက်လာသည်။ "ခင်ဗျားရှင်းထားလေ၊ အဲဒီပြဿနာကို ဘာလုပ်နေတာလဲ ခင်ဗျား"လို့တောင်မှ မပြောသာပါ။ ကိုယ်ပြောလည်း ဒီလူကြီးက လိုက်လုပ်မှာမှ မဟုတ်တာ။ "ဘောဘီလဝါ"ဆိုတာသည် သူ့သားဖြစ်ပါရက် သူတစ်ပါးတစ်ယောက် နာမည်ပျက်ဒုက္ခရောက်ရတော့မယ့်ကိစ္စကို ရေအင့်ကြီးငုံကာ အော်ဟစ်သောင်းကျန်း၊ အသားကုန်ပိုးစိုးပက်စက် ပြောနေလောက်ပြီဖြစ်တဲ့ သူ့မိန်းမသူ ပြူးပြူးကြီးပဲ ကြည့်နေတော့မှာ။

"ကျုပ် အခု အဲဒီကိုလာပြီ"

"နေ ... နေပါဦးကွာ၊ ငါ တစ်ခုခု စီစဉ် ..."





"စီစဉ်ချင်ရင် ခင်ဗျားမိန်းမအတွက်သာ ခင်ဗျားစီစဉ်လိုက်။ ခင်ဗျားမိန်းမဆိုတာ ဒီက မသိသိလှကို ပြောနေတာနော်။ ကျုပ်အတွက်တော့ ဘာမှမစီစဉ်နဲ့၊ ကိုယ့်ကိစ္စကိုယ် လာရှင်းမယ်"

"ဒီ ... ဒီလိုကွာ၊ ရွှေမှုန့်သိသွားရင် သိသိနဲ့သားအတွက် စိုးရိမ်စရာ။ အဲ ... သိသိက နှလုံးရောဂါကြီးနဲ့ ငါ့ညီရာ။ ဒီပြင်ချိန်တောင် တော်ရုံစိတ်ထိခိုက်စရာလောက်ဆိုရင်တောင် စိုးရိမ်ရတာကွာ။ ခုဟာက မွေးဖွားပြီးစကြီး၊ သွေးနုသားနုကြီး။ သတိတောင်မှ လည်ရှာသေးရဲ့လားကွာ"

လဝါမှာ "တောက်"တစ်ချက်ခဲ့ အကျယ်ကြီးခေါက်လိုက်မိပြန်ကာ တယ်လီဖုန်းကိုလည်း ပိတ်ချလိုက်တော့သည်။ ဘောဘီလဝါ ...။ ဘောဘီလဝါ ...။ အင်း ...။ ရည်းစားဟောင်းရှိဘယ်ဆိုတာရယ်၊ ငွေထုပ်ကြီးတွေ့တဲ့ကိစ္စတွေရယ်ထက် အများကြီး ပိုဆိုးသေးတဲ့ကိစ္စ။ သွန်းပုံတော့ ဘယ်လိုဖြစ်နေပြီလဲ။

## အခန်း(၄)

အမေကြီးက "သွေးတိုးနေလို့"ဟု အကြောင်းပြကာ ထွက်မတွေ့။ သွန်းပုံကတော့ဖြင့် အကြောင်းပြချက်တောင်မှ မရဘဲ ဘယ်ရောက်နေပြီလဲ မသိနိုင်ချေ။ လဝါမှာ စိတ်ကုန်စရာ ဟိုလင်မယားနှင့်ပဲ ရင်ဆိုင်ရသည်။ လင်ယောကျ်ားက ငုတ်တုတ်ခေါင်းငုံ့။ မိန်းမဖြစ်သူကတော့ မနက်ဖြန်လောက်ဆိုရင်တောင် သူ့ဗိုက်ထဲမှာ ပြောစရာစကား တစ်စက်မှမကျန်နိုင်တော့လောက်အောင် ပြောတာ ...။ ပြောတာ ...။ တကယ်ကိုပိုးစိုးပက်စက်။ ရစရာမရှိ။

တော်ရုံသတ္တိ၊ တော်ရုံချစ်ခြင်းလောက်နဲ့ဆို သူ့အပြော အဆိုအောက်မှာ ဘယ်ယောကျ်ားတစ်ယောက်မှ ခေါင်းငုံ့ခံနေတော့မှာ မဟုတ်ပါ။ ကြောက်လန့်၍ဖြစ်စေ၊ ရှုးသွပ်သွား၍ဖြစ်စေ၊ ထပြီးထိုးကြိတ်ခဲ့၍ဖြစ်စေ၊ ပြေးထွက်သွားလောက်ပါပြီ။ လဝါကတော့ အချိန်အတိုင်းအတာ တစ်ခုလောက်အထိ အချိန်ပေး လွှတ်ထားလိုက်သည်။ ဒီကြားထဲမှာ ...





"ကျွန်တော့်ကိစ္စ မဟုတ်ဘူး။ ဒီပြင်တစ်ယောက်အတွက် စေတနာနဲ့ ဝင်ကူညီတာ၊ ဘေဘီလဝါ ဖြစ်သွားရတာကတော့ နှာစ်နဲ့ ကျွန်တော်နဲ့ကြားမှာ နားလည်မှုလွဲသွားတဲ့သဘောပဲ"

အဲဒီစကားကိုချည်း ထပ်ချည်းတလဲလဲ ဆယ်ခါလောက်ရှိပြီ ပြောနေတာ။ သူ့ရဲ့အော်သံကျယ်တွေကြားမှာ လစ်ခင်လစ်သံလို ထိုးဖောက်ပြီးလု,လုပြောနေရတဲ့ သဘောမို့ သိပ်တော့ အရာမထင်ပေ။ လက်သင့်ခံပေးဖို့ဝေးလို့ ကြားပုံတောင်မရဘူးထင်သည်။

"ယောကျ်ားတွေများ ကိုယ့်အဖေ၊ သူ့အဖေ။ ကိုယ့်မောင်သူ့မောင်။ ကိုယ့်ယောကျ်ား၊ သူ့ယောကျ်ား ဘယ်တစ်ယောက်မှ အကောင်းမရှိတာ။ တကယ့်လက်တွေ့ပဲ။ လုံးဝလက်တွေ့။ စစ်စစ်မှန်မှန် ကောင်းကောင်းမွန်မွန် တစ်ယောက်တွေ့ပြီလားမှတ်ရင် မယားနဲ့ဆိုတာချည်းပဲ။ တရားဝင်ဝင် မဝင်ဝင် မယားမရှိတဲ့လူပျိုလူလွတ်ဆိုတာ လောကမှာ မရှိနိုင်တော့ဘူးလား။ ဆယ်နှစ်သားလောက်မှန်းကြိုက်မှပဲ ဒီကိစ္စမျိုးကနေ လွတ်တော့မှာလား"

စိတ္တဇပဲ ...။ အားလုံး ဒီပုပ်ထဲကဒီပဲ။ ဒီတစ်လှေဘည်းက ငါးခုံးမချည်း လုပ်ပစ်ကုန်ပြီ။ သူ့ဟာက ပြောရမယ်ဆိုရင် သူ့တုန်းက ဒီလိုဖြစ်ခဲ့ရလို့ သူ့ညီမအလှည့်ကျရင်လည်း

ဒီလိုပဲ ဖြစ်ကိုဖြစ်လာရမှာလေဟု ကျိန်းသေပေါက် တွက်ဆထားပြီးပုံမျိုး။ ခုလိုပြဿနာထပေါ်တာကို စိတ်ဆိုးဒေါသထွက်တာထက် "ပြောချင်လို့ စောင့်ပြီးပြင်ထားတာ ခုမှပဲ တကယ်ပြောရပြီ"ရယ်လို့ အားရဝမ်းသာ ဖြစ်နေတော့မလိုတောင် ရှိသည်။

"နင့်ဟာနင် ကျိတ်ပုန်းခုတ်ထားတဲ့ ကိစ္စမှာ ဘာကိစ္စ သူများယောကျ်ားနာမည်ကိုပါ ဆွဲလွဲပြီး အငှားသုံးချင်နေရတာလဲ ဟင် ! မာလာ့ကို မြင်လိုက်တာနဲ့ ချက်ချင်းနင်ရဲ့သားဘောဘီလဝါကို ဦးထင်ကြီးရဲ့သားလို့ ပါးစပ်ကြီးထဲရှိရာ ဆွဲလွဲပြောပစ်လိုက်သေးတာဆို။ ကိုယ့်အရှက်ကို ဖုံးကွယ်ချင်တာနဲ့ သူတစ်ပါးကို လွှဲချတာထက်ပိုပြီး အောက်တန်းကျ သေးသိမ်တဲ့ လုပ်ရပ်မျိုး နင်မစဉ်းစားနိုင်တော့လို့လား ... ဟုတ်လား"

အင်း ... ဖြစ်နိုင်ချေကို ခေါင်းလေးအေးအေးထားပြီး လုံးဝတွေးမကြည့်ချင်တော့ဘူး ထင်ပါ့။ သတင်းက အဲဒီလိုကြားရင်၊ သူ့ယောကျ်ားအကြောင်းလည်း သိထားရင် "ကေန္တဦးထင်ကြီးရဲ့သားများ ဖြစ်နေမလား"လို့ အာကြောင့် မတွေးမိသွားရတာပါလိမ့်။

မာလာ ဆိုတဲ့ တစ်ယောက်ကို မြင်လိုက်တာနဲ့ "ဦးထင်ကြီး"ဆိုတဲ့ နာမည်ကို တန်းထွက်လာတယ်လို့ ပြောရအောင် လဝါကလည်း အဲဒီ မာလာဆိုတာကို တစ်ခါမှမမြင်ဖူး။





ကာယ်၍ "မြင်ဖူးမှာပါ"လို့ အတင်းတွက်ရင်တောင် မရွှေမှုန်ရဲ့ ငယ်ချင်းကို မြင်နေမှတော့ လိုးလွဲဆွဲထည့်ပြောတော့မယ့် အဖေ မည်နေရာမှာ "ဦးထင်ကြီး"လို့ ပြောနေပါတော့မလား။ ကိုယ့် လည်း တခြားဘာနာမည်မှ သုံးစရာမရှိနိုင်တော့မှာမှ မဟုတ်ဘဲ။ မျိုး ချက်ကျလက်ကျ ဖြစ်နိုင်ချေတွေကို သူ ဘာမှမစဉ်းစား တော့ဘူး ထင်ပါသည်။

လဝါမှာတော့ ဒီကိုပြေးလာခါနီး ခဏဝင်ကြည့်ခဲ့ သော မသီသီလှရဲ့ ဖြူဆုတ်ဆုတ် မျက်နှာကြီးကို ပြေးမြင်နေ တာနဲ့ပဲ "ကျွန်တော့်ကိစ္စ မဟုတ်ဘူးဗျ"ဆိုတာထက် ဘာမှထပ် ထွက်ရဲစရာ ဖြစ်နေရပါသည်။

"နင့်ကိစ္စ ဟုတ်ဟုတ် မဟုတ်ဟုတ်ထက် ငါ့ယောကျ်ား နာမည်ကို ဘာလို့ဆွဲတပ်တာလဲ ဆိုတာကို မေးနေတာ"

ဦးထင်ကြီး စိုးရိမ်မယ်ဆိုလည်း စိုးရိမ်စရာ။ သတိ စ်နေတဲ့ မီးဖွားပြီးစ နလုံးရောဂါသည် ဖြူဆုတ်ဆုတ်ကို တကယ် သွားကြမ်းမယ့်ရုပ်ကြီး။ ကဲ ... လဝါ။ မင်းတော့ ဝဋ်ရှိသလောက် တော့ ခံရတော့မယ့်ပုံပဲ။ ဒါပေမဲ့ ခုလောက်နဲ့တင် တော်တော် လေးတော့ ခံရခက်နေပြီ။ လက်ညှိုးငေါက်ငေါက်ထိုးပြီး နင်ပဲငဆ ပြောဆိုတာမျိုးကို သူစိမ်းမိန်းမတစ်ယောက် မပြောနဲ့ ဆွေမျိုးတွေ ကတောင် တစ်ခါမှ မခံစားဖူး။ ဒီအရွယ်ကြီးမပြောပါနဲ့။ ယ်တုန်းကလည်း မခံခဲ့ရဖူး။

"မိသွန်းပုံတို့ ကိုယ့်ကိုယ်ကိုယ် အထင်ကြီး လက်မထောင်ပြီး လင်ဖံရွေးလှ ... ရွေးလှ ...။ အရွေးတော်လှ ... တော်လှနဲ့ ရမယ့်ရတော့ အောက်တန်းစား အရက်သိက္ခာတစ်ပြားမှ မရှိဘဲ ကိုယ့်ကိစ္စ သူများထိုးချချင်တဲ့ လူမသမာ"

"တော်လောက်ပြီ ထင်တယ်ဗျာ"

"ဘာဖြစ်တယ် ... ! "

"အခု သွန်းပုံကလည်း ကျွန်တော့်ကို လုံးဝထွက်မတွေ့။ အရှင်းမခံဘူးဆိုတော့ သူနဲ့ ကျွန်တော်နဲ့က ပြီးကြပြတ်ကြပြီလား။ ဒီဘဝ ဒီမျှပဲလား"

"မင်း ဘာစကားပြောတာလဲ"

"သူနဲ့ ဇာတ်လမ်းဆက်ရဖို့ကိစ္စ မရှိတော့ဘူးဆိုရင် သူ့အစ်မ ဆုံးမနေတာတွေကို ထိုင်နားထောင်ပေးနေဖို့လည်း အကြောင်းမရှိဘူးဗျ။ သူက လက်ခံဦးမယ် ဆိုရင်တော့ အစ်မကြီး အမိနေရာနဲ့ တွေးပေးရမယ်ဆိုရင် လူကြီးဆန်ဆန်နဲ့ ဆက်ဆုံးမနေလို့ကတော့ ငုံ့ခံဖို့ရော၊ တောင်းပန်ဖို့ရော ဝန်မလေးဘူး။ ပြီးကြပြီဆိုရင်တော့ မလိုအပ်ဘူးလေ။ ဘာလို့ ကျွန်တော်က ဒီမှာ ခေါင်းငုံ့ပြီး ဆက်ထိုင်နေရမှာလဲ။ မဟုတ်ဘူးလား"

မရွှေမှုန် ကြောင်အအ ဖြစ်သွားသည်။ ဘာဆက်ပြောရမှန်း သိတော့ပုံမရ။ ဒီလိုတုံ့ပြန်မှုမျိုးကိုလည်း မျှော်လင့်ထားပုံမရ။ လဝါရဲ့အကြောင်းပြချက်ကလည်း ဟုတ်သလိုလို ရှိ





နေပေရာ "နင် မပြန်နဲ့ဦး။ ထိုင်နားထောင်ဦး"ဆိုရင် သူ့ညီမနဲ့ ဇာတ်လမ်းမပြတ်လိုသေးပါလို့ ဝန်ခံလိုက်ရာ ရောက်သွားမည်။ ပြောချင်တာတွေကလည်း ကုန်သေးပုံမပေါ်။ "အေး ... နင်ပြန်တော့၊ ငါ့ညီမနဲ့ နင်နဲ့ ဇာတ်လမ်းလည်း ပြီးပြီသာမှတ်လိုက်ပေတော့"လို့လည်း သူ့အနေနဲ့ အပြီးသတ်ဝင်ဆုံးဖြတ်ခွင့်က ရှိမရှိ သူ့ကိုယ်သူလည်း သေချာလှပုံမရချေ။

"ဒါက ငါတို့မိသားစုထဲမှာ သေသေချာချာ တိုင်ပင်ဆုံးဖြတ်ရမယ့်ကိစ္စပါ။ နောက်မှ တိကျတဲ့အဖြေပေးမယ်"

အကြာကြီး ကြောင်အ,နှုတ်ပိတ်နေချင်ဟန်မတူတဲ့ မရွှေမှုန်က "ဒီအချိန်မှာ ဒီအဖြေကသာ အကောင်းဆုံး"လို့ သူ ထင်တာတစ်ခုကို ခပ်မြန်မြန် ပြောချလိုက်သည်။

"ဟုတ်ကဲ့ ... ဒါဖြင့် သေချာပြီဆိုမှပဲ ဆုံးမတာကို နာခံဖို့၊ ထပ်ရှင်းပြဖို့ဆိုတာတွေကို ကျွန်တော်လည်း ဆက်လုပ်ပါတော့မယ်"

လဝါက စကားဆုံးဆုံးချင်း ထိုင်ရာမှ ထရပ်လိုက်သည်။ ဟိုလူကြီး ခေါင်းငုံ့ထားရက်က လှစ်ခနဲ ပြုံးလိုက်တာကို တွေ့လိုက်ရလေသည်။ လုပ်မနေနဲ့။ ခင်ဗျားကြီး အားရနိုင်ဖို့ ခင်ဗျားဘက်ကပါ နေတာမဟုတ်ဘူး။

"ဒါက ဘယ်လဲ"

ဘယ်ဖြစ်ဖြစ်ပေါ့။ ဘာမေးစရာရှိသလဲ။ မပြန်သေးရင်, သူ့ညီမနဲ့ ပေးတွေ့မလို့ဆိုရင်လည်း တစ်မျိုးပေါ့။

"ဆေးရုံကိုပါ မရွှေမှုန်။ အဲဒီမွေးလူနာကို ဆေးရုံမှာဒီအတိုင်းကြီးပဲ သောင်ပြင်လွှတ်တဲ့ခွေးလို လက်လွှတ်စပယ် ထားရစ်ခဲ့ရတာဗျ။ တကယ်တာဝန်ရှိတဲ့လူတွေက နေနိုင်ရင် နေနိုင်ကြမယ်။ ကျွန်တော်ကတော့ ကိုယ်ဝင်ပါမိတဲ့ ကိစ္စတစ်ခုကို ဒီတိုင်းတန်းလန်းကြီး၊ တာဝန်မဲ့ ထားရစ်ခဲ့တတ်တဲ့ကောင်မျိုး မဟုတ်ဘူးဗျ။ လူသားအချင်းချင်း စာနာထောက်ထားမှုဆိုတာက ရှိသေးတယ် ...

ကျွန်တော်သွား၊ ကျွန်တော့်မိန်းမ မဟုတ်တာ လုံးဝသေချာတဲ့ အဲဒီနှစ်ယောက်နားမှာ ဆက်ရှိနေရဦးမှာပဲ။ ဒါကိုမှ ဆက်အထင်လွဲနေကြဦးမယ် ဆိုရင်လည်း မတတ်နိုင်ပါဘူး။ လူတွေကတော့ အမှန်တရားကို ဘုရားသိတယ်လို့ ပြောကြတာပဲ။ ဒါပေမဲ့ ကျွန်တော်ကတော့ ဘုရားအပြင် မျက်စိတွေ၊ နားတွေ၊ ဦးနှောက်တွေ ပါနေတဲ့ ဒီပြင်လူတွေလည်း သိနိုင်ပါသေးတယ်လို့ပဲ ယူဆပါတယ်"

ဘာတစ်ခွန်းမှ ပြန်မပြောဘဲ လုပ်ချင်ရာလုပ်တတ်တဲ့ ယောကျ်ားမျိုးကိုသာ တွေ့ကြုံဖူးတဲ့ မရွှေမှုန်ဟာ အမှန်တရားကို လက်ကိုင်ထားပြီး ချက်ကျလက်ကျ ပြန်ပြောတတ်တဲ့ယောကျ်ားမျိုးနှင့်တော့ သိပ်ကြုံဖူးဟန်မရှိပါ။ သူက ဟောက်လိုက်ရင်ငြိမ်မသွားတဲ့သူမျိုးအတွက်ကျတော့ ဆက်စရာစကားကို တိတိကျကျ ရေရေရာရာ စဉ်းစားပြီးဟန်မရှိပါ။





လဝါက ကိုယ့်လက်ကို လာဆုပ်ညှစ်ဆွဲကိုင်လိုက်တဲ့ ဦးထင်ကြီးရဲ့လက်တို့ကို ပုတ်ချပစ်ခဲ့ပြီး သူတို့အိမ်ထဲက ထွက်လာခဲ့ပါသည်။ အတော်ကြီးကို စွန့်စွန့်စားစား ရဲရဲတင်းတင်းကြီး လုံ့လပြုလိုက်တာပေါ့ဟုတ်လား။ သူ့မိန်းမရဲ့ရှေ့မှာ "အပြစ်နဲ့သူကြီး"လို့ သတ်မှတ်ခံထားရတဲ့ တစ်ယောက်ကို လက်ဆွဲနှုတ်ဆက်သလို ပြုခြင်းသည်ပင် အတော်ကြီး အပြစ်ကြီးလေးလှသည်ဖြစ်ရာ သူ့အတွက်ကတော့ အင်မတန် သတ္တိပြောင်မြောက်လှတဲ့ မဟာစွန့်စားခန်းကြီးပေါ့ ... ဟုတ်လား။

သွားစမ်းပါဗျာ။ ခုချိန်မှာ လဝါရဲ့လက်ကို ကိုင်ညှစ်နေဖို့ထက် အဲဒီလုပ်ရပ်မျိုးလောက်ကိုပဲ မသိသိလုကိုသာ တစ်ချက်လောက် သွားလုပ်ပေးလိုက်နိုင်ရင် ပိုမကောင်းပေဘူးလား။

ထုံးစံအတိုင်းပင် ကိုယ့်ကားကို သူတို့ပေါ်တီကိုအောက်တည့်တည့်ကြီးမှာလည်း မရပ်ချင်။ ပန်းအိုးပုံများရဲ့ဘေးနန်ကလည်းလွတ်အောင် ခြံပြင်မှာပဲ ရပ်ထားခဲ့သည်ဖြစ်ရာ လဝါတစ်ယောက် ကားဆီပြန်ရောက်တော့ ကားထဲမှာက အသင့်ထိုင်စောင့်နေနှင့်သူနှင့် ...။

"သွန်းပုံ"

သွန်းပုံက လဝါကို မြင်မြင်ချင်း "တောက်"တစ်ချက် ခပ်ပြင်းပြင်းခေါက်ကာ ကားရှေ့ခန်းက ဒက်ရှ်ဘုတ်နှင့်တွဲ

ရက် အံကလေးကိုပါ ဒူးခေါင်းနှင့် "ဒုန်း"ခနဲ တိုက်ပစ်လိုက်သည်။ သို့သော် ... လဝါမှာ အဲဒီ"တောက်"တွေ "ဒုန်း"တွေကို လက်ခံလိုက်ရမှပဲ ရင်ထဲ ချမ်းမြေ့သက်သာသွားလိုက်ရတာ။ တကယ်တမ်း ခွင့်မလွှတ်နိုင်လောက်အောင် အကြီးအကျယ် ဒေါသထွက်နေရိုးမှန်ရင် "တောက်"တွေ "ဒုန်း"တွေဝေးလို့ အဲဒီဒေါသမျက်နှာလေးကိုပင် မော်ဖူးခွင့်ရတော့မှာ မဟုတ်ဘူးလေ။

"သွန်းပုံ"

"ဘယ်လိုဖြစ်လို့ တခေါ်တည်း ခေါ်နေရတာလဲ၊ လာပါ၊ မြန်မြန်လာ၊ တစ်နေရာရာကို မြန်မြန်မောင်း။ ပြီးရင်မလည်း ရှုပ်လုပ်ချင်ရတဲ့ကိစ္စကို နိုင်နိုင်လုံလုံဖြစ်အောင် ရှင်းပြပေတော့"

"ကိုယ့်ကိစ္စ မဟုတ်ဘူး"

"ရှင့်သားနဲ့ ရှင့်မိန်းမ မဟုတ်ဘူးဆိုတာ ဘယ်သူမှမသိ ရင်နေ ကျုပ်သိတယ်ကွ။ ဒါကို ပြောနေစရာမလိုဘူး။ ဘာကြောင့် မဆီမဆိုင်ကြီး ဝင်ရှုပ်ပြီး ခေါင်းခံရသလဲဆိုတာကိုပဲ လက်ခံချင်စရာကောင်းလောက်အောင် ရှင်းပြ"

"ကျုပ်သိတယ်ကွ"တဲ့။ အထက်စီးကြီးနဲ့ တောသူကြီးလေသံမျိုး။ ဒါပေမဲ့ လဝါအဖို့ကတော့ သကြားရည်တွေနားထဲလောင်းထည့်ခံရတာထက်ပင် ချိုပါသေးသည်။ လဝါရဲ့အချစ်၊ လဝါရဲ့သိက္ခာ။ အဲဒါတွေအားလုံးကို လုံးဝဥဿုံ ယုံကြည်





လက်ခံပါတယ် ... လို့ အဓိပ္ပာယ်ရနေတဲ့ "ကျုပ်သိတယ်ကွ" ဟာ လဝါအတွက်တော့ ဒီတစ်နှစ်တာအတွင်း အကောင်းဆုံးသောစကားလုံး "Word of the Year"အဖြစ်တောင် သတ်မှတ်ရမလိုပါ။

"ဒါက ဘယ်မောင်းနေတာလဲ။ စကားပြောလို့ရတဲ့ တစ်နေရာရာကို မြန်မြန်သွားပါဆို"

"ဆေးရုံကို ပြန်သွားနေတာ သွန်းပုံ"

"ဘာဖြစ်တယ်"

"ကိုယ်မရှိလို့ မဖြစ်ဘူး။ အမေလုပ်တဲ့သူက စိုးရိမ်ရတယ်"

"ရှင်က ဘယ်လိုဖြစ်နေတာလဲကွ။ ကျုပ်ကပါ အဲဒီအထိလိုက်ရမယ် ! "

"ကိုယ်က သန်ဘက်ခါဆိုရင် ပြန်ထွက်ရပြီ။ အစကစဉ်းစားထားတာကတော့ ကြီးကြီးတို့ကို အကူအညီတောင်းခဲ့ရမှာပဲလို့ပဲ။ ခုတော့ သွန်းပုံကိုပဲ အပ်ခဲ့တော့မယ်။ ကလေးကအရင် ဆေးရုံကဆင်းရမယ်ထင်တယ်။ ကြီးကြီးတို့အိမ်မှာပဲ နာ့စ်နဲ့ ဘာနဲ့ စီစဉ်ပြီး ထားခဲ့မှာပါ။ ဒါပေမဲ့ တာဝန်ယူ ကြည့်ရှုစောင့်ရှောက်ပေးတာမျိုးကိုတော့ သွန်းပုံပဲ လုပ်ပေးပါ။ ဒါ ... ကိုယ် အနူးအညွတ် တောင်းဆိုတာပါ"

"ရှင် ရူးများသွားပြီလားဟင် ... ! ဒါမှမဟုတ် သွန်းပုံကို အရွဲ့တိုက်နေတာလား"

"သွန်းပုံကို ကိုယ့်လိုပဲ လူသားဆန်တဲ့ လူတစ်ယောက်အဖြစ် မြင်ကြည့်လိုက်တာပါ။ အမေက စိုးရိမ်ရတယ်။ ကလေးက ရက်သားလေး။ အဖေက အဖြစ်မရှိတဲ့ လူထူးလူဆန်း။ တာဝန်ခံထမ်းပိုးပေးထားရတဲ့ကိုယ်က မဖြစ်မနေ ခရီးထွက်ရတော့မယ်။ အဲဒီအချိန်မျိုးမှာ ကိုယ်တန်ဖိုးထားယုံကြည်နိုင်တဲ့သူကိုပဲ ပန်းပြောင်းပေးခဲ့ဖို့ ကိုယ်တွေးမိတယ် သွန်းပုံ။ ကိုယ်လုပ်ရပ်တွေက သွန်းပုံအတွက်တော့ အရွဲ့တိုက်ရာ ရက်စက်ရာ ကျကောင်းကျမယ်။ ဒါပေမဲ့ သွန်းပုံကသာ ရက်စက်ခွင့်မပေးရင် ကိုယ်လည်း ဘယ်လိုမှရက်စက်နိုင်မှာ မဟုတ်ပါဘူး"

ရှေ့ခန်းထိုင်ခုံထက်မှာ ခပ်မတ်မတ် မှီထိုင်နေတဲ့ သွန်းပုံက သူ့ရဲ့ထိုင်ခုံကိုလည်း ခလုတ်ဆွဲညှစ်ပြီး ပြေလျော့လျော့ဖြစ်အောင် လုပ်လိုက်သည်။ သူကိုယ်တိုင်လည်း ပျော့ခွေခွေ ပြေလျော့လျော့ပုံစံကြီးနှင့် မှီလဲချလိုက်သည်။ မျက်စိကိုလည်း စုံမှိတ်ကာ သက်ပြင်းကြီးတစ်ခုကိုပါ မှုတ်ထုတ်လိုက်ရင်းက ...

"အစ်ကိုကြီးရဲ့ကလေးပဲ မဟုတ်လား"

"ဟုတ်တယ် သွန်းပုံ"

"အဲဒါ ပထမမိန်းမ ဆိုတာလား၊ နောက်တစ်ယောက်သပ်သပ်လား"

"အရင်မိန်းမပဲ"





"ဒါနဲ့ ရှင်က ဘယ်လိုကဘယ်လို အစ်ကိုကြီးနဲ့ ဒီလောက်ရင်းနှီးချစ်ကြည် စည်းလုံးသွားရတာပါလိမ့် ! လိုက်မမီတော့ဘူး"

"ဦးထင်ကြီးက ဒီကိစ္စကို မရှေ့မှန် သိသွားမှာကို သူသေရမှာထက်တောင်မှ ကြောက်နေသေးတဲ့ပုံပဲ"

"သွန်းပုံလည်း မမကို သွားပြောဖို့ မရည်ရွယ်ပါဘူး။ ရှင်ရွေးချယ်မိတဲ့သူဟာ ကာယကံရှင်တစ်ယောက်ရဲ့ညီမဖြစ်နေပေမယ့် ဒီပြင်ပါးစပ်တွေထက် ပိုလုံနိုင်ဦးမယ့်သူဆိုတာ စိတ်ချထားလို့ ရပါတယ်။ သွန်းပုံက အဲဒီပြဿနာတွေကို စိတ်ကုန်လွန်းလုပြီ လဝါ"

သွန်းပုံရဲ့မျက်နှာလေးက ထန်တော့ ထန်နေသည်။ ဒါပေမဲ့ ဒါတိုင်းလို စိတ်တို ဒေါသထွက်နေတဲ့ ပုံမျိုးလည်းမဟုတ်။ စိတ်ကောက်နေတဲ့ဟန်လည်း မရှိ။ သူပြောသလို "စိတ်ကုန်တယ်" ဆိုတာမျိုးနဲ့ပဲ တကယ်လိုက်ဖက်လှတဲ့ ရုပ်မျိုးဖြစ်ပါသည်။ လဝါဒါ ဘာကိုရည်ရွယ်မိမှန်း မသိဘဲ "ဆောရီး"ဟု ခပ်တိုးတိုးတစ်ခွန်း ပြောလိုက်မိ၏။

ဆေးရုံကို ပြန်ရောက်တော့ ကလေးကို သူပါလိုက်ကြည့်တဲ့ သွန်းပုံဟာ ပုစနီးပုစနလေးကို မချီတတ် ချီတတ်နဲ့ ကောက်ချီနေရင်းက ...

"ဟင်း ... တောက် ! သူ့ရုပ်ကြီးမှ သူ့ရုပ်ကြီး ချွတ်စွပ်တော် ... အံ့ပါရဲ့"

"ငါ ဘာတွေလုပ်နေတာလဲ၊ ငါဘာတွေလုပ်မိနေပါလိမ့်၊ ငါ့လောက် ရူးနှမ်းတဲ့မိန်းမ ရှိနိုင်ပါဦးမလား"

"သူ့အမေရဲ့ကျန်းမာရေးအတွက် ငါက ဘာလို့ဆုတောင်းပေးနေရမှာလဲ။ ကျွတ် ! အဓိပ္ပာယ်ကို မရှိဘူး"

"လဝါတို့များ သည်းခံနိုင်လှချည့်၊ အလိုက်သိလှချည့်။ ချစ်နိုင်လှချည့်နဲ့။ သွန်းပုံမျက်နှာညိုမယ့် အလုပ်မျိုးဆို ဝါသနာကိုမပါဘူးတဲ့။ ခုဟာကတော့ ညိုရုံတင်က,ရဦးမလား။ ဖြတ်ပါရိုက်ချထည့်လိုက်တာပဲ ... တောက်"

"ဒီမှာ ...။ အိမ်ကပြန်သိသွားရင် ခေါင်းနဲ့ဆင်းရမလား။ ဓားနဲ့ထခုတ်ကြမလား။ ရှင်နဲ့ ကျွန်မ လောင်းမလား"

ပေါက်ကရတွေကို နှုတ်ဖျားကနေ တတွတ်တွတ်ရေရွတ်နေရင်းက ကလေးလေးကိုကျတော့ လက်ထဲကမရှား တလှုပ်လှုပ် တရှုရှုနဲ့ ငှားထားတဲ့ သီးသန့်ခန်းထဲ ခေါက်တုံ့ခေါက်ပြန် ဟိုလျှောက်သည်လျှောက် လုပ်နေတာ။ စပါယ်ရှယ်နာ့စ်ကလေးကတောင် "ကလေးက ညကမှ မွေးတာနော် အစ်မ။ အကြမ်းလည်း မခံနိုင်သေးဘူး။ ပိုးတွေ ဘာတွေကူးမှာလည်း ကြောက်ရတယ်။ ဒီ Cot (ကလေးခုတင်)လေးထဲပဲ ချသိပ်ထားပေးပါလား"ဟု တားယူရသည်။

အဲဒီလိုပြောတော့လည်း ဆရာမလေးကိုကျတော့ အေးအေးဆေးဆေးနဲ့ပင် ကလေးပြန်ပေးလိုက်ပေမယ့် လဝါတို့ကျတော့ အကြောင်းမဲ့သက်သက် မျက်စောင်းနဲ့ ...





"စိတ်ယုတ်မာကြီး၊ အကြံအစည်ရှိင်းကြီးတွေနဲ့ infection ဝင်ပါစေ။ ခေါင်းတွေမူးလည်ပြီး သွက်ချာပါဒလိုက် ကုန်ပါစေလို့ တမင်လုပ်နေတယ် မှတ်လို့လား"

နေရင်းထိုင်ရင်း လှမ်းရန်တောင်လိုက်သေးသည်။ လဝါကိုသာ ရန်တောင်တာ၊ ကလေးက မိခင်နို့ကိုစို့ခွင့်မရ။ နို့မှုန့်သာတိုက်ရတော့မည်ဆိုတော့ ဆရာမလေးကိုလည်း လက်သည်းခြေသည်းတွေ ဆံပင်တွေ စစ်လိုက်သေးကာ ...

"နို့မှုန့်က မိခင်နို့လောက် မကောင်းဘူးဆိုပေမယ့် ရမှမရတော့တာ၊ နို့မှုန့်ပဲတိုက်မယ် သိလား။ သန့်သန့်ရှင်းရှင်းဖြစ်ဖို့က အဓိကပဲ။ ဆေးရုံတွေမှာ ဆရာမတွေက ဟိုအမေကို အကူအညီတောင်း၊ ဒီအမေကို နို့အငှားတိုက်ခိုင်း။ သိပ်ဝါသနာပါကြတာ။ အဲလိုမလုပ်ဘူးနော် ... သိလား။ သူ့ရင်ဘတ်ကဖြင့် သန့်မှန်းမသန့်မှန်းမသိ။ သူ့ကိုယ်တွင်းမှာလည်း ဘာရောဂါတွေရှိနေနိုင်မှန်း ကိုယ်မသိ။ နို့မှုန့်ကိုပဲ အတတ်နိုင်ဆုံး သန့်သန့်ရှင်းရှင်း လုပ်မယ်နော် ဆရာမ။ သေချာလေး ဂရုစိုက်ပေးပါ"

လဝါမှာ တစ်ညလုံး တစ်နေ့လုံး ခေါင်းနောက်စိတ်တိုထားရတာတွေပင် ပျောက်ကုန်ရပါသည်။ ကိုယ့်အစ်မဖြစ်သူရဲ့ ဂုဏ်သိက္ခာတွေနဲ့ အတ္တမာနကို မြောင်းထဲပြုတ်ကျနေစေတဲ့ ဒီတရားခံစာရင်းဝင်ကလေးအပေါ် ထားနိုင်တဲ့ သွန်းပုံရဲ့ မိန်းမပီသတဲ့ မိခင်စိတ်ကို မြင်လိုက်နိုင်တာမို့ လဝါရင်ထဲ ချမ်းမြေ့ကြည်လင်လို့ နေရသည်။

ကိုယ့်ချစ်သူလေးက ပါးစပ်ဆိုးပေမယ့် စိတ်ရင်းကတော့ အင်မတန် ဖြောင့်မတ်ဖြူစင်လှတာ လဝါအတွက်တော့ ကံကောင်းတာပင်။

"မသိသိလှ အခြေအနေ မကောင်းဘူး၊ ပြန်လို့ရရင် အမြန်ပြန်လာပါ"ဟု သွန်းပုံထံမှ အီးမေးလ်ရသည်မို့ ကုမ္ပဏီမှာ ကိစ္စကို မရမက သဲကြီးမဲကြီး လိုက်လုပ်ကာ မြန်မာနိုင်ငံသို့ အမြန်ဆုံး ပြန်လာခဲ့ရပါသည်။

"ခွင့်က ဘယ်နှရက် ရခဲ့တာလဲ"

"တစ်ပတ်"

"ဟာ ... ! နည်းနည်းလေး။ တစ်ပတ်နဲ့ ဘာလုပ်လို့ရမှာလဲ"

"ဒါပေမဲ့ သုံးလအပြည့်လုပ်ပြီးမှ တစ်လခွဲရတာလေကွာ။ ခုဟာက သုံးပတ်ပြည့်ရင်တောင် တစ်ပတ်ခွဲ ပြန်ရနိုင်ဦးမယ်။ ကိုယ်ပြန်သွားတာ သုံးပတ်မှ မပြည့်သေးဘဲ"

"ပြီးရော ...။ ဒါဖြင့်ရင် ခုကစပြီး သုံးလ၊ တစ်လခွဲစနစ် မလုပ်နဲ့တော့။ သုံးပတ်၊ တစ်ပတ်ခွဲပဲ မရ,ရအောင်ပြန်တောင်းပြီး ဒီကိုပြန်ပြန်ရောက်လာနိုင်ဖို့ ကြိုးစားပေတော့"





"အဆင်မပြေဘူးလား"

"ဘယ်လိုလုပ်ပြေမလဲ လဝါ။ မေမေရော မမပါ သွန်းပုံကို တစ်ခုခုတော့ တစ်ခုခုပဲ ဆိုပြီး စောင့်ကြည့်နေကြတာ။ ဘာမှန်းသေသေချာချာ ရေရေရာရာ မသိကြသေးလို့သာ။ ကျေတော့ ကျေနပ်နိုင်ကြတာ မဟုတ်ဘူး။ လက်ဆုပ်လက်ကိုင်ကလည်း မပြနိုင်တော့၊ အကွက်ချောင်းပြီး အလစ်အငိုက်ဖမ်းမယ့်ပုံကြီးတွေနဲ့ ဖြစ်နေကြတယ်"

"သွန်းပုံက ကြီးကြီးတို့ အိမ်တော့ ပုံမှန်ရောက်ဖြစ်နေတယ်ပေါ့"

"မရောက်လို့ ရမလားကွ။ အိမ်မှာက မေမေနဲ့ မမကို ရှောင်နေရတဲ့အပြင် ခဲအိုကိုလည်း မျက်နှာချင်းမဆိုင်မိအောင်ကို မနည်းလှည့်ပတ် ရှောင်ရှားနေရတာ။ ဘယ်လိုလူကြီးမှန်းကို မသိဘူး။ အရှက်လည်းမရှိဘူး။ နည်းနည်းလေး လူလစ်လိုက်တာနဲ့ အနားကို ဖတ်ခနဲ ရောက်လာပြီး သူ ပြောချင်တာ သူလုပ်ချင်တာတွေကိုချည်း တရစပ်ကလေးကြီး ပူဆာသလို လာလာလုပ်နေတာ။ မသိတဲ့သူတွေဆို ဒီခဲအိုနဲ့ ဒီခယ်မဟာ လူလစ်ရင် တိုးတိုးကျိတ်ကျိတ်တွေ ဖြစ်ကြပြီ။ ဘာပါလိမ့်လို့တောင် အထင်မှားလောက်တယ် ...

အဲဒီ အရှက်မရှိကြီးက သွန်းပုံကို ကြီးကြီးတို့အိမ်သွားဖို့ကိုချည်း တစ်ပတ်မှာ ခုနစ်ရက်လုံးလုံးကို နေ့တိုင်း

ပြော,ပြောနေတာ။ လဝါကတော့ သွန်းပုံကို အပ်သွားမှာပဲ၊ ကလေး၊ကလည်း အဲဒီမှာပဲ ရှိနေမှာပဲ ဆိုတာ သူကြီး၊က တစ်ထစ်ချ သိနေတယ်လေ"

"မသိသိလှက အခြေအနေမကောင်းဘူး ဆိုတာက ဘယ်လိုလဲ"

"သွန်းပုံ ထင်တာတော့ မရနိုင်တော့လောက်ဘူးနဲ့ တူတယ်"

"ဟာ ... ! "

"ဆေးရုံက တက်ပြီးကတည်းကကို ပြန်မဆင်းရတော့တာလေ။ လဝါ အပြင်ရောက်နေတဲ့ သုံးပတ်အတွင်း အခြေအနေက ထူးပြီးကောင်းမလာတာနဲ့ အိုကျိဝါဒ်ကနေ မယ်ဒီကယ်လ်ဝါဒ်ကို ပြောင်းပေးလိုက်တယ်။ ဒါပေမဲ့ နေလောလောဆယ်ကတော့ CCU (Cardiac Care Unit)နှလုံးအထူးကြပ်မတ်ကုသဆောင်ထဲမှာ"

"ကိုယ်ကလည်း တစ်ပတ်ပဲ ခွင့်ရခဲ့တာ ... ခုက္ခပဲ"

"သြော် ... ရှင်မိပို့အတွက် သူက ဒီတစ်ရက်နှစ်ရက်အတွင်းမှာပဲ စီမံခန့်ခွဲပေးရမယ့် သဘောလား ဦးလဝါရဲ့"

"သူ့မှာ ဆွေမျိုးသားချင်းထဲကလည်း နီးနီးကပ်ကပ်ပြည့်ပြည့်စုံစုံ ရှိတာမဟုတ်ဘူး။ တစ်ခုခုဆို ကိုယ်ရှိမနေရင် သွန်းပုံ အရှမ်းအလုပ်ရှုပ်ပြီး ပင်ပန်းမှာပေါ့။ ဟိုလူကြီးက အသုဘရှင်လုပ်ပြီး တာဝန်ယူ မျက်နှာလာပြတာမျိုးတောင် လုပ်ရဲပါ့မလား"





"သေချာတယ် ...။ မလုပ်လောက်ဘူး။ ဒါပေမဲ့ ဆွေရင်းမျိုးရင်း၊သာ မရှိတာ။ သူတို့အရပ်ထဲက လူတွေကတော့ စည်းစည်းလုံးလုံး မေးမေးမမနဲ့ ရပ်ဆွေရပ်မျိုး ပီသကြပါတယ်။ အဲဒါတွေကကျတော့ မသိသိလှနဲ့သာ ကောင်းကြတာ။ သွန်းပုံနဲ့ကျပြန်တော့ တစ်မျောက်လေ"

"ဘာလို့လဲ"

"သွန်းပုံကို မခွေမှုန်ရဲ့ညီမမှန်း သိနေကြတာကိုး"

လဝါရဲ့သူငယ်ချင်း၊ထဲမှတစ်ဆင့် တစ်ရပ်ကွက်လုံး၊ သိကုန်ကြတာပဲဖြစ်မည်။ လဝါတို့ရှင်းက "မသိက အရင်ဖြစ်မယ်"၊ "မခွေမှုန်ကသာ အရင်ဖြစ်နိုင်တာပေါ့"စသဖြင့်တွေ ငြင်းခုန်ခဲ့ဖူးကြသေးတာကိုး။

"ဒါဖြင့်လည်း ဆေးရုံကိုမသွားချင် မသွားနဲ့တော့လေ။ သူ့ကို ဝိုင်း၊ဝေ၊မကြည့်ရှုနိုင်မယ့် ရပ်ဆွေရပ်မျိုးတွေ ရှိနေတယ်ဆိုရင် သွန်းပုံက ကြီးကြီးတို့ဆီပဲ မကြာခဏလေ၊ လောက် ရောက်ဖြစ်နေရင် တော်ပါပြီ"

"ဒါပေမဲ့ သွန်းပုံကိုယ်၌က သွားချင်နေတာပါ လဝါ။ တကယ်လို့ သွန်းပုံရဲ့အစ်မဟာ မသိသိလှအပေါ်မှာ အပြစ်ကြွေးတွေ ရှိနေခဲ့မယ်ဆိုရင် အဲဒါတွေကို ညီမလုပ်တဲ့သူက မကျေနိုင်ရင်တောင် ဆပ်တော့ ဆပ်ပေးလိုက်နိုင်တာမျိုးပဲ ဖြစ်စေချင်တယ်။ မှားခဲ့သလို ရှိတာက သွန်းပုံတို့ဘက်ကလေ"

လဝါက သွန်းပုံရဲ့လက်ဖျားလေးကို ခပ်တင်းတင်း လေး ဆုပ်ကိုင်လိုက်သည်။ စိတ်ကျဉ်းကျပ်မှုတွေ ဖိစီးကာ လ ကို မြင်မြင်ချင်း ဆိုသလို ပိတ်ဟောက် ရန်လုပ်လို့ပဲ နေခဲ့သ သွန်းပုံဟာ ခုလိုကျတော့လည်း ညှိုးငယ်မှုန်မှိုင်းနေတဲ့ မျက် ကလေးနဲ့ တစ်ခုခုကို သဲကြီးမဲကြီး စဉ်းစားနေပြီးမှ ...

"လဝါ ... ယတြာဆိုတာမျိုးတွေကို ယုံလားဟင်"

"ဟင် ... ဘာကိုပြောတာလဲ သွန်းပုံ။ ကိုယ်တို့ကတော့ ယောကျာ်းလေးဆိုတော့ ယုံတယ် မယုံတယ် မရှိပါဘူး လုပ်တော့မလုပ်ဖြစ်ကြဘူးပေါ့၊ သွန်းပုံကတော့ တစ်ခါ ပြောဖူးတာ၊ စာမေးပွဲအောင်ချင်ရင် ပုတီးဘယ်နပတ်စိပ် ပါ ဆိုတာမျိုးဆိုရင်တော့ ဖိစိပ်လိုက်တယ်ဆို။ သွန်းပုံက ကော ယုံလို့လား။ ဘာလို့မေးတာလဲ"

"အဲဒါမျိုးကို ပြောနေတာ မဟုတ်ဘူး။ ကိုယ်ကောင်းဖို့ လုပ်တဲ့ ယတြာမျိုးကို ပြောတာမဟုတ်ဘူးလေ။ သူများဆိုး ဖို့လုပ်တဲ့ ယတြာတွေ ဆိုတာရော ကြားဖူးလား"

လဝါက သွန်းပုံကို မျက်လုံးထဲ ဟိုးအတွင်းဘက် ထဲထိ လိုက်ကြည့်လိုက်သည်။ မဒ္ဒေမှုန် လုပ်လုပ်နေတတ်တာ တွေကို ဆိုလိုတာလား။ အရင်အချိန်တွေတုန်းကတော့ သွန်းပုံ လေးဟာ အဲဒီအဖြစ်အပျက်ကို လဝါသိမှာ စိုးရိမ်ခဲ့ပုံရသည်၊ ဖုံးဖုံးဖိဖိ လုပ်ချင်သည်။ ခုကျတော့ ဘာလို့များ ရင်ဖွင့်ချင်သလို ဖြစ်လာရတာပါလိမ့်။





"အဲဒီလိုအလုပ်ခံရရင် အချေခံရတဲ့သူမှာ ထိခိုက်ဆုတ်ယုတ် တယ်ဆိုတာမျိုးရော ဖြစ်နိုင်လား။ လဝါ ယုံမလားဟင်"

"ယတြာဆိုတာ ကောင်းရာကောင်းကြောင်းလုပ်မှ ကောင်း ကျိုးဖြစ်ထွန်းစေတာမျိုးကို ခေါ်တာမဟုတ်လား သွန်းပုံရဲ့။ ဆိုးအောင်က လုပ်လို့ကော ရနိုင်လို့လား။ ဖြစ်နိုင်ပါ့မလား"

သူ့အစ်မ ဒီလောက် နေ့စဉ်နဲ့အမျှနီးပါး တရစပ် လုပ်နေတာ။ ဖြစ်မယ်ဆိုရင် ဟိုလူကြီးဟာ ခုချိန်မှာ ပြားပြားဝိ ပ်ကျိုးပြီး သုံးခါပြန်လောက် ဒုက္ခရောက်ကာ မြေမှုန့်တစ်စသာ သာလောက်ပဲ ရှိနေတော့မှာပေါ့။ ခုကျတော့ ဘာမှဖြစ်နေပုံလည်း ပေါ်။ ဒါကိုတော့ သွန်းပုံကို ဖွင့်ပြောပြီး "ဟိုလူကြီးမှ ဘာမှမ ဖြစ်တာကို"လို့ အားပေးနှစ်သိမ့်လိုက်ချင်လို့ ရမည်မထင်ပါ။ သူ့အစ်မအကြောင်းတွေ လဝါ အားလုံးသိပြီးနေတာ၊ အင်မတန် အထင်သေးပြီး စက်ဆုပ်လှတာ။ ချစ်ရသူကလေးကို မပြောရက်ပါ။

ဖြစ်နိုင်ရင် လဝါဟာ အဲဒီလိုလူမျိုးနှင့် အမျိုးတော်မ မတော်စပ်ချင်ပါ။ ဆွေမျိုးဉာတိ နည်းပါးတဲ့ မိဘမဲ့တစ်ကောင် ကြွက်ဘဝမှာ အိမ်ထောင်ပြုလက်ထပ်လိုက်လို့ တော်စပ်လာမယ့် အမျိုးဆိုတာမျိုးကို ရင်းနှီးချစ်ခင်စည်းလုံးမည်ဟု ခံယူထားပါသော် လည်း အဲဒီကံက လဝါမှာ ပါလာပုံမရခဲ့။

"အစက သွန်းပုံလည်း အဲဒီလိုပဲ ထင်ခဲ့တယ်။ သူများ တကာကို မကောင်းကြံနေရင် ကြံနေတဲ့သူမှာပဲ ဘေးဒဏ် ထိနိုင်မယ်။ ဟိုတစ်ဖက်သားကိုတော့ ထိအောင် ဒုက္ခရောက်

အောင်လုပ်နိုင်တဲ့ ပညာမျိုး မရှိလောက်ပါဘူးလို့လေ။ အနုကျစွာ လုပ်တဲ့သူလည်း ထိနိုင်သလို၊ အချေခံရတဲ့ရု မှာလည်း သီလသမာဓိတို့၊ ရှေးကုသိုလ်တို့၊ ဒီဘဝရဲ့ အကျိုးပေးတို့အပေါ်မှာ မူတည်ပြီးတော့ အနည်းနဲ့အများ ခံစားရမယ် ထင်တယ်လို့ ပြောင်းပြီးယုံချင်လာတယ်"

"ဘာတွေလျှောက်တွေးနေတာလဲ သွန်းပုံရယ်၊ အဲဒါတွေက ခေါင်းထဲ သိပ်မထည့်ထားသင့်တဲ့ စိတ်ညစ်စရာတွေ မဟုတ်လား။ ကိုယ်တို့မှာ ဒီထက်ခေါင်းသုံးသင့်တာတွေ အများကြီး ရှိတယ်လေ"

"ဟင့်အင်း ...။ ဒါကလည်း အရေးကြီးတယ်။ လဝါ _ နု မသိသိလို့ ခံစားနေရတာတွေဟာ သူ့ကုသိုလ်ကံအပြင် တစ်ယောက်ယောက်က တစ်ခုခုလုပ်နေလို့ ဆိုတာမျိုးရော မဖြစ်နိုင်ဘူးလား"

"သွန်းပုံ"

"ဟုတ်တယ် လဝါ။ မမဟာ ဒီတိုင်းတော့ မနေမှာမဟုတ်ဘူး။ သူ့စိတ်ထဲ ဝေဝေဝါနဲ့ မသက်သလည်း ဖြစ်နေပြီဆိုတော့ မသိသိလှကို မကောင်းကြံတဲ့ ယတြာတွေချေနေမှာ အမှန်ပဲ။ ပြောရမယ် ဆိုရင်တော့ အောက်လမ်းနည်းလို့ လူတွေက သတ်မှတ်ရှောင်ကြဉ်ထားကြတဲ့ဟာမျိုးတွေနဲ့ပေါ့။ ဟိုကလည်း ကံနိမ့်နေတဲ့အချိန်၊ အကုသိုလ်အကြောင်းတရားနဲ့ တိုက်ဆိုင်နေတဲ့အချိန်ဆိုတော့ လိုမ့်ခံနေရရော"





သွန်းပုံက "မဖြစ်စေချင်ဘူး၊ သူသေသွားမှာ သွန်းပုံ အရမ်းကြောက်တယ်"ဟု အရူးတစ်ယောက်လိုပင် ခပ်ကျယ်ကျယ် တစ်ချက်အော်လိုက်ပါသည်။ သူ့ရဲ့အသံဟာ ကျယ်မယ့်သာကျယ် နေသော်လည်း ဝေဒနာခံစားနေရသူတစ်ယောက်ရဲ့ ညည်းတွားသံ လို အင်မတန် သနားစရာလည်း ကောင်းနေသည်။

လဝါမှာ စိတ်ထိန်းနေတဲ့ကြားက ဒေါသတွေထွက် ချင်လာရတော့သည်။ ဆရာဝန်တွေ၊ တာဝန်ရှိသူတွေ၊ နည်းပညာ ပေါင်းစုံ၊ ဆေးပေါင်းစုံနဲ့ စက်ခဲပင်ပန်းခြင်းကြီးစွာ လူတစ်ယောက် ရဲ့အသက်ကို လုနေကြရချိန်မှာ တစ်ဖက်မှာတော့ "သေပါစေ၊ ကြေပါစေ၊ ဒုက္ခရောက်ပါစေ"ဟု အဆက်မပြတ် ကြိုးစားဖိနှိပ်နေ သူကလည်း ရှိနေသေးသတဲ့လေ။ ဒီလိုနည်းပညာတွေကို ယုံတာ မယုံတာထက် စိတ်ထဲမှာ ထိနိုက်နာကျင်ပင်ပန်းလွန်းလှသည်။

သွန်းပုံလေးဆိုရင် လဝါ ခံစားလိုက်ရတဲ့ ခံစားချက် မျိုးထဲမှာမှ ကြောက်တာရော၊ ရှက်တာရောပါ ထပ်ပြီးပေါင်းစပ် ပါဝင်နေမှာ။ ဘယ်လောက် အခံရခက်၊ အနေရ အထိုင်ရ ကျဉ်း ကျပ်ကာ ခေါင်းခဲနေရှာမလဲ။

"မမ ... မမကလေ ... အဲဒါမျိုးတွေ လုပ်တတ်တယ်၊ လုပ်လေ့ရှိတယ် လဝါရယ်၊ အစ်ကိုကြီးကိုလည်း သူ အမြဲ လိုကို လုပ်နေတော့တာ"

သွန်းပုံက သူ့လက်ဖဝါးနှစ်ဖက်ထဲသို့ မျက်နှာကို အောက်ချလိုက်ပါသည်။

"အဲဒါတွေ လဝါ သိသွားမှာ အရမ်းစိုးတာပဲ။ ဒါပေမဲ့ ဘယ်လောက်ကြာကြာကြီးကော သွန်းပုံက ဖုံးဖိထားနိုင်မှာလဲ။ သွန်းပုံမှာ လဝါကို ပွင့်ပွင့်လင်းလင်းနဲ့ ဖွင့်မပြောဖြစ်သေးတာတွေ အများကြီးရှိတယ်။ အဲဒီအတွက်လည်း အမြဲတမ်း အပြစ်မကင်းသလို ခံစားနေရတာ။ သွန်းပုံမှာ ဖုံးကွယ်မှုတွေ တအားများတယ်"

လဝါက သွန်းပုံကို သူ့လက်ဖဝါးနှစ်ဖက်ထဲကနေ ဆွဲထူလိုက်သည်။

"သွန်းပုံ ဒီမှာ ကိုယ့်ကိုကြည့်စမ်း၊ သွန်းပုံရဲ့စကားတွေအတွက် ကိုယ် ဘာမှမဖြစ်ဘူး။ ကိုယ့်အတွက် အဓိက,က သွန်းပုံပဲ။ အဲဒါမျိုးတွေကို ဘယ်သူကပဲလုပ်နေနေ၊ သွန်းပုံ လုပ်မနေရင်ပြီးရော၊ ရပြီ ...

ဖွင့်ပြောစရာတွေရှိတယ် ဆိုတာလည်း သွန်းပုံက ပြောထားဖို့သင့်တယ်လို့ ဆုံးဖြတ်တာမျိုး ဆိုရင်တော့ ပြောချင်တဲ့အချိန်ကျမှသာ ပြောပါ။ သွန်းပုံအကြောင်း မဟုတ်တဲ့ ဒီပြင်အကြောင်းတွေကို အဆောတလျှင်ကြီး မသိရလည်း ဘာမှမဖြစ်ဘူးလို့ ကိုယ်က ခံယူနိုင်ပါတယ်"

"နေမှာမဟုတ်ဘူး၊ မမက လဝါကိုလည်း လုပ်မှာ။ ဟင် ! ခုတောင် ယကြာချေလိုက်ပြီလား မသိဘူး။ မမက လဝါက သူ့ကို တောင်းပန်နှ က်ဆက်တောင် မသွားဘူးလို့ အရမ်းစိတ်ဆိုးနေသေးတာ။ သူ့ကို လာပြန်နှုတ်ဆက်ရ





အောင် တောင်းပန်ရအောင် ယကြာရိုက်ပြီးမှ ပြန်ခေါ်လိုက်သလားပဲ"

"ဟိတ် ... ! ဟိတ် ... ! သိပ်မယုံဘူးဆို။ ဘာဖြစ်လို့ ရှတ်တရက်ထပြီး အရမ်းကြီး ယုံကြည်ချင်လာရတာလဲ။ ကိုယ်က မသိသိလှအတွက် ပြန်လာတာလေ။ မရှေ့မှန်အတွက် ပြန်ရောက်လာရတာမှ မဟုတ်ဘဲ။ အဲဒီလို ဓာတ်ဆင်ဓာတ်ရိုက်ပြီး ပြန်ခေါ်နှုတ်ဆက်နိုင်းတာကို နာခံရတာမျိုးမဖြစ်အောင် ဒီတစ်ခါ ပြန်ရရင်လည်း နှုတ်မဆက်ဘူး။ တိတ်တိတ်ပဲ ပြန်သွားမယ်"

"အမယ်လေး ... မလုပ်လိုက်နဲ့။ ပြန်ရောက်လာတာကို သိပြီး တိတ်တိတ်ပြန်သွားပြန်ပြီဆိုရင် ဒီတစ်ခါသောင်းကျန်းမှာကမှ အကြီးအကျယ် ဆိုးရွားနိုင်တာနော်။ သွန်းပုံတို့ နှစ်ယောက်ရဲ့ ဆက်ဆံရေးကိုပါ ထိခိုက်လာနိုင်တယ်"

"သွန်းပုံရဲ့ဆန္ဒကသာ အဓိကပဲ မဟုတ်ဘူးလား သွန်းပုံ။ အန်တီကရော သမီးနှစ်ယောက်ချင်း အတူတူပဲဟာ။ မဟုတ်မဟတ်တွေဝင်စီစဉ်ချင်နေတဲ့ သမီးမျိုးရဲ့စကားကိုပဲလက်ခံပြီး တစ်ဖက်သတ် ဘက်ပင်းပါ့မလား"

"မမက မေမေ့သမီး မဟုတ်ဘူး လဝါ"

လဝါက သွန်းပုံကို အံ့ဩသလို ကြည့်လိုက်မိပါသည်။

"သွန်းပုံကသာ မေမေ့သမီးပါ။ မေမေက မမရဲ့အခေါ်ဝမ်းကွဲတော်တယ်။ ဒါပေမဲ့ ဟိုးအရင်တည်းက မမရဲ့မျက်နှာကိုပဲ ကြည့်နေခဲ့ရပြီး မမရဲ့ဆန္ဒကိုချည်း အကောင်းထင်၊ ရှေ့တန်းတင်ခဲ့ရတာ မေမေ့ရဲ့ဘဝပေါ့။ မမတို့အမေ ဆုံးသွားပြီးတော့ မေမေက မမရဲ့အဖေနဲ့ အိမ်ထောင်ထပ်ပြုလိုက်တော့ မမက မေမေ့အပေါ် ပိုတောင်နိုင်လာသေးတယ်ပြောရမှာပေါ့ ...

ဒါပေမဲ့ မေမေကိုယ်တိုင်ကလည်း တံငါနားနီးတံငါ ကြာလေလေ မမနဲ့တူတူလာလေ။ ခုဆိုရင် မမအပေါ်က လွဲရင် ကျန်တဲ့ဘယ်သူ့အပေါ်မှာမှ မကောင်းနိုင်တော့သလို တောင် ဖြစ်နေတာ။ သမီးရင်းဖြစ်တဲ့ သွန်းပုံ အပေါ်တောင် မမကို ကောင်းနိုင်သလောက် ကောင်းပေးဖို့ မစဉ်းစားတော့ သလိုပဲ။ မမအပေါ်မှာ မဆန့်ကျင်၊ မတွန်းလှန်ချင်ထဲ့ ငယ်ကြောက်အရှိန်ကို သူ့ဘာသာ မကျေမနပ်ဖြစ်နေတိုင်း ကျန်တဲ့သူ အားလုံးအပေါ်မှာ မှုဝေပြီး ပေါက်ကွဲပစ်ရ သလိုပဲ"

"ဒါပေမဲ့ မရွှေမှုန်က အန်တီ့ကိုတော့ အမေတွေ ဘာတွေ ခေါ်ပြီး အမေလိုတော့ ဆက်ဆံသားပဲ"

"သူက သူ့မှာအမေရင်းတ ယောက် ရှိခဲ့ဖူးတယ်ဆိုတဲ့ အဖြစ်ကို သူ့ဘဝထဲကပါ ဖျောက်ထုတ်ချင်နေတာကိုး





မသိသေးတဲ့လူတိုင်းကို မေမေက သူ့အမေအရင်း မဟုတ်ဘူးဆိုတာ ဘယ်တော့မှ မပြောတော့ဘူး"

"ဘာဖြစ်လို့လဲ ... နွဲ့ဆိုး,ဆိုးပြီး အနိုင်ယူချင်တာမျိုးရှိပေမယ့် ငယ်ကတည်းက ဒီအဒေါ်ရဲ့လက်ထဲမှာပဲ ကြီးခဲ့ရလို့ ထင်ပါရဲ့"

သွန်းပုံက ခေါင်းကို အတော်ကြာကြာကြီး ခါယမ်းခ စ်နေပြီးမှ သက်ပြင်းတစ်ခုနှင့်အတူ ...

"မမရဲ့အမေကလေ လူသတ်မှုနဲ့ စိတ္တဇဆေးရုံကို ပို့လိုက်ရပြီးမှ ဆေးရုံမှာဆုံးတာ"

"ဪ ..."

"အစ်ကိုကြီး မမကို အရမ်းကြောက်နေရတဲ့အထဲမှာ အဲဒါလည်းပါတ ရှ်။ မမကတော့ သူ့ယတြာတွေ အောင်နေလို့ ယောကျ်ားလုပ်တဲ့သူက အာစေးမိပြီး သူ့အောက်မှာ ငုပ်လျှိုးနေတာလို့ ထင်ချင်လည်း ထင်မယ်လေ၊ ဒါပေမဲ့ အစ်ကိုကြီးက ဘာမှအပြစ်မရှိကြတဲ့သူတွေ ပြဿနာတက်ပြီး ဒုက္ခရောက်ကုန်မှာကိုသာ အကြောက်ကြီး ကြောက်နေတာပါ ...

တကယ်တော့ သွန်းပုံတို့ကသာ ကိုယ့်မိသားစုဘက်ကလိုက်ပြီး အစ်ကိုကြီးကို မကျေနပ်နိုင်ကြတာပါ။ အစ်ကိုကြီးက ကောင်းပါတယ်။ သူ့အရင်မိန်းမနဲ့ ကလေးပြန်

ရသွားတာကျတော့လည်း ဘယ်လိုခေါ်မလဲ။ ခွင့်မလွှတ်နိုင်ပေမယ့် နားလည်ပေးလို့တော့ ရပါတယ်။ အဲဒီချို့ညံ့ချက်တစ်ခုကလွဲရင် မမအတွက် သူက လူကောင်းပါ။ ဆိုးချင်းဆိုး ဟိုအစ်မကြီး မသီသီလှအပေါ်မှာသာ ဆိုးတာလို့တောင် ပြောလို့ရတယ်"

"မရွှေမှုန်ရဲ့အမေက လူသတ်မှုဆိုတာက"

"သူတို့အိမ်က အလုပ်လုပ်တဲ့ မိန်းမနှစ်ယောက်ကို သတ်လိုက်တာတဲ့"

"နှစ်ယောက် !"

"ဟုတ်တယ်။ သူ့ယောက်ျား၊ သွန်းပုံတို့ဖေဖေနဲ့ အထင်မှားလို့ပါ။ ဒါပေမဲ့ မေခေကပြောတော့ အဲဒီမိန်းမနှစ်ယောက်မှာ ဘာအပြစ်မှ မရှိဘူးတဲ့။ မမကတော့ သူ့အဖေက မေမေနဲ့ အိမ်ထောင်ထပ်ပြုလိုက်တာကိုသာ သူ့အမေ သိခဲ့ရင် မေမေ့ကိုပါ သတ်မှာပဲလို့ပဲ ပြော,ပြောနေတာလေ။ အဲဒါနဲ့ပဲ သူ့မှာ မေမေ့ကို နိုင်ကွက်ရသလို ဖြစ်နေတာပေါ့"

"ဟို ... စိတ်တော့ မဆိုးနဲ့ သွန်းပုံ။ မရွှေမှုန်ကရော ..."

ပြောရင်းက တအား Violent ဖြစ် (ကြမ်းတမ်းပြင်းထန်)သောပုံစံတွေကို ပြန်မြင်ယောင်လာမိသည်။ ဘယ် ပညာတတ်အထက်တန်းစား အမျိုးကောင်းသမီးမျိုးက မတော်ရသေးတဲ့





ခဲတော်မောင်လောင်း တစ်ယောက်ကို (ဘယ်သူ့မျက်နှာမှမထောက်)လက်ညှိုးငေါက်ငေါက်ထိုးပြီး နင်ပဲငဆ ရန့်ရင်းကြမ်းတမ်းစွာ ဆက်ဆံမှာတဲ့လဲ။ စိတ်ထဲမှာ နည်းနည်းမှမကျေနပ်နိုင်တော့ရင်တောင် သိက္ခာတွေ၊ မျက်နှာတွေ ထောက်ပြီး မျိုသိပ်ထားကြမှာချည်းပေါ့။ မသကာ လုံးဝအဖက်မလုပ်၊ မဆက်ဆံတော့တာမျိုးသာ လုပ်ချင်လုပ်ကြမှာလေ။

"ရွှေမှုန်သာ သိသွားရင် သီသီနဲ့ သားအတွက် စိုးရိမ်ရတယ် ငါ့ညီရာ"ဆိုတဲ့ ဦးထင်ကြီးရဲ့စကားသံတွေကိုလည်း ပြန်ကြားယောင်လာမိသည်။ သူ့အမေလို ကိုယ်ထိလက်ရောက်လူသတ်မှုကိုပါ ကျူးလွန်လိုက်မိတာမျိုး မဟုတ်ရင်တောင် တစ်ခုခုတော့ သေချာပေါက် လုပ်ကိုလုပ်မှာမို့ ဒီလူကြီး ဒီလောက်ကြီးနဲ့ တုပ်ထားသလို)မလှုပ်နိုင်အောင် ပြားပြားပိပိ ဖြစ်နေတာပေါ့။ ဒီလိုသာဆိုရင်တော့ တစ်ခုခုတော့ လုပ်မယ့်အတူတူ ယတြာဆိုးတွေ ချေနေတာကိုပဲ "တော်ပါသေးရဲ့"လို့ ဖြေတွေးရတော့မယ့်ပုံပေါ့။

"မသိဘူး လဝါ၊ သွန်းပုံ စိုးရိမ်နေတာလည်း အဲဒါပဲ။ သွန်းပုံတို့ကြီးတော်ရဲ့ရောဂါဟာ မျိုးရိုးလိုက်တတ်မယ်ဆိုရင်တော့ သွန်းပုံက မမကိုလည်း စိုးရိမ်တယ်။ နောက်ပြီးတော့ ... ဖတ် ... ဖတ် ... မပြောကောင်း ပြောကောင်း ကန်တော့ပါရဲ့။ မေမေ့ကိုလည်း စိုးရိမ်တယ်။ လဝါလည်း သွန်းပုံကို စိုးရိမ်လို့ရတယ် သိလား။ စောင့်ကြည့်နေဦး"

"ကိုယ်ကတော့ မစိုးရိမ်ပါဘူး"

"ဖြစ်နိုင်ချေကို ပြောနေတာ"

"မဟုတ်ဘူး၊ ကိုယ်က အစောကြီးတည်းက၊ နဂိုတည်းကို က 'အဲဒီဟာမလေးက ဘရိမ်း(Brain)ကွ'လို့ လူတိုင်းက ဝိုင်းပြောကြတဲ့ မိန်းကလေးကိုပဲ ရွေးထားတာလေ၊ အဆင်သင့် ပြင်ဆင်ပြီးသား"

သွန်းပုံက လဝါကို မျက်စောင်းကြီးတစ်ချက်ထိုး လိုက်ပြီးမှ ...

"အိမ်ကို တကယ်မလာတော့ဘူးဆိုရင် လျှို့လျှို့ဝှက်ဝှက် လည်းနေဦး။ သွန်းပုံတောင် မသိသိလှဆီမှာ မမက စိုင်ချပြီး စုံစမ်းထောက်လှမ်းနေမှာစိုးလို့ ဆေးရုံသွားရင် ရှင် ဖျက်ပြီးမှသွားတယ်။ ညှိရှင်းချိန်မျိုးကျမှ သွားတယ်"

ထိုအခိုက်မှာပင် သွန်းပုံထံ ဖုန်းသံတစ်ခု ဝင်လာခဲ့ ပါသည်။ ကောက်ကိုင်နားထောင်လိုက်ပြီးတာနဲ့ သွန်းပုံရဲ့မျက်နှာ ကလေးဟာ မဲ့ရွဲ့ပြီး ပျက်ထွက်သွားတော့ကာ မျက်ရည်တွေလည်း ချက်ချင်းဝိုင်းတက်လာသည်။

"ဆက်တဲ့လူက လဝါရဲ့သူငယ်ချင်းလို့ ပြောတယ်။ မသိသိ လှတော့ ဆုံးရှာပြီတဲ့ လဝါ"

"ဟာကွာ"

လဝါက သွန်းပုံရဲ့လက်ကို ဆွဲကိုင်လိုက်သည်။





"နဂိုအခံကိုက နှလုံးရောဂါ အပြင်းအထန်ရှိပြီး ဆရာဝန် တွေကိုယ်တိုင်က ကလေးယူလို့ မရဘူးလို့ ပြောထားကြတဲ့ သူမျိုးဆိုတာ ကလေးမွေးရင် ကံဆိုးနိုင်စွမ်းက ရာခိုင်နှုန်း အင်မတန့်ကိုများမှာပဲ သွန်းပုံ။ စိတ်ထဲမှာ ဘာမှမထားနဲ့။ ဥပါဒါန်ကြောင့် ဥပါဒ်ရောက်ရတာမျိုး လုံးဝမဖြစ်စေနဲ့။ ကိုယ်တို့ သူ့အတွက် ဘာဆက်လုပ်ပေးနိုင်မလဲ ဆိုတာက သာ အရေးကြီးတာ"

"အမေလုပ်တဲ့သူတော့ ဓာတ်သိမ်းသွားပြီဆိုရင် ကလေး ဘက်ပါ လှည့်လာလိမ့်မယ်"

"အဲဒီလို အစွဲအလမ်းတွေ မထားပါနဲ့ဆို"

သူ့အမေနဲ့ အစ်မဖြစ်သူရဲ့အကြောင်းတွေကို ဖုံးကွယ် ဘားတုန်းကကျတော့လည်း လုံးဝကို ဖုံးကွယ်ထားလို့။ ဖွင့်ချပြ လိုက်ပြီ ဆိုတော့လည်း လဝါကိုယ်တိုင်က ဖျောင်းဖျနားချလို့မှ မရ။ သွန်းပုံက ခေါင်းတခါခါနှင့်သာ ခေါင်းမာမာပုံစံနှင့် ရှိလေသည်။

## အခန်း(၅)

"လ၀ါရေ"

သွန်းပုံရဲ့ခေါ်သံလေးက ထိတ်လန့်တကြားလိုလို ထွက်ပေါ်လာလျှင် သူငယ်ချင်းဖြစ်သူနဲ့ အာလာပသလ္လာပရောက် တတ်ရာရာတွေ ထိုင်ပြောနေသည့် လ၀ါက သွန်းပုံရှိရာ ၀ရန်တာ ဆီသို့ ခပ်မြန်မြန်ပဲ လှည့်ကြည့်လိုက်ပါသည်။ "ကလေးဆိုတာ နေပူဆိုးဆိုးကြီး မိရင်သာ မကောင်းတာ။ နေနုနုလေးနဲ့ ထိတွေ့ နေရင်တော့ ကောင်းတယ်။ ကျန်းမာတယ်။ နေတောင်လှန်းထား ရသေးတာ"ဟု သူ့အယူအဆနှင့်သူ ကလေးချီပြီး ၀ရန်တာဘက် ထွက်ရပ်နေသည့် သွန်းပုံက အိမ်အတွင်းဘက်ထဲ ပြေးမတတ် ခပ်သွက်သွက် လှမ်း၀င်လာသည်။

"အစ်ကိုကြီး"

တိုက်ခန်းထဲ ပြန်ရောက်တော့ သူ့ခေါ်သံကပြောင်း သွားသည်။ လ၀ါ မဟုတ်တော့။ "အစ်ကိုကြီး"ဖြစ်သွားသည်။





န်းဖြစ်သူရဲ့ရုပ်အလောင်း မြေကျခါနီးမှပင် ရောက်လာရတော့ သော ဦးထင်ကြီးဟာ ဒီရက်ပိုင်းတွေမှာ မသီသီလှရဲ့တိုက်ခန်းရှိ ရာဆီ နေ့စဉ်နဲ့အမျှ ရောက်လာနေပြီး အသုဘရှင်အဖြစ် ရပ်ကွက် ရဲ့ သဟဇာတဖြစ်အောင် ပြန်ကြိုးပမ်းနေရပါသည်။

ဖြစ်နိုင်ရင်တော့ သေတဲ့သူကလည်း သေသွားပြီးပြီ ဖြစ်ရာ လ၀ါဟာ အင်မတန် မျက်နှာပူစရာကောင်းတဲ့ အခြေအနေ ရဲ့ ဒီရပ်ကွက်ထဲကို ခြေကိုမချချင်တော့တာပါ။ ရပ်မိရပ်ဖ၊ ရပ် ဆွေရပ်မျိုးတို့ရဲ့အမြင်မှာ လ၀ါသည် ဦးထင်ကြီးဘက်ကလူ ဆိုတော့ ကိုယ့်သူငယ်ချင်းဖြစ်သူကိုတောင် ကိုယ်ကမျက်နှာချို သွေးပြီး ပြန်ဖားနေရသလိုလို ရှိတာမို့ အနေအထားက သိပ်မ ခိုက်။

ဒါပေမဲ့လည်း ဦးထင်ကြီးကလည်း လာချင်သည်။ (လာကိုလည်း လာရမှာ)။ သွန်းပုံကလည်း လာချင်သည်။ ကလေး ကိုလည်း အမေနဲ့လိပ်ပြာခွဲကြဖို့ကိစ္စဆိုလား။ အသုဘကျတဲ့ရက် ကတစ်ခါ။ ရက်လည်ဆွမ်းကျွေးကျတစ်ခါ လုပ်ရဦးမှာမို့ ကလေး ကော သွန်းပုံပါ သွားကြရမည်ဆိုတဲ့အခါ လ၀ါမှာ မနေသာတော့ ပါ။

"အစ်ကိုကြီး"

ဦးထင်ကြီးက ရပ်ကွက်ထဲမှ လူကြီးအချို့နှင့် ၀ိုင်း ထိုင်နေရာက သွန်းပုံရဲ့ခေါ်သံကြောင့် မော့ကြည့်လိုက်သည်။

"အောက်မှာ မမ ရောက်လာပြီ"

ဦးထင်ကြီးရဲ့မျက်နှာ လုံးဝပျက်ထွက်သွားတော့ကာ ဆက်ထိုင်နေရနိုးနိုး၊ ထပြေးရနိုးနိုး၊ ခွတီးခွကျ ကုန်းကွကွပုံစံကြီး ဖြစ်သွားလေသည်။ လဝါ ကိုယ်တိုင်လည်း ဦးထင်ကြီးလောက်မဟုတ်တောင် စိုးရိမ်တကြီးနဲ့ တစ်မျိုးကြီးတော့ ဖြစ်သွားရကာ အခြေအနေကို အကောင်းဆုံးဖြစ်အောင် ဘယ်လိုထိန်းသိမ်းပေးရမှာလဲဆိုတာကိုပဲ ဖျစ်ညှစ်ကုတ်ကပ်ပြီး စဉ်းစားနေရသည်။

ရုပ်ကွက်ကိုလည်း ခုမှပြန်ပြီး မျက်နှာချိုသွေးသလိုဖားသလို ပြန်လုပ်နေရတာ။ ငြိုငြင်ကုန်ကြပြီး မျက်နှာပျက်ရမယ့် အဖြစ်မျိုးတွေ မဖြစ်စေချင်ပေ။ မရွှေမှုန်ကတော့ ဘာမှဆင်ခြင်နေမယ့်သူမျိုး မဟုတ်။

မရမက စုံစမ်းပြီး ဒီအထိ လိုက်ချလာတယ်ဆိုတာကြီးက အသုဘသတင်းမေးလေး သက်သက်တော့ ဘယ်ဟုတ်နိုင်ပါတော့မလဲ။ အဆိုးဆုံး အခြေအနေကိုပဲ မျှော်တွေးပြင်ဆင်ထားမှ ဖြစ်မည်။

"ဦးထင်ကြီးကော သွန်းပုံပါ အိမ်အတွင်းဘက်ထဲ ခဏဝင်နေလိုက်ကြလေ။ ကလေးပါ ခေါ်သွားလိုက်"

"မရတော့ဘူး။ သူ အပေါ်ကို မော့ကြည့်လိုက်တုန်းမှာ သွန်းပုံနဲ့ မျက်နှာချင်းဆိုင်ကြီးကို တိုးမိရက်သား ဖြစ်နေတာ။ သွန်းပုံကိုရော၊ ကလေးကိုပါ မြင်ပြီးသွားပြီ။ ရှောင်နေရင် ပိုဆိုးလိမ့်မယ်။ ဒီလို လုပ်ပါလား။ အစ်ကိုကြီးက





ကတော့ ရှောင်နေလိုက်လေ။ သူမှ မမြင်သေးတာ ဖြောင်ဖြောင်းလို့များ ရများရနိုင်ဦးမလားလို့ပေါ့"

ရက်လည်ဆွမ်းကျွေးရက် မဟုတ်သေးတာမို့ ခပ်နည်းနည်းနဲ့ ကျဲကျဲလောက်သာ ရှိနေကြသော ဧည့်သည်ပရိသတ်အချို့က လဝါတို့သုံးယောက်ကို အကဲခတ်နေကြပါပြီ။ ထိုစဉ်မှာပင် မရွှေမှုန်ကလည်း ဟင်းလင်းဖွင့်ထားသော တိုက်ခန်းဝသို့ အရောက်၊ ဦးထင်ကြီးမှာ အခန်းကူးသစ်သားစင် အကန့်လေးနောက်သို့ ဖျတ်ခနဲ ဝင်လိုက်မိပြီးသားပင် ဖြစ်သွားပါသည်။

"သွန်းပုံ ...၊ လဝါ ..."

ပြိခနဲ အော်ချပစ်လိုက်တာမျိုး မဟုတ်ပေမယ့် မရွှေမှုန်ရဲ့အသံကတော့ ခပ်မာမာနှင့် အေးစက်စက်သာတည်း။ မီးစင်ကြည့်ကကြရမယ့် နှစ်ယောက်သားဟာ မရွှေမှုန်ကိုပဲ မျက်လုံးပြူးကြီးတွေနဲ့ နှစ်ယောက်သား စိုက်ကြည့်နေမိကြသည်။

"ပြပါဦး ... ဒါလား ဘေဘီလဝါ ဆိုတာ"

သွန်းပုံမှာ မသိစိတ်နှင့်ပင် နောက်ကို ခြေတစ်လှမ်းနှစ်လှမ်းလောက် ဆုတ်မိပြီးရက်သား။ မရွှေမှုန်ကလည်း မသိသလိုလိုနှင့်ပင်။

"ဟဲ့ ... ပြပါဟဲ့။ ငါ့ကိုပေးစမ်း၊ ငါ ချီကြည့်ရအောင်"

မရွှေမှုန်ရဲ့လက်တို့က ကလေးဆီရောက်သွားပါပြီ။ သွန်းပုံကလည်း လုံးဝမပေးလိုက်ဘဲ ခပ်ကျစ်ကျစ်သာ ဆက်ချီ

ထားသည်။ ညီအစ်မနှစ်ယောက်သား ... ကလေးကို အလယ်ထားကာ သူဆွဲ၊ ကိုယ်ဆွဲ၊ လုယက်နေတဲ့ပုံမျိုးပေါက်ကာနီးပင် ဖြစ်လာသည်။ လဝါက မရွှေမှုန်ရဲ့ကျောပေးဘက်မှာလို ဖြစ်နေတာမို့ သွန်းပုံနဲ့ကျတော့ မျက်နှာချင်းဆိုင်။ လဝါက သွန်းပုံကို မျက်နှာရိပ်မျက်နှာကဲနှင့်ရော အသံမထွက်စေဘဲ ပါးစပ်လှုပ်ရုံနှင့်ပါ။ "ပေးလိုက်တော့ ... ပေးလိုက်"ဟုအထပ်ထပ်ပင် ပြောလိုက်ပါသည်။

နောက်ဆုံးတော့လည်း ခပ်ဆတ်ဆတ်ကလေးဆောင့်ဆွဲလိုက်တဲ့ မရွှေမှုန်ရဲ့နောက်သို့ ကလေးက ပါသွားတော့ကာ ကလေးနာသွားမှာစိုးလို့ အလျှော့ပေး ဖြေလွှတ်လိုက်ရတဲ့ သွန်းပုံက လက်ဗလာနဲ့ပဲ ကျန်ရစ်ရတာပါပဲ။

"ဟဲ့ ... နင်တို့ကိုကိုကြီးနဲ့ မတွေ့ဘူးလား"

သွန်းပုံမှာ နေရာတင် ခြေစုံရပ်နေသော်လည်း ခေါင်းကြီးကိုစောင်းပြီး တစ်ဖက်သို့ မျက်နှာလွှဲထားသည်။ လဝါမှာတော့ သူလုပ်နိုင်တာ မလုပ်နိုင်တာ အပထား၊ တော်နေကြာကျ မဟုတ်မဟပ် တစ်ခုခု လုပ်ချလိုက်မှာစိုးလို့ အချိန်မီကာကွယ်တားဆီးရအောင် သူ့နားကပ်နေရသည်ဖြစ်ရာ သွန်းပုံလိုတော့ မဆီမဆိုင်သလိုကြီး၊ ရှောင်တောင်တောင်ကြီး လုပ်နေခွင့်မရှိပါ။ မရွှေမှုန်ကလည်း သူ့ညီမထက် ကိုယ့်ကိုပဲ မေးကြီးငေါ့ပြီး၊ ကလေးကြီး ထိုးပြပြီး လာမေးနေလေတာ။





"ကလေးဆိုတာကတော့ ရုပ်တွေက မပီပြင်ကြသေးပါဘူး။ ဟိုလူနဲ့ဆင်သလိုလို ဒီလူနဲ့ဆင်သလိုလိုပါပဲ။ သူ့အမေကလည်း အဲဒီလိုပဲလေ၊ ခပ်ဖြူဖြူပဲ"

"ဘယ်ကလာ ... ဒါ အဖေရုပ်ဟဲ့။ သေချာလည်း မကြည့်တတ်ဘူး"

ဒါဖြင့်-သူ့ယောကျ်ားရဲ့သားအဖြစ် လက်ခံလိုက်ပြီပေါ့။ အဖြစ်မှန်တွေ အကုန်လုံးကို သိရှိလာခဲ့ပြီးပြီပေါ့။ ဒါနဲ့တောင် လဝါတို့ မျှော်မှန်းထားသလို အသားကုန် အော်ဟစ်သောင်းကျန်းပေါက်ကွဲပစ်မယ့်ပုံ တစ်စက်မှမရှိလေတဲ့အခါ ဒီတစ်ခါမှာတော့ မရွှေမှုန်ဟာ လောကရဲ့ နိယာမနဲ့ လောကဓံကို ကြံ့ကြံ့ခံ၊ အေးဆေးပဲ လက်ခံနိုင်သွားပြီပဲဟု စိတ်အေးရတော့မှာလား။

မရွှေမှုန်ကား ဒီတိုက်ခန်းဝမှာ စပေါ်လာခါစတုန်းက အခြေအနေနဲ့တောင်မှ မတူတော့ပါ။ အဲဒီတုန်းကမှ ဖောတစ်ခု ကပ်နေတဲ့ပုံ ရသေးသည်။ "သွန်းပုံ ... လဝါ"ဟု ခေါ်လိုက်တဲ့အသံက အေးစက်မာကျောနေသေးသည်။ ခုတော့ဖြင့် အသံကအစ သူ့နဂိုနေ ဗြတ်ကယ် ... ဗြတ်ကယ် ဟန်လောက်ပဲ ပေါက်နေတော့တာ။

"ဒါနဲ့ ဘယ်တုန်းက ပြန်ရောက်နေတာလဲ၊ ထွက်သွားတုန်းကလည်း နှုတ်ဆက်မသွားဘူး၊ ပြန်ရောက်နေတာလည်း မသိရ"

“ကျွန်တော်တာဝန်ယူထားတဲ့ ကိစ္စလိုလည်း ဖြစ်နေတော့လေ။ သူ့အမေ အခြေအနေမကောင်းဘူး ဆိုတာနဲ့ ပြန်လာလိုက်တာပါ။ ဟိုတစ်နေ့ကမှ ရောက်လာတာ မရွှေမှုန်။ မီရုံပါပဲ။ သွားခါနီးတုန်းကလည်း ဒီကိစ္စနဲ့ပဲ အလုပ်ကအရမ်းရှုပ်နေတာရော၊ မရွှေမှုန်တို့ အန်တီတို့ကလည်း ကျွန်တော့်အပေါ် ဘယ်လိုမြင်နေကြမယ်မှန်း မသိတာရောနဲ့ လာနှုတ်ဆက်သွားဖို့ကို မလုပ်လိုက်မိတာပါ။ နည်းနည်းလိုအပ်သလို ဖြစ်သွားပါတယ်”

“အမယ်လေး … ကိုယ့်လူက သူ့ဘက်သားလုံးလုံး ဖြစ်နေတာ၊ ဒီအစ်မတွေ အမေတွေက ဘာဝင်လုပ်နေလို့များရဦးမှာလဲ။ အိမ်ကတစ်ယောက်ကလည်း ကိုယ့်ထမင်းကိုယ်စားပြီး ကြီးတော်နွားကျောင်းရမယ့် အလုပ်မျိုးဆိုတအားကိုဝါသနာပါတတ်တာနဲ့တော့ အတော်ပါပဲ။ မင်းပြောတိုင်း ဖြစ်နေမှာများ ဘာပူစရာရှိမှာလဲ။ နင်မို့ဟယ် … မျက်နှာမပူ ဘာမပူ သွန်းပုံရယ်။ ငါနယ် အံ့ပါရဲ့ဟယ်”

မရွှေမှုန်ကား တကယ်ကို ဘာမှဖြစ်နေဟန်မတူတဲ့ ပကတိအေးအေးဆေးဆေး ပုံမှန်အခြေအနေမျိုးနဲ့သာတည်း။ သူ့လောက် စိတ်တိုစိတ်ဆတ်လွယ်ပြီး သူ့စိတ်နဲ့ နည်းနည်းလေးလောက် မကိုက်ရုံနဲ့ အများကြီးပေါက်ကွဲကြမ်းရမ်းပစ်တတ်သူမျိုးက တည်ငြိမ်အေးဆေးပြီး “လက်ခံနိုင်ပါသည်”ဆိုတဲ့ ပုံစံမျိုးပေါက်နေတာ ဝမ်းပဲသာရမလား။ ဟန်ဆောင်နိုင်လိုက်တာ၊





ခြောက်တောင် ကြောက်စရာကြီးလို့ပဲ မကောင်းတဲ့ဘက်ကတောက်ယူ, ယူဆပြီး အစွမ်းကုန် ပြင်ဆင်ကြိုသတိထားနေရတော့မလား။

“ဘယ်မလဲ … မင်းတို့ ကိုကိုကြီး။ အိမ်မှာမရှိရင် ဒီမှာများ ရှိနေမလားလို့ထင်လို့ လိုက်လာလိုက်တာလေ။ ရှိရင်ခေါ်ပါဦး”

သွန်းပုံက လဝါကိုကြည့်။ လဝါက သွန်းပုံကိုကြည့်။ ကိုယ့်သူကြည့် သူ့ကိုယ်ကြည့်နဲ့ ကြည့်လို့ပဲမပြီးနိုင် ဖြစ်နေကြချိန်မှာ လဝါတို့ကို အချိန်ပေးထားဟန်ရှိတဲ့ မရွှေမှုန်ကတော့ “ပါးစပ်ကလည်း တစ်ထေရာတည်းပဲ။ မျက်ခုံးကတော့ ရွေးလို့တောင်မရတာ”စသဖြင့်တွေကို တစ်ယောက်တည်း ပြောနေလေသည်။ ခဏအကြာမှာတော့ သူ ဝင်ရောက်ပျောက်ကွယ်သွားသည့် ခန်းကူးသစ်သားစင်အကန့်လေးနောက်ကနေ ဦးထင်ကြီးက ခပ်ဘည်တည်ပဲ ထွက်ချလာပါသည်။

သူ့မိန်းမရဲ့ တည်ငြိမ်တဲ့အခြေအနေကို တွေ့နေရလို့ပဲ စိတ်ချသွားတာလား။ ဒါမှမဟုတ် သူ့သားက ဟိုတစ်ယောက်ရဲ့လက်ထဲမှာမို့ စိုးရိမ်စိတ်နဲ့ပဲ ထွက်လာရတာလား။ ဦးထင်ကြီးရဲ့ပုံစံက အရိပ်အကဲကို အကဲခတ်နေဟန်သာရှိပြီး ခါတိုင်းလိုတောင် ကုပ်ချောင်းချောင်း၊ ငုံ့လျှိုးလျှိုးပုံစံမျိုး ရှိမနေပေ။ နှစ်ယောက်စလုံးက ပြောင်းပြန်တွေချည်း ဖြစ်ကုန်ကြတာ အဆန်းပင်။

"ကိုကိုကြီးရေ ... ရှင်ကတော့ ဒီအချိန်မှာ သိန်းထောင်ဆုကြီး အပြုံလိုက်ပေါက်သလောက်ကို ဝမ်းသာနေတော့မှာပေါ့နော်"

မရွှေမှုန်က ဦးထင်ကြီးကို မြင်မြင်ချင်း သူ့လက်ထဲက ကလေးငယ်လေးကို မမြှောက်တမြှောက် ပင့်ချီမ,ပြလိုက်ကာ မချိုမချဉ်မျက်နှာနှင့် ဆိုလိုက်ပါသည်။ သူ့ပုံစံဟာ ယောကျ်ားလုပ်သူနှင့် မျက်နှာချင်းဆိုင် တွေ့ပါမှပဲ ပုံမှန်တည်ငြိမ်လှသော (မဖြစ်နိုင်စရာ)ဟန်ပန်ကနေ နည်းနည်းပြောင်းလဲလာကာ "ငါ့ကိုကျော်ပြီး နိုးပြီး ဘာမှလုပ်လို့ မရပါဘူး"ဟု ခနဲ့ချင် ရွဲ့ချင်ဟန်တွေ မျက်နှာမှာ ပြန်ပေါ်လာသည်။ ခုမှ နဂိုနေ မရွှေမှုန်နဲ့ နည်းနည်း ပြန်တူချင်လာတာ။

"ငါက ဒီအချိန်မှာ ထီပေါက်သလို ဝမ်းသာနေရမှာလား။ ရွှေမှုန်"

"ဟင် ... ရှင်သိပ်လိုချင်နေခဲ့တဲ့ ကလေးက ခုရပြီလေ။ ကလေးမှ သမီးတောင် မဟုတ်ဘူး။ သား ... သား ...။ သားရူး, ရူးနေခဲ့တဲ့သူက သားတစ်ယောက် ရလာတာ ထီပေါက်တာထက်တောင် ဝမ်းသာရမှာပေါ့"

မရွှေမှုန်က စကားကို ခဏရပ်လိုက်ပြီးမှ "ရှင့်ဘဝမှာ တကယ်လိုအပ်နေတာက သား ( ား၊ မယားလား"ဟု မေးချလိုက်သည်။ ရပ်ကွက်ထဲကလူတွေ တစ်မျိုးတော့ ဖြစ်ကုန်ကြပါ





သည်။ သို့သော် ခပ်ကျဲကျဲလောက်သာ ရှိနေတဲ့ ဧည့်သည်ပရိသတ်ထဲမှာ လဝါရဲ့သူငယ်ချင်းရယ်၊ နောက်ထပ်မိန်းမထဲက နှစ်ယောက်လောက်ရယ်သာ လူငယ်ပိုင်းရှိပြီး ကျန်တာတွေက ရပ်မိရပ်ဖပုံစံ၊ လူကြီးတွေချည်းပဲမို့ အားလုံးဟာ အကျယ်အကျယ်တွေ မဖြစ်လိုဟန်နှင့် မရွှေမှုန်ရဲ့စကားကို ဖွေယူ၊ စိတ်တိုကုန်သည့်သွင်ဟန်မျိုးင် မပြကြရှာပါ။

သွန်းပုံရော လဝါပါ "ခုမှ စကြတော့မှာလား"ဟု စိုးရိမ်မကင်းစိတ်နှင့် မရွှေမှုန်ကို မမိတ်မသုန် စိုက်ကြည့်နေကြသည်။ ဦးထင်ကြီးက မရွှေမှုန်ထံ လက်ကမ်းပြီး ကလေးကိုပြန်တောင်းချီလိုဟန် ပြုလိုက်သော်လည်း မရွှေမှုန်ကမပေး။ ကျောပင်းလိုက်သေးကာ ဧည့်ခန်းရဲ့ထောင့်တစ်နေရာဆီကိုသာ လျှောက်လှမ်းသွားပြီး ထိုင်ချလိုက်သည်။ သူ့သားအတွက် စိုးရိမ်နေဟန်ရှိတဲ့ ဦးထင်ကြီးကလည်း ရပ်မိရပ်ဖတွေ၊ ရပ်ကွက်ကလူငယ်တွေ ဘယ်လိုထင်ထင် ဘယ်လိုမြင်မြင်ဆိုတဲ့ ပုံစံနဲ့ပဲ မရွှေမှုန်နောက်က ထက်ကြပ်ကပ်လိုက်ကာ အဲဒီအခန်းထောင့်မှာပဲ ထိုမနေရုံဘမယ် ပူးကပ်ကပ် အနီးကပ် လိုက်ထိုင်လိုက်သည်။ သွန်းပုံကပါ ထပ်လိုက်သွားမလို့ ပြင်နေတာကိုတော့ လဝါကပဲ တံတောင်ဆစ်ကနေ လှမ်းဆွဲထားကာ တားထားလိုက်ပါသည်။

"မူပြောင်းနေတာကို အဟုတ်မှတ်မနေနဲ့။ အကြံတစ်ခုတော့ ရှိကိုရှိတယ်၊ အစီအစဉ် တစ်ခုခု သူဆွဲပြီးသွားပြီ"

သွန်းပုံရဲ့ခပ်ကျိုတ်ကျိုတ် အသံက အများကြားသာအောင် ကျယ်တော့မလိုလို ဖြစ်နေတာမို့ လဝါက မျက်နှာရိပ်မျက်နှာကဲနှင့်သာမက ပါးစပ်ကပါ "ကျစ်"ခနဲ အသံထွက်ပြီး ဟန့်တားလိုက်ရပါသည်။ သွန်းပုံလေးဟာ မပြောမယ့် မပြောတုန်းကလည်း သူ့မှာ လျှို့ဝှက်ဖုံးကွယ်မှုတစ်ခုခု ရှိနေတာ ဘေးလူကသိသာအောင်ပင် ကြိတ်မှိတ်မျိုသိပ်၊ ဖုံးဖိ။ ပြောမိလိုက်ပြီးပြီဆိုတဲ့နောက်မှာတော့ ပြောလွန်းအားကြီးလှသလိုတောင် ဖြစ်နေပြန်သည်။ ဘေးလူအနေနဲ့ ကြည့်ရပြန်ရင် အစ်မအပေါ် အကောင်းကိုမမြင်ပေးနိုင်တော့တဲ့ပုံမျိုးပင် ပေါက်နေသည်။

"လဝါ ... လဝါ ပြန်မထွက်သွားခင် တစ်ခုခုကို ပိုင်ပိုင်နိုင်နိုင် သေသေချာချာ စီစဉ်ပေးခဲ့နိုင်မှ ဖြစ်မယ်နော်။ ကလေးဆိုတော့ ဘာပြစ်မှု အကုသိုလ်ကံမှ မကျူးလွန်မိသေးဘူး မဟုတ်လား။ အတိတ်ရဲ့အကုသိုလ် ဆိုတာကလည်း ပါချင်မှပါလာနိုင်မှာဆိုတော့ ယတြာလောက်နဲ့ ထိခိုက်နစ်နာအောင် လုပ်ယူဖို့ မလွယ်နိုင်ဘူးလေ။ အဲဒီတော့ မထိရောက်တဲ့ အဝေးနည်းထက် ထိရောက်ပိုင်နိုင်တဲ့ အနီးကပ်တိုက်ကွက်ကိုပဲမမက စဉ်းစားရင် စဉ်းစားတော့မှာ"

"အေးဆေး ... အေးဆေး သွန်းပုံရယ်။ သူ့အဖေတစ်ယောက်လုံးလည်း ရှိပါသေးတယ်။ သူ ည်းပဲ မရွှေမှုန်ရဲ့အကြောင်းတွေကို သိထားတယ်ဆိုရင် သူ့သားဒုက္ခမရောက်အောင်





သူ ကြည့်ကျက်စီစဉ်မှာပေါ့။ ကိုယ်တို့ကဆိုင်လည်းမဆိုင်၊ ပိုင်လည်းမပိုင်ဘူး။ သံယောဇဉ်မကင်း ဖြစ်မိရင်တောင် ကာယကံရှင် အဖေလုပ်တဲ့သူက အကူအညီတောင်းလာမှပဲ အားတက်သရော ကူညီပေးဖို့ ဖြစ်နိုင်တော့မှာ ...

အရင်ကတော့ ကလေးက ပိုင်ရှင်မဲ့၊ တာဝန်ခံမဲ့သလိုဖြစ်နေတာလေ။ ခုဟာက ဒီအဖေနဲ့ ဒီသား တိုက်ရိုက်အနီးကပ် ဖြစ်သွားကြပြီ။ ကိုယ်တို့က ဘေးလူဖြစ်နေပြီ။ ဖောတွေ အရမ်းကပ်မနေနဲ့။ တကယ်ဆိုရင် မရွှေမှုန်ကသာ သွန်းပုံရဲ့အရင်းအချာကြီးပါ။ ကိုယ်နဲ့မဆိုင်မပိုင်တော့တဲ့ သူ့အတွက် အရင်းအခြာတစ်ယောက်ကို သံသယကြီးနဲ့ မကောင်းမြင်နေရမှာ ဝမ်းနည်းဖို့ ကောင်းပါတယ်ကွာ"

"ကျွတ် ... ဘာမှလဲ သေချာမသိဘဲနဲ့ လက်လွှတ်စပယ်ကြီး စိတ်အေးနေလိုက်တာ"

သေချာမသိတာကတော့ မရွှေမှုန်တို့၊ ဦးထင်ကြီးတို့ကိုတင်မက နှစ်ရှည်လများ စောင့်ကြည့်မျှော်လင့်ခဲ့ဖူးတဲ့ သွန်းပုံကိုလည်း ခုထက်ထိ ဂဃနဏ သေသေချာချာ သိကိုမသိသေးဘူးပဲ ထင်ပါရဲ့၊ ဘယ်တုန်းကမှ နားလည်ချင်စရာ မကောင်းခဲ့တဲ့ ကောင်မလေးကို လဝါက ခုလည်းပဲ သေချာနားမလည်။ သူအမြင်ကတ်တယ်၊ ခွင့်မလွှတ်ဘူးဆိုတဲ့ သူ့ခဲအိုရဲ့သားတစ်ယောက်အတွက်များ အစ်မနဲ့ ဘာကြောင့် ထိပ်တိုက်ရင်ဆိုင် ပြဿနာတက်ချင်ရပါသလဲ။

အရင်ကတော့ လဝါကပဲ အကူအညီတောင်းထား ခဲ့တာပေါ့။ ခုတော့ သူဘေးထွက်ချင်ရင် ထွက်နေလိုက်လို့ရနေ ပြီပဲ။ ဒီကလေးနဲ့ ပတ်သက်ပြီး သွန်းပုံနဲ့ လဝါတို့ရဲ့ ဆက်ဆံရေး ကိုပါ ထိခိုက်လာနိုင်တာလည်း သူ မရိပ်မိနိုင်တာ မဟုတ်ဘဲနဲ့။ တကယ်ဆိုရင် ဒီကလေးအတွက် ကိုယ်ရောစိတ်ပါ ဝင်အပင်ပန်း ခံနေဖို့ သူ့မှာ ဘာတာဝန်မှကို မရှိတော့တာပါ။ သူ့အစ်မကာမှ စိတ်ထဲက တကယ်ကြည်ဖြူနိုင်တာ မကြည်ဖြူနိုင်တာ အပထား၊ ကိုယ်နဲ့တရားဝင် လက်ထပ်ပေါင်းသင်းထားတဲ့ လင်ယောကျ်ား လုပ်သူရဲ့ ကလေးတစ်ယောက်က အမေရင်းလည်း မရှိတော့၊ အုပ်ထိန်းသူဆွေမျိုးဉာတိလည်း ကင်းမဲ့နေပြီဆိုရင် သူ့ယောကျ်ားက ဘယ်လိုများ စီစဉ်မှာလဲ ဆိုတာ သူ့ခေါင်းထဲကို ထည့်ရတော့မည်။

"ပြန်ချင်လည်း ပြန်ကြရတော့အောင်လေ လဝါ၊ ကလေးကို သွားပြန်တောင်းလိုက်တော့၊ ပြန်ကြမယ်"

"ဟာ ... ဘာလဲ"

"ကိုယ်က အသုဘရှင်မှ မဟုတ်တာ၊ ဒီမှာ အကြာကြီးရှိ ပေးနေစရာ မလိုပါဘူး။ ကလေးကလည်း ဒီကြားတည်းမှာ ဒီအိမ်ကို ထပ်မလာတော့ရင်လည်း ရတာပဲ။ ရက်လည်ကျ မှ ဒီကလေးကိစ္စက ဒီမှာ ထပ်ရှိတော့မှာပဲဟာ"

"မဟုတ်ဘူးလေ သွန်းပုံရဲ့၊ ကိုယ်တို့က အသုဘရှင်မဟုတ် သလို ကလေးရှင်လည်း ဟုတ်မှမဟုတ်တာ။ ညှိသည်သွား ညှိသည်ပြန်သဘော လုပ်လို့ရတာမှန်တယ်။ ဒါပေမဲ့





ကိုယ်တို့ပြန်ရင် ကလေးပါချီပြန်ရမယ်လို့ကတော့ မဟုတ် သေးဘူး"

"ကြီးကြီးတို့အိမ်မှာ ကလေးက အဆင်ပြေနေတာပဲ"

"ဟုတ်တယ်လေ။ ဒါပေမဲ့ အဲဒါက ဘေးလူရဲ့အမြင်ပါ။ သူ့အမေအရင်းက ဘယ်လိုဆုံးဖြတ်ချင်သလဲက ရှိသေးတာ။ ဦးထင်ကြီးကကျတော့ ကြီးကြီးတို့နဲ့ ဘာဆိုင်လဲ။ အကူ အညီ ဆက်တောင်းဖို့တို့၊ ဒုက္ခပေးဖို့တို့ သူ ဝန်လေးရင် လေးမှာပေါ့"

"အဲဒါဆိုလည်း ဝန်လေးစရာ မလိုဘူး၊ ရတယ်၊ အဆင် ပြေတယ်လို့ လဝါက သွားပြောလိုက်လေ။ အားလုံးကိစ္စက လည်း ပြီးပြတ်သလိုရှိနေပြီ။ မမလည်း သိသွားပြီဆိုတော့ မမ မသိအောင် ခိုးကြောင်ခိုးဝှက် ဆက်ဖုံးဖိထားစရာ မလိုတော့ဘူးလို့တွက်ရရင် အစ်ကိုကြီးက လဝါကို ဆက် အကူအညီတောင်းဖို့ အားနာရင် နာနေတော့မှာပေါ့။ ကိုယ် ကစပြီး အားမနာပါနဲ့လို့ ကမ်းလှမ်းမှ ပါလာရဲတော့မှာပေါ့"

"ဦးထွန်းကြီးလား အားနာတတ်တဲ့လူ။ သူ ဆန္ဒရှိရင် အားမနာတမ်း အကူအညီတောင်းကို တောင်းမယ့်လူမျိုး ပါ။ ကိုယ်ကစပြီး သွားကမ်းလှမ်းပေးနေစရာ မလိုပါဘူး"

"လဝါ ! ... လဝါက ဘာလဲ။ ဒီအချိန်ထိ ဝင်ပါလာပြီးမှ တော်ပြီ၊ ပြီးပြီ။ ငါ့တာဝန်ကုန်ပြီလို့ အသာလေးနောက် ပြန်ဆုတ်ချင်နေပြီလား ... ဟုတ်လား"

လဝါကား သွန်းပုံကို အံ့ဩရလွန်း၍ ဘာလုပ်ရမှန်းမသိတိုင်း မျက်ခုံးနှစ်ဖက်ကို အသာမြှင့်တင်ကာသာ လက်ညှိုးတစ်ချောင်းနှင့် ခပ်ဆတ်ဆတ် ကုတ်နေမိပါပြီ။ တကယ့်စိတ်ရင်းအတိုင်း ပြောရရင် ဟုတ်တယ်လေ ... နောက်ပြန်ဆုတ်နေလို့ရပြီဆိုရင်တော့ ဆုတ်ချင်ပြီပေါ့။ ဒါ ပြောနေစရာလား ...။

လဝါရဲ့ကြီးတော်တွေအနေနဲ့လည်း စဉ်းစားဦးလေ။ လဝါရဲ့မတော်ရသေးတဲ့ ဇနီးလောင်းရဲ့ခဲအိုရဲ့သားက သူတို့အိမ်ပေါ်ကို စပါယ်ရှယ်နာ့စ်တစ်ယောက်နဲ့ လာရောက်နေတဲ့ကိစ္စ။ မကုန်မကျရဘူး ဆိုပေမယ့် တာဝန်က နည်းသလား။ လဝါရဲ့မျက်နှာနဲ့သာ လက်ခံပေးထားရတာ၊ ရက်ရှည်လများ လိုလိုချင်ချင်မှ ရှိကြပါ့မလား ဆိုတာကို ဒုက္ခသွားပေးထားတဲ့သူတွေက အလိုက်တသိ ပြန်စဉ်းစားကို စဉ်းစားပေးရမှာပေါ့။

ပြီးကျ လဝါကလည်း ဒီမှာ ရက်ကြာကြာရှည်ရှည်နေနေလို့ရတဲ့သူမျိုး မဟုတ်။ ကိုယ်နဲ့ ဘာမှမဆိုင်တဲ့ အစ်မကြီးတစ်ယောက်ရဲ့ကျန်းမာရေး၊ နာရေးကိစ္စအတွက် ကိုယ့်အလုပ်အကိုင်ကို အထိခိုက်ခံပြီး ခွင့်ယူပြန်လာတာမျိုး၊ကြာယ်နကြိမ်၊ ဘယ်နှစ်ခေါက် ထပ်လုပ်ပေးနိုင်ဦးမှာမို့လဲ။ လုပ်ပေးနေစရာကော လိုလို့လား။

"သံယောဇဉ်လေးတစ်ခုနဲ့ အရာရာကို ကလေးလို မျက်စိမှိတ်တွက်ပြီး ဆုံးဖြတ်ချင်လို့ မရဘူးလေ။ လူကြီးလိုတွေးဖို့လိုပြီ သွန်းပုံ"





"ဘာလဲ ...။ ကလေးကမှ စိတ်ထားမှန်တယ်။ လူကြီးဆိုတာမျိုးကတော့ ကိုယ်နဲ့မဆိုင်ဘူးထင်ရင် ဘာကြီးဖြစ်နေနေ မျက်နှာလွှဲခဲပစ်လည်း နေနိုင်တတ်ကြတာပဲလို့ ဆိုလိုတာလား"

"အင်း... ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး။ သွန်းပုံမှာလည်း သွန်းပုံရဲ့အလုပ်နဲ့ အကိုင်နဲ့၊ ကိုယ့်မှာလည်း ကိုယ့်အလုပ်နဲ့။ ဒီကလေးအတွက် အချိန်ပြည့် အချိန်ပေးနေနိုင်ပါ့မလား။ မပေးနိုင်လို့ ကိုယ်တွေကျတော့ မရောက်ဖြစ်ဘူး၊ တာဝန်မယူဖြစ်ဘူး ဆိုတဲ့အချိန်တွေမှာ ကိုယ့်ကြီးကြီးတို့ကျတော့ အိမ်ပေါ်ခေါ်တင်လက်ခံထားမိလို့ စွန့်နဲ့အမျှ တာဝန်ရှိနေရမယ် ဆိုတာကကော တရားသဖြင့် ဖြစ်နိုင်ပါ့မလား သွန်းပုံ"

"လဝါက ကလေးအတွက် ကောင်းရာကောင်းကြောင်းကျတော့ ဘာမှကြည့်ပေးမနေတော့ဘဲ ကိုယ့်အမျိုးအဆွေတွေအတွက်ပဲ ကြည့်ပေးနေတော့တာကိုး။ တကယ်တမ်းကျတော့ ကလေးကမှ အထူးတလည် ကြည့်ပေးနေဖို့လိုအပ်တာ။ လဝါရဲ့ကြီးတော်တွေ ဘကြီးတွေက ဒီကလေးတစ်ယောက်နဲ့ နာ့စ်တစ်ယောက် အိမ်ပေါ်ရောက်နေလည်း သူတို့မှာ ဘာမှ ထူးထူးခြားခြား ထိခိုက်ဆုံးရှုံးမှု ရှိပုံမရဘူး။ အချိန်ဖြန်းစရာ အသစ်အဆန်းတစ်ခု ကောက်ရလိုက်လို့ သဘောတောင် ကျနေကြတဲ့ပုံတွေပဲရှိတာ"

"ဒါပေမဲ့ ကလေးက ဘာမှမဆိုင်တဲ့ သူစိမ်းတွေရဲ့အစီအစဉ်နဲ့သူစိမ်းတွေရဲ့လက်ထဲမှာ ကြီးရမှာနဲ့၊ အဖေရင်းရဲ့အစီအစဉ်နဲ့ အဖေရင်းရဲ့လက်ထဲမှာ ကြီးပြင်းခွင့်ရမှာနဲ့ ဘယ်ဟာက ပိုကောင်းမယ်လို့ ထင်သလဲ"

"အဖေရင်းရဲ့လက်ထဲမှာက ကြီးလို့မှ မရတာ"

"ဘယ်သူပြောလဲ။ ခုက အားလုံးသိကုန်ကြပြီပဲ။ မချွေမွှန်နဲ့ ဦးထင်ကြီးတို့ သူတို့အချင်းချင်း ညှိရင်လည်း ညှိကြလိမ့်မှာပေါ့"

"လဝါက ဘာဖြစ်လို့ သွန်းပုံနဲ့ စကားနိုင်လိုက်လုနေတာလဲ။ မမရဲ့အကြောင်းကို [illegible] အသိဆုံးပဲလို့လည်း ပြောပြီးပြီ။ အစ်ကိုကြီးကလည်း မေမေနဲ့ မမတို့ရဲ့အိမ်ပေါ်ကိုတော့ သူ့ကလေးကို တင်လာလို့ ရပါ့မလား"

အဲဒီတော့ ... ပိုလို့တောင်မဆိုင်သေးတဲ့ လဝါရဲ့ကြီးတော်အိမ်ပေါ်ကျတော့ တင်ထားလို့ရသလား။ လဝါကို ကိုယ့်အမျိုးအတွက်ပဲ ကိုယ်ကြည့်နေတယ်လို့ စွပ်စွဲတဲ့ သွန်းပုံဟာ သူ့ကျတော့ ကလေးအတွက်ထက် သူ့အမေအတွက်၊ သူ့အစ်မအတွက် ပိုကြည့်နေတဲ့ပုံ ပေါက်နေပြီဆိုတာကိုကော သူ သတိထားမိရဲ့လား။

ဒါတွေပါ ထုတ်ပြောလိုက်ရင်တော့ တကယ်တမ်းသတ်ကြရတော့မယ် ထင်ထားတဲ့ ဦးထင်ကြီးတို့လင်မယားက ဘာမှမဖြစ်ခင် လဝါနဲ့ သွန်းပုံတို့သာ အရင်ထသတ်ကြရတော့





မည်။ သို့သော် လဝါကား ကိုယ်နဲ့သိပ်မသက်ဆိုင် မပတ်သက်လှသော ကိစ္စများအတွက် ချစ်သူလေးနှင့် အခြေအတင်အဖြစ်ခံမည့်သူမျိုး မဟုတ်ပါချေ။

သွန်းပုံကလည်း "သူပြောစရာရှိတာ ကုန်ပြီ"ဆိုတဲ့သဘောနဲ့ ဘာမှထပ်မပြောတော့ဘဲ လဝါကိုသာ မမိုတ်မသုန်စိုက်ကြည့်နေပါသည်။ သူ့အကြည့်ကတော့ အသံတိတ်အကြည့်ဆိုသော်ငြား "ကဲ ... ကလေးကို သွားခေါ်လိုက်တော့လေ"ဆိုတဲ့ တိုက်တွန်းချက် အမိန့်ပေးသံတွေ ညံနေတဲ့ အကြည့်မျိုး။ လဝါမှာ သက်ပြင်းတစ်ချက်နှင့်ပင် အခန်းထောင့်တစ်နေရာမှာ ထိုင်နေကြတဲ့ ဦးထင်ကြီးတို့ထံ လှမ်းလာလိုက်ရပါတော့သည်။

"ကျွန်တော်တို့ ပြန်လိုက်တော့မလို့၊ သွန်းပုံကလည်း ပြန်တော့မယ်တဲ့"

"ဩော် ... အင်း ...။ သွန်းပုံက ငါနဲ့ပြန်မှာလား"

"ကျွန်တော်နဲ့ပဲ ခဏလိုက်ခဲ့ဦးမယ်တဲ့"

"အေး ... အေး ... ဒါဆိုလည်း ပြီးရောလေ"

"အဲဒါ ကလေးက ... အဲ ... ဘယ်လိုလဲ"

လဝါက ဦးထင်ကြီးကိုပဲ ကြည့်နေလိုက်သည်။ မချွေမွှန်က မသီသီလှကို့ရန်ရှာမှာ စိုးလွန်းလို့ ငုံကြောက်ကြောက်နေခဲ့ရပါတယ်ဆိုတဲ့ ဦးထင်ကြီးဟာ မသီသီလှ မရှိတော့ပြီဖြစ်တဲ့အချိန်ကျတော့ရော "သားကိုင်ငဲ့လို့ပေါ့ကွာ"လို့ပဲ ဆက်အကြောင်းပြနေဦးမှာလား။

"ဩော် ... အင်း ..."

ဘာလဲ ... "ဩော် ... အင်း"ဆိုတာ။ "အေး ... အေး ... လဝါရေ ... ကလေးလည်း ပင်ပန်းတော့မယ်၊ ပြန်ခေါ်သွားလိုက်တော့"ဆိုတာမျိုးတောင် အနည်းဆုံး မပြောနိုင်ဘူးလား။

ဒါမှမဟုတ် "ငါပဲ ဆက်ခေါ်ထားလိုက်တော့မယ်ကွာ၊ သူ့ဆရာမလေးပါ ဒီမှာပဲ ခဏဆက်နေခဲ့နိုင်းပေးပါဦး" စသဖြင့်ပေါ့။

အတော် ဆုံးဖြတ်ရ ခက်ခဲနေပုံရပါသည်။ တော်ရုံနဲ့ အသံထွက်မလာ။ မရွှေမှုန်ကလည်းပဲ "ကလေးက ဘယ်လိုလဲ" ဆိုတဲ့ လဝါရဲ့စကားကို မကြားချင်ယောင် ပြုထားကာ (ဒါပဲနေမှာပါ) ဟိုကြည့် ဒီကြည့် ပုံစံတွေ တမင်လုပ်နေသည်။ ဘယ်လိုလဲ။ သူတို့ညီအစ်မတွေဟာ သူစိမ်းကလေးငယ်တစ်ယောက်ကို မြင်မြင်ချင်း ချစ်ခင်ပြီး သံယောဇဉ်တွေ ကြီးနေတတ်ကြခြင်းမျိုးမှာ ဝါသနာထုံကြလွန်းတဲ့ သူတွေလား။

မဖြစ်နိုင်ပါ။ သွန်းပုံကမှ ဟုတ်ချင်ဟုတ်နေဦးမည်။ မရွှေမှုန်ကတော့ဖြင့် သူ့ရဲ့အရှုံးကို ဘွားဘွားကြီး သက်သေပြနေသလိုရှိတဲ့ ကလေးမျိုးကို မြင်မြင်ချင်းပင် မခွဲနိုင်မခွာရက်ချစ်ခင်နေဖို့ဝေးလို့ လည်ပင်းညှစ်သတ်မပစ်လိုက်တာသည်ပင် တော်လှပြီဟု ပြောရမှာမျိုး မဟုတ်လား။





ကိုယ့်တာဝန်ကို သူများခေါင်းပေါ် အတော်တင်ချင်လှတဲ့ ဦးထင်ကြီးဟာ မရွှေမှုန်က ကလေးကို အလိုက်တသိ ပြန်ပေးလိုက်မယ့်ပုံ မရသောအခါ "ခေါ်သွား ... ယူသွား"စသဖြင့်တွေကို သူကလည်း စတင်ပြီး ပြောချင်ပုံမရတော့ပါ။ သူ့သဘောကတော့ လဝါကသာ "ကလေး ကျွန်တော့်ကိုပေးဗျာ မရွှေမှုန်" ဟု ပြောလိုက်စေချင်နေတာမဟုတ်လား။ လဝါကလည်း အစဉ်းသိဆိုတော့ ပြောကိုမပြော။ ပေပြီးတော့ကို ရပ်နေသည်။

ထိုအခိုက်မှာပင် ကလေးနဲ့အတူ ဒီအိမ်သို့လိုက်ပါလာရတဲ့ စပါယ်ရှယ်နာ့စ်ကလေးက (သူ့သဘောနဲ့သူပဲလား၊ သွန်းပုံများ တွန်းလွှတ်လိုက်တာလား) အနားသို့ ရောက်လာပြီး မရွှေမှုန်ထံ လက်ကမ်းလိုက်ပါသည်။ မရွှေမှုန်က လဝါထံ တစ်ချက်မော့ကြည့်လိုက်သည်။ လဝါကလည်း သူ့အတုကိုပင် ပြန်ယူကာ သူ့အကြည့်ကို မသိ၊ မမြင်ချင်ယောင် ဆောင်နေလိုက်သည်။ ကလေးရဲ့စပါယ်ရှယ်နာ့စ်က ကလေးကို လက်ကမ်းခေါ်ခြင်းကတော့ ဘာသဘောအဓိပ္ပာယ်ကိုမှ မဆောင်ဘူးလေ။ သူ့တာဝန်သူ ထမ်းရွက်ခြင်းသာ။ မရွှေမှုန်က "မပေးနိုင်ဘူး"ဆိုရင်တော့ အဓိပ္ပာယ်က တစ်မျိုးဖြစ်သွားတော့မည်။

နောက်ဆုံးတော့ မရွှေမှုန်က ခပ်တည်တည်မျက်နှာပေးနှင့်ပင် ကလေးကို ဆရာမလေးထံသို့ ကမ်းပေးလိုက်ပါသည်။ ဒီလိုမှပဲ ကိစ္စကလည်း ပြတ်တော့မှာပဲ။

"ဘယ်ရက်ပြန်မှာလဲ၊ ရက်လည်ပြီးမှလား"

"ရက်လည်မမီတော့ဘူး မရွှေမှုန်၊ ကျွန်တော်က ခွင့်တစ်ပတ်ပဲ ရခဲ့တာ"

"ဒါဖြင့် မပြန်ခင် အိမ်တစ်ရက် လာလိုက်ဦးလေ၊ ဆွေးနွေးကြတာပေါ့"

ဘာကိုပါလိမ့်။ သို့သော် လဝါက ခေါင်းပဲညိတ်ပြလိုက်ပါသည်။

"ဘာပဲပြောပြော ငြင်းမယ်နော်၊ ရအောင်ငြင်းမယ်၊ မရရအောင်ကို ငြင်းပစ်မယ် ... ဟုတ်ပြီလား"

"အမေနဲ့ကိုင်မပေါက်ပြီး ပြောလာရင် ဘယ်လိုမှ ငြင်းမရနိုင်ဘူး သွန်းပုံ"

"ဘယ်လိုပြောလာလာ ကလေးက ကိုယ့်လက်ထဲမှာ။ ကိုယ်လက်ခံမှဖြစ်တာ။ ကိုယ်က လက်မခံဘဲ ငြင်းပစ်မယ်။ ပြန်မပေးဘူးဆိုရင် သူတို့ ဘာမှလုပ်လို့ မရဘူး"

"ခက်ပါလား။ ပစ္စည်းလက်ဝယ်ရှိတိုင်း ပိုင်ရှင်ဖြစ်ရောလား။ မတော် နိုးမှုတောင် မြောက်သွားဦးမယ်"

"သွန်းပုံကို လာငြင်းမနေနဲ့။ အဲဒီစကားလုံးမျိုးတွေ စကားတတ်တာတွေ၊ ခွန်အားတွေ၊ ဉာဏ်နီဉာဏ်နက် အစွမ်းအစတွေကို မမနဲ့တွေ့ရင်သာ အကုန်ထုတ်သုံးစမ်းပါ။





ဆိုင်ဆိုင်မဆိုင်ဆိုင်၊ ပိုင်ပိုင် မပိုင်ပိုင် မရ့ရအောင်သာ ငြင်းပေတော့။ ပြောပြီးပြီနော်။ ကလေးကို မမလက်ထဲ ထည့်ကိုမထည့်လိုက်ဘူး။ အဲဒါ လဝါရဲ့တာဝန်ပဲ"

"သူက အတင်းတောင်းနေရင်ကော၊ ကိုယ်က ပြတ်ပြတ်ကြီးနဲ့ ဘူးခံငြင်းနေရင် သူက 'အေး ... အဲဒါဆိုရင် ငါတို့ဘက်ကလည်း 'ဘူး'ပဲပေါ့။ နှင်နဲ့ သွန်းပုံကို မပေးစားနိုင်တော့ဘူး'ဆိုရင်ကော"

"အဲဒါက သူစိမ်းချင်တိုင်းလည်း ဖြစ်ချင်မှ ဖြစ်လာမှာပေါ့။ သွန်းပုံရဲ့ဆန္ဒကသာ အဓိကပဲဟာ။ ရအောင်ငြင်းမလာနိုင်ရင်သာ ရှင့်ကို သွန်းပုံက 'ဘူး'လုပ်ချင် လုပ်ပစ်လိုက်မှာနော် လဝါ။ 'နောက်နေတာ မဟုတ်ဘူး"

"ဒါဖြင့် ခြိမ်းခြောက်နေတာပေါ့ ဟုတ်လား။ ဒီမှာ သွန်းပုံ။ သွန်းပုံက အဲဒီကလေးလေးကို ဘယ်လောက်အထိ အဆုံးစွန် အစွမ်းကုန် စဉ်းစားထားတာလဲ။ ကိုယ်က သူစိမ်းကလေးတွေ ဘာတွေ မွေးစားရတာ ဝါသနာမပါဘူးနော်။ ကိုယ့်မှာ ကိုယ်ပိုင်မိသားစု၊ ကိုယ်ပိုင်သားသမီးနဲ့ကလေးနဲ့ ဖြစ်လာရင် ဒီမွေးစားထားမိတဲ့ လက်ထဲသောင်တင်နေနိုင်တဲ့ ကလေးကြီးတစ်ယောက်ကို ဘယ်နားသွားထားပြီး ဘာဆက်လုပ်ရမှာလဲ။ အဲဒီလိုမျိုး ဆက်ဆံရတွေခက်၊ မိသားစုထဲ နားလည်မှုတွေပျက်၊ ရှုပ်ရှုပ်ယှက်ယှက် ဖြစ်လာမယ့်ဟာမျိုး ကိုယ်က လုံးဝကို ဝါသနာမပါတာ"

"ဖြစ်မလာသေးတဲ့ဟာတွေကို ဘာလို့အဝေးကြီးထိ လိုက် ပြောနေတာလဲ"

"ဟာ ... စဉ်းစားထားရမယ်လေ ဒါတွေက။ ကဲ ... ကိုယ့် သားသမီးအရင်းတွေ ဘာတွေအထိ လိုက်တွေးမနေရဘူး ဆိုရင်လည်း ဒီကလေးကို သူ့အဖေအရင်းလက်ထဲကတော် လှချင်နေတာ။ တစ်သက်လုံး တာဝန်ယူမွေးစားသွားမလို့ လား။ အဲဒါကိုရော စဉ်းစားဆုံးဖြတ်ပြီးသွားပြီလား။ အဲဒါ ကတော့ အဝေးကြီး မဟုတ်တော့ဘူး သွန်းပုံ။ မချွေမှုန် ကို ပြိုင်မငြင်းခင် နဲ့ ဆုံးဖြတ်ထားရမယ့်ဟာ ဖြစ်ကိုဖြစ် လာပြီ"

"အဲဒါ ပြီးကျတော့ပြောမယ်။ ခုလောလောဆယ်ကတော့ မမက ကလေးကို တို့ပဲယူတော့မလို့ ခေါ်ညှိတာပါလို့ ဆိုလာရင် မရ၊ရအောင်ငြင်း။ မပေးနိုင်ဘူးလို့သာပြောလိုက် ဒါပဲ"

တစ်ခါတလေကျတော့လည်း ခေါင်းကြောမာပြီး ဇွတ်တရွတ်ဆန်ချင်လှတဲ့ ကောင်မလေးကို မှတ်လောက်သား လောက်အောင်သာ တစ်ခုခုနဲ့ အပြစ်ပေး ဆုံးမလိုက်ချင်လာတော့ သည်။ ဘာတွေဖြစ်နေမှန်းကို မသိ။ လွယ်လွယ်ကလေးနဲ့ ရှင်း နေတဲ့ကိစ္စကို သူ့တစ်ယောက်တည်း အခက်ကြီးခက်အောင်လုပ် ကာ အရေးတွေကြီးနေသည်။ လဝါက မနက်ဖြန်ပြန်ထွက်ရတော့ မှာမို့ ဒီနေ့ သူတို့အိမ်ကို လာနှုတ်ဆက်မည်ဟု ဆိုလိုက်ကတည်း





က သူ့မှာ ပျာယာတွေခတ်ပြီး အရေးကြီးကုန်တာ။ မနေ့ကလည်း တစ်နေ့လုံး တစ်ညလုံး။ ဒီနေ့လည်း မိုးမလင်းခင်ကတည်းက နှမ်းတဗွမ်ဗွမ်နဲ့၊ နှစ်ယောက်သားဟာ စကားအခြေအတင်တွေပဲ ဖြစ်နေကြရသည်။

သွန်းပုံတွေးထင်တာလည်း မှားတော့မမှားလှပါ။ လဝါတစ်ယောက် အဲဒီအိမ်ကို ရောက်တာနဲ့ အိမ်ထဲကနေပြေး ထွက်လာမတတ် ဆီးကြိုနှုတ်ဆက်လိုက်တဲ့ မချွေမှုန်ဟာ ခဏချင်း ဆိုင်းမှာပင် ...

"ကလေးပါမလာဘူးလား"

"ခင်ဗျာ ... ကျွန်တော် ပြန်ထွက်ဖြစ်တော့မို့ လာနှုတ်ဆက် တာလေ။ ကလေးက ဘာကိစ္စပါလာရမှာလဲ ခင်ဗျာ"

"ဪ ... တစ်ခါတည်းများ ခေါ်ခဲ့ပြီး အပ်ခဲ့တော့မလား လို့"

လဝါက မချွေမှုန်ကို မျက်ခုံးကြီးပင့်ကာ ကြည့်လိုက် သျှင် မချွေမှုန်ဟာ ပေါ့ပေါ့ပါးပါး သွက်သွက်လက်လက်ဟန်ကို ဘမင်ဖန်တီးလိုက်လျက် ...

"လဝါရေ ... မင်း ရောက်လာမယ်ဆိုလို့ ညကပဲ တို့ရယ်၊ မေမေရယ်၊ ကိုကိုကြီးရယ် အားလုံး တိုင်ပင်လိုက်ကြပြီ ဟေ့။ ကိုကိုကြီးရဲ့သားကို သူ့အဖေပဲ ခေါ်မွေးထားဖို့ တို့ သားအမိက သဘောတူပေးလိုက်ကြပြီ"

"ဘာလို့ပါလဲ ခင်ဗျာ"

"ဘာလို့လဲဆိုတာက ဘာလဲ၊ ဘာကိုမေးတာလဲ"

"ကျွန်တော့်အနေနဲ့ ကြိုတွေးထားမိတာကပေါ့လေ။ မရွှေမှုန် ဟာ ဒီကလေးကို အင်မတန် အမြတ်ကတ်မယ်၊ ကြည့်မရ နိုင်ဖြစ်မယ်၊ အမြဲ မြင်နေနိုင်ဖို့ဝေးလို့ အသံတောင်မှမကြား နိုင် ဖြစ်လိမ့်မယ်လို့လေ။ ဒီကလေး မွေးလာကတည်းက လည်း ကျွန်တော့်ကို မရွှေမှုန်က ရှုပ်ရှုပ်ယှက်ယှက်တွေ မလုပ်ဖို့ ခေါ်သတိပေးသေးတာ ဆိုတော့လေ။ ခုချိန်မှာ ရုတ်ခြည်းသဘောတူ ခွင့်ပြုလိုက်နိုင်တာ ကျွန်တော်တော့ ဘာလို့လဲလို့ စဉ်းစားလို့တောင်မှ မရဘူး"

"အို ... အဲဒါက အရေးမကြီးဘူး။ ဘာမှ တောင်တောင် အီအီတွေလည်း လျှောက်စဉ်းစားမနေနဲ့။ သူ့အဖေက ပြန် တောင်းရင်တော့ မင်းက ပေးရမှာပဲ"

"အဲဒါကို နားလည်နိုင်ပါတယ်။ မရွှေမှုန်က ကလေးကို ခွင့်လွှတ်နားလည်နိုင်ပြီး နေ့တိုင်းကြည့်နိုင်မြင်နိုင်တယ်ဆို တာကိုသာ နားမလည်တာပါ။ အန်တီကပါ သဘောတူ ခွင့်ပြုပေးနိုင်တယ် ဆိုတာတော့ ပိုလို့တောင် နားမလည် ဘူး။ အစ်မတို့မှာ ဒါဟာ ဝန်ထုပ်ဝန်ပိုးတစ်ခု မဟုတ်ဘူး လား"

"မင်းမှာလည်း ဒါဟာ ဝန်ထုပ်ဝန်ပိုးပဲလေ"

"ဟုတ်ပါတယ်၊ အဲဒါကိုတော့ မငြင်းပါဘူး"





"ဒါဖြင့် ဘာကိုငြင်းချင်နေတာလဲ။ တစ်ခုခုကို ငြင်းမလို့ လား"

မငြင်းပါ။ မဖုရားကလေးက အမိန့်တော်ချမှတ် ားသော်ငြား "ပြန်မပေးနိုင်ဘူး"ဟု ခံငြင်းရမှာသည် အင်မတန် အဓိပ္ပာယ်မရှိဘူးဆိုတာ လဝါက သိပါသည်။ ဒါပေမဲ့ ရရှိ ားတဲ့ အမိန့်တော်ကလည်း ပြင်းထန်လှပေတော့ မရွှေမှုန်က ည်း တက်ကြွနေရင် "ဦးထင်ကြီးဆန္ဒမှ ပါရဲ့လား"ဟု ကိုယ် ဘက်က နည်းနည်းအင်ထားကြည့်ရပါမည်။ ဦးထင်ကြီးကမှ ခွင့်ပြောလာပါပြီ ဆိုရင်တော့ လဝါမှာ ဘာများတတ်နိုင်ပါဦး ည်နည်း။

** မရွှေမှုန်ကား လဝါနားကကို မခွာနိုင်ဖြစ်နေလျက် ကြာကျတော့ ဦးထင်ကြီးပါ ဧည့်ခန်းထဲသို့ ရောက်လာသည်။ တစ်ခုထူးဆန်းတာက သွန်းပုံရော ယောက္ခမလောင်းကြီးပါ ရှိပဲ ကြတာလား။ ထွက်ပဲမတွေ့ကြတာလား။ အရိပ်အခြေကိုမမြင် ပေ။ သွန်းပုံကတော့ မရွှေမှုန်နဲ့ အခြေအတင်ငြင်းခုန်ကြချေဟု သူကတော့ တမင်ရှောင်နေလိုက်တာ ဖြစ်နိုင်ပါလျက်၊ အဘွား ကြီးကတော့ "လာရောက်နှုတ်ဆက်ပါမည်"ဟု ကြိုချိန်းထားရက် က ပျောက်ကွယ်နေရတာက ဘာသဘောပါလိမ့်။ ဦးထင်ကြီးရဲ့ အပြောအရဆိုရင်တော့ အကွက်အဆင်တွေက များလှသည်ဖြစ်ရာ ါလည်း လဝါအဖို့ လိုက်မမီနိုင်လောက်သည့် အကွက်တွေထဲ က တစ်ကွက်ပဲလား။

"ညီရေ ... ပထမဦးဆုံး ပြောချင်တာကတော့ မင်းကို အစစအရာရာအတွက် ကျေးဇူးတင်တယ်ကွာ၊ ဘယ်လို ပြောယူရမှန်းတောင် မသိနိုင်အောင်ပါပဲ"

"ခြေဆင်းတွေ မလိုပါဘူး ဦးထင်ကြီးရာ၊ ပြောစရာရှိရင် ပြောပါ"

"အေးကွာ ... ငါ့သားလေးကိစ္စ"

သက်ပြင်းကြီးတစ်ခုကို လေးလေးပင်ပင်ကြီး ချလိုက်သေးသည်။ မရွှေမှုန်တစ်ယောက် ဘာဖြစ်နေမှန်းမသိ။ နားမလည်နိုင်လောက်အောင် သည်းသည်းလှုပ်နေသောကိစ္စကို ခင်ဗျားလည်း သဘောမကျ၊ စိတ်ကိုမချနိုင်ဘူး မဟုတ်လား ဦးထင်ကြီး။ ဒီလိုဆိုရင်လည်း ဒီကလေး ဒီအိမ်ပေါ်ရောက်မလာနိုင်အောင် ခင်ဗျားမှာ အစီအစဉ်တစ်ခုခုရှိပြီး လုပ်ပြီး ဖြစ်နေရမယ်လေ။

"အေးကွာ ... မင်းအစ်မကတော့ ဒီကလေး တခြားအပြင်တစ်နေရာရာတွေကို လျှောက်ရောက်နေသရွေ့ သူ့အရှက်သိက္ခာကို အရှည်ပတ်ကြဲဖန်ခွဲနေသလိုပဲလို့ ယူဆတယ်တဲ့ကွာ"

ဪ ...။ အကြောင်းပြချက်က ဒီလိုတဲ့လား။ "မြင်မြင်ချင်း ချစ်လွန်လွန်းလို့ပါ" ဆိုလည်း ဘယ်သူမှ မယုံကြည်မယ့်တူတူ။ မရွှေမှုန်က ဒီလိုပြတ်ပြတ်သားသား အကြောင်းပြလိုက်တယ် ဆိုတော့လည်း ပြီးတာပဲလေ။ ဒီလိုသာ ဆိုရင်တော့ ဒီကလေးရှေ့ရေးက ဘယ်လွယ်မလဲ။ သွန်းပုံ စိုးရိမ်သလို





ကြာတို့၊ ကိုယ်ထိလက်ရောက်တို့ မဖြစ်ပေါ်လာရင်တောင် လွယ်တာကတော့ ဘယ်နည်းနဲ့မှကို လွယ်မှာမဟုတ်ဘူးပဲ။ သနားရော။ လူတောင်မဖြစ်သေး ဒုက္ခရောက်ခတော့မယ်ဆိုတာ သေချာပြီးသား ဖြစ်နေပြီ။' ဦးထင်ကြီး သက်ပြင်းတွေ သက်မတွေ အလှိုင်လှိုင် ဖြစ်နေတာလည်း အဲဒါကြောင့်ပဲပေါ့။

သူစိမ်းကလေးတွေအပေါ် ချစ်တတ် ခင်တတ် သိပ်ရှိလှသော လဝါသည်ပင် တစ်မျိုးကြီး ဖြစ်လာပါသည်။ အဖေရင်းကြီးတစ်ယောက်လုံး ငုတ်တုတ်ရှိပါရက် ဒီကလေးဟာ ငယ်ကတည်းက မိဘမဲ့ဖြစ်ခဲ့တဲ့ လဝါထက်တောင် ကံဆိုးနေဦးတော့မယ့်ပုံပဲ။

"ကျွန်တော့်ကြီးတော် အိမ်မှာကတော့ ထားမယ်ဆိုရင်လည်း အဆင်ကတော့ ပြေနိုင်ပါတယ်။ သူတို့ကလည်း စကားများများ နှုတ်ဖွာဖွာတွေထဲက မဟုတ်ကြဘူးလေ။ သူတို့အနေနဲ့ကလည်း ကလေးပေါက်စနတစ်ယောက်ကို မမြင်ဖူးကြတာတောင် ကြာပြီဆိုတော့ တာဝန်ကြီးတယ်တို့ အလုပ်ရှုပ်တယ်တို့ မသတ်မှတ်ကြတော့သလိုတောင် ဖြစ်နေတာ"

ဒီစကားတွေကို ဘာဖြစ်လို့များ ပြောထွက်လိုက်ပါလိမ့်။ သူစိမ်းကလေးတစ်ယောက်ကို တာဝန်ယူရမှာလည်းမကြိုက်၊ အဖေရင်းနဲ့ပြိုင်လုနေရမှာလည်း အဓိပ္ပာယ်လုံးဝမရှိဘူးလို့ (ချစ်သူလေးနဲ့ပဲ ပြဿနာအဖြစ်ခံပါတော့မည်ဟု)စိတ်ဆုံးဖြတ်ချက်ချထားပြီးသား လဝါတစ်ယောက် ဘာတွေများ ပြောမိသွားပါလိမ့်။

"အေးကွာ၊ အဲဒီအန်တီကြီးတို့ကိုလည်း ဘယ်လိုကျေးဇူးဆပ်ရမှန်းတောင် မသိတော့ပါဘူး။ ဒါပေမဲ့လည်း ကိုယ့်ဘက်က တွက်ပေးရတာက သူတို့တွေမှာကလည်း သူ့စိမ်းတွေပဲဆိုတော့ ..."

"သူစိမ်းကောင်းရင် ဆွေမျိုးရင်းတောင် မမီဘူးလို့ ပြောစမှတ်ရှိကြတယ် မဟုတ်လား ဦးထင်ကြီးရဲ့။ ဟိုမြောက်ဉက္ကလာ(......)ရပ်ကွက်က ရပ်ဆွေရပ်မျိုးလို ဖြစ်နေတဲ့သူတွေကိုပဲကြည့်လေ"

အင်း ...။ ငါ အလုပ်မဟုတ်တာတွေပဲ တောက်လျှောက် လုပ်နေမိပါလား။ သွန်းပုံကို စွပ်စွဲခဲ့တဲ့ "ဘာအစ်အစဉ်မှလည်း တိတိကျကျ မရှိနိုင်သေးဘဲနဲ့ ပြန်မပေးနိုင်ဘူးဆိုတာတစ်ခုကိုပဲ မျက်စိမှိတ် ကုန်းအော်ချင်နေတာ။ ဘယ်လောက်ရှုးလိုက်တဲ့ အလုပ်လဲကွာ"ဆိုတဲ့ စကားဟာ ခုကျတော့ ကိုယ့်အတွက်ပဲ ဖြစ်နေပြီ။ ကိုယ်တိုင်ကဖြင့် မနက်ဖြန်ဆိုရင်ပဲ တစ်ဆေးတစ်မြေကို သွားတော့မှာ၊ အဲဒါကိုပဲ ဘာတွေကို ဆက်တိုက်ပြောထွက်နေဖြစ်တာလဲ။

"မောင်လဝါ ... ဝေလည်ကြောင်ပတ်တွေ လုပ်မနေနဲ့ ရှင်းရှင်းပဲပြောစမ်းပါ။ မင်းက အဲဒီကလေးကို ပြန်မပေးနိုင်ဘူး။ ဒီလိုလား"

ခုမှ နဂိုနေ ပုံမှန်ပြန်ဖြစ်လာသည်။ မရွှေမှန်ကားဘီလူးဆိုင်းနှင့်ထွက်တော့မို့ ပြင်လေပြီ။





"ကလေးအတွက် ဘယ်ဟာကများ ပိုကောင်းနိုင်မလဲလို့ ဝိုင်းစဉ်းစားပေးတဲ့ သဘောပါ"

"ဒါ မင်းအလုပ် မဟုတ်ပါဘူး။ မင်းကို ဘယ်သူကမှ အကူအညီရော၊ အကြံဉာဏ်ပါ ထပ်တောင်းမနေဘူး။ မင်းကိစ္စက ပြီးသွားပြီ။ ဒီမှာ အဖေရင်းကိုယ်တိုင်က ပြန်တောင်းနေတာ"

"ဟုတ်ပါတယ်။ ကျွန်တော်ကလည်း ပြန်မပေးနိုင်ဘူးလို့ လုံးဝပြောမှာ မဟုတ်သလို ပြောပိုင်ခွင့်မရှိမှန်းလည်း သိပါတယ်။ ဒါပေမဲ့ အစ်မအနေနဲ့က ဒီကိစ္စကို ခုမှသိ၊ ခုမှရင်ဆိုင်ရတာဆိုတော့ တအားကြီး သွေးပူနေဦးမယ့်အချိန်မှာ ကလေးကပါ အိမ်ပေါ်အထိရောက်ချလာရင် ဒါ အစ်မအနေနဲ့လည်း အတော်ရင်ဆိုင်ရ၊ လက်ခံရခက်ခဲမယ့်အနေအထားမျိုးပါ"

"ငါ့အတွက်လို့ ခေါင်းစဉ်တပ်ပြီး လိုက်တွက်ပေးနေစရာမလိုပါဘူး၊ ငါက အေ,မကြီးမို့လို့ မင်းရဲ့အကြောင်းပြချက်ကို ယုံရမှာလား"

"ခုလောလောဆယ်ဆယ်တော့ အစ်မသွေးအေးအေး ခေါင်းအေးအေးနဲ့ စဉ်းစားနိုင်မယ့် အချိန်အထိ နဂိုအစီအစဉ်အတိုင်းကလေးကို ဆက်ထားထားတာကပဲ"

"ဒီမှာ ... ဒီလူဒီလူတွေကြားတည်းမှာ ကလေးခိုးမှုတို့ ပြန်ပေးဆွဲမှုတို့နဲ့ တရားစွဲခံရပြီး တရားတဘောင်ဖြစ်ကြ

တာမျိုး မင်းက လက်ခံနိုင်လို့လား။ ပြီးကျတော့ မင်းက ဒီမှာရှိနေမှာလည်း မဟုတ်ဘူးနော်။ ဒုက္ခရောက်စရာရှိ မင်းအမျိုးအဆွေတွေပဲ ဒုက္ခရောက်ကြရမှာ ...

အေး ... အချင်းချင်းကြားတည်းမှာ အဲဒီလောက် တွေအထိ ဖြစ်သွားကြပြီးပြီ ဆိုရင်လည်း ဟိုဘက်နဲ့ဒီဘက် ဟာ ဘာမှ ထပ်ပတ်သက်ဆက်ဆံစရာ၊ နဂိုနေမှုလအတိုင်း အခင်မင်မပျက်၊ အစီအစဉ်တွေ ဆက်လုပ်ကြစရာ ဘာမှ မလိုတော့ဘူး။ မင်း စဉ်းစားပေါ့လေ။ စဉ်းစားဉာဏ်ရှိတဲ့ လူတိုင်း ဘယ်သူမှ ကိုယ့်ဘဝကို အပျက်ခံပြီး ကိုယ်နဲ့ မဆိုင်တဲ့ သူတစ်ပါးကိစ္စထဲ အတင်းဝင်စွက်ဖက်ကြမှာ မဟုတ်ဘူး”

အင်း ... အစ်မလုပ်တဲ့သူကလည်း ကလေးပြန်မ ပေးရင် “ဤဘဝ ဤမျှသာ”တဲ့။ ညီမလုပ်တဲ့သူကလည်း ရအောင် မငြင်းနိုင်ဘဲ ပြန်ပေးလိုက်ရရင် “တာ့တာ”တဲ့။ ဟုတ်တော့နေ ပြီ။

“မင်းက မနက်ဖြန် လေယာဉ်က ဘယ်အချိန်လောက် ထွက်မှာလဲ။ သူများတကာ ခရီးထွက်ရမယ့် နေ့ရက်ကြီး မှာ မင်းနဲ့ မျက်နှာချင်းဆိုင်ပြီး လာငြင်းခုန်မနေချင်ပါဘူး။ မင်းဆွေမျိုးတွေအိမ်မှာ, မှာထားခဲ့ပါ။ မင်းထွက်သွားပြီ ဆိုတာနဲ့ တို့တွေ ကလေးကို သွားခေါ်မယ်။ ဒါမှမဟုတ် နောက်တစ်နေ့ဖြစ်ဖြစ်ပေါ့ ...





ဘာပဲဖြစ်ဖြစ် အငြင်းအခုန်တွေ၊ အခြေအတင်တွေ၊ ပြဿနာတွေ ဘာမှထပ်မဖြစ်ချင်ဘူး။ အဲဒီအိမ်ကို သေချာ ပြောခဲ့ပါ။ သူ့အဖေ လာခေါ်တာနဲ့ ကလေးကို ပြန်ထည့် ပေးလိုက်ဖို့။ ဒီတစ်ခွန်းပဲ။ ဒါပဲ။ ဘာမှခဲယဉ်းစရာမရှိဘူး”

ဗျူး ...။ ဒါဖြင့် ခင်ဗျားက ကလေးကို ဘယ်လိုထား မှာလဲ။ အိမ်ခေါ်ထားပြီး ပညာရှိနည်းနဲ့ တတိတိနိပ်စက်နေမှာ လား။ ပေလျှာကျဲဖြစ်ချင်ရာဖြစ် ကျီးထိုးထိုး လောက်ကိုက်ကိုက်၊ ခွေးရူးကိုက်တတ်တက် ပစ်ပယ်ထားမှာလား။ ပြန်ပြင်လို့မရတော့ တဲ့ အဖြစ်အပျက်ကြီး တစ်ခုအတွက် စိတ်ထွက်ပေါက်ရှာတဲ့အနေ နဲ့ အသုံးချနေတော့မှာလား။ ဒါတွေကို နှုတ်ကနေ ထုတ်ဖော် မေးလို့ကလည်းမဖြစ်။ စဉ်းစားတာနဲ့တင်လည်း စိတ်မချမ်းသာ စရာကြီး။

သို့သော် ... လဝါ။ မင်း ဘာများတတ်နိုင်မှာမို့လဲ။ မနက်ဖြန်ဆိုရင်ပဲ တစ်ပြည်တစ်ရွာကို ပြန်သွားရတော့မယ့်သူ တစ်ယောက်ဟာ လုပ်ပိုင်ခွင့်။ လုပ်နိုင်စွမ်းတွေထဲက ဘောင်ကျော် ပြီး ဘာများလုပ်နိုင်မှာမို့လဲ။ စိတ်လျှော့။

မရွှေမှုန်ကား သူ ပြောချင်ရာတွေ ပြောလို့ပြီးသွား သောအခါ အပိုစကားကို နောက်တစ်ခွန်းလောက်တောင်မှ ထပ် မဆိုတော့ဘဲ ထိုင်ရာကနေ ထထွက်သွားပါတော့သည်။ သူအရေး ဆိုခိုင်းထားတဲ့ကိစ္စ မအောင်မြင်တာမို့ ချစ်ရသူလေးရှေ့မှောက် မှာ မျက်နှာပန်းမလှရမယ့် မောင်လဝါခမျာ မသိမသာ အကဲခတ် ခဲ့ဝဲရှာပါသော်လည်း မြင်လိုသူက ပေါ်မလာပါ။

"ငါ စိတ်မကောင်းဘူးကွာ"

"ကျွန်တော့်အတွက် ဆိုရင်တော့ မလိုဘူး ဦးထင်ကြီး။ ခင်ဗျားရဲ့သားကလေးအတွက် ဆိုရင်သာ ဖြစ်ချင်ဖြစ်"

"အဲဒါလည်း ပါတာပေါ့ ညီရာ"

"ဘာဖြစ်တယ် ! ဒါဆို ဘာလဲ ! ကျုပ်က ခင်ဗျားသားကို ခင်ဗျားတို့ လာမခေါ်နိုင်ကြသေးခင် လက်မတင်ကလေး လောက်မှာ အလစ်သုတ်ပြေးပြီး ဘယ်သူမှ မသိနိုင်တဲ့ တစ်နေရာရာမှာ လှို့လှို့ဝှက်ဝှက် သွားပို့ထား။ အစီအစဉ် ကောင်း တစ်ခုခု သေချာလုပ်ခဲ့ပြီးမှ နိုင်ငံခြားကို ထွက် သွား။ ဟုတ်လား ! အဲဒီလောက်အထိ ဆက်လုပ်ရဦးမှာ လား"

ဦးထင်ကြီးက လဝါကို စိုက်ကြည့်နေသည်။ လဝါကလည်း အိမ်ထဲထိ အကဲခတ် လှည့်ပတ်ရှာဖွေနေလို့လည်း ဘယ်သူ့အရိပ်အခြေကိုမှ ထပ်မမြင်ရ။ အကျိုးထူးလာမှာလည်း မဟုတ်တဲ့အတူတူ အဲဒီလူကြီးကိုပဲ အမြင်ကပ်ကပ်နဲ့ ပြန်စိုက်ကြည့်နေသည်။





## အခန်း(၆)

လဝါကို တစ်နိုင်ငံရပ်ခြား ကမ်းဝေးက အလုပ်ခွင်ထဲထိ လိုက်ဆက်သွယ်နိုင်တဲ့ ဖုန်းနံပါတ်မျိုး ဦးထင်ကြီးကိုလည်း ပေးမထားခဲ့ဖူးပါ။ သို့သော် သူ မလုပ်ချင်ရင် (မချွေမှုန်ရဲ့ဆန္ဒနဲ့ ဆန့်ကျင်ပြီး) လက်ညှိုးလေးတစ်ချောင်းတောင် မလှုပ်နိုင်တဲ့ ဦးထင်ကြီးဟာ သူ့စိတ်ဆန္ဒရှိပြီဆိုရင်တော့ သိကြားမင်း ငယ်ထိပ်လည်း ခေါင်းတက်ခေါက်နိုင်သူမျိုး ဖြစ်ပေသည်။ လဝါထံ အလုပ်ခွင် site ထဲအထိ ဖုန်းလိုက်လာခဲ့ပါသည်။

"ငါပါကွာ ... ငါ့ညီ။ ထင်ကြီးပါ"

"ဘာတွေဖြစ်ကုန်ကြပြီလဲ"

လဝါက ဒါပဲတန်းမေးလိုက်သည်။ နို့မို့ ဘာကြောင့် ဒီအထိ ဖုန်းလိုက်လာရမှာလဲ။

"ငါ့သား ပျောက်သွားပြီကွ၊ မင်းက ကြိုသိနေနှင့်တာလား၊ ဟုတ်လား ! "

"ဘယ်လို ! "

"ကလေး ပျောက်သွားတယ်၊ ငါတို့ သွားခေါ်တော့ မင်းကြီးတော်တွေအိမ်မှာ ကလေးရော၊ ဆရာမလေးပါ မရှိတော့ဘူး"

"သွန်းပုံရော ... ! သူပါ ရောမပျောက်သွားဘူးလား ... ဟဲ ဟဲ ..."

"သွန်းပုံကတော့ အိမ်မှာပေါ့ကွ။ သူကပါ ဘာလို့ပျောက်ရမှာလဲ။ မင်းကြည့်ရတာ ပေါ့ပေါ့တိမ်တိမ်လေးလိုလိုပါလား ငါ့ညီ။ ဒါဖြင့် ငါစိတ်ပူဖို့ မလိုတော့ဘူးပေါ့။ ဒါ မင်းလက်ချက်တွေပေါ့ ... ဟုတ်လား"

"ဘယ်ကလာ ...။ ဘာလဲ ! ကျွန်တော် နိုင်ငံခြားထွက်သွားတော့ Hand Carry လက်ဆွဲအိတ်ထဲမှာ ခင်ဗျားသားတော်မောင်ကို ထည့်ဆွဲသွားသလားလို့ စွပ်စွဲချင်တာလား။ ဟုတ်လား။ အမိပွာယ်မရှိတာဗျာ။ ရှင်းနေတဲ့ကိစ္စကြီးကို။ ဒါနဲ့ ကြီးကြီးတို့က ဘာပြောလဲ"

"သားနဲ့ဆရာမလေးနဲ့ကို သွန်းပုံ လာခေါ်သွားတာပဲ။ အဲဒါနောက်ဆုံးပဲလို့ ပြောတယ်"

အေးလေ ...။ ဒါပဲပေါ့။ ဒါပဲရှိတဲ့ဟာ။ အဖြေက ဒီလိုပဲရှိရမှာပေါ့။ ကြီးကြီးတို့က သွန်းပုံ လာခေါ်သွားတယ်လို့ ပြောတယ်။ သွန်းပုံက လက်ရှိသူတို့မျက်စိရှေ့မှောက်မှာ ငုတ်တုတ်။





အောင်မေးကြပေါ့။ ဝေးတစ်မြေက လူတစ်ယောက်ကို အလုပ်ခိုင်းထဲထိ လိုက်ဖုန်းဆက်နေစရာ ဘာလိုသလဲ။ "မင်းလက်ချက်လား ! "လို့တောင်မှ မေးလိုက်သေး ... ဟား ဟား။

သွန်းပုံရဲ့လုပ်ရပ်ကို အရွယ်ရောက်လူကြီးတစ်ဦးရဲ့ ဦးနှောက်နဲ့ တွေးကြည့်ရရင်တော့ တော်တော့်ကို မိုက်မဲပြီး ရှေ့နောက်ကြာရှည်ကြာများအတွက် မစဉ်းစားဘဲ ခုတစ်ခဏ သူလုပ်ချင်တာလုပ်ရပြီးရော လုပ်လိုက်တာမျိုးမို့ ခေါင်းတခါခါနဲ့သာ သြချလိုက်ရမှာ။ ဒါပေမဲ့လည်း လူကြီးတွေး မတွေးရင်တော့ အင်မတန်သတ္တိရှိသော၊ မျက်နှာပြောင်တိုက်ဝံ့သော အလုပ်မို့ "ဟ ... ! တယ်လုပ်နေပါလား"လို့ အံ့သြတကြီးပင် "ဘရာဗို ! " ဟု အော်ရတော့မလိုလိုပေါ့။ ဒီကောင်မလေးဟာ အဲဒါမျိုးလုပ်ကို လုပ်မှာဟု သဘောကျချင်ချင်လည်း ဖြစ်မိရသည်။

"ဒါပေမဲ့ သွန်းပုံကလည်း သူ ဘာမှမသိဘူးလို့ပဲ ပြောတယ်"

"အဲဒီလိုပဲ ပြောမှာပေါ့၊ ဒါပဲ ပြောစရာရှိတာပဲဟာ"

"ဒါဖြင့် မင်းက သွန်းပုံလုပ်တယ်လို့ပဲ ဆိုလိုတာပဲပေါ့"

"အဲဒါကလွဲရင် ဘာများဖြစ်နိုင်တာရှိလို့လဲ။ ကြီးကြီးတို့က သွန်းပုံနဲ့ ထည့်ပေးလိုက်တယ်၊ ကလေးက ပျောက်သွားတယ်။ ရှင်းနေတာပဲလေ။ သွန်းပုံက ကြီးကြီးတို့ဆီက ကလေးကို သူ သွားမခေါ်ပါဘူးလို့ ပြောနေလို့လား"

"ခေါ်တယ်တဲ့။ ပြီးတော့ ပြန်ပို့ပေးခဲ့တယ်တဲ့"

"ဒါဖြင့် ကြီးကြီးတို့က ပြန်ပို့ပေးခဲ့တယ်ဆိုတဲ့ အဖြစ်ကို ဘာလို့ မသိရမှာလဲ၊ ထည့်မပြောရမှာလဲ။ ပြန်ပို့တယ်ဆိုတာ မဖြစ်နိုင်လို့ပေါ့"

"သူက အိမ်ထဲထိ၊ လူကြီးတွေ မျက်စိရှေ့မှောက်အောက် အထိတော့ မပို့မိပါဘူးတဲ့။ ခြံဝတင်ချထားပေးခဲ့မိတာတဲ့"

"နေပါဦး ... ခဏတစ်ဖြုတ် အပြင်ခေါ်ထုတ်ရတာကကော ဘာကိစ္စတဲ့လဲ"

"ကလေးအမေရဲ့အရိုးပြာဂူကို ပန်းစည်းသွားချပေးတာလို့ ပြောတယ်"

"အဓိပ္ပာယ်မရှိတာဗျာ"

"ငါ့ညီ ... မင်းလက်ချက် မဟုတ်ရင်တောင် မင်းစီစဉ်ပစ်ခဲ့တာတော့ မဟုတ်ဘူးပေါ့"

"အဓိပ္ပာယ်မရှိတာတွေ မပြောပါနဲ့ဗျ။ ကျုပ်ကြီးတော်တွေက အသက်ကြီး,ကြီးမှ သူတို့အတွက် ဘာအကျိုးမှမရှိနိုင်ဘဲ ရာဇဝတ်မှုပဲသင့်နိုင်တဲ့ အလုပ်မျိုးတွေကို လုပ်ကြပါ့မလား။ ခုပျောက်တာက ကလေးတင်မကဘဲ ဆရာမပါ ပျောက်တယ်ဆိုတော့ ပြစ်မှုက တော်တော်ကြီးနေပြီ။ အဲဒီဆရာမအိမ်ကိုကော မလိုက်ကြဘူးလား။ အဲဒီအိမ်၊ အဲဒီမိသားစုထဲကပါ ဆရာမက ပျောက်နေတာလား။ အဲဒီအိမ်ကကော ရဲတိုင်မထားကြဘူးလား"





"ဆရာမက မင်းပဲ ငှားထားတာပဲလေ၊ သူ့အကြောင်း မင်းသိမှာပေါ့"

"မသိပါဘူး။ ဘာဆိုင်လဲ။ ဆေးရုံမှာတုန်းက သူ့အမေကို စောင့်တဲ့ စပယ်ရှယ်နာ့စ်ဆရာမလေးက စီစဉ်ပေးလို့အပြင်ကနေ ဟုမ်းမ်(Home)၊ ပရိုက်ဗိတ်(private)လိုက်တဲ့ ဆရာမတစ်ယောက်ကို လိုအပ်တဲ့အထိ နေ့တိုင်းခေါ်မယ်။ ကြီးကြီးတို့အိမ်မှာပဲအိပ်၊ စားပြီးနေပေးရမယ်။ အဲဒီလို စီစဉ်ခဲ့တာ။ ကျုပ်ငှားထားခဲ့တာ ဆိုတာနဲ့ပဲ ကျုပ်ကပါ တရားခံစာရင်းထဲ ပါရတော့မလား"

"အဲဒီဆရာမက နယ်က။ ဒီမှာ အဆောင်နေနေတာ။ သူ့အဆောင်ကို စုံစမ်းကြည့်တော့ အဆောင်ကပါ ထွက်သွားတာတဲ့။ နယ်ကလိပ်စာလည်း အတိအကျသိတဲ့လူ မရှိဘူး"

"ဒါဆို ခင်ဗျားက ဘာလုပ်နေတာလဲ၊ ရဲတွေဘာတွေမတိုင်ဘူးလား။ တိုင်လေ။ သွန်းပုံကလည်း ငြင်းတယ်။ ကြီးကြီးတို့ကလည်း ဘာမှမသိဘူး။ ဆရာမကလည်း အဆောင်ကပါ ထွက်သွားတယ်ဆိုရင် ဆရာမကများ ကလေးကို ခိုးပြေးသလားလို့ ခင်ဗျား တိုင်သင့်တာတော့ တိုင်ထားရတော့မှာပေါ့။ ဘယ်နေ့က စပျောက်တာလဲ"

"တစ်နေ့ကပဲ။ ကိုယ်က ရဲမတိုင်ချင်ဘူး ကိုယ့်ညီ"

"ဘယ်တိုင်ချင်မလဲ။ သူစိမ်းလက်ချက်လို့မှ ခင်ဗျားမထင်တာ။ ကိုယ့်ခယ်မကိုယ် ရဲလက်အပ်မိရင် အဘွားကြီးနဲ့ ခင်ဗျား ဘယ်လွယ်မလဲ"

"မင်းလည်း ဖြစ်နိုင်တာပဲလို့ တွက်ထားတော့ မင်းနဲ့ ကိုယ်နဲ့ကြားမှာလည်း ရဲတိုင်စရာ အကြောင်းမရှိဘူးလေ"

"ဒါပေမဲ့ ကျုပ်မဟုတ်ဘူး၊ လုံးဝသေချာတယ်"

"ငါက မတိုင်ချင်ပေမယ့် ရွှေမှုန်ကတော့ အကြီးအကျယ်ကို ပေါက်ကွဲနေတာ။ တိုင်မယ် တောမယ်ချည်းပဲ ဖြစ်နေတယ်"

"ဒါကတော့ အစ်မနဲ့ညီမကြားက ပြဿနာပဲလေ။ ခင်ဗျား တတ်နိုင်မယ်ထင်ရင် လွတ်အောင်ကြည့်ရှောင်နေပေါ့ဗျ။ သွန်းပုံကလည်း ကလေးဒုက္ခရောက်သွားမှာ စိုးလွန်းလို့ မျက်စိမှိတ် စွန့်စားလိုက်ရတာနေမှာပါ။ ခင်ဗျားမိန်းမရဲ့ အမေရင်းအကြောင်း ခင်ဗျား သိထားတယ်မဟုတ်လား။ သွန်းပုံက အဲဒါကို တစ်ချိန်လုံး စိုးရိမ်မကင်း ဖြစ်နေတာ —

အမှန်ကတော့ ခင်ဗျားအပြစ်တွေချည်းပဲဗျ။ မရွှေမှုန်က အိမ်ခေါ်မွေးပါမယ်ဆိုတာကို ခင်ဗျားက ဘာလို့လက်ခံခေါင်းညိတ်လိုက်ရတာလဲ။ တကယ့်ပိုင်ရှင်က ရအောင်မငြင်းနိုင်လို့ သွန်းပုံက အခုထစွန့်စားလိုက်ရပြီ။ ရှေ့လျှောက်သူ့မှာ အခက်အခဲတွေ၊ ရင်ဆိုင်ရမှာတွေကအစ အများကြီးပဲ။ ဒီတစ်ခါတော့ ခင်ဗျားမိန်းမ လျှောက်ပြီးတိုင်မယ်





တောမယ်တွေ လုပ်နေတာကို ခင်ဗျား ရအောင်တားသင့်တယ်။ ညီအစ်မအချင်းချင်း အမှုအခင်းဖြစ်ရမယ်ဆိုတာ လူကြားကောင်းမလား"

"မင်းကတော့ 'သွန်းပုံလက်ချက်' လို့ချည်း အခိုင်အမာဆိုနေတော့တာပဲနော်"

"ဒါကလွဲရင် ဘာများဖြစ်နိုင်တာ ရှိဦးမှာလဲ"

"မရွှေမှုန်ကတော့ သူ့ညီမသူ တစ်ထစ်ချ ယုံကြည်ပုံရတယ်"

"ခင်ဗျာ ... ! "

"မင်းနဲ့ မင်းအမျိုးတွေပေါင်းပြီးတော့၊ ဒါမှမဟုတ် မင်းအမျိုးအဆွေတွေကချည်းပဲသက်သက် ကလိမ်ကျတာလို့ပဲ သူက မြင်တယ်"

"ခင်ဗျားသားကို ခိုးဝှက်ထားရင် ကျုပ်ကြီးတော်တွေမှာ ဘာအကျိုးအမြတ်ရှိနိုင်သလဲလို့ ကျုပ်ပြောပြီးပြီ။ သွန်းပုံကကော သူ မဟုတ်ဘူးလို့ 'ဘူး' ခံငြင်းတာကတော့ ထားပါတော့။ ကျုပ်ဖြစ်နိုင်တယ်တို့၊ ကျုပ်ကြီးတော်တွေပဲဖြစ်နိုင်တယ်တို့ ဒါမျိုးတွေပါ ပြောသလား ! ဟုတ်လား"

"အဲဒီလိုတော့ မပြောပါဘူးကွာ"

"ဒါဆိုလည်း ပြီးရောပေါ့ဗျ"

"မပြီးဘူးလေ။ ငါ့သားက ပျောက်နေတာ"

"သွန်းပုံကိုသာ ရအောင်မေး"

"ဒါပေမဲ့ ရွှေမှုန်က ခု မင်းဆီကို ငါဖုန်းဆက်ကြည့်လို့မှ ဘာမှထူးခြားတဲ့သတင်းတစ်ခုခု ရမလာဘူးဆိုရင် မင်းအမျိုး အဆွေတွေကို တရားစွဲတော့မှာ"

လဝါ ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။ အဲဒီမိန်းမ ကြီးက တကယ်ရမ်းကားတော့မယ်ဆိုရင် ဘယ်သူ့မျက်နှာမှ ထောက်နေမယ့်သူမျိုးမှ မဟုတ်တာ။ ခုဟာကလည်း ကလေးကို စိုးရိမ်တာထက် သူ့ကို လူလည်ကျ၊ တစ်ကွက်ကျော၊ နားလှည့် ပါးရိုက်လုပ်သွားတယ်ဆိုပြီး မခံမရပ်နိုင် ဖြစ်နေရတာက ပိုများ မှာဆိုတော့ လုပ်မယ်ဆိုရင် လုပ်ကိုလုပ်မယ့် မိန်းမကြီးပေ။

အမေလုပ်တဲ့သူကလည်း အကြီးမနဲ့ သမီးငယ်ကြား ဘာမှဝင်ဖျန်ဖြေနိုင်မှာ မဟုတ်တဲ့အပြင် ခပ်တည်တည်နဲ့ ဘူးခံ ငြင်းထားတဲ့ သူ့သမီး သူယုံပြီးတော့လည်း အကြီးမကို မတား တဲ့အပြင် (တိုက်တွန်းမြှောက်ပင့်တာမျိုး မလုပ်ရင်တောင်)အကူ အညီပေး လိုက်လျောသဘောတူနေတော့မှာ။

ကြီးကြီးတို့မှာ ဘာအပြစ်မှ တကယ်မရှိနိုင်တဲ့ အတွက် နောက်ဆုံးတစ်နေ့မှာတော့ စွပ်စွဲချက်တွေက အရာမထင် ဘဲ ဒုက္ခရောက်ရတာမျိုးတော့ ဖြစ်လာမှာ မဟုတ်ဘူးပေါ့။ ဒါပေမဲ့ စိတ်အနှောင့်အယှက်တွေ အကြီးအကျယ် ဖြစ်ကြရမှာ။ ငွေကုန်၊ လူပင်ပန်း၊ စိတ်ဆင်းရဲ၊ အလုပ်ရှုပ်။ ကြီးကြီးရော ဘဘပါ အသက်တွေကြီးလှပြီ။ ဒီဒဏ်တွေ ဘယ်ခံနိုင်ပါ့မလဲ။





နဂိုတည်းကိုက ဘာအပူမှ မပေးချင်တော့တဲ့ အတွက် ကိုယ့်ဘာသာကိုယ်တောင်မှ တစ်ယောက်တည်း အိမ်ခွဲနေခဲ့တာ။ ဒီကလေးတစ်ယောက်နဲ့ ပတ်သက်လို့ အရှုပ်ထုပ်လုံးကြီး အိမ် ပေါ်သွားတင်ပေးမိခဲ့တာပင် လွန်လှပြီ။ ခုဟာကတော့ တရားစွဲ တာတွေ၊ အမှုလုပ်တာတွေ တကယ်ဖြစ်လာရင် "လွန်လှပြီ"ဆိုတဲ့ အဆင့်ကိုပင် လွန်ထွက်ကာ ဘယ်လိုမှ ပြန်တောင်းပန် ကန်တော့ သူလို့တောင် မကောင်းတတ်တော့တဲ့ "လွန်လွန်းသွားပြီ"ဆိုတဲ့ အဆင့်မျိုးအထိ ဖြစ်တော့မှာ။

အဲ ... ပြဿနာဖြစ်ကြတာက "တစ်နေ့က"ဆိုရင်။ ဖြစ်တဲ့နေ့နဲ့ လဝါဆီ ဖုန်းလိုက်လာတဲ့နေ့ ကြားတည်းမှာရော နှစ်ဖက်အခြေအနေက ဘယ်လိုရှိကြသလဲ။ ကြီးကြီးတို့ကရော "လဝါရေ ... ဒီမှာတော့ ဒီလိုတဲ့ဟေ့" ဆိုတာမျိုး လဝါဆီ ဘာ လို့ အကြောင်းကြား ပြောဆိုမလာကြသလဲ။ လဝါရဲ့ခေါင်းထဲ တစ်ချက်ရောက်လာသည်မှာ "မပြောကောင်း၊ မထင်ကောင်း ကြီးကြီးတို့ကရော သွန်းပုံနဲ့ ပေါင်းကြံမိလိုက်ကြတာမျိုးလား" အဲဒါကြောင့်ပဲ လဝါထံ အကြောင်းမကြားဘဲ ရှောင်နေကြတာလား။

ပေါင်းကြံမိကြဖို့ရာ လူကြီးတွေမှာ ဘာအကျိုးမှ မရှိပေမယ့် ကြီးကြီးတို့ဟာ သွန်းပုံကို သဘောကျ နှစ်လိုကြတာ မျိုး ရှိတယ်လေ။ လဝါရဲ့ဇနီးလောင်းအဖြစ် အသိအမှတ်ပြုခံ၊ မိတ်ဆက်မျက်နှာပြလိုက်ရတာမျိုးပင် မရှိလိုက်ရဘဲ ဒီကလေးနဲ့ သူ့အမေရဲ့ကိစ္စ ရှုပ်သွားရတာနဲ့တင် သွန်းပုံဟာ အဲဒီအိမ်ပေါ်

တန်းရောက်သွားရပြီး မခင်လို့မရ၊ မပတ်သက်လို့မရဆိုတဲ့ အနေအထားတွေ တိုက်ရိုက်ကြီး ဖြစ်ကုန်ကြရတာ။ ဒါပေမဲ့ သဘောထားပြည့်ဝပြီး နားလည်တတ်တဲ့ လူကြီးတွေက ဒါကိုနားလည်ပေးကြသည်။ လက်ခံနိုင်ကြတဲ့ပြင် ဆီးပြီးတော့ကို ခင်မင်နှစ်လိုနေကြတာ။

ကိုယ်က အဝေးရောက်‚ရောက်နေတုန်း သူတို့ချင်းက ခင်မင်မှုတွေတိုးပြီး တရင်းတနှီးတွေ ဖြစ်နေကြတာလေ။ ခုဆိုရင်တော့ တစ်ဖက်ကလည်း "ငါတို့နဲ့ ဘာမှမဆိုင်ဘူး၊ သူနဲ့ထည့်ပေးလိုက်တာ"။ တစ်ဖက်ကလည်း "ဘာမှမသိဘူး။ ပြန်ပို့ပေးခဲ့တာပဲဟာ"နဲ့ ဆန့်ကျင်ဘက်ကြီးတွေတော့ ဖြစ်ကုန်ကြပြီ။ သူတို့ချင်းကြားမှာ အခင်အမင်တွေပျက်ပြီး မကြားနိုင် မမြင်နိုင်တွေ ဖြစ်ကုန်ကြပြီလား။ ဒါမှမဟုတ် နဂိုတည်းက ဒီလိုပဲလုပ်ကြမည်ဟု ကျိတ်ကြံစည်တိုင်ပင် ဇာတ်တိုက်ထားကြတာလား။ လူကြီးတွေခမျာ သူတို့နှစ်လိုခင်မင်တဲ့ ကောင်မလေးရဲ့ အစီအစဉ်တွေထဲ ကောင်းပြီ ကောင်းရဲ့နဲ့ ခေါင်းညိတ်ပါဝင်ပေးနေမိကြတာလား။

ကြီးကြီးတို့ဆီ "ဟိုမိန်းမကြီးက ကြမ်းတော့မှာ"ဆိုတာကို ကြိုသတင်းပို့ထားမှပဲ ဖြစ်တော့မည်။ တကယ်တော့ သွန်းပုံနဲ့လည်း စကားပြောကြည့်ချင်သေးသည်။ အဲဒီ "ဒေါ်အလုပ်မဟုတ်"ကလည်းပဲ သူလိုလားတာတစ်ခုကို အနိုင်ရအောင်ဆောင်ကျဉ်းမပေးနိုင်တာမို့ တစ်မြေရပ်ခြား ပြန်ရတော့မယ့် ချစ်သူတစ်ယောက်ကိုတောင် အဆက်အသွယ် မလုပ်။





တစ်ခါတစ်ရံကျရင်လည်း အလုပ်ကိစ္စ၊ အိမ်ကိစ္စ အဆင်မပြေနိုင်တာမျိုးရှိရင် မြန်မာနိုင်ငံကို ပြန်ပဲလာလာ၊ ပြန်ပဲထွက်ထွက် လေဆိပ်ထိ လိုက်ပါပို့ဆောင်၊ ကြိုဆိုတာမျိုးမလုပ်နိုင်တဲ့ အကြိမ်တွေလည်း ရှိဖူးပါသည်။ လဝါကလည်း သူများ ကာတွေလို နှစ်ရှည်လများ အဝေးရောက်နေရတဲ့ အလုပ်မျိုးမှ မဟုတ်တာ။

ခဏခဏ ကဒီးကဒီး ပြန်ဝင်လာလိုက်၊ ပြန်ထွက်သွားလိုက်ဆိုတော့ မအားလို့ အလုပ်ရှိလို့ လိုက်မပို့၊ လာမကြိုနိုင်တာမျိုးဟာ ဘာပြဿနာမှ မရှိပါ။ သွန်းပုံဟာ ကိုယ့်ရဲ့အိမ်သူသက်ထားတစ်ယောက်လည်း ဟုတ်မှမဟုတ်သေးတာလေ။ နားလည်ပေးနိုင်ပါသည်။

အဲ ...။ စိတ်ကောက်နေလို့ လိုက်မပို့၊ လာမကြိုရင်တော့ ...။ ဒါကတော့ ပြဿနာပေါ့နော်။ ဒီတစ်ခေါက်ကလည်း အဲဒီလိုပြဿနာနဲ့ပဲ ပြန်ထွက်ခဲ့ရတာလေ။ လိုက်မပို့တဲ့အပြင် ဖုန်းနဲ့တောင် နှုတ်ဆက်လာတာမျိုးမရှိ။ သူက မဆက်လာလို့ ကိုယ်ကဆက်ရတော့လည်း "အင်း ... အဲ"နဲ့ စကားကောင်းကို ပြန်မရခဲ့တာမျိုးပါ။ အဲဒီအနေအထားမျိုးမှာ "ကလေးကိစ္စက ပြင်းလက်ချက်မဟုတ်လားကွာ။ ဘယ်လိုလုပ်ချလိုက်တာလဲ"လို့ ဆက်ပေမယ့် ဖုန်းမျိုးဆိုရင် "Over Sea Call"လို့ မြင်တာနဲ့တင် ဖြစ်မှထောင်ပါ့မလား။

"ဒီမှာ ဦးထင်ကြီး။ ခင်ဗျားကြီး ကျုပ်ကို 'မင်းမှမကယ်ရင် ငါ လုံးဝဒုက္ခရောက်ရတော့မှာမို့ပါ"ဆိုပြီး အကူအညီတောင်းခဲ့ဖူးတာ တစ်ခုကို မမေ့သေးဘူး ဆိုရင်တော့ဗျာ။ အဲဒီတုန်းက ကျုပ် မဖြစ်,ဖြစ်အောင် ကူညီခဲ့ဖူးသလို ခု တစ်ချီကတော့ ခင်ဗျားအလှည့် ပြန်ရောက်လာပြီဗျ။ ခင်ဗျား လုပ်ပေး"

"ဘာများလဲ ငါ့ညီရာ။ မင်းကျေးဇူးတွေကို ငါက မေ့လားကွ"

"ဒါဆိုလည်း ကောင်းတာပေါ့ဗျာ။ ကျုပ်က ခုမှ အလှည့်ခွင်ကို ပြန်ရောက်တာ။ ခုဟာက သုံးပတ်နေ တစ်ပတ်ခွဲပြန်စနစ် ပြန်လုပ်ထားတော့။ နောက်ထပ် ရက်နှစ်ဆယ်နီးပါး လောက်ကြာမှ ကျုပ်က အဲဒီကို ပြန်ရောက်လာနိုင်မှာ။ အဲဒီရက်တွေ အတောအတွင်းမှာ ခင်ဗျားမိန်းမကို ခင်ဗျား မရ,ရအောင် သိမ်းထားဗျ"

"ဘာ ... ဘာကိုလဲကွ"

"ဘာကိုပဲဖြစ်ဖြစ် ထိန်းပေါ့ဗျ။ အဓိက,ကတော့ ခင်ဗျား ဘာသာ ကလေးပျောက်မှုကို ရဲတိုင်ချင်တိုင်။ မတိုင်ချင် နေ။ ကျုပ်ကြီးတော်တွေကိုတော့ ဘာမှဒုက္ခသွားမပေးမိစေနဲ့။ ခင်ဗျားမိန်းမကို တရားသွားမစွဲနိုင်အောင် ရှာကြံထိန်းထားဖို့ ပြောနေတာ"

"အင်း ..."





"ခင်ဗျား အခု ... အဲဒီအသံက သက်ပြင်းချတာလား။ ကောင်းပြီလို့ ကတိပေးတာလား။ ရှင်းအောင်ပြောဗျာ"

"ကောင်းပါပြီကွာ။ ငါ ကြိုးစားထားပါ့မယ်"

"ကြိုးစားရမှာမဟုတ်ဘူး၊ မဖြစ်,ဖြစ်အောင်လုပ်ရမှာ"

"လုပ်ပါ့မယ်၊ မင်းက ရက်နှစ်ဆယ်ကျော်ရင် ပြန်တော့ ပြန်လာမှာနော်"

"မပြန်လာဘဲ ကျုပ်က ကျုပ်ရဲ့ခွင့်ရက်တွေကို ဒီမှာငုတ်ကြီးဘာလုပ်ပစ်နေရမှာလဲ"

"မင်းရှိမှ ဖြစ်မှာမို့ပါ ညီရာ၊ မင်းကိုငါက အားကိုးပါတယ်"

"တော်ပါဗျာ။ ဒါနဲ့ ဦးထင်ကြီး ခင်ဗျားသားကိစ္စက ခင်ဗျားမိန်းမလက်ချက် မိသွားဘာတော့ မဟုတ်တာသေချာပါတယ်နော်"

အဲဒီလူကြီးကို အမြင်ကတ်ကတ်နဲ့ ညအိပ်မပျော်အောင် ခြောက်လှန့်လိုက်ပြီးမှ ကိုယ့်လှန့်လုံးက ကိုယ့်ပြန်ခြောက်ပြီး ကိုယ့်ဘာသာပဲ "ဒိန်း"ခနဲ အထိတ်တလန့် ပြန်ဖြစ်သွားရပါသည်။ ကြီးကြီးကတော့ အမှန်အတိုင်းပဲပြောမှာ။ သွန်းပုံလေးလည်း လိမ်တာမဟုတ်ဘူးဆိုရင် ခြံဝထိ ပြန်ရောက်လာတဲ့ ဆရာမနဲ့ သားဟာ, မရွှေမှုန် လက်ချက်မိသွားတာများလား။ ဒါမှမဟုတ် မိခင်ကြီးကို အကြောင်းပြပြီး ညီမငယ်ကိုပါ လည်ပင်းညှစ်ခိုင်းစေလေသလား။

"ပေါက်တတ်ကရတွေ မပြောစမ်းပါနဲ့ကွာ"

"ဒါပေမဲ့ ခင်ဗျား ဒီရက်နှစ်ဆယ်အတွင်းမှာ ငုတ်တုတ်တော့ ထိုင်မနေနဲ့ဗျ။ ခင်ဗျားမိန်းမကိုရအောင် ထိန်းရမယ့်အပြင် ကလေးကိစ္စကိုလည်း တောက်လျှောက် ဆက်စုံစမ်းနေဦး။ အထူးသဖြင့် ခင်ဗျားမိန်းမနဲ့ ခင်ဗျားခယ်မ ဘာတွေကျိတ်လှုပ်ရှားနေကြသလဲ ဆိုတာကို မျက်ခြည်မပြတ်စေနဲ့"

အဲဒီလူကြီးရဲ့ ဒီတစ်ခါ "အင်း"လိုက်သံကတော့ "ကောင်းပြီ"လို့ဆိုချင်တာထက် မနိုင်ဝန်ကြီးမို့ သက်ပြင်းချလိုက်တဲ့အသံမျိုးပဲ ပိုဖြစ်နိုင်ပါလိမ့်မည်။ လဝါဟာ ဦးထင်ကြီးအကြောင်း တစ်စထက်တစ်စ ပိုသိလာရတာက သူဟာ"လူညံ့"တစ်ယောက်ဆိုတာထက် "လူပျော့"တစ်ယောက်သာ ပိုဖြစ်နေတာပင်။ သူ့မှာ အပြစ်ကြီးတစ်ခုနဲ့ လက်ဆုပ်လက်ကိုင် သက်သေပြစရာရှိနေစဉ်ကတော့ ထားတော့။ ဂုချိန်မှာတော့ မသိသိလှမှ မရှိတော့တဲ့နောက်တော့ အပြစ်ဆိုတာကလည်း ပြီးဆုံးသွားပြီပဲ မဟုတ်ဘူးလား။ အဲဒါကိုပဲ ဘာကြောင့်များ ဆက်ပြီးပျော့ညံ့နေဦးမည် မသိနိုင်တော့ပါ။

စကားပြောချင်တယ်။ ရန်တွေ အကြီးအကျယ်ထပ်ဖြစ်ကြရတော့မယ်မှန်းသိရက် သွန်းပုံနဲ့ ခဏတဖြုတ်ဖြစ်ဖြစ်တော့ စကားပြောကြည့်လိုက်ချင်သေးတယ်။ မထူးပါဘူး။ ကိုယ်သည်လည်း ဒီမိန်းကလေးနဲ့ ပတ်သက်လာရင်တော့ အင်မတန်ပျော့ညံ့မိသူတစ်ယောက် ဖြစ်မှန်းမသိ ဖြစ်ဖြစ်သွားရတာပဲ မဟုတ်ဘူး





လား။ အဲဒါဟာ"အချစ်ကြောင့်"လို့ဆိုရရင် ဦးထင်ကြီးကရော ရွှေမှုန်ကို "အချစ်"တစ်ခုနဲ့ပဲ အရာရာကို ရင်မဆိုင်ရဲ ပျော့ညံ့တွေဝေနေခဲ့ရတော့တာမျိုးလား။

သွန်းပုံကရော ...။ "ချစ်လားကွာ"လို့ မေးတိုင်း နှာခေါင်းပဲရှုံ့ပြတတ်တဲ့ ကောင်မလေးဟာ "လဝါက အရမ်းချစ်ရကောင်းတာပဲ။ ရှင့်ကို သွန်းပုံ သိပ်ချစ်တယ် သိလား"ဆိုတဲ့ စကားမျိုးကိုရော မပြောခဲ့သူမို့လို့လား။ ခုကျတော့ဖြင့် သူလုပ်ချင်ရာကိစ္စတစ်ခုကို မဆီမဆိုင် ခေါင်းမာမာနှင့် လုပ်နေနိုင်ဖို့ ချစ်သူကိုပင် စွန့်လွှတ်ဖြတ်တောက်ထားနိုင်သည်။ အဲဒီလို"ချစ်ခြင်း"မျိုးကိုလည်း လဝါက ဘယ့်နှယ် နာမည်ပေးရမည်မှန်းမသိတော့ပါ။

"ကြီးကြီး ... ကျွန်တော်ပါ"

ဦးထင်ကြီးနှင့် ဖုန်းရအပြီးမှာ လဝါက ကြီးကြီးတို့ထံ လှမ်းဆက်သွယ်လိုက်သည်။

"သား"

ကြီးကြီးရဲ့တုံ့ပြန်လေသံကဖြင့် "သား"တစ်လုံးတည်းနဲ့တင် အရာရာ ပြည့်စုံနေတော့သလိုလိုပါ။ ကြီးကြီးတို့ တော်တော်စိတ်ညစ်နေရပြီဆိုတာကို အဲဒီ"သား"တစ်လုံးနှင့်ပင် လဝါက ရိပ်မိနိုင်လိုက်သည်။

"ကျွန်တော့်ဆီ ဘာလို့ အကြောင်းမကြားတာလဲ ကြီးကြီးရာ"

"သားက အဲဒီကို အပျော်ခရီးထွက်နေတာ မဟုတ်ဘူးလေ။ အလုပ်သွားလုပ်နေတာ။ သားကို ဘာလို့စိတ်အနှောင့်အယှက် လှမ်းပေးနေမလဲ။ အဖြစ်မှန်ကိုလည်း ကိုယ်က အတိအကျကြီး သိနေနိုင်တာပဲဟာ။ မစိုးရိမ်ရဘူး။ ဒါ မင်းမသိလည်း ရတာပဲလို့ပဲ ကြီးကြီးတို့က သဘောထားနိုင်တယ် လဝါ။ ခု သားကို ဘယ်သူလှမ်းပြောလိုက်တာလဲ။ မင်းကောင်မလေးလား။ သူက ဘာတဲ့လဲ"

"ကလေးအဖေက ဆက်တာပါ။ ကြီးကြီးတို့တော်တော် စိတ်အနှောင့်အယှက် ဖြစ်ကြရရဲ့လား။ ကျွန်တော် မှားတာပါ။ အစောကတည်းက ကြီးကြီးတို့ကို ဒီကိစ္စတွေနဲ့မပတ်သက်စေခဲ့ရမှာ"

"ကိစ္စမရှိဘူး လဝါ။ စိတ်အနှောင့်အယှက်တော့ မဖြစ်ဘူး မဟုတ်ဘူး ဖြစ်တယ်။ အဲဒီ မရွှေမှုန်ဆိုတဲ့ မိန်းကလေးက ထင်ထားတာထက် ဆိုးနေသေးတာကိုး။ ပြောလိုက် ဆိုလိုက်တာများ ပိုးစိုးပက်စက်။ ခုလည်းပဲ အိမ်ရှေ့မှာလည်း လူတစ်ယောက် နှစ်ယောက် ကင်းပုန်းလာချထားတဲ့အပြင် ဘယ်သွားသွားလည်း နောက်ယောင်ခံက အမြဲပါတယ်။ ဒီမိန်းကလေးရဲ့လက်ချက်တွေပဲ နေမှာပါ၊ ဒါပေမဲ့ သားစိတ်





ထဲ ဘယ်လိုမှမနေနဲ့။ ဒါတွေက ကြီးကြီးတို့ကို ဒီလောက်ကြီး မထိခိုက်စေနိုင်ပါဘူး"

"ဟာ ... ဘယ်ဟုတ်မလဲ။ လွန်လိုက်တာ ကြီးကြီးရာ"

"ဒါပေမဲ့ ကြီးကြီးက အဲဒါတွေကို သားရဲ့မိန်းကလေး "ဘူး"ခံငြင်းတာလောက် စိတ်ထဲမထိခိုက်ဘူး။ သွန်းပုံရဲ့ လုပ်ရပ်ကိုတော့ စိတ်လည်းထိခိုက်တယ်။ လုပ်ရက်တယ်လို့လည်း မြင်တယ်ကွယ်။ သူနဲ့ ကြီးကြီးတို့ဆိုတာ အပြန်အလှန် ခင်မင်နေကြပြီးပြီ။ မျက်နှာထောက်ရမယ့် လူတွေပဲ။ သူက "ဘူး"ခံငြင်းတော့ လိမ်လည်လုပ်ကြံတဲ့ သူဟာ ကြီးကြီးတို့ပဲ ဖြစ်ရမယောင်ယောင်၊ လူကြီးတွေကို သူ ဒါမျိုးတော့ မလုပ်သင့်ဘူးလေ ...

ယုံတဲ့သူတွေကလည်းပဲ သူတို့လူကိုပဲ သူတို့ယုံတယ်။ အေးလေ ... ဒါလည်းအပြစ်တော့ မပြောနိုင်ပါဘူး၊ ကိုယ့်လူပဲ ကိုယ်ယုံတော့မပေါ့။ ဒါပေမဲ့ အဲဒီလိုယုံနေတော့လည်း ကြီးကြီးတို့ကိုပဲ အနှောင့်အယှက်မျိုးစုံ ပေးတော့တာပေါ့။ ကလေးအဖေက မဟုတ်ပါဘူး။ အဲဒီ သူ့မိန်းမကပါပဲ"

လဝါမှာ မျက်နှာချင်းဆိုင် စကားပြောနေရတာ မဟုတ်တာတောင်မှပင် မျက်နှာ ဘယ်နားသွားထားရမှန်းမသိအောင် ဖြစ်ရတော့သည်။ ဟိုဘက်ကကျတော့ သူတို့လူသူတို့ မျက်စိမှိတ် တစ်ထစ်ချ ယုံပေးနေကြချိန်မှာ ကိုယ်ကတော့

"ကြီးကြီးတို့များ သွန်းပုံရဲ့အလိုကို လိုက်မိလား"တွေ ဘာတွေ သံသရယဝင်နေမိလိုက်သေးသည်။

"ဆရာမလေးကလည်း ကလေးမှကလေး။ ကလေးအပေါ် အင်မတန် သံယောဇဉ်ထားနေတော့ ကလေးအတွက် ကောင်းမယ်ထင်ရင် ဘယ်သူက ဘယ်လိုစီစဉ်စီစဉ် အထို တွေအလိုဂါ ပါမှာပဲ။ သူကပါ အားတက်သရော ကူညီနေ ပြီး ပုန်းရှောင်နေမှတော့ ကကယ်လုပ်တဲ့ ကာယကံရှင်က မှ မဖော်လာရင် ဒီကိစ္စက ဘယ်တော့ပြီးမလဲ။ ဘယ်တော့ မှပြီးမှာ မဟုတ်တော့ဘူး သား"

"ကြီးကြီး ... အခု မရွှေမှုန်က တရားစွဲဖို့တွေ ဘာတွေ စီစဉ် ..."

ကြီးကြီးဘက်မှ ခဏအသံတိတ်သွားသည်။ ပြီးမှ_

"စဉ်းစားမိပါတယ်။ အဲဒီလို ဖြစ်လာနိုင်တယ်လို့။ ဒါပေမဲ့ တရားကို နတ်စောင့်တယ် ဆိုတာလည်း ရှိသားပဲ သားရဲ့။ မင်းကြီးကြီးနဲ့ ဘဘက ဘာမှမှ အမှားလုပ်မထားတာ။ ကိစ္စမရှိဘူး။ အဲဒါကိုလည်း မင်းစိတ်ထဲ ဘာမှမထားနဲ့။ မင်းအလုပ်ထဲပဲ မင်းစိတ်ကိုထားပါ။ မင်းတို့အလုပ်ခွင် site ထဲတွေက အလုပ်နဲ့ စိတ်နဲ့ တစ်ထပ်တည်းမကျရင် အန္တရာယ်ရှိနိုင်တယ်။ ကိုယ့် အလုပ်ကိစ္စပဲ ခေါင်းထဲသွင်း"

"ကြီးကြီး ... သွန်းပုံအတွက် ကျွန်တော် တောင်းပန်ပါတယ်"





"မင်းတောင်းပန်ရမယ့်ကိစ္စ မဟုတ်ပါဘူး လဝါရယ်။ အေးလေ ... မိန်းကလေးမလည်း မင်းနဲ့ရော၊ သူ့အိမ်နဲ့ ရော၊ ကြီးကြီးတို့နဲ့ပါ ပြဿနာတွေဖြစ်၊ အတိုက်အခံ တွေလုပ်ပြီး ဒီကိစ္စမျိုးကို လုပ်ရဲလိုက်တာ။ သူ့မလည်း အကြောင်းကိစ္စ တစ်ခုခုကပဲ ခိုင်ခိုင်မာမာ ရှိတာလား။ သံယောဇဉ်ပဲကြီး၊ ကြီးနိုင်လွန်းတာလား။ အံ့သြစရာကောင်း ပါတယ်"

"ကျွန်တော် ပြန်လာနိုင်ဖို့က နှစ်ပတ်ခွဲလောက်တော့ ကြာဦးမယ်"

"ရတယ် သား။ ကိစ္စမရှိပါဘူး။ တစ်ခုပဲ ... မင်းကောင်မ လေးနဲ့ စကားပြောကြရင်တော့ ညှိလို့ရရင်လည်း ညှိကြည့် ကြဦးလေ။ ဒီကိစ္စကြီးက သူ ဝန်မခံမချင်း အချိန်တွေ ကြာလာလေ ဆိုးလေပဲ ဖြစ်ဖို့ရှိမှာ။ အဲဒီ သူ့အစ်မလုပ်တဲ့ သူက ပြီးပြီးရောသဘောထားပြီး အလျှော့ပေးလိုက်မှာမှ မဟုတ်ဘဲ။ ကာယကံရှင် ကလေးအဖေခမျာလည်း ကြား တည်းကနေ သနားဖို့တော်တော်ကောင်းတယ်။ ကြီးကြီး တို့လည်း ဘာမှမဖြစ်ဘူး။ နေတတ်ပါတယ် ဆိုပေမယ့် ကိုယ့်အိမ်ရှေ့နဲ့ကိုယ်သွားလေရာ သူစိမ်းတွေ ပါမနေရင် ပိုကောင်းတာပေါ့။ တရားတစ်ဘောင်ကတော့ ဖြစ်မလာရင် အကောင်းဆုံးပဲ"

"ညိုလို့ရမယ့်မိန်းကလေးမျိုးဆိုရင် ဒါမျိုးကို အစက တည်းကတောင် လုပ်ခဲ့မှာမဟုတ်ဘူး ကြီးကြီးရေ"လို့ ဘယ်လို များ ပြန်ပြောရပါ့မလဲ။ ကြီးကြီးကို့ကို အကျိုးအကြောင်းဆက် မေးကြည့်ပြီး နောက်ထပ် နှစ်ရက်လောက်ကြာတော့ ကြီးကြီးဆီက ဖုန်းပြန်လာသည်။ သွန်းပုံ ရောက်လာပြီး ကြီးကြီးနဲ့ ဘာဘကို လာကန်တော့သည်တဲ့။

"ကလေးကိစ္စကတော့ ကြီးကြီးရော မင်းဘဘပါ ဘယ်လို မေးမေး၊ ဘယ်လိုပြောပြော နှုတ်ကိုပိတ်ပြီး ခေါင်းကိုငုံ့ ထားတာကွယ်။ ခုတစ်ခါကတော့ 'ဘူး'ခံငြင်းတာတောင် မကတော့ဘူး။ ပိတ်ကိုထားတာ။ လုပ်မိပါတယ်လည်း မပြောဘူး။ သူ မလုပ်ဘူးလို့လည်း မငြင်းဘူး။ ဘာမှကို၊ တစ်လုံးမှ၊ တစ်ခွန်းမှကို ပြန်မပြောတော့တာ ...

အင်မတန်မျက်နှာထားတတ်တဲ့ ကလေးမနော် သား။ ကန်တော့ရာမှာလည်း 'မှားခဲ့တာတွေရှိသမျှအတွက် ကန်တော့ပါတယ်'ပဲ ပြောသွားတာ။ 'ဘာလုပ်မိလို့၊ ညာလုပ်မိလို့ ခွင့်လွှတ်ပါ'ဆိုတာမျိုး တစ်ခွန်းမှမပြောဘူး။ မင်းဘဘကတော့ ကောင်မလေးကို သဘောတောင်ပိုကျလာမိသေးသတဲ့။ ကြီးကြီးကတော့ အဲဒီလိုမိန်းကလေးမျိုးနဲ့၊ ရိုးရိုးရှင်းရှင်း အေးအေးဆေးဆေး ငါ့သားနဲ့ ဘယ့်နှယ် လုပ်ကြပါ့မလဲလို့ပဲ ပူမိတော့တာပဲ"





သွန်းပုံ ...။ မျက်နှာပြောင်တိုက်ပြီး လုပ်ချင်ရာ လုပ်ကဲ့ဘဝမှာ လူကြီးသူမတွေကိုတောင် သွားကန်တော့ပါသတဲ့ လေ။ ဘာပြောရမှန်းတောင် မသိတော့လောက်အောင်ပါပဲ ကလေး မရယ်။ ဒီကြားထဲမှာ စကားပြောခွင့်လေး ရလိုက်ရင်တော့ ကောင်းမှာဖြစ်ပေမယ့် ကိုယ့်ဘက်က ဖုန်းနှိပ်ဆက်ခေါ်တိုင်း သူ့ဖုန်းကို Busy Tone ချည်းပဲ လုပ်လုပ်ပစ်လိုက်တာက ခက်သည်။ သူ့အိမ်ကဖုန်းကိုကျတော့လည်း မဆက်ချင်ပါ။ အဘွားကြီးတို့၊ အစ်မကြီးတို့နဲ့ပဲ တွေ့နေရပြီး ဝိဘတ္တိရသတွေချည်းပဲ ခံစားနေရ တော့ ဘယ်လိုလုပ်မတုန်း။

သူ့လုပ်ပဲ သူ့မျက်စိမှိတ် တစ်ထစ်ချ ယုံနေသည်ဆိုတဲ့ မရွှေမှုန်ဟာ သွန်းပုံကိုလည်း အလစ်တော့ပေးမှာ မဟုတ်ပါ။ ဦးထင်ကြီးကလည်းပဲ သူ့စိမ်းတွေဖြစ်တဲ့ ကြီးကြီးတို့ကိုသာရမယ် မရှာချင်ရင်နေမယ်၊ တစ်အိမ်တည်းနေနေတဲ့ ခယ်မကိုတော့ စက္ကန့်နဲ့မလပ် သတိမထားဘဲ လွှတ်ထားပါ့မလား။ သူကလေး ဘယ်လိုများ လုပ်ရှားနေပါလိမ့်။

ကလေးအပေါ် ဘယ်လောက်ပဲချစ်တယ်၊ သံယော ဇဉ်ရှိတယ်ဆိုဆို ဆရာမကလေးသည်လည်း သူ့စိမ်းပင်။ စိစဉ်သူ လစ်ဟာနေရင် ကလေးအတွက် ဒုက္ခပေးရာ၊ အန္တရာယ်ပေးနေ သလို ဖြစ်ရာကျမှာလည်း သွန်းပုံတစ်ယောက် မတွေးမိဘဲနေမှာ မဟုတ်ပါ။

သူ့အစ်မက ကလေးကို တစ်ခုခု လုပ်ထည့်ပစ်လိုက်မှာစိုးတာလေး တစ်ချက်တည်းနဲ့ အဲဒီလောက်ကြီးမားဝန်လေးစရာကောင်းတဲ့ ဝန်တွေကို ဖွတ်ယူပစ်လိုက်ရောတဲ့လား။

တွေ့ချင်တယ် သွန်းပုံ။ စကားပြောချင်တယ်။

•

တကယ်တမ်း မျက်နှာချင်းဆိုင် တွေ့ကြရသောအခါမှာတော့ သွန်းပုံဟာ လဝါရဲ့မျက်နှာတည့်တည့်ကို စိုက်ကြည့်ပြီး မျက်လုံးချင်းပါမလွဲအောင် ရင်ဆိုင်ပစ်လိုက်တော့ကာ ...

"ကလေးလေး ... ဘယ်မှာလဲ"

လဝါတစ်ယောက် "ဟာ"ခနဲကို ဖြစ်သွားခဲ့ရတော့တာပါ။ ရုတ်တရက် သွန်းပုံရဲ့စကားကိုပဲ ယုံလိုက်ရတော့မလားလို့ ကလေးအတွက် ပူပန်သွားရတဲ့စိတ်ရယ်၊ "အတော်မျက်နှာပြောင်တိုက်နိုင်တဲ့ ကောင်မလေး"လို့ ကရုဏာဒေါသောနဲ့တွေးထားမိတဲ့ စိတ်အခံမှာ "အဲဒီလောက်အထိတောင်မှ ထပ်ပြောင်ရဲတယ် ! "ဟုပါ လန့်ထိတ်သွားရတာကတစ်ချက်။ နောက်ဆုံးတစ်ခုကတော့ မပြောကောင်း မဆိုကောင်း "သွန်းပုံများရူးများသွားပြီလား"လို့ပါ ဖျတ်ခနဲ ထင်လိုက်မိသေးတာရယ်။

အဲဒီစိတ်သုံးခုက လဝါရဲ့ဦးနှောက်ထဲမှာ ယောက်ယက်ခတ် ပြေးလွှားကာ ဘယ်စိတ် ဘယ်အတွေးကိုတောင်အနိုင်





ယူလိုက်ရမှန်းမသိ။ သွန်းပုံရဲ့လျှပ်တစ်ပြက် ရိုက်ချက်က လဝါကို ချက်ကောင်းကို ထိမှန်သွားစေတော့တာပါပဲ။

ခဏကြာမှ သူကတောင် မိန်းကလေးဖြစ်ရက်၊ ပြောရမယ်ဆိုရင် တစ်ခုခုကို ကျူးလွန်ထားသူလည်းဖြစ်(နိုင်ပါ) ရက်နဲ့ တည်ငြိမ်ဣန္ဒြေရနေနိုင်လိုက်တာ၊ ကိုယ်က ဘယ့်နှယ့်ကြောင့် ဒီလောက်ယောက်ယက်ခတ် လှုပ်ရှားနေရမှာလဲဟု စိတ်ကိုအတန်တန် ထိန်းကာ ...

"ကိုယ်တော့ အရမ်းကိုအံ့ဩသွားတာပဲ။ သွန်းပုံ ကိုယ့်ကို အဲဒီလို မေးလာမယ်လို့ ထင်ကိုမထားဘူး"

"ဒါ ... မေးရမယ် ... မေးသင့်တယ် မဟုတ်ဘူးလား။ ဘာလို့မျှော်လင့်မထားရမှာလဲ"

"မဟုတ်ဘူး၊ အဲဒါက ကိုယ်ကသာ မေးရမှာလေ။ သွန်းပုံက ဖြေရမယ့်သူပဲ မဟုတ်လား။ မေးရမယ့်သူမှ မဟုတ်တာ။ ပြောင်းပြန်ကြီး ဖြစ်မနေဘူးလား"

"မေးခွန်းတစ်ခုရယ်လို့ ရှိလာရင် ဘယ်သူက ဘယ်သူ့ကို မေးမေး ရတာပဲ မဟုတ်ဘူးလား။ ဘယ်သူကမှ ဘယ်သူ့ကို မေးရမယ်၊ ဘယ်သူကတော့ မမေးရဘူး၊ မေးရမယ့်သူ မဟုတ်ဘူးလို့ သတ်မှတ်ထား၊ ဦးထားလို့ ရသလား"

"အဲဒါက 'ထမင်းစားပြီးပြီလား'ဆိုတဲ့ မေးခွန်းမျိုးဆိုရင်တော့ ဟုတ်တာပေါ့။ ဘယ်သူက ဘယ်သူ့ကိုမေးမေးလေ၊ ခုဟာကတော့ ..."

"မမနဲ့ မေမေက အဲဒီမေးခွန်းကို အဖြေရအောင်မေး လာခဲ့လို့ သွန်းပုံကို မှာလိုက်တယ်။ ဒီနေ့ သွန်းပုံတို့ တွေ့ဖြစ်ကြမယ်ဆိုတာ သူတို့သိတယ်လေ။ လဝါပြန်ရောက် လာပြီ။ ဒီနေ့ သွန်းပုံတို့ တွေ့ဖြစ်ကြဖို့ ချိန်းထားကြတယ် လို့ သူတို့ကို သွန်းပုံ ပြောပြပြီးမှ လာခဲ့တာ။ နို့မို့တစ် ယောက်တည်း အပြင်ထွက်ရဖို့က မလွယ်ဘူး"

"ဟုတ်ပါပြီ။ ပြောပြီးမှလာလာ ဒီတိုင်းပဲလာလာ ဘာမှ ကိစ္စမရှိပါဘူး။ ဒါပေမဲ့ ဒီနေရာမှာ ဘာမမ ဘာမေမေမှ မရှိဘူးလေ။ အဲဒီမေးခွန်းကို သူတို့ကမေးလာခဲ့ ဆိုတာနဲ့ ပဲ သွန်းပုံက ကိုယ့်ကိုမေးစရာလား။ ဘာလဲ ! ရုပ်ရှင် တွေထဲကလို အကျီမှာပါ အသံဖမ်းစက် တပ်လွှတ်လိုက် ကြလို့လား ... ဟုတ်လား ! "

"ပေါက်ကရတွေ လျှောက်ပြောမနေပါနဲ့"

"အဲဒါဆို သွန်းပုံလည်း ကိုယ့်ကို အရူးလုပ်ဖို့ ကြိုးစား မနေနဲ့တော့"

"လဝါ အခုဖြစ်နေတာက သွန်းပုံကို မယုံမကြည်ဖြစ်နေ တာပေါ့ ... ဟုတ်လား"

"ယုံရမယ်ဆိုရင် တစ်ခွန်းတည်းသောစကားကိုပဲ ဆိုလိုက် တော့ တောင်တောင်အီအီတွေ ပြောနေကြဖို့၊ အချိန်မရှိဘူး သွန်းပုံ။ ကိုယ်လည်း ခွင့်ကတစ်ပတ်ပဲ ရခဲ့တာ မင်းလည်း သိတယ်။ ကလေး ဘယ်မှာရှိနေသလဲ၊ မင်းတကယ်မသိ





ဘူးဆိုရင် ဒီတစ်ပတ်အတွင်းမှာ ငြိမ်နေ၊ ထိုင်မနေဘဲ ကိုယ်တို့အသည်းအသန် လှုပ်ရှားကြရတော့မှာ။ ပြော"

သွန်းပုံက လဝါကို စိုက်ကြည့်နေသည်။ ဒီရုပ်ဟာ ရူးထွက်သွားတဲ့ရုပ်တော့ ဘယ်နည်းနဲ့မှ မဟုတ်နိုင်ပါဘူး မဟုတ် လား။ လဝါကလည်း သွန်းပုံကို မလျှော့နိုင်တော့တဲ့ မျက်နှာထား နဲ့ပဲ ပြန်ကြည့်နေလိုက်ပါသည်။ ကိုယ်တို့နှစ်ယောက်စလုံးနဲ့ ဘာမှမပတ်သက်၊ မသက်ဆိုင်တဲ့ ကလေးတစ်ယောက်အကွက် ချစ်ရသူနှစ်ယောက်ကြားမှာ ခုလောက်ထိ အရေးအခင်းတွေ ဖြစ် ကုန်ကြရတာ ဝမ်းနည်းဖို့ကောင်းလိုက်တာ။ မင်းက အဲဒါကို ဘယ်နည်းနဲ့မှ မျက်နှာမပျက်ဘဲ ခံစားနေနိုင်မယ်လား သွန်းပုံ။

အတော်ကြာကြာလေး တိတ်ဆိတ်နေခဲ့တဲ့ သွန်းပုံ က အသံစထွက်လာတော့ ထန်နေတဲ့ အသံထွက်ကိုတော့ ပြင် လိုက်ပါသည်။ ရုပ်ကတော့ ခပ်တည်တည်သာပဲ မလျှော့နိုင်သေး။

"သူတို့မသိစေချင်သေးရင်လည်း သွန်းပုံက ဆက်ဖုံးထား ပေးလို့ ရပါတယ်၊ ဒါပေမဲ့ လဝါကတော့ ကလေးအကြောင်း ကို သွန်းပုံကို အမှန်အတိုင်း ပြောထားဖို့တော့ လိုတာပေါ့"

ဒီတစ်ခါမှာတော့ လဝါရဲ့ဦးနှောက်ဟာ အတွေးစိတ် သုံးခုနဲ့ ယောက်ယက်ခတ်ပြီး ဗျာများသွားစရာ မလိုတော့ပါ။ "သွန်းပုံတစ်ယောက်တော့ ရူးများသွားပြီလား" ဆိုတဲ့ စိတ်ရယ်။ "ဒါဖြင့် ကလေးက ဘယ်ရောက်နေပြီလဲ" ဆိုတဲ့ ပူပန်သွားမိရတဲ့ စိတ်ရယ်ကို အပြီးသတ်ဖယ်ထုတ်နိုင်လိုက်ပြီ။ လဝါဟာ မရွှေမှန်

ကို အင်မတိအင်မတန် စိတ်ကုန်ရသလိုမျိုး ချစ်ရတဲ့ သွန်းပုံကို မကုန်ချင်ပါ။ ကုန်လည်း မကုန်ရက်နိုင်ပါ။

ဝမ်းနည်းစိတ်တို့ကပဲ ရင်ထဲမှာ ကြီးစိုးလာသည်။ သွန်းပုံဟာ လဝါကို "ယုံကြည်ထိုက်တဲ့ ချစ်သူတစ်ယောက်အဖြစ်" မသတ်မှတ်နိုင်သေးတာလား။ သူကိုယ်တိုင်ကတောင်မှ "သူများတွေ မသိစေချင်သေးရင် သွန်းပုံက ဆက်ဖုံးထားပေးပါ့မယ်"လို့ ပြောနေသေးတာ။ လဝါကိုကော သူ့ဘက်ကပဲပါပြီး သူ့လုပ်ရပ်ကို ကူညီပံ့ပိုးပေးမယ့်သူအဖြစ် မယုံကြည်နိုင်ဘူးလား။

ဒီလိုစုံထောက်ဇာတ်လမ်းဆန်ဆန် ပြန်မပေးဆွဲတာတို့၊ ခိုးယူလုဝှက်ထားတာတို့ကို ကြိုက်နိုင် မကြိုက်နိုင်တာက တစ်ပိုင်းထား။ "သူ့မှာအကြောင်းရင်း တစ်စုံတစ်ရာ ခိုင်ခိုင်မာမာ ရှိလို့ ဒီလိုလုပ်ထားရပါတယ်"ဆိုရင် ဘဝတစ်သက်လုံး လက်တွဲသွားဖို့အထိပါ ရည်မှန်းထားပြီးသား လဝါက သူ့ရှေ့ကနေ မားမားမတ်မတ် မရပ်ဘဲ နေပါ့မလား။ ကန့်ကွက်နားချခဲ့ဖူးတာတွေ ရှိပေမယ့် ရပ်တည်ခိုင်မာပေးခဲ့တာတွေလည်း အများကြီးပဲ မဟုတ်ဘူးလား။ ‚

"ကိုယ့်ရဲ့အမှန်အတိုင်းက ကိုယ်နဲ့အဲဒီကလေးလေးပျောက်သွားတဲ့ကိစ္စနဲ့ ဘာမှမပတ်သက်ဘူး။ ကလေးအဖေကိုလည်း အဲဒီလိုပဲ ပြောထားပြီးသား။ သွန်းပုံရဲ့အစ်မနဲ့ အမေနဲ့ကိုလည်း အဲဒီအတိုင်းပဲ ပြောပြလိုက်ပါ။ သူတို့လိုချင်နေတဲ့ အဖြေတော့ ဖြစ်ချင်မှဖြစ်မယ်။ ဒါပေမဲ့ အဲဒီကလေးကို





ကိုယ်ခိုးပြီး ဖွက်မထားဘူး။ အဲဒါ ကိုယ်မဟုတ်ဘူး။ ကိုယ်တိုင်မလုပ်လို့ စိစဉ်ပစ်ခဲ့သလားဆိုရင် စီလည်းမစီစဉ်ဘူး။ ကိုယ်နဲ့ ဘာမှမဆိုင်ဘူး။ လုံးဝမပတ်သက်ဘူး"

တကယ်တမ်း မင်းလည်းမဟုတ်ခဲ့ရင် ကိုယ့်ဆီက ဒီလောက်တိကျတဲ့စကားကို ပြန်ရပြီးတဲ့အခါ (ကိုယ်ပထမဦးဆုံး ဒြွန်းခနဲ ဖြစ်သွားမိသလိုပဲ) "ဟယ် ... ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ။ သွန်းပုံက လဝါလို့ပဲ ထင်ထားတာ။ လဝါပါမဟုတ်ရင် ကျတော့ရောက်ပါပြီ။ သွန်းပုံတို့ ဘယ်လိုလုပ်ကြမလဲ။ ဘယ်က အစကောက်ပြီး စ,လိုက်ရှာရတော့မလဲ"ဘာဘာညာညာ မင်းထ, ဖြစ်ကုန်ရတော့မှာလေ။

"ကလေးအပေါ်မှာ တအားပူပန်စိုးရိမ်တယ်"လို့ မင်းပြထားခဲ့တဲ့ရုပ်နဲ့ လိုက်အောင် ဒီလိုတွေ ဖြစ်ကုန်ရတော့မှာလေ။

မင်းဟာက ပီရိချင်တဲ့နေရာမှာကျတော့ ရုပ်ကလေးကပဲ ကွက်ပြီးတည်ငြိမ်လွန်း၊ ပီရိလွန်းနေသလောက် မပီရိချင်တဲ့နေရာကျတော့လည်း မပီရိ၊ ယုတ္တိမရှိလိုက်တာ သွန်းပုံ။ "ကဲ ... ကိုယ်ရဲ့အမှန်အတိုင်းကတော့ ပြောပြီးပြီ၊ မင်းရဲ့အမှန်အတိုင်းကို ပြောပေတော့။ မင်းအလှည့်ပဲ"လို့လည်း ကိုယ်မလုပ်ချင်တော့ဘူး။ ကိုယ်က စစ်မှန်ရင် ... စစ်မှန်မှုကိုပဲ လူတိုင်းပြန်မျှော်လင့်မိကြမှာထုံးစံလေ။ မင်းဇွတ် မျက်စိမှိတ် ညာပစ်လိုက်မှာမျိုး ကိုယ်မကြားနိုင်တော့ဘူး။

ညာလည်းမညာချင်။ အမုန်အတိုင်းကလည်း မပြော နိုင်လို့ အကျပ်ရိုက် ဒုက္ခရောက်နေရမှာမျိုးကိုလည်း လက်ပိုက် ကြည့်မနေနိုင်ပါဘူး။ "သွန်းပုံ ပြောစရာရှိတယ် ဆိုတာတွေကို ပြောချင်တဲ့အချိန်ကျမှသာပြောပါ။ အဆောတလျင်ကြီး မသိရ လည်း ကိုယ် ဘာမှမဖြစ်ပါဘူး"လို့ ကိုယ်ပြောခဲ့ပြီးသားလေ။ ကိုယ့်ကို "ယုံကြည်စိတ်အချရဆုံးလူ"အဖြစ် သဘောထားမပေး နိုင်သေးတာကိုသာ ဝမ်းနည်းနာကျင်ရတာ၊ မင်းအပေါ်မှာထားတဲ့ ကိုယ့်အချစ်တွေကတော့ တစိုးတစိမှလည်း မပြောင်းလဲ။ မလျော့ နည်း။ ဒါလည်း ကိုယ့်ရဲ့အမှန်တရားပါပဲ။

"အဲဒီလို 'ဘူး'တစ်လုံးခံ ငြင်းပစ်လိုက်တာနဲ့ပဲ အရာရာ က ပြီးဆုံးသွားရရောတဲ့လား"

ဟာ ! ဘာလဲ။ ကိုယ်က ရှေ့ဆက်ဖွတ်တိုးမလာ ချင်တော့ဘူးလေ။ နေရာတင်ရပ်တန့်ပြီး "ဖြစ်ချင်ရာသာဆက် ဖြစ်တော့"လို့ စိတ်ဒုံးဒုံးချလိုက်ပြီကို မင်းက ဘာလို့ ရှေ့ဆက် တစ်ဆင့်တိုးတက်လာရပြန်တာလဲ။

"လဝါကိုယ်တိုင်ကိုယ်ကျ မပတ်သက်ဘူး ဆိုရင်လည်း လဝါရဲ့အမျိုးအဆွေတွေကိုပဲဖြစ်ဖြစ် မရှုရအောင်စုံစမ်းပေး သင့်တယ်လေ။ လဝါကလည်း မပတ်သက်ဘူး။ လဝါရဲ့ အမျိုးအဆွေတွေကလည်း ဘာမှမသိဘူး။ မသက်ဆိုင် ဘူးဆိုရင် ဒီဘက်က ကလေးနဲ့ တိုက်ရိုက်သက်ဆိုင်နေတဲ့





မိသားစုက ဘာဆက်လုပ်ရမှာလဲ ဒါဖြင့်။ သွန်းပုံတို့က လဝါကို ယုံပေးလို့ ရတယ်ပဲထား၊ လဝါရဲ့အမျိုးအဆွေ တွေကိုကော ဘာလို့ ဆက်တိုက် လိုက်ယုံပေးနေရမှာလဲ"

"သွန်းပုံ ... မင်းက ဘာဖြစ်ချင်တာလဲ ! ကိုယ် လုံးဝနား မလည်တော့ဘူး"

"လဝါက ကြီးကြီးတို့ပြောလိုက်တာကိုပဲ အမှန်လို့ သတ် မှတ်မှာလား"

"မင်းက လူကြီးတွေကို အဲဒီလိုလိုက်ပြီးပြောနေ၊ အပြစ်ရှာ နေဦးမယ်ဆိုရင် ဘာလို့သွားပြီးတော့ ကန်တော့တာတွေ ဘာတွေ လုပ်ထားသေးလဲ၊ ကန်တော့ပြီးသွားရင် ခေါင်း ခေါက်လို့လည်းရပြီ၊ ကြိုက်တာပြောလို့ လုပ်လို့ရပြီလို့ တွက်မလို့လား"

"အဲဒါကြောင့် ပြောတာလေ၊ လဝါက ကိုယ့်အမျိုးအဆွေကို ထိလာရင်တော့ နည်းနည်းမှ မခံနိုင်ဘူး မဟုတ်လား"

"လမ်းကြောင်းတွေက လွဲနေပြီ။ တစ်ခုခုကို ဦးတည်ပြီး ပုံဖော်ချင်နေတာ ဆိုရင်တော့ မင်းဖြစ်ချင်တဲ့ ဇာတ်လမ်း က ဘာလဲ။ သိပ်အပင်ပန်းခံမနေပါနဲ့ သွန်းပုံ။ မင်းဘာ ဖြစ်ချင်နေတာလဲ။ ပြောလိုက်ပါ"

တမင်သက်သက်ကြီး ပြဿနာလိုက်ရှာတော့မယ် ဆိုတာ သေချာသွားပြီလေ။ လုံ့ကြီးသူမအပေါ် မိုက်ရိုင်းချင်တဲ့

ကလေးမျိုးဟာ တိတ်တိတ်ကလေးတောင် သွားပြန်မကန်တော့ထားဘူး။ လူတိုင်းသိနိုင်တာပဲ။ ဒါတွေဟာ အကြောင်းပြတွေပါ။ ပြောင်းပြန်ကြီးလုပ်ပြီး လက်ညှိုးထိုးစွပ်စွဲခဲ့တာတောင်မှ ထ,မပေါက်ကွဲလိုက်တဲ့ ယောကျ်ားမျိုးဆိုတော့လည်း ရန်ဖြစ်နိုင်ဖို့ အကြောင်းပြချက်က ရှားပြီ။

တမင်ကြီး ရှာရပြီပေါ့ ... ဟုတ်လား။

"သွန်းပုံ ဘာမှမပြောဘူးနော်။ တစ်စုံတစ်ခုသောအဓိပ္ပာယ်သက်ရောက်စေတဲ့ စကားမျိုးကို လဝါကသာ စပြောနေတာ"

"ဘာအဓိပ္ပာယ်လဲ ! အဲဒီတစ်စုံတစ်ခုသော အဓိပ္ပာယ်ဆိုတာက ဘာလဲ၊ ကိုယ် ဘာမှမသိဘူး"

"မင်း ဘာဖြစ်ချင်နေတာလဲ ! ဆိုကတည်းက အရှင်းကြီးပဲလေ"

"ဘာရှင်းတာလဲ ! "

"တော်ပြီ လဝါ ... ဝေ့လည်ကြောင်ပတ်တွေ လုပ်မနေနဲ့တော့။ တစ်ယောက်နဲ့တစ်ယောက် အယုံအကြည်မရှိနိုင်ကြမှတော့ ဒီနှစ်ယောက်ကြားထဲက ဆက်ဆံရေးက ပျက်ပြားသွားခဲ့ပြီပဲ။ လဝါကလည်း သွန်းပုံကို မယုံဘူးလေ။ မငြင်းနိုင်ဘူး မဟုတ်လား။ သွန်းပုံကလည်း လဝါကို မယုံတော့ဘူး။ ဒီတော့ ပြီးပြီ"





"ဘာ ... ဘ ... ဘ ... ဘာပြောတယ်။ ပြီးပြီဆိုတာက ဘာလဲ"

"ဆက်ဆံရေးလည်း ပျက်သွားပြီ။ အယုံအကြည်လည်းမရှိကြတော့ဘူး ဆိုမှတော့ ဘာကပြီးပြီ ဖြစ်ရမှာလဲ။ အားလုံးပဲ ပြီးပြီပေါ့"

အခုမှပဲ ရှင်းတော့သည်။ နိုင်ငံရပ်ခြားကနေ ဖုန်းသမ်းဆက်တိုင်း "မအားလပ်ပါ"ဆိုတဲ့ Busy Tone ကိုပဲ အမြဲပြန်ပေးထားတဲ့ မိန်းကလေးဟာ လူကိုယ်တိုင် မြန်မာပြည်ရောက်လာမှ လူချင်းတွေ့ဖို့ ချိန်းဆိုတာကို မဆိုင်းမတွ၊ မငြင်းမဆန်၊ ချောရှောရှုရှုပဲ လက်ခံခဲ့ပါလား ... မှတ်တာ။ လက်စသတ်တော့လောကတည်းက သူ့မှာ "ပြီးကြပြတ်ကြဖို့"ဆိုတဲ့ အစီအစဉ်ကပါလာခဲ့ပြီးသားကိုး။

ဘာကြောင့်များလဲ သွန်းပုံ။ လိုလို့လား။ အဲဒီလောက်အထိ လိုသလား။ သူကလေးရဲ့အချစ်ကိုလည်း နည်းနည်းလောက်မှား သံသယရှိမိခဲ့ရင် အဲဒီလောက် မဟုတ်တမ်းတရားဇာတ်လမ်းဆင်ပြီးမှ အကျောကြီး ကျောချလိုက်တဲ့ မိန်းကလေးကို ဒေါသဘွားထွက်လာမိခဲ့ဦးမှာပါ။ ခုတော့ ရင်နာရတာပဲရှိသည်။

"လက်ထပ်ပါမယ်လို့ ကတိမပေးနိုင်သေးပါဘူးနော်"လို့ တစ်ချိန်လုံး အော်နေခဲ့ပေမယ့်၊ အဲဒီမိန်းကလေးရဲ့ရင်ထဲမှာ "ပြီးပြီပေါ့"ဆိုတဲ့ စကားလုံးမျိုး ရှိနေမယ်လို့လည်း

မထင်ခဲ့မိပါဘူး။ ခုဟာကတော့ အသေအချာကို ပြင်ဆင် အစီအစဉ်ချပြီးမှ သယ်ဆောင်လာခဲ့တာ။ ဘာလို့လဲ။

"ဘာမှမသက်ဆိုင်၊ မပတ်သက်တဲ့ သူစိမ်းလူတွေကိစ္စနဲ့ မင်းက ကိုယ့်ကိုပြီးကြပြီလို့ ပြောနိုင်တယ် ... ! "

အင်မတန်တည်ငြိမ်ဣန္ဒြေရနေပြီး ဘာခံစားချက်မှ ရှိမနေဟန် (တမင်ကြိုးလုပ်ထားဟန်တူတဲ့) မျက်နှာလေးနည်းနည်းတော့ တစ်မျိုးဖြစ်သွားလေသလားလို့ ထင်လိုက်မိပါသည်။

"ကောင်းပါပြီ။ မင်းကို ကိုယ်ဘယ်လောက်ထိ ချစ်သလဲဆိုရင် မင်းဖြစ်စေချင်တဲ့ စိတ်ဆန္ဒတွေကို ပြုင်မငြင်းချင်လောက်တဲ့အထိကို ချစ်တယ်လို့ပဲ မင်း မှတ်ထားလိုက်ပါ။ မင်းက ပြီးကြပြတ်ကြဖို့ လိုအပ်တယ်ဆိုရင် ငြင်းပယ်ပြီး မရမက ဆက်ဆွဲထားဖို့ ကိုယ်မလုပ်နိုင်ဘူး။ ခုဒီတစ်ပတ်လုံးတော့ မင်းပြန်စဉ်းစားဖို့ ကိုယ် အချိန်ပေးထားပါ့မယ်။ သေချာပြီဆိုရင် ကိုယ်ပြန်ရမယ့်ရက်ကျ အသိအကျ ထပ်ပြောပေးပါ။ မင်းကို ကိုယ် ဘယ်တော့မှ ထပ်မနှောင့်ယှက်တော့ဘူး"

"တစ်ပတ်အတွင်းလောက်နဲ့တော့ တစ်ယောက်နဲ့ တစ်ယောက် ယုံကြည်မှု ပြန်ရလာမယ်လို့ မထင်ပါဘူး"

"အဲဒါက မင်းသဘောပါ သွန်းပုံ။ တစ်ယောက်နဲ့ တစ်ယောက် ယုံကြည်မှုမရှိနိုင်တော့ရင် လက်တွဲလို့မရနိုင်တော့





ဘူး ဆိုတာလည်း မှန်ပါတယ်။ ဒါပေမဲ့ ယုံကြည်မှုဆိုတာကလည်း တည်ဆောက်ယူလို့ ရပါတယ်။ အနည်းဆုံးတော့ ပြန်တည်ဆောက်ကြမယ်လို့ ဆုံးဖြတ်နိုင်ရင်လည်း ရပါတယ်"

"တစ်ခါတည်း အပြတ်ဖြတ်ခဲ့တော့မည်"ဟု စဉ်းစားဆုံးဖြတ်လာခဲ့ပြီးသား မိန်းကလေးကို တစ်ထိုင်တည်းနဲ့ ပြန်ပြောယူလို့ မရနိုင်တာလည်း သိပါသည်။ သူပြောသလို တစ်ပတ်ကလေးနဲ့ ပြန်လုပ်ယူလို့ မလွယ်နိုင်တာလည်း နားလည်ပါသည်။ ဒါပေမဲ့ လဝါအဖို့ကတော့ နှစ်ရှည်လများမှ တကယ့်ကိုနှစ်ရှည်လများ။ အထက်တန်းကျောင်းသူကျောင်းသားတွေ ဘဝကနေ တက္ကသိုလ်ကျောင်းသူကျောင်းသား။ အဲဒီကနေမှ အလုပ်နဲ့အကိုင်နဲ့ ဖြစ်ကြရတဲ့အထိ တွက်ကြည့်လိုက်ရင် နည်းသလားနှစ်တွေ။ အဲဒီလောက် ခိုင်မြဲခဲ့တဲ့ သံယောဇဉ်နဲ့ ချစ်ခြင်းတရားကရော ခုလောက်ကလေးနဲ့ "ဖြတ်"ခနဲ ကွဲပျက်ပြီးဆုံးသွားလို့ ရနိုင်ပါသလား။

ဘာအကြောင်းအရာတွေကများအဲလောက် ဖိစီးဒုက္ခပေးနေကြလို့ ဒီလိုဆုံးဖြတ်ချက်ချလိုက်တဲ့အထိ ဖြစ်နေပါလိမ့်။ သူ့ဟာက ချောက်ထဲ ခုန်ချတော့မယ့်သူကိုတော့ မဆွဲလွှဲမတားဘဲ ချောက်ကိုသာ မရမက ရွှေ့ပစ်ချင်နေတဲ့ လူမိုက်တစ်ယောက်ရဲ့ မျက်ကန်းဆုံးဖြတ်ချက်မျိုး ဖြစ်မနေပေဘူးလား။ ဘာ့အတွက်

ကြောင့်များ ချစ်သူတစ်ယောက်လုံးကို ဆုံးရှုံးခဲ့ရလောက်တဲ့အထိ မိုက်မိုက်မဲမဲ ဆုံးဖြတ်ခဲ့ရတာလဲကွာ။ မင်းမချစ်လို့တော့ မဖြစ်နိုင်တာ ကိုယ်သိနေတယ်လေ။

"မင်းက ပြီးပြတ်ပြီ ဆိုပေမယ့်လည်း ကိုယ်ဒီမှာနေရဦးမယ့် ခွင့်ရက်အတွင်းတော့ ကလေးကို တတ်နိုင်သရွေ့ ဝိုင်းစုံစမ်းပြီး ကူညီရှာဖွေပေးနေပါဦးမယ်"

"မလိုပါဘူး၊ ရှင် တစ်ခါပြောခဲ့ဖူးသလိုပါပဲ။ သူ့အဖေ တစ်ယောက်လုံး ရှိပါတယ်။ သူ့အဖေကလွဲရင် ကျွန်မတို့က သာ နည်းနည်းတာဝန်ရှိချင်ရှိမယ်။ ရှင်နဲ့ကတော့ ဘာမှကို မဆိုင်ဘူး။ အနေသာကြီးပါ။ အဲဒီလောက်ပြောပြီးထားတဲ့ ကြားကလည်း ဝင်ရှုပ်မယ် မကြံပါနဲ့။ ကျေးဇူးပြုပြီးတော့ ဘာမှ ဝင်မပါပါနဲ့တော့"

ကဲ ...။ ဘာများတတ်နိုင်ရဦးမလဲ။ တစ်ခါတည်း အပြီးအပြတ် ပိတ်ကိုပိတ်ထားလိုက်တော့တာ။ ဟုတ်တာပဲ။ သူနဲ့ကိုယ်က တစ်ခုခု တစ်မျိုးမျိုး ပတ်သက်သက်ဆိုရင်တောင် ဒီကလေးဟာ ကိုယ်နဲ့ ဘာမှမဆိုင်တာ။ သူနဲ့ပါမဲ့ပတ်သက်ကြရတော့ဘူး ဆိုရင်တော့ ပြီးပါလေရော။ ပိုလို့တောင် လုံးဝဥဿုံ မဆိုင်တော့ပြီပေါ့။

သွန်းပုံနှင့် လမ်းခွဲခဲ့ပြီးကြတဲ့အခါ လဝါက ဦးထင်ကြီးထံ ဖုန်းဆက်လိုက်သည်။





"အေး ... ညီရေ၊ မင်း ပြန်ရောက်လာပြီဆိုတာ ကြားတယ်။ ဘာများထူးလို့ ဖုန်းဆက်သလဲကွာ"

"ဘာထူးသလဲဆိုရင် သွန်းပုံနဲ့ ကျုပ်နဲ့ အခုပြတ်သွားကြပြီ။ အဲဒါ တကယ်အတည်ပဲဆိုရင် ခင်ဗျားကြီးကို ကျုပ်လက်နဲ့ မရ,ရအောင် သတ်မယ် ဦးထင်ကြီး။ ကျုပ်ကဒီလို ထပ်တိုက်တွေ့ဖို့၊ ရန်များဖို့ ဝန်မလေးတဲ့သူမျိုး မဟုတ်ဘူး။ အင်မတန်ဝန်လေးတတ်တဲ့သူပါ။ ဒါပေမဲ့ ခင်ဗျားကိုတော့ မရ,ရအောင်လုပ်မယ်။ ဒုက္ခမရောက်,ရောက်အောင်လုပ်မယ်၊ အဲဒါမှတ်ထားလိုက်ဗျ ... ခင်ဗျား"

သွန်းပုံနဲ့တွေ့တုန်းက မပေါက်ကွဲခဲ့ရတဲ့ စိတ်တွေဟာ ဦးထင်ကြီးကို စိတ်ကြိုက် အော်ဟစ်ပြောဆိုလိုက်အပြီးမှာတော့ ဆက်တိုက်ပင် ပေါက်ကွဲထွက်ချင်လာပါသည်။ လဝါတစ်ကိုယ်လုံး သွေးတွေပွက်ပွက်ဆူနေပြီလားလို ခံစားလာရသည်။ မျက်နှာပြင်ပေါ်မှာလည်း ရင်ထဲကပူလောင်ပြင်းပြမှုကြောင့် ထွက်လာသော ချွေးတွေလား မျက်ရည်တွေလား ခွဲလို့ပင်။

လဝါကား"အရူးတွေ"ဟု စိတ်လွှတ်လက်လွှတ် အကျယ်ကြီး အော်ပစ်လိုက်မိပါတော့သည်။

ဟိုတစ်ယောက် … ဟိုတစ်ယောက်က ဘယ်သူပါလိမ့်။ မြင်ဖူးလိုက်တာ။ မြင်ဖူးတယ်။ အသိထဲကလား။ ငယ်သူငယ်ချင်းတွေထဲကတော့ ဟုတ်မည်မထင်ပါ။ အဲဒီမိန်းကလေးဟာ လဝါထက် အသက်အနည်းငယ် ပိုငယ်ပုံရနေသည်။ မြင်ဖူးရုံမကနိုင်ဘူး။ သိပါ သိဖူးရမည်။ အဲဒီမိန်းကလေးဟာ လဝါနှင့် မျက်လုံးချင်း ဆိုင်သွားမိချိန်မှာ တစ်မျိုးလေးဖြစ်သွားကာ ဖျတ်ခနဲ (မသိလိုက် မသိဘာသာ)မျက်လုံးပြန်လွှဲသွားသော်လည်း သူ့နောက်ကျောဘက်နားလောက်မှာ ရှိနေတဲ့ လဝါကို နောက်ကျောမလုံသလို ကြည့်ကွက် ကြည့်ကွက်နဲ့ ခဏခဏ ပြန်ပြန်လှည့်ကြည့်နေခဲ့တာ။

ဟာ …။ အဲဒါ … အဲဒါ …။ ဟိုဒင်း …။ အဲဒီတစ်ယောက်က …။

လဝါမှာ မီးပွိုင့်တစ်ခုမှာ ကားတန်းရှည်ကြီး ပိတ်မိပြီး မီးနီကို တန်းစီစောင့်နေကြရရာကနေ ညာဘက်သို့ လိုင်းကူးထွက်လိုက်ပါသည်။ အဲဒီမီးပွိုင့်ဟာ ရှေ့တည့်တည့်နှင့် ဘယ်ကွေ့မည့်ကားများအတွက်သာ မီးနီနေခြင်းဖြစ်ပြီး ညာဘက်ဆုံးလိုင်းကတော့ free way မီးအမြဲစိမ်းထားတဲ့ ယာဉ်ကြောမျိုးပါ။





လဝါက တန်းစီနေရာမှ ရုတ်တရက်ဖောက်ပြီး ညာလိုင်းထဲ ချိုးချအတင်းဝင်လိုက်လျှင် ညာလိုင်းတစ်ယောက် သူ့အရှိန်နှင့်သူ သွားနေကြသောကားများခမျာ ဘရိတ်အုပ်သူအုပ်၊ လက်ဖောင်းဘက်သို့ အတင်းကြီးဆွဲကွေ့သူ ကွေ့လိုက်ရနှင့် ယာဉ်တိုက်မှုတော့ ဖြစ်မသွားပေမယ့် အဲဒီနားတစ်ဝိုက်မှာ ပွတ်ဆွဲကဲ့ တာယာသံ၊ ဟွန်းသံ၊ ကျွီခနဲ ဘရိတ်အုတ်သံ၊ ဆဲဆိုလိုက်သံတို့နှင့် ဆူညံသွားပါသည်။

အနီးနားတစ်ဝိုက်က လမ်းသွားလမ်းလာတို့ရဲ့ အာရုံကလည်း လဝါတို့ကားတွေဆီ ကျရောက်လာလေရာ လမ်းနံဘေးဈေးဆိုင်တန်းတွေမှာ လဝါတို့မီးပွိုင့်မိယာဉ်ကြောကို ကျောပေးပြီး ဈေးဝယ်နေသည့် အမျိုးသမီးကလည်း နောက်ဘက်သို့ လှည့်ကြည့်လာပြန်ပါသည်။ မီးပွိုင့်မိကာ ရပ်နေရသည့် လဝါ၏ကားက ညာဘက်ယာဉ်ကြောကို ကျော်ထွက်လာပြီး ဒုက္ခများကုန်ရတာ ခန်းသိသွားလျှင် ထိုအမျိုးသမီး မျက်လုံးပြူးသွားသည်။

လဝါရဲ့ကားကို လည်ပင်းလိမ်ပြီး လိုက်ကြည့်နေတာကို နောက်ကြည့်မှန်ထဲက ပြန်မြင်နေရပါသည်။ လဝါက ကားကို မီးပွိုင့်ရှေ့ယာလွတ်သည်အထိ ဆက်မောင်းလိုက်ပြီးမှ ညာဘက်လမ်းနံဘေးသို့ ထိုးကပ်ရပ်လိုက်သည်။ ကားရပ်သွားပြီး လဝါပါ ကားပေါ်ကဆင်းလာသည်ကို မြင်လျှင်တော့ ထိုအမျိုးသမီးဟာ သူရပ်တန့် ဈေးဝယ်နေသည့် ဆိုင်ကလေးရှေ့ကနေ

သုတ်ခနဲ ထပြေးပါလေတော့သည်။ လဝါရဲ့ကားရှိရာဘက်သို့တော့ မဟုတ်။ ဆန့်ကျင်ဘက်သို့။

လဝါကလည်း ကြောင်အ,ဆုတ်ဆိုင်း၍ မနေပါ။ ချက်ချင်းပင်-သူ့နောက်က ပြေးလိုက်ခဲ့ပါသည်။ မိန်းကလေးနှင့်ယောကျ်ားလေးဆိုပေမယ့် ကားကို လမ်းဘေးမှာ ထိုးကပ်ရပ်ထားခဲ့ဖို့ရာအတွက် မီးပွိုင့်ဧရိယာနဲ့ လွတ်အောင်မောင်းထားရသေးသည်ဖြစ်ရာ နဂိုတည်းကိုက ကိုယ်နဲ့သူနဲ့က ခပ်ဝေးဝေးလေးဖြစ်နေပြီးသား။ လဝါမှာ အဲဒီမိန်းကလေးကို တော်ရုံနဲ့မမီပါ။

ပလက်ဖောင်းလမ်းတစ်လျှောက်မှာကလည်း လူသွားလူလာက ရှင်းလှသည်မဟုတ်ပေရာ ရှောင်လိုက် တိမ်းလိုက်၊ ဝင်တိုက်မိလိုက်၊ တောင်းပန်လိုက်နှင့် မနည်းလိုက်နေရတာ။ ခရမ်းရောင်လွှင်လွှင်ကလေးဝတ်ထားတဲ့ ကျောပြင်တစ်ခုကို မနည်းအာရုံစိုက်၊ မှတ်ထားပြီး လိုက်နေရသည်။ အပေါ်ကအင်္ကျီက ခရမ်းရောင်လွှင်လွှင်၊ အောက်ကတော့ ခရမ်းရယ်၊ အနီရယ်၊ အဝါရယ် ကျားထားသော ရှပ်ယှက်ခတ် ထဘီအဆင်။

အဲဒီအရောင်စုံ အသွေးစုံများနဲ့ ဆေးဆိုးပန်းရိုက်ကာလာခြယ်မျက်နှာတစ်ခုကြောင့်ပဲ အဲဒီတစ်ယောက်ကို လဝါက ချက်ချင်းမမှတ်မိလိုက်တာ။ အမြဲတမ်းတွေ့မြင်နေရတာက ရှင်းပြောင်နေတဲ့ ဖြောင့်ပလိမ်းမျက်နှာနဲ့။ အင်္ကျီဖြူ၊ လုံချည်နက်ပြာ၊ အလုပ်ခွင်ယူနီဖောင်းဝတ်စုံမျိုးနဲ့ချည်းကိုး။





ဟုတ်ပါသည်။ ဆရာမလေးပဲ ဖြစ်ပါသည်။ လဝါတော့ သူ့ကိုမြင်သွားပြီ၊ သူ့နောက်က လိုက်လာပြီဆိုပြီး ထွက်လို့ကိုပြေးနေတော့သူမှာ ကြီးကြီးတို့အိမ်မှာပင်နေ၊ စား၊ အလုပ်ဆင်းပြီး ကလေးကို ကြည့်ရှုထိန်းသိမ်းပေးခဲ့ဖူးတဲ့ ဆရာမလေးပဲဖြစ်ပါသည်။ ကလေးပျောက်သွားသည် ဆိုကတည်းက သူပါတစ်ခါတည်း ရောပျောက်သွားခဲ့တယ်ဆိုတဲ့ ဆရာမလေး။

လဝါကို မြင်တာနဲ့ ထွက်ပြေးသည် ဆိုကတည်းကရှင်းနေတာပဲလေ။ ကလေးကိစ္စမှာ အဲဒီမှုးတွဲတရားခံဟာ သူဖြစ်နေလို့။ ကလေးကိုနေရာရွှေ့ဖွက်ပစ်လိုက်တဲ့ တရားခံဟာ ဆရာမလေးကိုပါ ဆွဲဆောင်ခေါ်ယူသွားနိုင်သည်မှာ အဆောင်နေနေတဲ့မိန်းကလေးက အဆောင်ကပင် ထွက်ပစ်ပြီး စီစဉ်သူထား,ထားဘဲ့နေရာမှာပဲ လိုက်နေ,နေတဲ့အထိ။

ကလေးနဲ့အမြဲမခွာ ရှိနေရမည်ဖြစ်ပြီး ကလေးကိုတစ်နေရာမှာ ပစ်ထားခဲ့ပြီး သူ့တစ်ယောက်တည်း အပြင်ထွက်လျှောက်သွားနေဖို့ရာ ဘယ်လိုမှမဖြစ်နိုင်မယ့် အခြေအနေမှာ၊ ဒီလိုအပြင်မှာ တစ်ယောက်တည်း မြင်လိုက်ရတာသည်လည်း ဘာမှဒွိဟသံသယဖြစ်နေစရာမလိုပါ။ ကလေးအနားမှာ စီစဉ်သူကြီးက သွားစောင့်ပေးနေလို့သာ ဒီမိန်းကလေးက အပြင်ထွက်လာလို့ရတာပေါ့။

သူ့ကိုသာမိပြီ၊ ချုပ်ကိုင်ထားနိုင်ပြီ၊ ဖော်ထုတ်လိုက်နိုင်လျှင် ကလေးကိုဖွက်ထားနိုင်သည့် နေရာသို့လည်း တစ်ခါ

တည်းရောက်၊ စီစဉ်သူကိုပါ ကလေးကြီးချိရက်သား "ကွိ"ခနဲမီ ဆိုတာမျိုးတောင် ဖြစ်နိုင်သည်။ သို့သော် ... မလွယ်ပါ။ လဝါကား နဂိုတည်းကိုက ယောကျာ်းလေးတန်မဲ့ အပြေးမသန်လှတဲ့အပြင်၊ တာထွက်မှတ်တိုင်ချင်းကလည်း အလှမ်းကွာ၊ မြို့လယ်ကောင်ကြီး ပြေးလွှားနေရတာကိုလည်း နည်းနည်းခေါင်းထဲထည့်ပြီးတွက်,တွက်နေမိသေးသည်ဖြစ်ရာ ခရမ်းရောင်လွင်လွင်ကျောပြင်တစ်ခုဟာ တဖြည်းဖြည်း ကိုယ်နဲ့ပိုဝေး,ဝေးလာပါသည်။ တစ်ခါတလေများ ပျောက်သွားပြီးမှပြန်တွေ့။

ဒီမိန်းကလေးဟာလည်း လမ်းမကြီးတောက်လျှောက်သာ တစ်ဖြောင့်တည်း ဇွတ်ပြေးနေတော့ပြီး လမ်းကြား၊ လမ်းချိုးလမ်းတိုလမ်းမြောင်ကလေးတွေထဲ ချိုးကွေ့ချ၊ ကိုယ်ယောင်ဖျောက်ပစ်ရမှာကို သတိပဲမရတာလား။ စဉ်းကိုမစဉ်းစားနိုင်တာလား။ ဒါမှမဟုတ် သူနေနေတဲ့နေရာက ဒီအနီးနားတစ်ပိုက်မှာပဲမို့ လမ်းလွှဲခြေရာဖျောက်နေဖို့ မစဉ်းစားတော့ဘဲ အိမ်အထိပဲ မရောက်ရောက်အောင် ဇွတ်ပြေးနေတော့လား။ အဲဒီလိုဉာဏ်ကိုလွှာမသုံးတတ်တာကြောင့်မို့လည်း လဝါက ခဏခဏ မျက်ခြည်ပြတ်၊ ပြတ်သွားပေမယ့် မကြာခင်မှာ ပြန်,ပြန်တွေ့,တွေ့နေရဖို့ ကံပါနေသေးတာပဲ ဖြစ်ပါသည်။

ပျောက်သွား၊ မျက်ခြည်ပြတ်သွားလျှင်တော့ ဒီလိုအခွင့်အရေးမျိုးကို နောက်ထပ်တစ်ခါ ထပ်ရဖို့လည်း မလွယ်ကူနိုင်တော့ပြီ။ ကလေးကို ပြန်တွေ့လိုက်ရုံနဲ့လည်း ကိုယ်နဲ့သွန်းမုံ





တို့ကြားမှာ ဖြစ်ပျက်နေတဲ့ အဓိပ္ပာယ်မဲ့တဲ့ အဖြစ်အပျက်ကြီးတွေက ကွယ်ပျောက်ပြီးဆုံးသွားမှာ မဟုတ်ဘူးဆိုတာတော့ သိပါရဲ့။ ဒါပေမဲ့ "လူပျောက်မှု"ဆိုတဲ့ ကိစ္စကြီးကို ကာယကံရှင်၊ အဓိကပတ်သက်သူ ဆိုသူက ငုတ်တုတ်ထိုင် အေးဆေးနေနိုင်တိုင်း လဝါက အေးဆေးနိုင်ပါ့မလား။

သူသာ ကလေးကိုနှိုးဝှက်ထားသူ၊ စီစဉ်သူဖြစ်နေခဲ့ရင် သူစီစဉ်ထားတာကို ကဖျက်ယဖျက်လုပ်ပြီး ပျောက်ဆုံးမှုကြီးကို ဘွားခနဲ ဖော်ထုတ်လိုက်နိုင်တဲ့ လဝါကို သွန်းမုံက ပိုတောင်အမြင်ကတ်သွားဦးမှာ။ မပြေနိုင်လောက်အောင်ကို ပိုဖြစ်သွားဦးမှာ ဆိုတာကိုလည်း သိပါရဲ့။ သို့သော် လဝါဟာ ခုချိန်မှာ တခြားဘာကိုမှ ခေါင်းထဲထည့်တွေးမနေချင်သေး။ အပြေးသန်သလောက်။ အကွက်ထွင်ဉာဏ်တော့ သိပ်ကောင်းလှပုံမရတဲ့ ခရမ်းရောင်လွင်လွင်နောက်သို့ပဲ အားကြိုးမာန်တက် လိုက်နေဆဲဖြစ်သည်။

ဟာ ...။ လမ်းဖြတ်ကူးလိုက်ပြီ။

"ကွေ့ကောက်ချိုးကွေ့မပြေးဘဲ တန်းတန်းကြီးပဲ အတည့်လိုက်ကြီး ပြေးနေပါလား"ဆိုတဲ့ လဝါရဲ့အတွေးကို ရှေ့ကဆရာမလေးများ ရိပ်စားမိသွားလေသလား။ ဆရာမလေးမှာ ဒီတိုင်းကြီးပဲ လမ်းမကြီးတစ်လျှောက် ပြေးနေရာကနေ ညာဘက်ပလက်ဖောင်းမှ ဘယ်ဘက်ပလက်ဖောင်းသို့ လမ်းဖြတ်ကူးလိုက်ပါသည်။ နောက်က ပါလာတဲ့ လဝါရဲ့အန္တရာယ်ကနေ လွတ်ရင်

ပြီးရော။ သေမှာလည်း ကြောက်ပုံမရ။ လမ်းကိုပြေးလွှား ဖြတ်ကူးပစ်လိုက်တာ။ ခုနက လဝါ တစ်ခါယာဉ်ကြောပြောင်းလိုက်တုန်းကလိုပဲ ရုတ်တရက် ဘရိတ်အုပ်ရတဲ့ တာယာသံ၊ ဟွန်းသံ၊ ဆဲသံမျိုးတွေ ဆူညံလို့ သွားကြပြန်ပါသည်။

ကိုယ့်မှာတော့ သူ့ မိုက်ရူးရဲတိုင်း လိုက်မမိုက်ရဲသေး။ ကားတွေက အဆက်ပြတ်မှ မပြတ်တာ။ ပြီးကျတော့ ကိုယ်တိုင်ကလည်း လမ်းကူးတဲ့နေရာမှာ အင်မတန် သတိကြီးပြီး အကြောက်တရားကြီးမားတတ်တဲ့သူ။ ဖြစ်နိုင်ရင် မျဉ်းကျားတို့၊ တံတားတို့ကပဲ ကူးတတ်တဲ့သူ။

သို့သော် ... မဖြစ်နိုင်တော့ပါ။ သူ့ဟာက ညာကနေဘယ်ကိုဖြတ်ကူးပြီး ဒီတိုင်းတောက်လျှောက် ဆက်ပြေးပြန်တာမှ မဟုတ်ဘဲ။ အဲဒီလိုဆိုရင်သာ သူဘယ်၊ ကိုယ်ညာ။ မျက်ခြည်မပြတ်ရင် ပြီးရော၊ မျဉ်းပြိုင်ပုံစံနဲ့ ဆက်လိုက်နေသေးလို့ ရနိုင်ဦးမည်။

ခုဟာကတော့ ဘယ်ဘက်ကို လမ်းဖြတ်ကူးလိုက်ပြီးတာ နဲ့ သိပ်မကြာခင်မှာပဲ နောက်ထပ်ဘယ်ဘက်လမ်းချိုးတစ်ခုထဲသို့ သူက ထပ်ကွေ့ချပြေးဝင်သွားပြန်တာ။

နောက်ဆုံးတော့လည်း အလွတ်တော့ ဘယ်လိုမှ မခံနိုင်တဲ့တူတူ လဝါခများလည်း လမ်းမကြီးကို ဇွတ်ပင်မျက်စိမှိတ် မိုက်မိုက်မဲမဲ ပြေးဖြတ်ကူးရပါတော့သည်။

"ဟေ့လူ ... ဘယ်လိုလုပ်တာလဲ"





"သေချင်နေလို့လား"

"**** ..."

အသံပေါင်းစုံတွေ ဆူညံသွားပြန်ကာ ယာဉ်ထိန်းရဲရဲ့ ဝီစီသံတစ်ချက်လည်း ကြားလိုက်ရသလိုလိုရှိသည်။ ဒီနောက်မှာတော့ ကိုယ့်ရဲ့ခန္ဓာကိုယ် ဘက်ဘက်တစ်ခြမ်းကို တစ်စုံတစ်ခုနဲ့ ပြင်းပြင်းထန်ထန် ဝင်တိုက်၊ ဆောင့်မိလိုက်သလိုရှိကာ ...။

ပြင်းထန်သော ဝေဒနာတစ်ခုနှင့် သတိလစ်မသွားခင် ရုတ်ခြည်းဝိုင်းအုံလာကြတဲ့ လူအုပ်ထဲမှာ ချစ်ရသူရဲ့မျက်နှာလေးကို မြင်များမြင်ယောင်လိုက်သလားလို့ စိတ်ကဒိုးတိုးဝါးတားအင်ယောင်ထင်မှား ဖြစ်လိုက်မိသေးသည်။

## အခန်း(၇)

"မသေကောင်း မပျောက်ကောင်းပါလား ငါ့ညီရာ၊ ကိုယ်ဖြင့် သတင်းကြားကြားချင်း တအားကို ပူထူသွားတာပဲ။ ဘယ်လိုဖြစ်ရတာလဲကွာ"

"ကားတိုက်တာလေဗျာ"

"အေးလေကွာ ... ကား,ကားချင်း အက်ဆီးဒန့်ဖြစ်တာ မဟုတ်ဘူးဆို။ လမ်းဖြတ်ကူးရင်းနဲ့ အတိုက်ခံရတာဆို။ မြို့ထဲကြီးမှာ ကားမပါဘဲ လူချည်းပဲ ဘယ်လိုဖြစ်ရတာလဲကွာ။ မင်းကားက ဘယ်ရောက်နေလို့လဲ၊ ကားလိုအပ်ရင်လည်း မင်းရောက်နေတဲ့ တစ်ပတ်အတွင်းလောက် ဦးထင်ကြီးရေ့ ကူညီထားဦးဆိုရင် ကိုယ့်မှာ ဝမ်းသာအားရ မကူညီရပါလားကွာ"





ဦးထင်ကြီးကား ဟိုတစ်နေ့ကပဲ သူ့ကို"သတ်မယ် တွေ ဖြတ်မယ်တွေ"စားကြိမ်းကြိမ်းပြီး သေစကားဆို ခြိမ်းခြောက်ထားသူမှာ လဝါ မဟုတ်တဲ့အတိုင်းပင်။ သူ့ခေါင်းထဲမှာ အဲဒီနေ့က ကိစ္စလည်း ဘာမှမရှိတော့ဟန်နှင့် ပကတိအဟုတ် တကယ်ပူပန်စိုးရိမ်နေရသောရုပ်နှင့်သာ ရှိလေသည်။

"ကားကားချင်းတိုက်တာ မဟုတ်ဘူး။ ကားကပဲ လူချည်းသက်သက်ကို ဝင်တိုက်တာတဲ့။ လမ်းဖြတ်ကူးရင်းအတိုက်ခံရတာတဲ့ ခင်ဗျား ဘယ်လိုလုပ်သိသလဲ"

"ဒီဆေးရုံကပဲ တာဝန်ကျနေတဲ့ ဆရာမလေးတွေကို ခုပဲမေးကြည့်လာတာလေ။ ဘာဖြစ်လို့လဲ"

"ခင်ဗျားကို သွန်းပုံတို့၊ ခင်ဗျားသားကို ထိန်းပေး၊ ကြည့်ပေးနေတဲ့ ဆရာမတို့ ပြန်ပြောကြတာတော့မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူးကွ ... ဘာဖြစ်လို့လဲ။ သားကိုကြည့်ပေးနေတဲ့ ဆရာမဆိုတာက ဘယ်ကပါလာရတာလဲ ... ဘာလဲ"

"ဟုတ်ပါပြီ။ ခင်ဗျားရဲ့မျက်နှာအမူအရာအရ ခင်ဗျားတကယ်ပဲ ဘာမှမသိသေးဘူးလို့ပဲ ယူဆလိုက်ပါ့မယ်။ ဒါဖြင့် ဒီကိစ္စမှာ ခင်ဗျားကတော့ ကြံရာပါတစ်ယောက် ဟုတ်ချင်မှဟုတ်မယ်လို့ပဲ လောလောဆယ် ယူဆထားပါ့မယ် ...

ကျုပ် မနေ့က အဲဒီဆရာမကို မြို့ထဲတစ်နေရာမှာ တွေ့လိုက်လို့ နောက်ကနေ စွတ်လိုက်ရင်း ကားတိုက်ခံရတာပဲဗျ။ (......)လမ်းမကြီးနဲ့ (......)လမ်းထောင့်၊ အနီးတစ်ဝိုက်မှာ အဲဒီဆရာမကို မျက်ခြည်ပြတ်သွားတယ်ဆိုတော့ အဲဒီနားတစ်ဝိုက်မှာ ခင်ဗျားသားနဲ့ အဲဒီဆရာမ ရှိချင်လည်း ရှိနေနိုင်တယ်လို့ ယူဆလို့ ရနိုင်တာပေါ့ဗျာ။ စိတ်ဝင်စားတယ်ဆိုရင်တော့ သွားကြည့်ချင်ကြည့်ပေါ့။ ခင်ဗျားသားက မြန်မာနိုင်ငံထဲက တခြားဘယ်နေရာကိုမှ ရောက်မနေဘူး။ ရန်ကုန်မြို့ပေါ်မှာပဲ။ သေချာတယ်"

ဦးထင်ကြီးမှာ "သြော် ... အဲဒါကြောင့်ကားတိုက်ခံလိုက်ရတာ"ဟု ညည်းတွားသလို ပြောလိုက်ပြီးမှ ...

"မင်းက ကလေးကို လက်စဖျောက် ခိုးဝှက်ခံရချင်ယောင်ဆောင်ပြီး ကိုယ့်ဘာသာပဲ တစ်နေရာရာပို့ထားတာ ငါပဲလို့ ထင်နေတာကိုးကွ"

"မထင်စရာကော ဘာရှိလဲဗျာ။ ဘယ်လိုအဖေမျိုးကမှ ကိုယ့်ရင်သွေး လသားလေး ဖြန်းခနဲ ပျောက်သွားတဲ့ကိစ္စကို သွေးအေးအေးနဲ့ ရေခဲတုံးဖင်ခုထိုင်ပြီး အချိန်တန် ပြန်ထွက်လာမှာပဲ။ ခိုးဝှက်ထားတဲ့သူတွေကလည်း ငါ့အကျိုးကို လိုလားတဲ့၊ ငါ့အတွက် ကြည့်ပေးတဲ့သူတွေပဲ





ဖြစ်မှာပဲလို့ စိတ်အေးနေနိုင်မှာလဲ။ တစ်လောကလုံးမှာ ခင်ဗျားတစ်ယောက်သာ အဲဒီလိုဖြစ်နေတာ ကြုံဖူး ကြားဖူးတယ်။ ခုပဲ ဘယ်နှပတ်ရှိသွားပြီလဲ"

"မင်း ... ငါ့နေရာမှာမှ မနေဖူးသေးဘဲ ငါ့ညီရာ"

"အဲဒီစာတ်ပြားဟောင်းကြီး မဖွင့်နဲ့ဗျာ၊ နားငြီးလှပြီ"

"မြို့ထဲက (......)လမ်းမကြီးနဲ့ (......)လမ်းထောင့် ... ဟုတ်လား !"

"အဲဒီလောက်လေး သိရရုံလောက်နဲ့ တစ်အိမ်တက်ဆင်း၊ တစ်တိုက်ဆင်း တစ်တိုက်တက် တစ်ခန်းချင်း တံခါးခေါက်ပြီးတော့လည်း လိုက်မေးမနေနိုင်ပါဘူး။ အဲဒီနားမှာ မျက်ခြည်ပြတ်သွားပေမယ့် ကားတိုက်ခံလိုက်ရလို့သာ မျက်ခြည်ပြတ်ရတာ။ အဲဒီနားကပါပဲလို့လည်း တစ်ထစ်ချပြောလို့ မရနိုင်ပါဘူး။ ဒါပေမဲ့ ခင်ဗျားများ စိတ်ဝင်စားမလားလို့ ပြောပြတာပါ"

"ဆရာမတစ်ယောက်တည်းပဲပေါ့ ဟုတ်လား။ ငါ့ညီကို တွေ့လို့ ထွက်ပြေးတယ်ဆိုရင်တော့ ဒီဆရာမဟာ သားနဲ့အတူ ရှိကိုရှိနေမှာပါ၊ သေချာပါပြီ"

"တစ်မျိုးထပ်စိတ်အေးပြီး ဖင်ခုထိုင်ထားတဲ့ရေခဲတုံးကို ပန်ကာနဲ့ ထပ်မှုတ်ပြန်ဦးမလို့လား"လို့ ဘုဆက်တော့ချင်

တဲ့စိတ်ကို ထိန်းချုပ်လိုက်ပါသည်။ "သတိလစ်ခါနီးတုန်းက သွန်းပုံရဲ့မျက်နှာလိုလိုကိုလည်း လူအုပ်ထဲမှာ တွေ့လိုက်ရသလိုလိုပဲ" ဆိုတာကိုလည်း ပြောမပြချင်တော့ပါ။ ဟုတ်ချင်မှလည်း ဟုတ်မှာလေ။

ခါတိုင်းလို ဒီကိုပြန်ရောက်လာရတဲ့ တိုတောင်းလှတဲ့ ခွင့်ရက်လေးတွေအတွင်း နေ့စဉ်နဲ့အမျှလိုလို တုတုတွဲ၊ အပြင်ထွက်၊ လျှောက်သွား။ ညစာစား၊ စကားထိုင်ပြော၊ ဆိုတာတွေ ဘာတစ်ခုမှ လုပ်ခွင့်မရတော့တာမို့ တစ်ယောက်တည်း ခြောက်ကပ်ကပ်၊ ကယောင်ချောက်ချားနဲ့ အလွမ်းကြီးလွမ်းနေရတဲ့ စိတ်က မြင်ချင်ရာတွေမြင်ပြီး၊ ထင်ချင်ရာတွေ ထင်နေတာဆိုရင် ဘယ့်နှယ်လုပ်မလဲ။

ဟုတ်ချင်မှ ဟုတ်မှာလေ။

"ဒါနဲ့ ..."

ဦးထင်ကြီးက သူ့စကားငါ ခဏရပ်ပြီး လဝါကို ခဏအကဲခတ်သည်။ ပြီးမှ ခေါင်းတစ်ချက် ယမ်းလိုက်ရင်း ...

"ဒါနဲ့ ... ငါ့ညီ ဒီလိုဖြစ်သွားတာ သွန်းပုံကော သိပြီးပြီလား"

လဝါက ဘာမှမပြန်မဖြေဘဲ ကိုယ့်ဘယ်ဘက်လက်မှာ သိုင်းစည်းထားသည့် ကျောက်ပတ်တီးဂုံ သာ ထက်အောက် စုံဆန် ကြည့်နေလိုက်သည်။





"ငါကတော့ မြောက်ဥက္ကလာက မင်းသူငယ်ချင်းဆီက တစ်ဆင့်သိလိုက်ရတာ ငါ့ညီ။ မင်းဆီကို ဖုန်းဆက်ကြည့်တာ ကိုင်မယ့်သူ မရှိတော့ မင်းကြီးတော်တွေကိုလည်း မျက်နှာပူနေတာနဲ့ပဲ သူ့ကိုပဲ လှမ်းဆက်ပြီး အကူအညီ တောင်းကြည့်ရတာ။ သူက မင်း ကားတိုက်ခံရလို့ ဆေးရုံတက်နေရတယ်။ ဘယ်ဘက်လက်ပဲ ကျိုးသွားတာ၊ သိပ်စိတ်ပူစရာတော့ မရှိပါဘူးလို့ ငါ့ကို သတင်းပေးတယ်လေ"

ဦးထင်ကြီးက သူ့စကားအဆုံးမှာ ဘာမှမဖြစ်လှတဲ့ လေသံ၊ "အေးဆေးပါပဲ၊ မေးရိုးမေးစဉ်၊ ပြောရိုးပြောစဉ်ပါပဲ" ဆိုတဲ့လေသံ၊ သို့သော် ဟန်ဆောင်ပြီး တမင်ပြုပြင်ထားတဲ့ လေသံမျိုးနဲ့ ...

"ဒီကပြန်ရင်တော့ သွန်းပုံကို တစ်ချက်ပြောပြလိုက်ဦးမယ်"

ကျောက်ပတ်တီးကိုပဲ စူးစမ်းစိုက်ကြည့်နေတဲ့ လဝါ က သူ့ကို ဖျတ်ခနဲ မျက်လွှာပင့် လှန်မော့ကြည့်လိုက်တာမို့ ဦးထင်ကြီးရဲ့ပုံစံက နည်းနည်းလှုပ်လှုပ်ရှားရှားနှင့် မနေတတ် မထိုင်တတ်ပုံစံ ဖြစ်သွားသည်။ "သွန်းပုံနဲ့ ကျုပ်နဲ့ အခုပဲ ပြတ်သွားကြပြီ" လို့ ဟိုတစ်နေ့ကပဲ သူ့ကိုပြောပြပြီးပြီလေ။ "ခင်ဗျားကို ကျုပ်လက်နဲ့သတ်မယ်" လို့တောင်မှ ကြိမ်းထားတဲ့ဟာ။ "သွန်းပုံ သိပြီးပြီလား" တဲ့။ "လာသေးလား" တဲ့။ "ငါပြောပေးလိုက်မယ်"

တို့၊ ဘာပြောနေဖို့ လိုသလဲ။ တော်တော်အလိုက်ကမ်းဆိုးမသိတတ်တဲ့ သူပါလား။

သို့သော် သွန်းပုံကဖြင့် ဆေးရုံကိုရောက်လာခဲ့ပြီးပါပြီ။ မနေ့ကပဲ အိပ်ဆေးပြယ်ပြီး နိုးထလာခဲ့တဲ့ ညဦးပိုင်းမှာ ကိုယ့်အခန်းရဲ့အပြင်ဘက်မှာ သွန်းပုံရောက်နေခဲ့ပြီဆိုတာ လဝါက သိလိုက်သည်။ သတိကြီးတဲ့ သွန်းပုံဟာ အိပ်နေတဲ့သူ နိုးလာခဲ့ချိန်မှာ သူက အခန်းထဲမှာ ရှိနေလျက်တန်းလန်းကြီး ဖြစ်မနေရလေအောင် သူနာပြုစပယ်ရှယ်နာ့စ် ဆရာမလေးကို အပြင်ခေါ်ထုတ်ပြီး အပြင်မှာပဲ စကားပြောဆို မေးမြန်းနေခဲ့တာ။

အင်မတန်တိုးဖွလှပေမယ့် အဲဒီအသံလေးကို လဝါက ဘယ်လိုအချိန် ဘယ်လိုနေရာမျိုးမှာ ဘယ်လိုအသံတွေ ဆူညံနေတဲ့ကြားက ကြားရပါစေ။ အမြဲတစေ မှတ်မိသိရှိနိုင်ပါသည်။ ဆတ်တောက်တောက်၊ မာပြတ်ပြတ်။ ခပ်ကျောကျောအသံထွက်မှာ ကရုဏာကဲထားတဲ့ ဆန့်ကျင်ဘက်ရသနှစ်ခုကို တစ်ပြိုင်နက် ပေးစွမ်းနိုင်တဲ့အသံမျိုး။ ကမ္ဘာပေါ်မှာ ဘယ်သူနဲ့မှမတူနိုင်ပါ။ ဘယ်သူမှ တုပလိုက်မိလို့မရ။ သူတစ်ဦးတည်းပဲ လုပ်တတ်နိုင်လွန်းလှတဲ့ အသံမျိုးလေး။ အဲဒီအသံမျိုးလေးကို ခါတိုင်းထက်ဖိုးထားပြီး ဆရာမကို အချက်ကျကျ မေးခွန်းတွေ တစ်ခွန်းပြီးတစ်ခွန်း ဆက်တိုက်ထုတ်နေခဲ့သည်။





လူက မူးရီရီလိုလို၊ လက်ကဒဏ်ရာက အောင့်ကိုက်ကိုက်လိုလို ဖြစ်နေပေမယ့် ခြေထောက်တွေကတော့ အကောင်းကြီးရှိနေဆဲမို့ သွန်းပုံရှိရာ အခန်းပြင်သို့ ထထွက်သွားလိုက်ပြီး သူ့ခိုးဖမ်းလိုလျှင်လည်း ရနိုင်ပါသည်။ ဒါပေမဲ့ လဝါက မလုပ်ဖြစ်တော့ဘဲ ငြိမ်တိတ်တိတ်ပဲ ဆက်နေနေလိုက်သည်။

"ပြီးကြပြတ်ကြပြီ"လို့ ဆိုပြီးကာမှ ကားတိုက်ခံရပြီး လက်ကျိုးသွားတဲ့ ချစ်သူဟောင်းကို ဘယ်လိုရုပ်မျိုးလေးနဲ့ လာကြည့်တာပါလိမ့် ဆိုတာတော့ အရမ်းသိချင်တာပေါ့။ အဲဒီရုပ်ကလေးကိုလည်း အရမ်းကို မြင်ချင်၊ တစ်ဝကြီး ကြည့်လိုက်ချင်တာပေါ့။ ဒါပေမဲ့ လဝါက မလုပ်ဖြစ်တော့ဘဲ မလှုပ်မရှားသာ ဆက်နေနေလိုက်သည်။

ခဏကြာကျတော့ ထိုအသံလေးကို မကြားရတော့ဘဲ ဆရာမလည်း အခန်းတွင်းသို့ ချက်ချင်းပြန်ဝင်မလာပါ။ ညဘက် ဆေးတိုက်ချိန်မှာလည်း ဆရာမက "နေကောင်းလား၊ သက်သာလား၊ ဘာလိုသေးလဲ"တွေသာ မေးမြန်းနေပြီး "လဝါ အိပ်ပျော်နေချိန်မှာ ဧည့်သည်ရောက်လာတယ်"ဆိုတာကို ပြောမပြခဲ့တဲ့အတွက် သွန်းပုံကတော့ ဆရာမကို ပိတ်သွားခဲ့ပြီ ဆိုတာကိုပါ ရိပ်မိလိုက်ရပါသည်။ စိုးတော့ စိုးရိမ်တတ်သေးတယ်။ သူ စိုးရိမ်တာကိုတော့ ကာယကံရှင်ကို မသိစေချင်တော့တဲ့ သဘောပေါ့။

သူပြောလိုက်တဲ့စကားအတွက် သူ့ဘာသာပဲ ပြန်ပြီး မနေတတ် မထိုင်တတ် လှုပ်လှုပ်ရှားရှားတွေဖြစ်ကာ လိမ်တွန့်သွားတဲ့ ဦးထင်ကြီးက အတွေးတွေနဲ့ ငြိမ်ငြိမ်ကြီး ဖြစ်သွားတဲ့ လဝါကြောင့် ပိုလို့ပင် အနေရခက်လာပုံရကာ ...

"ဆေးရုံက ဘယ်တော့လောက်ထိ ဆက်တက်နေရဦးမှာလဲ တဲ့ကွာ၊ မင်းတော့ မင်းခွင့်ရခဲ့တဲ့ ရက်ကလေးနဲ့ ကသီ တော့မှာပဲ၊ စိတ်မကောင်းလိုက်တာ ငါ့ညီရာ"

"ဆေးရုံကတော့ Car accident လူနာမျိုးဆိုရင် ခေါင်း ဒဏ်ရာနဲ့ ခေါင်းထဲမှာ သွေးယိုလာတာမျိုး ဘာမျိုးရှိလာ နိုင်မလားလို့ (၂၄)နာရီ စောင့်ကြည့်ပြီးရင် တခြား ထိခိုက်၊ ကျိုးကြေ၊ အသည်းအသန် ဒဏ်ရာမျိုးလည်း မရှိဘူးဆိုရင် ဆင်းလို့ရတတ်ကြပါတယ်။ ကျုပ်လည်း ဒီဘက်လက်ပဲ ကျိုးသွားတာ ကျန်တာက အကောင်းဆိုတော့ ညနေလောက် ကျ ဆင်းချင်ရင် ရလောက်ပါပြီ ...

ခွင့်နဲ့ပြန်လာရတဲ့ရက်ထဲမှာ လက်ကျိုးသွားရတာ ကိုတော့ ဘာမှစိတ်မကောင်း ဖြစ်မနေနဲ့။ လက်ကျိုးသွား တော့ ခွင့်ရက်စေ့ရင်လည်း ပြန်ဖို့မလိုတော့ဘူး။ ဆရာဝန် ဆေးလက်မှတ် ပြန်တင်ပြရင် Medical Leave က ရက် ရှည်တောင် ရနိုင်သေးတော့ ပိုတောင်ကောင်းသွားသေး





တယ်၊ ဝမ်းတောင်သာရဦးမယ့်ပုံပဲ။ ဒီမှာဆက်လုပ်ချင်တဲ့ ကိစ္စတွေက ရှိနေသေးတာ၊ အဲဒါတွေအတွက် အချိန်ရ တာပေါ့။ ခုမှ အချိန်က လုံလုံလောက်လောက်ရမှာ။ တိုက်သွားတဲ့ကားဆရာကို အမှုမဖွင့်မယ့်အပြင် ရွှေတံဆိပ် တောင် ပြေးဆုချလိုက်ချင်သေးတာဗျ"

"ခင်ဗျားကြီးရဲ့သားအကြောင်းကို တလမန်းကြမ်း ဘယ်လိုက်စုံစမ်းယူတော့မှာ"ဆိုတာကိုတော့ ထည့်ပြောနေဖို့မလို သလောက်တော့ပါဘူးနော်။ ဟုတ်တယ် မဟုတ်လား။ မပြောလည်း သိနေမှာပဲဖြစ်တဲ့ ဦးထင်ကြီးကတော့ သူ့ထုံးစံအတိုင်း ခေါင်း ဘညိတ်ညိတ်နှင့် ...

"ဒါဖြင့်လည်း ကိုယ် ပြန်လိုက်ဦးမယ်ကွာ။ တယ်လီဖုန်း လေးတော့ ကိုင်စေချင်တယ်ငါ့ညီရာ။ အကြောင်းမရှိဘူး လို့ ပြောရင်လည်း ရတော့ရပေမယ့် အဆက်အသွယ်မပြတ် ရှိနေနိုင်ရင်တော့ ပိုကောင်းတာပေါ့။ မင်းလက်အခြေအနေ လည်း ကိုယ်က သတင်း မေးချင်သေးတယ်လေ။ ပြီး တော့..."

ဦးထင်ကြီးက ထိုင်ရာမှ ထရပ်လိုက်ရင်း သူ့ရဲ့ "ပြီးတော့"ကို စကားမဆက်သေးဘဲ ခဏနေနေသည်။ အဲဒါမျိုး အပြုအမူတွေဆိုရင် သိပ်အသည်းယားပေမယ့် လဝါက "ပြီးတော့

ဘာဖြစ်သလဲ"ဟု မမေးပါ။ သူ့ဘာသာ စကားဆက်ရခက်နေတာမို့ ထုတ်မေးစေချင်နေတာမျိုးများလားဟု စဉ်းစားမိလျှင်တော့ ပိုပြီးတော့တောင်မှ မမေးချင်သေး။ ဒီလူကြီးအပေါ်ဆို ခင်မင်မိတာက သပ်သပ်၊ အမြင်ကတ်လှတာကသပ်သပ်ဖြစ်တဲ့ လဝါက ညစ်ကျယ်ကျယ်စိတ်နှင့် ကပ်သပ်လို့ရတာတွေကို အကုန်ကပ်သပ်ထားချင်တဲ့စိတ်လည်း အမြဲတစေလို ဖြစ်နေတတ်တာ မဟုတ်လား။

"မင်းကို ကိုယ်ဖုန်းလှမ်းဆက်နေတာလေ။ သတင်းတစ်ခုပြောပြရရင်များ ကောင်းမလားလို့ကွာ။ ခု ဒီဆေးရုံမှာပဲ Medical Word မှာ ... ငါ့ယောက္ခမလည်း ဆေးရုံတင်ထားရတယ်ကွ။ ရုတ်တရက်ကြီး သွေးတွေတအားဆောင့်တိုးတက်လာပြီး လေဖြတ်ချင်သလိုလို ဖြစ်သွားလို့ ဆေးရုံတင်လိုက်ရတာ နှစ်ရက်ရှိသွားပြီ ...

မင်းကလည်း ငါ့ကို ဖုန်းဆက်ဆဲထားတော့ ဖြစ်ဖြစ်ချင်းတုန်းကတော့ ပြောရကောင်းနိုး၊ မကောင်းနိုးပေါ့ကွာ။ နောက်မှ ပြောပါတော့မယ်လို့ လှမ်းဆက်တော့ မင်းကလည်း ဒီမှာပဲ Surgical Word မှာတဲ့။ တိုက်ဆိုင်တာပေါ့ကွာ။ ယောက္ခမကြီးက ... လေတော့ အကြီးကြီးဖြတ်မသွားပါဘူး။ Transient Attack ဆိုလား။ ခဏယာယီဖြတ်





တာမျိုးပေါ့ကွာ။ မစိုးရိမ်ရတော့ဘူးလို့ ထင်တာပဲ။ သူ့သမီးငယ်ကတော့ ဒီမှာပဲအိပ်၊ စားနေသလောက်ပဲ ဆိုပါတော့"

Madical Word ဆိုတော့ အောက်ထပ်။ ဒါကြောင့်ညက ညဦးပိုင်းပေမယ့် မှောင်နေပြီဖြစ်ရက် သူ ရောက်လာနိုင်တာကိုး။

သွန်းပုံကတော့ အိပ်ပျော်နေတဲ့ လူနာကို အသာလေးလာချောင်းကြည့်ခွင့်၊ သတင်းမေးခွင့် ရှိသည်။ ကိုယ့်မှာတော့ လူနာဖြစ်သူက အိပ်နေနေ နိုးနေနေ လူနာစောင့်ကလေးကတော့ အမြဲတက်ကြွ နိုးကြားနေမည်ပဲဖြစ်ရာ အသာလေး တိတ်တိတ်သွားချောင်းကြည့်ခွင့်က ဘယ်လိုလုပ် ရနိုင်မှာလဲ။

ပုံမှန်မိတ်ဆွေတစ်ယောက်လို ဒီတိုင်းပဲ သတင်းသွားမေးခွင့်ကော ရှိပါရဲ့လား။ မရွှေမှုန်လောက်တော့ဖြင့် မဟုတ်သော်လည်း အဘွားကြီးကိုလည်းပဲ စိတ်ပျက်ပျက် ခပ်လန့်လန့်ပင်ဖြစ်တဲ့ လဝါဟာ လူနာရှင်ကမှ မကြိုဆို မဖော်ရွေလိုလျှင် ထိုလူနာမျိုးကို သတင်းသွားမေးရမှာကြီးက ဘာ့အတွက်လဲ။

"ငါကတော့ အိမ်ပဲပြန်လိုက်တော့မှာ။ အိမ်မှာလည်း ရွှေမှုန်က တစ်မျိုးလေ။ ငါတို့အိမ်မှာက ရွှေမှုန်ကတစ်မျိုး၊ အဘွားကြီးကတစ်မျိုးဆိုတော့ ပေါင်းနှစ်မျိုး။ ငါကလည်း တစ်မျိုးမဟုတ်တောင် တစ်ဝက်လောက် ဖြစ်ချင်ဖြစ်နေ

မှာဆိုတော့ မင်းကောင်မလေးလည်း နှစ်မျိုးခွဲလောက် ဖြစ်နေတဲ့ လူသုံးယောက်နဲ့ ပေါင်းနေရတာ လည်ထွက်နေလောက်ပြီ။ သနားစရာပါကွာ"

"သူကရော တစ်မျိုးမဟုတ်လို့လား။ ခင်ဗျားပြောပုံအရဆို နှစ်မျိုးခွဲဖြစ်နေတဲ့ လူသုံးယောက်နဲ့ သူကဆက်ဆံနေရတာ မဟုတ်ဘူး။ သူကပါတစ်မျိုးဝင်ဖြစ်နေတဲ့ သုံးမျိုးခွဲလောက် ဖြစ်နေတဲ့ လူလေးယောက်အုပ်စုနဲ့ ဆက်ဆံနေရတာကသာ ကျုပ်ပါဗျ။ တကယ်တမ်း လည်ထွက်နေရမှာက ကျုပ်ဗျ ... ကျုပ်"

"မင်းအကြိမ်ကြိမ် အဖန်ဖန် ပြန်စဉ်းစားပါ။ မင်းလိုဖြူဖြူနုနု လူရည်သန့် လူအေးသဘောကောင်းလေးနဲ့ ဘယ်လိုမှ မဖြစ်နိုင်လို့ပါ။ မိန်းကလေးတစ်ယောက်တည်းကို ကွက်ကြည့်ပြီး ကိုယ့်ဘဝရှေ့ရေးတစ်ခုလုံးကို မျက်စိမှိတ်ပြီး အလျဉ်စလို မဆုံးဖြတ်လိုက်ပါနဲ့လို့ ငါ သတိပေးခဲ့ပါတယ် ငါ့ညီရာ။ ငါက တာဝန်ကျေခဲ့ပါတယ်။ ငါ့ကိုမယုံကြည်ခဲ့တာကသာ မင်းပါ"

အခွင့်ကောင်းမှာ အကွက်ကောင်းနှင့် ရိုက်ချလိုက်သော ဦးထင်ကြီးကြောင့် လဝါခများ ဘာပြန်ပြောလိုက်ရမယ်မှန်းတောင်မသိ။





"နွံဆိုတာမျိုးက နစ်ပြီးရင် ပြန်ရုန်းထွက်ချင်လို့ မရတော့ဘူး။ ရုန်းလေ နစ်လေနဲ့၊ နည်းနည်းလေး ပိုကြာကြာအသက်ရှည်ချင်ရင် ငြိမ်ငြိမ်ကလေးပဲ နေလိုက်ရတော့တယ်။ မင်းကတော့ ကုသိုလ်ကံကြီးတဲ့သူဆိုတော့ နွံကမှုတ်ထုတ်၊ အန်ထုတ်လိုက်သလိုမျိုး မြေမာပေါ်ရောက်မှန်းမသိ ပြန်ရောက်သွားပြီလို့ ပြောရင်လည်း ရတာပဲ။ အဲဒါကိုမှ အဲဒီအိုင်ထဲ ပြန်ဆင်းပါဦးမယ် ဆိုရင်တော့ မင်းသဘောပဲ။ ဒါ ... ငါ ဒုတိယအကြိမ်မြောက် သတိပေးခြင်းပေါ့ကွာ"

ဘာလုပ်ရမှာလဲဗျာ ဒီမြေမာ။ အသက်တော့မသေပါဘူး။ ရွှံ့လုလုကြီးနဲ့ပဲ 'ဒီနွံအိုင်မျိုးက ပြန်လွတ်နိုင်ပြီလို့ ပျော်နေနိုင်မယ် ထင်လို့လား ခင်ဗျားက။ ကိုယ့်ချစ်သူက စိမ်းစိမ်းတောက်တောက် ဖြတ်ချပစ်လိုက်တာကို ငါ မြေမာပေါ် ပြန်ရောက်သွားပြီလို့ ကျုပ်က ပျော်နေရမတဲ့လား။

"ရွှေမှုန်က ရှင်းရှင်းပြောရရင် သူ့ဝသီကြောင့် ကြိုက်မယ့်သူ၊ လိုချင်တဲ့သူကို မရှိတာ။ ရုပ်ရည်လေးရှိပါရဲ့။ ယောကျ်ားလေးတွေက ခဏလောက် ဆက်ဆံလိုက်ပြီးရင် အင်မတန်

မှ လက်လန်ကြတယ်။ အဲဒီမှာ ထင်ကြီးနဲ့တွေ့တော့ ပထမမှာ တစ်ခုလပ်ဆိုတာ မသိဘူး၊ အပိုင်ပဲဆိုပြီး သူ့ဘဝသူ ကျေနပ်နေတော့တာပေါ့။ နောက်မှ သိလိုက်ရတော့လည်း အချိုကြီးဆိုပြီး မှန်းထားပြီးသားကို ဘယ်ပြင်နိုင်တော့မလဲ။ အဲဒီမှာတင် လက်ကလည်းမလွှတ်နိုင်၊ ဒေါသကလည်းထွက်၊ သူ့ဘဝမှာ ဘာကိုမှ ဘယ်တော့မှ ကျေနပ်တယ်ရယ်လို့ကို မရှိတော့ဘူး ...

မကျေနပ်တာကတော့ ငယ်ငယ်တည်းကကို ဘာကိုမှ မကျေနပ်တာပါ။ သူ့အမေ ရောဂါဖြစ်သွားတာကိုလည်း မကျေနပ်ဘူး။ သူ့အဖေက အန်တီ့ကိုမှ လိုလားစုံမက်ပြန်ပါတယ် ဆိုတာကိုလည်း မကျေနပ်ဘူး။ အရွယ်လေးတွေ ရလာတော့ သူ့ထက် သူ့ညီမက စန်းပွင့်ပြီး လူကြိုက်များမှာကိုလည်း မကျေနပ်ဘူး ...

အမှန်ပြောရရင် သွန်းပုံက အရွယ်ရောက်ကာစကတော့ သူ့အစ်မထက်တော့ သာသေးတယ်။ သဘောကျတဲ့သူ၊ လိုချင်တဲ့သူနဲ့ ချစ်သူခင်သူလည်း ပေါပါရဲ့။ နောက်မှ တဖြည်းဖြည်း သူလည်း ဘာဖြစ်သွားတယ် မပြောတတ်ပါဘူး။ ဘယ်ယောက်ျားလေးမှ သူ့နားမကပ်ချင်ကြတော့ဘူးနဲ့ တူပါရဲ့။ အဲဒါကိုမှ ရွှေမှုန်ကလည်း သဘောကျ





တာ။ ရှင်းရှင်းပြောရရင် သူ့ညီမက သူ့ထက်သာတာရပြီး ယောက်ျားကောင်းကောင်းတစ်ယောက် ရသွားမှာကို ရွှေမှုန်က မြင်ကိုမမြင်ချင်တာလေ။ ရွှေမှုန်က သဘောဆိုးတယ် ...

နောက်မှ သိရတာက အဲဒီလို ဘယ်သူမှ အနားမှာ မရှိတော့အောင် သွန်းပုံက တမင်လုပ်ပစ်တာဆိုပဲ။ သူ့အစ်မအကြောင်းလည်း သိနေတော့ ပြဿနာမဖြစ်ချင်ဘူး ရှိမှာပေါ့။ အိမ်မှာတော့ အန်တီက ရွှေမှုန့်ကို ပိုဦးစားပေးတယ်လေ။ သူက အကြီးလည်းဖြစ်၊ အမေကလည်းမရှိတော့ဘူး။ ပြီးတော့ သူ့အဖေကလည်း သူ့သမီးအကြီးမမှ အကြီးမ။ ဘယ်လိုမှ ပြောလို့ဆိုလို့၊ ထိလို့ ရတာမဟုတ်ဘူး။ သီးသန့်ကို ပစားပေးထားတာ ...

သူတို့အဖေအကြောင်းကတော့ ပြောရရင် စိတ်နာစရာကြီးပဲ။ ဒေါသကလည်း အင်မတန်ကြီးတဲ့သူ။ ဘာလုပ်လုပ် တရားမျှတမှုမရှိဘူး။ ဘယ်သူမှန်မှန်မှားမှား အကြီးမဘက်ကပဲပါတော့ ရွှေမှုန်က အိမ်မှာဆို ဗိုလ်တကာ့ဗိုလ်။ သူချည်း မင်းမူနိုင်တော့တာပေါ့။ အန်တီက သူတို့အဖေနဲ့ မယူချင်ဘူး။ ဒါပေမဲ့ အစ်မ မရှိတော့ချိန်မှာ သူကလည်း ကိုယ့်ကိုစုံမက်ပါတယ်လို့ ပြောနေ၊ ကျေးဇူးခံကျေးဇူးစားတွေကလည်းဖြစ်၊ ပတ်ဝန်းကျင်ကလည်းတိုက်

တွန်းကြတော့ ကိုယ့်မလည်း တခြားအားကိုးအားထား စဉ်းစားထားပြီးတာကလည်း မရှိတော့ စိတ်ဆင်းရဲခြင်းကြီး စွာနဲ့ပဲ လက်ခံလိုက်ရတာ ...

ထင်တဲ့အတိုင်းပါပဲ။ အဲဒီအချိန်ကစပြီး ဒီကနေ့ အထိ တစ်ရက်မှ ကောင်းကောင်းအေးအေး စိတ်ငြိမ်းချမ်း ရတယ်လို့ မရှိတော့ဘူး။ သူ့အဖေ စုံမက်တယ် ဆိုတာက လည်း ပါးစပ်ကပဲ ပြောတာ ဆိုတာကို သိလိုက်ရတယ်လေ။ တကယ်က သူ့သမီးအပေါ်မှာ ဒီ့ထက်သည်းညည်းခံနိုင် မယ့် မိထွေးမျိုး သူ ဘယ်မှာမှ ထပ်ရှာလို့မတွေ့နိုင်တော့ ဘူးကိုး။ အဲဒီလောက်အထိ အောက်ကျို့သည်းခံစကားနား ထောင်ပြီး ကောင်းချေးနိုင်ဖို့ဆိုတာ ရှေးဘဝကဝဋ်ပါလာ မှပဲဖြစ်မှာ။ သူ့ဝဋ်ကြွေးရှိခဲ့လို့သာ ဒီလောက် နှုတ်ကထွက် တိုင်း၊ လိုက်ဖြည့်ဆည်းပေးနိုင်ခဲ့တာပါ ...

စဉ်းစားကြည့်လေ ...။ ဒီဟာလုပ်ပေးဆို ချက်ချင်း။ ဒီလိုပြောဆို မဆိုင်းမတွ တစ်ခွန်းမလွဲ။ ဒီအတိုင်းနေဆို လုံးဝရုပ်သဏ္ဌာန်မလွဲစေရဘဲ ဒီအတိုင်း ဆိုတာမျိုး ဘယ်သူ က အဲဒီလောက် အပ်ချမတ်ချ လိုက်ဖြည့်ဆည်း လိုက်လုပ် ပေးနိုင်မှာလဲ။ သူ့ဝဋ်ပါလို့။ သူ့ကျိန်စာမိနေတဲ့အတိုင်း ကို လိုက်နာခဲ့ရတာ ...





တူမတော်၊ လင်ပါသမီးက မျက်စိရှုပ်တယ်၊ နား ငြီးတယ်၊ ခုချက်ချင်းဆို ခုချက်ချင်း ဒီကြောင်မကို မမြင် နိုင်တော့ပါဘူး၊ ရှင်းပစ်လိုက်ချေ ဆိုလို့ သူ့ဟာသူနေနေတဲ့ ကြောင်တစ်ကောင်ကို ဂုန်နီအိတ်ထဲ ဖမ်းထည့်ပြီး သတ်ပစ် လိုက်ဝံ့တဲ့ မိထွေးတော်အဒေါ်မျိုး ဘယ်မှာများ မြင်ဖူးကြ သလဲ ဟင် ! ကြားတောင်မှ ကြားဖူးကြရဲ့လား"

လဝါ တစ်ယောက် တွန့်ခနဲ ဖြစ်သွားပါသည်။ ပုံလှမ်းလှမ်းက သူနာပြုဆရာမလေးကို လှမ်းကြည့်လိုက်မိတော့ ဆရာမလေးက လဝါရဲ့အကြည့်ကို ရိပ်မိသိရှိလိုက်ပုံနှင့် အားတုံ့ အားနာဟန်ပြုကာ အခန်းအပြင်သို့ ခြေသံတဖျပ်ဖျပ်နှင့်အတူ ခပ်သွက်သွက်ပဲ ထွက်သွားပါတော့သည်။

ဆေးရုံခန်းထဲမှာတော့ လဝါနှင့် ဒေါ်စိန်စိန်။ နှစ် ယောက်တည်း။

ဒေါ်စိန်စိန့်ကို သတင်းမေးဖို့ပဲ စိတ်ဆုံးဖြတ်လိုက် နိုင်တဲ့ လဝါဟာ ကိုယ်က မနေ့ကတည်းကပင် ဆေးရုံကနေဆင်း ခွင့်ရလိုက်ပြီ ဖြစ်သော်လည်း ဒီဆေးရုံရဲ့ပရဝုဏ်ကနေကို မသွား နိုင်သေး။ ဒီနေ့မနက်မှာ မိုးလင်းစကတည်းကပင် ဆေးရုံသို့ ပြန်ရောက်လာရပြန်ကာ "ဒီမှာပဲအိပ်၊ စား နေသလောက်ပဲ"ဆိုတဲ့ သူနာပြုဆရာမလေးရဲ့ အရိပ်အခြည်ကို ရှောင်းမြောင်းနေခဲ့ရတာပင်။

မနက်ဆယ်နာရီလောက်မှာ သွန်းပုံက နေ့ဆရာ လေးကို "အိမ်ခဏပြန်လိုက်ဦးမယ်၊ အလုပ်မှာလည်း မှာစရာ ခွင့်တိုင်စရာကိစ္စတွေနဲ့မို့ နည်းနည်းကြာချင်လည်း ကြာမယ်နော်။ ဒိုပြင်ကိစ္စလေးတွေလည်း တစ်ခါတည်း ထွက်လက်စနဲ့ လုပ်စရာ ရှိတာတွေ ဆက်တိုက်လုပ်ထားလိုက်မလို့ပါ" ဟုခွင့်ပန်ကာ ထွက် သွားတာကိုမြင်မှ သွန်းပုံရဲ့အလစ်ကို အချောင်းကြီးချောင်းနေတဲ့ လဝါတစ်ယောက် အလစ်သမားပီပီ ခေါစိန်စိန့်အခန်းထဲ လှစ်ခနဲ ဝင်လာခဲ့ရတာ။

ဝင်သာလာရ သူ့သမီးအကြီးမနဲ့ အပြိုင်ကြမ်းတမ်း အော်ဟစ်ဖို့၊ နင်ပဲငဆ ပြောချပစ်လိုက်ဖို့ သိပ်ဝန်လေးတတ်ပုံမရ တဲ့ အဘွားကြီးကို လန့်တာကတော့ အလန့်သား။ အဘွားကြီး ဟာ လဝါကို ခုချိန်မှာ ဘယ်လိုများ သဘောထားရှိနေမလဲမှ မသိနိုင်တာ။

မဆုံဖြစ်ကြတာ၊ မတွေ့ကြရတာလည်း ကြာပြီလေ။ ကြာဆို သူကချည်း လူကြီးတန်မဲ့ ကိုယ့်ကို စိတ်လုပ်ကာ တိမ်း ရှောင်နေခဲ့သလိုချည်းပဲကိုး။

သူ့သမီးငယ်နဲ့ နောက်ဆုံးအခြေအနေကိုလည်း အဘွားကြီး သိ,မသိ လဝါက မသိနိုင်ပါ။ "သိနေခဲ့ရင်"လို့တွက် ရရင် "နင်နဲ့ငါ့သမီးနဲ့ ဘာဆိုင်တော့လို့ နင်က ငါ့ကိုသတင်းလာ





ဆေးရတာလဲ။ မလိုပါဘူး"လို့ ပြောလွှတ်နိုင်သလို (ကံကြမ္မာက ကိုယ့်ဘက်က ပါနေဦးမယ် ဆိုရင်တော့) "ဒီတစ်ခေါက် ပြန်မ ဆွက်ဖြစ်ခင် ဖေ့စပ်လိုက်ကြပါလား"ဘာညာ ပြောဆိုထားဖူးတဲ့ အဘွားကြီးဟာ လူကြီးပီပီ မဖြစ်သင့်တာ မဖြစ်ရအောင်၊ ပြန် သည်ပြေလည်စရာရှိ ပြေလည်သွားနိုင်အောင် ပြန်ထိန်းပြီးဝင်ညှိ ဆေးနိုင်ဦးမလားလို့ပါ။

ဒါပေမဲ့ လဝါလည်း အခန်းထဲရောက်ရော ခါတိုင်း နဲ့မတူဘဲ အနည်းငယ် ငြိမ်းချမ်းတည်ငြိမ်သော မျက်နှာမျိုးနဲ့ ရှိနေတယ်လို့ ထင်ရတဲ့)အဘွားကြီးက ဘာမှ ကြိုသိမထားသေးတဲ့ သွင်ဟန်နဲ့ပင် ..."ဟော ... မောင်လဝါ။ အေး ... လာ ... သား ... သာ"ဟု ခပ်အေးအေးပဲ ဆီးကြိုနှုတ်ဆက်လိုက်တာပါ။ ပြီးတာနဲ့ အာလာပသလ္လာပ တစ်ခွန်းနှစ်ခွန်းလောက်ပဲ ဟိုပြော ဒီပြောရှိ ပိုက်ပြီးတဲ့နောက် ဘာစိတ်ကူးပေါက်သွားသည်မသိ။ သူ့ရဲ့ဘဝ ခြားမှုံ ဇာတ်လမ်းစုံလိုဟာမျိုးကို ကရားရေလွှတ်၊ တောက်လျှောက် ရေပ်မနားကို (သူ့ဘာသာပဲ တစ်ယောက်တည်း ညည်းတွားနေ သလိုလိုနဲ့)ပြောတော့တာ။

သူတို့မိသားစုကြီးရဲ့ အတွင်းရေး၊ ဇာတ်ရှုပ်လိုဟာ မျိုးကို "သွန်းပုံက မောင်လဝါကို ပြောထားသေးလား၊ မောင်လဝါ သိထားပြီးပြီလား"လို့လည်း မစုံစမ်း မမေးမြန်း။ ကြားမကောင်း

တဲ့ဟာမျိုးတွေဆိုရင် သူ့သမီးငယ်က ပေးသိချင်ပါ့မလား ဆိုတာမျိုးကိုလည်း ခေါင်းထဲမှာ ရှိဟန်မတူ။ လင်ပါသမီးဖြစ်သော်လည်း တူမလည်းပဲ တော်နေသေးသူ တစ်ယောက်ရဲ့အတင်း၊ မကောင်းသတင်းတွေကို သူစိမ်းတစ်ယောက်ထံ (လူကြီးတန်မဲ့ကြီး) ပြောပြနေမိပြီ ဆိုတာလည်း တွက်ဟန်မတူ။ သမက်လောင်း (အရင်က ဖြစ်ဖူးတဲ့) လဝါကို မပြောပါနဲ့။ သူစိမ်းကြီးသက်သက်ဖြစ်တဲ့ နေ့စောင့်ဆရာမလေးတစ်ယောက်ပါ အခန်းထဲမှာ ရှိနေသေးတယ် ဆိုတာကိုပါ သတိမမူမိတော့ပုံနှင့်ပါတကား။

အဲဒီကတည်းက အသာလေး ငြိမ်သာနားထောင်နေရ၊ "အဘွားကြီးဟာ ဘာသဘောပါလိမ့်၊ ဘယ်လိုကြီးပါလိမ့်" ဟု စိတ်ထဲမှာ တစ်မျိုးကြီး မသက်မသာကြီး ရှိခဲ့ရတဲ့ လဝါဟာ "ကြောင်တစ်ကောင်ကို ဂုန်နီအိတ်ထဲထည့်ထုပ်ပြီး သတ်ပစ်လိုက်တယ်" ဆိုတဲ့အခါမှာတော့ တွန့်ခနဲကို ဖြစ်သွားရတော့တဲ့အထိပင်။

ရုတ်တရက် ဒေါသထွက်ထွက်နဲ့ လုပ်မိလုပ်ရာ လုပ်ချပစ်လိုက်မိတာမျိုး။ ကာလသားတွေ အစားကျူး၊ အပျော်လွန်ပြီး နိုးဖမ်းသတ်စားကြတာမျိုး။ ကလေးငယ်တွေ ဆော့ရင်းပြုရင်း မတော်တဆ ဖြစ်ပျက်သွားတာမျိုးတွေကလွဲရင် ကြောင်တစ်ကောင်ကို ဘယ်သူတစ်ဦးတစ်ယောက်က သွေးအေးအေးနဲ့ ဒီတိုင်းကြီး





သတ်ဖြတ်ဝံ့ကြပါ့မလဲ။ ကြွက်မဟုတ်ဘူးလေ။ ပိုးဟပ်လောက်၊ ခြင်လောက်၊ ယင်လောက်လည်း မသေးကွေးဘူးလေ။ ပြီးကျတော့ တည်ငြိမ်တဲ့အရွယ်၊ ကိုယ့်အဆင့်နဲ့ကိုယ်ရှိနေတဲ့ အမျိုးသမီးကြီး တစ်ယောက်လေ။ သို့သော် ... ကောလာဟလ မဟုတ်။ ကာယကံရှင်ကိုယ်၌က ခပ်အေးအေးပဲ ဖွင့်ပြောပြနေတာ။

"ကြောက်တာလည်း ပါတာကိုး။ အဖေလုပ်တဲ့သူကိုလည်း ကြောက်တယ်။ သမီးကိုလည်း ကြောက်တာပဲ။ မလုပ်သင့် မလုပ်အပ်တာတွေကို လုပ်ရမှာ၊ ပြောရဆိုရမှာ ဘာတစ်ခုမှ မကြောက်လန့်မတုန်လှုပ်ဘူး။ မဆုတ်မဆိုင်းဘူး ...

မလုပ်လိုက်မိရင် ဒီအဖေနဲ့ ဒီသမီးဆီက အပြောအဆိုခံရမှာ။ တစ်ခါတလေကျ အဖေလုပ်တဲ့သူကလက်ပါ၊ ပါလာပြီး သမီးလုပ်တဲ့သူကတော့ ရှိရှိသမျှ တစ်အိမ်လုံးက ပစ္စည်းတွေကို ဖောက်ခွဲဖျက်ဆီးသောင်းကျန်းပစ်တော့မှာမျိုးကိုသာ ကြောက်တာ။ လန့်တာ။ ရင်မဆိုင်ရဲဘူး။ အဲဒါနဲ့ပဲ သူတို့နှုတ်က ဘာထွက်လာလာ အတည်ကြီးပဲ ဖြစ်ခဲ့ရတာ၊ လိုက်လုပ်ခဲ့ရတာ။ ခုထိပဲ ...

အငယ်မလေးက အင်မတန်သနားဖို့ကောင်းတယ်။ သူ့အမေရဲ့အကြောက်တရားနဲ့ ဝဋ်ဆင်းရဲထဲ သူ့ကိုမပါစေချင်ပါဘူး။ ဒါပေမဲ့ သူက သူ့အမေထက်တော့ သတ္တိ

ကောင်းတယ်လို့ ပြောရမယ်။ အရွယ်လေးရလာတော့ အကြီးမ ဘာပြောပြော လိုက်နာမယ်ဆိုတာ မရှိတော့ဘူး။ အကြီးမက အဒေါ်လုပ်တဲ့သူကိုသာ နည်းနည်းဆင်ခြင်နေတာပါ။ အငယ်မလေးအပေါ်ကိုကျတော့ သူ့အဖေရဲ့ဝသီအတိုင်းပဲ လက်ပါ,ပါတာ။ ပြဿနာတက်ကြပြီဆိုရင် ငယ်ငယ်ကတည်းက ရွှေမှုန်က သွန်းပုံကိုချတယ်။ ဒါပေမဲ့ အရွယ်တွေက ရွယ်ရင့်တတူတွေ ဖြစ်လာကြပြီဆိုမှတော့ အငယ်မလေးက တစ်ခါနှစ်ခါလောက်ပဲ ငြိမ်ခံနေတာပေါ့။ နောက်တော့ မနေဘူး၊ ပြန်လုပ်ထည့်ပစ်လိုက်တာလေ။ အကြီးမ နှစ်ရက်လောက် အိပ်ရာထဲ လဲယူရတယ်"

လဝါမှာ မျက်လုံးပြူးရပြန်ပါပြီ။ ဦးထင်ကြီးပြောတဲ့ "သားအမိတွေ အချင်းချင်း ရန်ဖြစ်ကြပြီဆိုရင် ပွဲကြီးပွဲကောင်းပဲ။ သုံးယောက်လုံး မတရားသဖြင့် အော်ဟစ်အာပြဲတတ်ကြတာက လွန်ရောလေ"ဆိုတာ လက်စသတ်တော့ တကယ်ပေါ့။ မရွှေမှုန်က နိုင်ကွက်တစ်ခုလိုလိုနဲ့ အဘွားကြီးကို ချုပ်ကိုင်ထား။ အဘွားကြီးခမျာ သမီးရင်းဘက်က မပါရဲဘဲ မကြားဝံ့ မနာသာတွေ လျှောက်လုပ်နေ။ သွန်းပုံက မခံမရပ်နိုင်တော့တဲ့အခါမှာ ပြဿနာတွေ တက်ကြ။ သွန်းပုံ ...။ သွန်းပုံကလည်းပဲ ကြမ်းလှချေလား။ မရွှေမှုန်တစ်ယောက် အိပ်ရာထဲတောင် လဲယူရပါသတဲ့။





အဲဒါထက် ပိုလန့်ဖို့ကောင်းလာတာက အဘွားကြီးရဲ့မျက်နှာ၊ ဒေါ်စိန်စိန်ကြီးရဲ့အပြုံး။

"အဲဒီမှာ သိလိုက်တယ်လေ။ ပြီးပြီပေါ့။ စိတ်ချရပြီ။ ရွှေမှုန် ဘာလိုချင်သလဲ။ ဘာဖြစ်ချင်သလဲ။ ကိုယ်ကအေးအေးဆေးဆေး အကြိုက်ဆောင်ပေးနေလို့ရတယ်။ သွန်းပုံကို ဘာမှ ထိခိုက်နစ်နာနိုင်တော့မှာ မဟုတ်ဘူး။ သွန်းပုံက ကိုယ့်လိုမဟုတ်ဘူး။ သူ့သတ္တိနဲ့ သူ့ဇီဇနဲ့ သူလာတာ။ ဒီအမေတစ်ယောက်က ဘာကြီးပဲလုပ်နေနေ။ ဘယ်လိုပဲဖြစ်နေနေ။ သူက သူ့ဘဝကို သူ့ဟာနဲ့သူ လွှတ်လမ်းရှာနိုင်တယ်။ စီစဉ်နိုင်တယ်။ ကိုယ်ပူနေစရာ မရှိတော့ဘူး။ သူတို့အဖေပါ မရှိတော့ဘူးဆိုတဲ့အခါမှာတော့ အငယ်မလေးအတွက် ပိုစိတ်ချသွားတယ်။ သူက ကိုယ့်လို ရွှေမှုန့်ဩဇာခံအောက် ဘယ်တော့မှ မရောက်နိုင်တော့ဘူး"

ခပ်ပြုံးပြုံးကြီးလုပ်နေတဲ့ ဒေါ်စိန်စိန့်ရဲ့မျက်နှာထားကြီးကို လဝါက ဘယ်နည်းနဲ့မှ ဆက်ကြည့်သည်းခံမနေနိုင်တော့ပါ။ ရင်ထဲမှာ အရမ်းကို အသည်းကယားပြီး တစ်မျိုးကြီးဖြစ်နေရပြီ။ ပြောနေပုံကြီးကလည်း "ငါက လုပ်ချင်ရာလုပ်မယ်။ ငါ့သမီးက သူ့ဘာသာ ကြည့်ကျက်နေနိုင်တာပဲ ပူစရာ၊ ငဲ့စရာမလိုဘူး"ဆိုတဲ့ ပုံမျိုးကြီးနဲ့။ မိခင်တစ်ယောက်ရဲ့စိတ်ရင်းပကတိဟာ အဲဒီလိုကြီးတော့ ရှိနေနိုင်ပါ့မလား။ ဘာလဲ ...။

"အန်တီခင်ဗျာ ... ကျွန်တော်က တစ်ခုလောက် အကြံဉာဏ် ပေးကြည့်ချင်တာပါ။ သွန်းပုံက စိတ်ချရတယ်၊ အားကိုးနိုင်တယ်ဆိုရင် အန်တီ့အနေနဲ့က မရွှေမှုန်ရဲ့ဆန္ဒတွေ၊ တောင်းဆိုမှုတွေ၊ မကျေနပ်တိုင်း ပေါက်ကွဲနေတာမျိုးတွေကို လိုက်ဖြည့်ဆည်း သည်းခံပြီး ဝင်ကူညီနေမယ်၊ ဘာပြောပြော လိုက်နာမယ် ဆိုတာမျိုးတွေ လုပ်မနေတော့ရင်လည်း ရတာပဲ မဟုတ်လား ခင်ဗျ။ အန်တီ့မှာ အန်တီ့သမီး သွန်းပုံ ရှိတယ်လေ"

"အမယ်လေး ... ဒီလိုစကားမျိုး မင်းမို့ ပြောရက်တယ်။ မနေရဲပေါင်ကွယ်။ အသွေးထဲထိ စိမ့်နေပြီးဖြစ်တဲ့ ငါ့ရဲ့ အကြောက်တရားနဲ့ ဝင့်က ဘယ်လောက်ထိ ကြီးနေပြီမှတ်လို့လဲ။ အသားသာလှီးထုတ်ပစ်လို့ ရချင်ရမယ်။ သွေးသာ ဖောက်ထုတ်ပစ်လို့ ရချင်ရမယ်။ ဒီအစ်မနဲ့ ဒီတူမနဲ့ နှစ်ယောက်ပေါင်းထားတဲ့ ကျိန်စာက အန်တီ့ရဲ့အသွေးရော၊ အသားရော၊ ဦးနှောက်၊ အသည်းနှလုံး တစ်ကိုယ်လုံးထဲ အထိ စိမ့်နေပြီးပြီ။ မရနိုင်တော့ဘူး။ အကြံဉာဏ်လည်း မပေးပါနဲ့။ ဘယ်နည်းနဲ့မှ မလိုက်နာနိုင်ဘူး။ လူဆိုတာ ကိုယ့်အကြောင်းနဲ့ ကိုယ်ပဲ။ ကိုယ့်အကြောင်း ကိုယ်ပဲသိတယ်ကွယ်"





အဘွားကြီးက လဝါရဲ့လက်ကလေးကို လှမ်းဆုပ်လိုက်သည်။

"အန်တီ မင်းကို ယုံပါရစေ မောင်လဝါ။ မင်းဟာ ထင်ကြီးလောက်မှ ကောင်းနိုင်တဲ့သူ ဖြစ်ပါ့မလားဆိုတာ အန်တီ အမြဲတွေးနေရတဲ့ ပုစ္ဆာပဲ။ ဒါပေမဲ့ မင်းကိုယုံကြည်ချင်ပါတယ်။ သွန်းပုံ အတွက် မင်းက လူကောင်းတစ်ယောက် ဖြစ်ပေးပါ ...

ထင်ကြီးလို အကြောက်တရား၊ အလန့်တရားတွေနဲ့ ကိုယ့်ကိုယ်ကိုယ် လူကောင်းမဖြစ်,ဖြစ်အောင်နေမယ်ဆိုတဲ့ စိတ်ဓာတ်တွေကြောင့် ကောင်းပေးနေရတာမျိုး မဖြစ်ပါစေနဲ့။ အန်တီ့သမီးလေးအပေါ်မှာ အချစ်တရား၊ ကိုယ်ချင်းစာတရားတို့နဲ့ ကောင်းပေးနိုင်တာမျိုးကိုပဲ တောင်းဆိုပါရစေ။ သွန်းပုံက မိန်းမကောင်းလေးပါ။ အန်တီက ရွှေမှုန့်ကို ဆန့်ကျင်ပေးမှာ တစ်ခုပဲရှိတယ် ...

မင်းတို့လက်ထပ်ပြီးရင် အိမ်မှာလာနေစရာမလိုဘူး။ အိမ်ခွဲနေနိုင်တယ်။ အဲဒါကိုမှ ရွှေမှုန်က လက်မခံနိုင်ရင် သွန်းပုံကို အန်တီက လှည့်ကိုမကြည့်ဘူး။ သမီးအဖြစ်က တောင် စွန့်လွှတ်လိုက်တယ်လို့ လုပ်ပေးလိုက်မယ်။ မင်းတို့တော့ အဆင်ပြေသလိုသာ လုပ်ကြ"

ခုလိုအချိန်မျိုးမှာ "အန်တီဖြစ်စေချင်တာတွေ ဖြစ်မလာနိုင်တော့ဘူး။ အန်တီ့သမီးက ကျွန်တော့်ကို အပြတ်ဖြတ်စွန့်လွှတ်လိုက်ပြီးသားဗျ"လို့ ဘယ်လိုလုပ် အမှန်အတိုင်းဖွင့်ပြောသာပါတော့မည်နည်း။ ခုချိန်မှာ လဝါဟာ တစ်စုံတစ်ခုကိုလည်း ရိပ်မိသိရှိလိုက်ရပြီ။ ဒါကို ဦးထင်ကြီးက နည်းနည်းမှမရိပ်မိ၊ မသိရှိခဲ့ဘူးလား။ မရွှေမှုန်ကကော သိသိကြီးနဲ့ "ပိုတောင်ကောင်းသေးတာပေါ့"ဟု တမင်ကြီး နိုင့်ထက်စီးနင်းဆက် ... ဆက်ဆံနေတာလား။

သွန်းပုံကတော့ မရိပ်မိ၊ မသိရှိဘဲ နေမည်မထင်ပါ။ သိနေလို့ကိုပဲ သွန်းပုံသည်လည်း မလုပ်သင့် မလုပ်ထိုက်တာတွေကို ဆက်တိုက်ကျူးလွန်ခဲ့သည်။ ကိုယ့်ရဲ့အချစ်၊ သူ့ရဲ့အချစ်၊ နှစ်ယောက်စလုံးရဲ့သံယောဇဉ် အတိမ်အနက်၊ မြတ်နိုးတွယ်တာမှုအတိုင်းအတာတွေ အကုန်လုံးကို မျက်စိမှိတ် လျစ်လျူရှုပစ်ခဲ့သည်။

သွန်းပုံရဲ့မေမေ ဒေါ်စိန်စိန်ဟာ ကိုယ်တိုင်က မချစ်မနှစ်သက်သောသူ၊ ကိုယ့်အပေါ်မှာလည်း ကောင်းနိုင်သလောက်ကောင်းမပေးခဲ့သူမျိုးကို ကိုယ့်ဆန္ဒမပါဘဲ အကြောင်းကြောင်းကြောင့် လက်ထပ်ထိမ်းမြား ပေါင်းသင်းခဲ့ရသည်။ အဲဒီလင်ယောကျ်ားနဲ့ လင်ပါသမီး(တူမ)တို့ရဲ့ စိတ်ဓာတ်ရေးရာအရဖိစီးနှိပ်စက်ခြင်းကို နှစ်ရှည်လများ၊ အိမ်ထောင်သက်တစ်လျှောက်





လုံးတောင်မက, ရှေး ... ရှေးယခင်ကတည်းကကို ခံစားနေခဲ့ရသည်။

သွန်းပုံက အစ်မလုပ်သူကို ပူခဲ့သည်။ ဦးထင်ကြီးလည်း ဤသို့ပင် ရှိပါလိမ့်မည်။ သို့သော် အင်မတန် Violent ဖြစ်(ကြမ်းတမ်း)တဲ့စိတ်ဓာတ်ရှိသူ မရွှေမှုန်က တကယ်တမ်းကျတော့ ဘာမှမဖြစ်၊ ထင်နေကြသလို ဖြစ်မလာခဲ့ဘဲ စိတ်တစ်ခုဖိစီးကျဉ်းကျပ် အချုပ်ကျနေခဲ့ရသည့် ဒေါ်စိန်စိန်ကသာ မယင်မှတ်ဘဲ၊ မျှော်လင့်မထားဘဲ ကံဆိုးသွားရှာတာပဲ ဖြစ်ပါလိမ့်မည်။

အစ်မဖြစ်သူလိုတော့ သွက်သွက်လည်ကာ ထိန်းမနိုင် သိမ်းမရ ဖြစ်ပျက်သွားနိုင်မည့်ပုံမျိုးတော့ မရှိသေး။ ညီအစ်မချင်း ဆိုပေမယ့် အရင်းအချာမဟုတ်၊ တစ်ဝမ်းကွဲတွေလို့ဆိုတဲ့အတွက် မျိုးရိုးလိုက်ခြင်းတော့လည်း အတိအကျမဖြစ်နိုင်ပါ။ စိတ်ညစ်ရလွန်းတဲ့ဒဏ်ကို မခံနိုင်တာ။ ဒီလိုပဲ လွယ်လွယ်ပြောကြပါစို့။ စိတ်ဝေဒနာသည် တစ်ယောက်လို့လည်း အတိအကျမစွပ်စွဲသာပါ။ သို့သော် ဒေါ်စိန်စိန်ရဲ့အတွေးအခေါ်တွေနဲ့၊ ဆုံးဖြတ်ချက်၊ လုပ်ဆောင်ချက်တွေ၊ အပြုအမူအပြောဆိုတွေကတော့ ဘယ်နည်းနဲ့မှကို လူကောင်းပကတိ ပုံမှန်မဟုတ်တော့သည်တကား။

မရွှေမှုန် စိတ်ထင်တိုင်းကြဲပြီး ဖြစ်ချင်နေသမျှတို့ကို မကူညီ၊ မလိုက်နာသင့်ဘူး ဆိုတာကျတော့ မတွက်ဆနိုင်။

မှားနေတဲ့လုပ်ရပ်တွေဆိုတာကို မှားမှန်းမသိ။ လုပ်ကိုလုပ်ရမယ့် ဟာတွေဟုပဲ တစ်ထစ်ချခံယူထားသည်။ ဒီလိုဆိုရင်ဖြင့် "ဒေါ်စိန်စိန်ကြီး ဆိုးလိုက်၊ ကြမ်းလိုက်တာ။ အပြောအဆို ရက်စက်လိုက်တာ။ အတွေးအခေါ်စိတ်ထား လူကြီးမဆန်ဘဲ သေးသိမ်လိုက်တာ" ဆိုတာတွေဟာ တကယ်တမ်းကျတော့ သူများခိုင်းတိုင်း မဖြစ်၊ ဖြစ်အောင် လိုက်လုပ်နေခဲ့တာတွေပဲကိုး။

သမီးငယ်ကလေး သွန်းပုံ အတွက် ကောင်းနိုင်မယ်ထင်တဲ့ အစီအစဉ်မျိုးကိုတော့ စီစဉ်ဆောင်ရွက်ဖို့ တွက်ချက်စဉ်းစားနိုင်သေးသည်မို့ အဲဒါလေးတစ်ခုကတော့ တော်ပါသေးသည်ဟုသာ ဖြေတွေးရတော့မှာပါပဲ။

"ဘာမှ မသက်ဆိုင်၊ မပတ်သက်တဲ့ သူစိမ်းတွေကိုစွနဲ့ မင်းက ကိုယ့်ကို ပြီးကြပြီလို့ ပြောနိုင်တယ် ... !"ဟု သွန်းပုံကို လဝါက ရင်နာစွာနဲ့ ပြောခဲ့ဖူးတာကို ပြန်အမှတ်ရပါသည်။ အဲဒီတုန်းက ဟန်ဆောင်ထားတဲ့ မျက်နှာကလေး အနည်းငယ်လေးလောက် ပျက်ထွက်သွားတာကိုလည်း ခံစားသိရှိခဲ့ရသည်။ ဘာမှမသက်ဆိုင်တဲ့ သူစိမ်းတွေအတွက်မှ မဟုတ်တာပဲကိုး။ သူ့အမေအရင်းကြီးအတွက် သူ ဒီလိုလုပ်ပစ်ခဲ့တာ။ လက်စသတ်တော့ ချောက်ကြီးတစ်ခုလုံးကို မိုက်မိုက်မဲမဲ ဖယ်ရှေ့ပစ်ဖို့ပဲ ကြိုးစားစီစဉ်ခဲ့တာသည် သူ့အမေအတွက်။





ဒေါ်စိန်စိန်ကတော့ အိမ်ကကြောင်ကလေးကို သူ ဘယ်လိုလုပ်ပစ်ခဲ့တယ်။ ဘာ့ကြောင့် ဒီလိုလုပ်လိုက်ရတယ်ဆိုတာကို လဝါထံ နောက်တစ်ခေါက်၊ အသေးစိတ် ထပ်ပြောပြနေပြန်ပါတော့သည်။

ဝယ်နေတဲ့ဆေးတွေကို လှမ်းအကဲခတ်ကြည့်လိုက်တော့ ကယ်လ်ပေါ် အဖျားကျဆေးရည်၊ Ampicillin လို ပဋိဇီဝဆေးတစ်မျိုးကလည်းပဲ အရည်။ ပြီးကျတော့ တအားဖျားလာရင် ပါးစပ်ထဲက တိုက်မှနေတော့ဘဲ စအိုပေါက်ကနေပဲ အဖျားကျအောင် ထိုးထည့်လိုက်ရတဲ့ ပါရာစီတမောပါတဲ့ဆေးတောင့်ကတ်ကလေးတွေကလည်းပဲ မီလီဂရမ်နည်းနည်းကလေးနဲ့ သေးသေးကလေးတွေ။

ဒေါ်စိန်စိန်တစ်ယောက် ဆေးရုံက ဆင်းသွားပြီမို့ "အဘွားကြီးအတွက် လိုအပ်တဲ့ဆေးတွေများ လာဝယ်နေရပြန်တာလား"ဟု ထင်လိုက်မိတဲ့ လဝါဟာ ဝယ်နေတဲ့ဆေးတွေကို အမြင်မှာတော့ ရင်ထဲမှာ တစ်ခုခု သိလိုက်သလိုလိုနဲ့ မျက်လုံးလည်း ပြူးချင်သွားရပါသည်။ ကိုယ်က ကလေးအဖေကြီးလည်း

မဟုတ်၊ အတွေ့အကြုံလည်းပဲ မရှိပေမယ့် ဆေးတွေမြင်လိုက်တာနဲ့တင် "ဒါ လူကြီးတစ်ယောက်ယောက်အတွက်တော့ ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး"ဟု ရိပ်မိလိုက်ပါပြီ။

ကလေးတော့ ဖျားနေပြီထင်တယ်။ ဆေးခန်းပြစရာမလိုဘူးလား။

လူသူရိပ်မိတွေ့ရှိမှာစိုးလို့ သူ့ဘာသာသူပဲ ဆရာဝန်ပြန်ခန့်ကာ ထင်ရာမြင်ရာတွေ ကျိတ်ကြည့်ကျက် လုပ်နေပြီလား။

ဒေါ်စိန်စိန်ရဲ့အကြောင်းကို ရိပ်မိသိရှိလိုက်ပြီးတဲ့ လဝါဟာ သွန်းပုံကို အ[illegible]ချောင်း ရှောင်လွှဲနေဖို့ မစဉ်းစားတော့ဘဲ မရမက လိုက်ဖမ်းကာ ထိပ်တိုက်ရင်ဆိုင်ဖျောင်းဖျပါတော့မည်လို့ တွက်လိုက်ကာမှပဲ ချစ်သူလေးရဲ့အရိပ်အယောင်ကိုတောင်မှ မမြင်ရတော့ဘဲ စုပ်စုမြုပ်စကို ပျောက်နေတော့တာ။

ဒေါ်စိန်စိန် ဆေးရုံမှာ ရှိတုန်းကလည်း ကိုယ်ရောက်တဲ့အချိန်ဆို သူကမရှိ။ ဆေးရုံကဆင်းသွားပြီးတော့လည်း သူ့အိမ်သူ့ရာရှေ့ တစ်နေကုန် ငုတ်တုပ်၊ ညလုံးပေါက် သွားထိုင်စောင့်နေတာတောင်မှ ရေးရေးမျှတောင် မမြင်ရ။ ဖုန်းလှမ်းဆက်တော့လည်းမကိုင်။ မကိုင်တာမှ ကိုယ့်နံပါတ်ဆိုရင် မြင်တာနဲ့မကိုင်မှာစိုးလို့ ဒီပြင် အပြင်ကဖုန်းတစ်ခုခုနဲ့ လှမ်းဆက်လည်း သူ မသိတဲ့ဖုန်းနံပါတ်အသစ်ဆိုရင် မကိုင်။





သူ့အိမ်သူ့ရာထဲကျတော့လည်း ဒီတိုင်းကြီးဝင်ချမသွားရဲ။ ဦးထင်ကြီးကိုလည်း အကူအညီမတောင်းရဲပါ။ ကိုယ့်အတွက်နဲ့တော့ သူ့မှာ အစ်မဖြစ်တဲ့သူနဲ့ ပြဿနာမတက်စေလိုပါ။ ပြဿနာရယ်လို့ ဖြစ်ကြရင် ထုံးစံအတိုင်း အမေကြီးက အစ်မဘက်ကပဲ ပါသွားလိမ့်မည်။ သွန်းပုံကလေး စိတ်ဆင်းရဲရမှာပေါ့။

ဒီနေ့တော့ မမျှော်လင့်ဘဲနဲ့ သူတို့အိမ်နားက ဆေးဆိုင်လေးတစ်ခုရှေ့မှာ ဘွားခနဲ လာတွေ့နေသည်။ လဝါမှာ အပြေးအလွှားသွားပြီး ဖမ်းချုပ်ကာပင် တားဆီးထားလိုက်ချင်ပါသော်လည်း ဆေးဆိုင်မှာဆေးထွက်ဝယ်နေတာဆိုတော့ "ဒေါ်စိန်စိန်များ တစ်ခုခုပြန်ဖြစ်နေပြန်ပြီလား"ဟု ငဲ့ရဦးမှာကလည်း ရှိနေသေးသည် မဟုတ်လား။ မမြင်သာတဲ့ တစ်နေရာကပဲ လှမ်းချောင်းကာ အကဲခတ်နေရသည်။ ခုတော့ သေချာသလောက်ရှိပြီ။ တစ်ခုခု ဖြစ်နေသူမှာ ဒေါ်စိန်စိန် မဖြစ်နိုင်တော့ပါ။ ကလေးလေးသာ။

"သွန်းပုံ"

"ဟင် ! လဝါ ... ရှင် ... ရှင် ... ဟိုဒင်း ..."

သူကလေး တအားငုံ့တွက်နေရတဲ့ သူ့အမေကြီးနေမကောင်း ပြန်ဖြစ်နေတာမဟုတ်ရင် ပြီးတာပဲ။ လဝါက အဝေးကနေ ဆက်ချောင်းမနေတော့ဘဲ အနီးသို့ကပ်သွားလိုက်

သည်။ သူ့ခေါနဲ့သူမို့ လဝါတစ်ယောက်လုံး အနားရောက်လာတာကိုပင် ကြိုမရိပ်မိလိုက်တဲ့ သွန်းပုံခမျာ ရုတ်တရက်မြင်ပြီးကာမှပဲ လက်ထဲက ဆေးထုပ်တွေကို ကိုယ်နဲ့ကွယ်ပစ်တော့မလိုလို။ လက်ကိုပဲ နောက်ပစ်ထားတော့မလိုလို။

"ကလေး ဘာဖြစ်နေပြီလဲ"

လိုရင်းကိုပဲ တန်းမေးလိုက်သည်။ လဝါရဲ့အမေးမှာ ဘယ်အချိန်ကတည်းက ဝမ်းနည်းအားငယ်မှုတွေ ကြီးစိုးနေခဲ့သည် မသိသော သွန်းပုံ တစ်ယောက် ချက်ကောင်းထိသွားဟန်တူပါသည်။ မာကျောကျော ခက်ထန်ထန် မျက်နှာပေးလေးက ချက်ချင်းဆိုသလို ဆီးရွက်လောက်ကလေး ဖြစ်သွားသည်။ စူးရဲတင်းပြတ်နေကျ မျက်ဝန်းထဲမှာ မျက်ရည်ဘွေ "အိ"ခနဲ ဝိုင်းတက်လာသည်။

"စိုးရိမ်ရသလား။ ဆရာဝန်မပြဘူးလား။ သူ့အဖေကိုကော ပေးသိဖို့လိုမယ် မဟုတ်ဘူးလား"

"မ ... မသိဘူး။ သွန်းပုံ မသိဘူး"

လဝါက သက်ပြင်းတစ်ချက် မှုတ်ထုတ်ကာ သွန်းပုံရဲ့ခေါင်းကလေးကို လက်ဝါးတစ်ဖက်နဲ့ ဆွဲယူရင်း ကိုယ့်ရင်ဘတ်ထဲ မမိုတမိလေး ထိမှီထားနိုင်းလိုက်ပါသည်။ လဝါရဲ့လက်တွေကို သွန်းပုံရဲ့ဦးခေါင်းထက်မှာပဲ ဆက်မှီးပေးထားလိုက်သည်။





ခါတိုင်းများဆိုရင် "လူမြင်ကွင်းကြီးမှာ ..."တို့။ "တောက် ! ဘာလုပ်တာလဲကွ၊ ဣန္ဒြေကိုမရဘူး"တို့ မလွှဲမသွေ ထွက်လာမည်ဖြစ်သော သွန်းပုံလေး။ ခုတော့ လဝါရဲ့ရင်ခွင်ထဲ ခေါင်းစိုက်ဆက်မှီထားကာ ကိုယ်လုံးလေးကလည်း ရှိုက်သံလေးတွေနှင့်အတူ သိမ့်ခနဲ၊ သိမ့်ခနဲ ဖြစ်,ဖြစ်လာသည်။

လဝါက ဘာတစ်ခုမှ ထပ်မပြောတော့ဘဲ အချိန်လေးတစ်ခုပေးကာ "စိတ်လွတ်လက်လွတ် စိတ်ပေါ့ပါစေ"ဟု လွှတ်ထားပေးလိုက်ပါသည်။ သွန်းပုံကား အရမ်းကြီး၊ အကြာကြီးတော့လည်း အချိန်ယူမည့်သူ မဟုတ်ပါ။ အီးခနဲ ခြခနဲ ရှိုက်ကြီးတငင်ဖြစ်မယ့် သူမျိုးလည်းမဟုတ်ပါ။ ခဏတဖြုတ်လောက် ရင်ဘတ်မှာ မျက်နှာဝှက် ရှိုက်လိုက်ပြီးတာနဲ့ ခေါင်းပြန်မော့လာလျှင်တော့ နှုတ်ခမ်းနှစ်ခုကို တင်းတင်းစေ့လျက်။ ဆက်ဟန်လုပ်ကွယ်ဝှက်မနေချင်တော့တဲ့ မျက်နှာနဲ့ပဲ ...

"ကလေးက စိုးရိမ်ရမလား မသိဘူး"

"အဲဒါ သွန်းပုံပဲ အသိဆုံးဖြစ်သင့်တယ်"

"ဘာလုပ်ရင်ကောင်းမယ် ထင်လဲ"

"ဘာပဲလုပ်မယ် စဉ်းစား စဉ်းစား၊ ဘာမှမလုပ်ခင် သူ့အဖေအရင်းကိုတော့ အရင်ဦးဆုံး အကြောင်းကြားသင့်ပြီ။ အဲဒါတစ်ခုတော့ ခေါင်းမမာနဲ့တော့ သွန်းပုံ။ ဆရာဝန်တော့ ပြထားသေးတယ် မဟုတ်လား"

သွန်းပုံကား ဘာမှဆက်ပြောမနေတော့ဘဲ "ကားထဲ တယ် မဟုတ်လား သွားကြစို့။ နို့မို့ မမ ရောက်လာတော့မှာ သူက သွန်းပုံကို အလစ်မပေးဘူး"တဲ့။ လမ်းတစ်လျှောက်လုံး မှာတော့ ဘာမှမပြော။ လဝါကို သူကိုယ်တိုင် စွပ်စွဲခဲ့ဖူးသေးသော ကလေးကိစ္စဟာ သူ့လက်ချက်ပဲ ဖြစ်နေရတဲ့အတွက်ကိုလည်း ဖြေရှင်းချက်ပေးချင်ဟန် မရှိချေ။

လဝါကသာ "သွန်းပုံကို နားလည်ပါတယ်။ ချောက် ထဲ ခုန်ချမယ့်သူကိုကျတော့ တားမယ် ဆွဲမယ် မစဉ်းစားဘဲ ချောက်ကိုပဲ ရှေ့ချင်ရတဲ့အကြောင်းရင်းကိုလည်း ရိပ်စားမိပါပြီ" လို့ ဘယ်နည်းဘယ်ပုံနဲ့ စပြောလိုက်ရမလဲ ဆိုတာကို အပြေးအလွှား တွက်ချက်စဉ်းစားနေရသည်။

သူ့အစ်မကသာ တစ်ခုခုမိုးထည့်လိုက်ရင် ကြောင် ကိုတောင် ဂုန်နီအိတ်နဲ့ ချက်ချင်းဖမ်း၊ ထုတ်သတ်ပစ်လိုက်ရဲတဲ့ သူ့အမေဟာ ကလေးအပေါ် တစ်ခုခုလုပ်ကိုလုပ်ချပစ်လိုက်တော့ မှာပဲဆိုတာ သူ့အတွက် အပူကြီးပူနေရတဲ့ ခံစားချက်ပဲမဟုတ်လား။

ကြည့်ရတာ "မပြောကောင်း ပြောကောင်း၊ မေမေ့ ကိုလည်း စိုးရိမ်တယ်"ဟု ပြောခဲ့စဉ်ကအထိတောင် သူ့အမေရဲ့ အခြေအနေမှန်ကို သူ ဒီလောက်ကြီး အတိအကျ မရိပ်မိလှသေး ဘူးပဲ ထင်ပါသည်။ အဲဒါကြောင့် အဲဒီတုန်းကဆို မင်္ဂမှန်က





ယကြာဆိုးတွေ ချေပစ်မှာ၊ ကိုယ်တိုင်ပဲ တစ်ခုခုလုပ်တော့မှာတွေ ကိုသာ ပူပန်နေလျက် သူ့အမေကပါ ကလေးကို တစ်ခုခုလုပ် ဆည့်ပစ်လိုက်နိုင်တယ် ဆိုတာလောက်အထိ သူ ခေါင်းထဲထည့် ပုပင်မိဟန်မတူသေး။

သနားစရာကလေး။ မျက်တွင်းကဟောက်ပက်။ သနားစရာ ရုပ်ရည်ကလေးနဲ့ ခုချိန်မှာ ရောဂါသည်တစ်ယောက် ယောက်ကို ပြပါဆိုရင် သူ့အမေတို့ မင်္ဂမှန်တို့ထက် သွန်းပုံကို သာ ပြရမလို ဖြစ်နေသည်။

"သွန်းပုံမှာ လဝါအပေါ် ဖုံးကွယ်မှုတွေ တအားများ လို့ အမြဲတမ်း အပြစ်မကင်းသလို ခံစားနေတယ်"ဆိုတဲ့ ကောင် လေးကို "မင်းမှာ ဘာဖုံးကွယ်မှုမှ မကျန်နိုင်တော့ပါဘူး။ အကြောင်းစုံလောက်ကို ကိုယ် သိပြီးနေပါပြီ"လို့ ဘယ်လိုထုတ် ပြောရမလဲ။ ကိုယ်ကတော့ သူ့ရဲ့အပြစ်မကင်းသလိုလို ခံစားချက် ကို လုံးလုံးလျားလျား ကွယ်ပျောက်စေချင်တာ။ သူကတော့ ဘော်တော်ကြာ၊ မတော်တဆ အရှက်ကွဲသွားသလို ခံစားသွားရရင် ဘယ်နှယ့်လုပ်မလဲ။ ပိုဆိုးမည်။

-လဝါတစ်ယောက် ကားတိုက်ခဲ့ဖူးသောနေရာနဲ့ အနီး ဘစ်ပိုက်မှပဲ တိုက်ခန်းတစ်ခုသို့ ရောက်တဲ့အခါမှာတော့ ကလေး ကိုချီပြီး ဟိုပြေးဒီလွှား လုပ်နေသည့် ဆရာမနှင့် ကြုံသည်။

"ကလေးချိုပြီးပဲ အောက်ဆင်းပြေးလာပြီး ဖုန်းဆက်လိုက်ရမလား။ ဆေးရုံပဲ တန်းပြေးလိုက်ရမလား စဉ်းစားနေတာ။ တက်နေတယ် ထင်တယ်"

"ဟင် ... ! ဘယ့်နှယ် ..."

"တက်နေတယ် ... ထင်တယ်"

"ဟာ ... အဲဒါ ထင်နေလို့ ရမလား၊ သွား ... သွား — အမြန်ဆင်းကြ၊ အမြန်သွားမှဖြစ်မှာပေါ့။ လာ ... လာ — သွန်းပုံ ... ငိုင်မနေနဲ့"

"လဝါ ... လဝါ ... ကလေးတော့ ဘာမှမဖြစ်နိုင်ပါဘူးနော်။ သား ... သားရေ ... သားလေး"

"အဲဒါမျိုးတွေ လုပ်မနေနဲ့၊ ပေါက်တတ်ကရတွေလည်း လျှောက်မတွေး၊ လျှောက်မပြောနဲ့။ ခုနေခါမှာ အချိန်မီဖို့က အဓိကပဲ"

"သူ့အဖေ ... သူ့အဖေ ..."

"ကားပေါ်ကျမှ ဖုန်းလှမ်းဆက်လိုက်တော့"

ကားပေါ်မှာတော့ သွန်းပုံဟာ အလာတုန်းကနဲ့တောင် မတူတော့ဘဲ ပိုပြီးတုန်လှုပ်ကာ ဣန္ဒြေမရ ဖြစ်လာသည်။ ထိန်းချုပ်ဟန်ဆောင်ထားခဲ့ရတာတွေက များလွန်းလို့ ပွင့်ထွက်ပေါက်ကွဲသိုက်ပစ်လိုဟန်တွေနှင့် ဖြစ်လာသည်။ "ဒီကလေးအတွက်





အန္တရာယ်ရှိနိုင်တယ်"ဆိုတာမျိုးကို ကြိုတွေးပြီး ထင်ရာစိုင်းခဲ့ကာမှပဲ သူ့လုပ်ရပ်ကလည်း ကလေးကို တစ်နည်းတစ်လမ်းနဲ့ အန္တရာယ်ပေးမိပြန်သလိုမို့ ယူကျုံးမရ ဖြစ်နေရဟန်တွေနှင့် ဖြစ်နေသည်။

"သူ့အဖေဆီ ဖုန်းဆက်လိုက်တော့လေ"

ကားပေါ်မှာတည်းက သတိပေးပေမယ့် သူ့ဟာနဲ့သူ ချောက်ချားတုန်လှုပ် ယူကျုံးမရဖြစ်နေသည့် သွန်းပုံက လဝါရဲ့ စကားကို နားထောင်လက်သင့်ခံဖို့ ခေါင်းထဲပင် ရောက်ဟန်မတူပါ။ ဆရာမလေးကလည်း ကလေးတစ်ဖက်နှင့်မို့ ကလေးဆေးရုံကြီးသို့ ရောက်ကာမှပဲ ဦးထင်ကြီးထံ လှမ်းအကြောင်းကြားရတော့သည်။

"ဟင် ... မင်း ... မင်း ... ဒါဖြင့် မင်းလား ... ကလေးကို ခေါ်ထားတာ။ ငါက သွန်းပုံမှတ်နေတာ"

"မဟုတ်ဘူးဗျာ ... ကျုပ်မဟုတ်ဘူး။ ခင်ဗျားခယ်မပါ။ သူ့ခမျာ ခင်ဗျားကို အဖြစ်မှန်အတိုင်း ပြောပြထားချင်ပေမယ့် ခင်ဗျားသိရင် နေမှာမဟုတ်ဘူး၊ ခင်ဗျားမိန်းမပါသိမယ်၊ ခင်ဗျားယောက္ခမ သူ့အမေပါ သိကုန်မယ်။ အဲဒါမျိုးတွေကို ကြောက်လွန်းလို့ ခင်ဗျားကိုပါ မပြောတော့ဘဲ ကျိတ်မျိုသိပ်ထိန်းချုပ်ထားခဲ့ရတာပါ။ ကျုပ်ကိုတောင် အမှန်အတိုင်း ဖွင့်မပြောရဲခဲ့တော့ဘူး ဆိုကတည်းက ခင်ဗျား

နားလည်ပေးလိုက်တော့ဗျာ။ သူက သူနဲ့ဆရာမကလွဲရင် ဘယ်လူပိုတစ်ယောက်ယောက်ကိုမှ ပေးမသိချင်တော့တဲ့ အထိ အစိုးရိမ်လွန်ကဲခဲ့တာပါ။ ခင်ဗျားသား အတွက်ပါ"

ဦးထင်ကြီးကလည်း နားလည်မပေးနိုင်သည့် သူမျိုးတော့ မဟုတ်ပါ။ သွန်းပုံလို့ ထင်နေလို့ကိုပဲ အင်တိုက်အားတိုက် ကြိုးစားပမ်းစား မလှုပ်ရှား မရှာဖွေဘဲ သူ့မိန်းမက "ရှင်ဘာ့ကြောင့် စိတ်အေးနေတာလဲ" လို့လည်း သံသယဝင်မလာရုံတမယ် ဟန်မပျက်ကလေး အလိုက်သင့် ကြည့်ကျက်နေ,နေခဲ့တာပဲ မဟုတ်လား။

ဒါပေမဲ့ အခုတော့ ကလေးက စိုးရိမ်ရပြီဆိုတဲ့အခါ အသံက မချိတင်ကဲ ဖြစ်လာပြီ။ "တောက်"တွေ ဘာတွေခေါက်ပြီး ဒေါသသံကပါလာပြီ။ ကလေးက ARI (Acute Respiratory Tract Infection) ဖြစ်နေခြင်းပါ။ အသက်ရှူလမ်းကြောင်းတစ်လျှောက် ပိုးဝင်ပြီး အသက်ရှူမရ၊ အဖျားကလည်း ကြီးနေတာမို့ သတိလစ် တက်ချက်သွားရာကနေ အချိန်မမီရင် အသက်ပါ,ပါသွားတတ်တဲ့ ကလေးရောဂါမျိုး။

ဦးထင်ကြီး ဆေးရုံရောက်လာတော့ ဒေါနှင့်မောနှင့် ဖြစ်နေသည်။





"စိုးရိမ်ရတယ်တဲ့လား၊ ရှင်းရှင်းပြောစမ်းပါ လဝါ။ ငါ့သားက သေမှာတဲ့လား။ ဆရာဝန်တွေက ဘာပြောကြသလဲ။ ဒီမှာ သွန်းပုံ ... ဘာအပြစ်မှမရှိရှာတဲ့၊ အင်မတန်သနားစရာကောင်းတဲ့ ကလေးအမေကိုလည်း ငါ ဆုံးရှုံးခဲ့ရပြီးပြီ။ ငါ့သားက ငါ့ဘဝရဲ့ နောက်ဆုံးလက်ကျန်ပဲ။ သားကိုပါ တစ်ခါထပ်ဆုံးရှုံးရဦးမယ် ဆိုရင်တော့ ငါ့ဘဝက ဘာမှမထူးတော့ဘူး။ ငါ ဘယ်သူ့ကိုမှ ခွင့်မလွှတ်နိုင်ဘူး။ နားလည်ရဲ့လား"

မျက်လုံးလေး ဝိုင်းစက်စက်လည်ကာ မျက်နှာလေးပါ ဖွေးဆုတ်နေတဲ့ သွန်းပုံကို ဦးထင်ကြီးရဲ့ လက်ညှိုးငေါက်ငေါက်တွေရှေ့မှ လဝါက ဘေးဖယ်တွန်းထုတ်လိုက်ပါသည်။ ဘာကိုမှ အကြောက်အလန့် သိပ်မရှိတတ်ဘဲ ဖွတ်တရွတ်ဆန်တတ်တဲ့ မိန်းကလေးဟာ ခုလိုစော့ဖြင့် သူ့အပြစ်နဲ့သူ ကြောက်ရွံ့တုန်လှုပ်နေလိုက်တာ။

"ခင်ဗျား ဘာစကားပြောတာလဲ ! ဒီမှာ ဦးထင်ကြီး။ မသိသီလှ သေရတာ ကျုပ်တို့ သွန်းပုံတို့က ဝိုင်းသတ်လိုက်ကြလို့လား။ ခင်ဗျား အသုံးမကျလို့လား။ ဒီတစ်ခါ ခင်ဗျားသား တစ်ခုခုဆိုရင်လည်း အဲဒါ ဘယ်သူ့ကြောင့်မှ မဟုတ်ဘူး။ ခင်ဗျားကြောင့်ပဲ။ ခင်ဗျားရဲ့ပေါ့ညံ့တွေ

ဝေမှု၊ လူကောင်းအရမ်းဖြစ်ချင်မှု၊ အပြောင်းအလဲ ဆုံးဖြတ်ချက် တစ်ခုခုကို ခပ်မြန်မြန်နဲ့ ဂိုင်ပိုင်နိုင်နိုင် ချလိုက်ဖို့ကိုပဲ အကြောက်ကြီး ကြောက်တတ်နေမှုတွေက ခင်ဗျား မိန်းမနဲ့ သားကို ခင်ဗျားကိုယ်တိုင် ပြန်ဒုက္ခပေးနေတာပဲ...

ကျုပ် ခင်ဗျားကို တစ်ခွန်းတည်းပဲ ဝေဖန်ရရင် ခင်ဗျားက 'လူညံ့၊ လူကြောက်၊ လူရှော်'၊ ခင်ဗျားဘာသာ ဘယ်လောက်ကြီးပဲ စိတ်ကောင်းတွေ ထားနေပါတယ်ပြောပြော၊ ဘေးပတ်ဝန်းကျင်က ဘယ်လိုမြင်မြင်၊ ဒီလိုလူမျိုးကို "လူကောင်း"လို့ ကျုပ်ကတော့ ဘယ်နည်းနဲ့မှ မသတ်မှတ်နိုင်ဘူး။ ခင်ဗျားပြောသလိုပဲ ကျုပ်လည်း ပြန်ပြောရမယ်ဆိုရင် ဒီကလေးသာ အခု တစ်ခုခုဆိုရင် ခင်ဗျားကို ကျုပ်ကလည်း လုံးဝခွင့်မလွှတ်ဘူး။ သူများတကာဘက် လျှောက်ထိုးထားတဲ့ အဲဒီလက်ညှိုးကို ခုချက်ချင်း ပြန်ရုပ်သိမ်းပြီး ခင်ဗျားရင်ဘတ်တည့်တည့်ကိုသာ ခင်ဗျား ပြန်ထိုးထားစမ်းပါ"

လဝါက ဦးထင်ကြီးရဲ့လက်ညှိုးငေါက်ငေါက်တွေကိုပါ ဝိတ်ပက်တွန်းထုတ်ပစ်လိုက်တော့ ဦးထင်ကြီးမှာ ယောကျ်ားကြီးတစ်ယောက်တန်မဲ့ မျက်ရည်တွေ ဘာတွေ ဝဲတက်လာသည်။





"ဒီမိန်းကလေးကမှ ခင်ဗျားထက်စာရင် အများကြီးတာဝန်ကျေတယ်လို့ ပြောလို့ရတယ်။ ခင်ဗျားက ဖခင်တစ်ယောက်ရဲ့တာဝန် မကျေပေမယ့် သူက သမီးတစ်ယောက်ရဲ့တာဝန်ကျေတယ်။ သူလုပ်ခဲ့တာတွေ မှားကောင်းမှားမယ်။ ဒါပေမဲ့ သူ့အမေအတွက် သူက မကြောက်မရွံ့ တာဝန်ယူပေးနေတာ။ ခင်ဗျားကြီးထက်စာရင် သူ့လုပ်ရပ်က ဟိုးအမြင့်ဆုံး၊ အပေါ်ဆုံးမှာရှိတယ်။ အဝေးကြီးပဲ"

မျက်လုံးဝိုင်းဝိုင်းလေးတွေက လဝါကို မော့ကြည့်လို့လာသည်။ ပါးစပ်ကလေးကလည်း အဟောင်းသားနဲ့။ "သူ့အမေကိစ္စတွေ လဝါ တကယ်ပဲ သိပြီးသွားပြီလား"ဆိုတဲ့ အထိတ်တလန့် အဖြေရှာချင်ဟန်လေးတွေက သူ့မျက်နှာလေးပေါ်မှာ အထင်းသားပင်။ လဝါက သွန်းပုံရဲ့လက်ဖျားကလေးကို လှမ်းဆုပ်ထားလိုက်သည်။ လက်ကလေးတွေက အေးစက်လို့။

"ဟုတ်ပါတယ် ငါ့ညီ။ ကိုယ် ဝန်ခံပါတယ်။ ကိုယ်သိပ်မှားပါတယ်။ မှားမှန်းသိခဲ့တာလည်း ကြာပါပြီ။ ဒီကိစ္စတွေအားလုံး သူများတကာကို အပြစ်ဖို့နိုင်ဖို့ထက် ကိုယ့်တာဝန်ချည်းပါပဲ။ ကိုယ့်အပြစ်တွေပါ"

"အမှားကိုသိပြီး ဝန်ခံရဲတဲ့သူလို့တောင် အသိအမှတ်ပြု၊ အမှတ်မပေးနိုင်ဘူး ဦးထင်ကြီး။ ခင်ဗျားဆီက ဒီလိုဝန်ခံစကားမျိုးတွေ ကျုပ် ကြားဖူးပေါင်းများနေပြီ။ မင်းက ငါ့

နေရာမှာမှ မနေဘူးသေးပဲ ဆိုတဲ့ စကားမျိုးကိုလည်း လာမပြောနဲ့တော့။ ခင်ဗျားတို့ အဲဒီမိသားစုကြီးနဲ့ပတ်သက်ချင်ပြီ ဆိုကတည်းက ကျုပ် ကြိုးစားခဲ့တာ။ ခု ရှိရှိသမျှ လူလေးယောက်စလုံးကို ရှင်းရှင်းလင်းလင်း နားလည်နိုင်လိုက်ပြီလို့ ကျုပ်ထင်တယ်။ လူတိုင်းရဲ့နေရာကို ကျုပ်ဝင်ခံစားကြည့်ပြီးသွားပြီ ...

ကျုပ် သွန်းပုံကို ခွင့်လွှတ်နိုင်တယ်။ သူ့အမေ၊ ခင်ဗျားယောက္ခမ အန်တီဒေါ်စိန်စိန်ကို ခွင့်လွှတ်နိုင်တယ်။ ဒါပဲ"

သွန်းပုံရဲ့နှုတ်ခမ်းလေးတွေပါ တုန်ယင်လို့ လာကြကာ "လဝါ"ဟု ခပ်တိုးတိုးလေး အသံထွက်ပြီး ခေါ်လိုက်သည်။ လဝါက သွန်းပုံရဲ့နဖူးဆံစွန်းအစပ်က ဆံနွယ်မျှင်လေးတွေကို အသာလေး သပ်တင်ပေးလိုက်ရင်း ...

"အန်တီ့အတွက် ကိုယ်တို့ဆက်လုပ်ရမယ့် အစီအစဉ်တွေ အများကြီး ရှိနေသေးတယ် သွန်းပုံ။ အဲဒီအစီအစဉ်တွေ အတွက် သွန်းပုံက ကိုယ့်ကို ယုံယုံကြည်ကြည်နဲ့ အသိအမှတ်ပြု၊ တာဝန်ပေးနိုင်မှ ဖြစ်လိမ့်မယ်"

ခေါင်းလေးတစ်ချက် ညိတ်ပြကာ မျက်နှာကိုမဖော်လာတော့ဘဲ ခေါင်းဆက်ငုံ့ချထားတဲ့ သွန်းပုံရဲ့အမူအရာက လဝါကို ယုံကြည်ချက်တွေ နိုင်မာတိုးတက်စေပါသည်။





ထိုအခိုက်မှာပင် အထူးကြပ်မတ် ကုသခန်းထဲမှ တာဝန်ကျဆရာဝန်တစ်ယောက်က ထွက်ခေါ်သဖြင့် ဦးထင်ကြီးက ထိုဆရာဝန်ရှိရာဆီသို့ ပြေးလွှား လှမ်းထွက်သွားပါသည်။ ဦးထင်ကြီးတစ်ယောက် အဝေးရောက်သွားလျှင်ပင် သွန်းပုံက လဝါကို ပြန်မော့ကြည့်လာကာ ခပ်မဲ့မဲ့ ပျက်တက်တက် မျက်နှာကလေးနှင့် ...

"လဝါ ... သွန်းပုံတို့အိမ်မှာလေ အရမ်းနားငြီးစရာကောင်းအောင် တစ်ချိန်လုံး အော်နေတတ်တဲ့ ကြောင်မလေးတစ်ကောင် ရှိခဲ့တယ်။ ရွှေဝါတဲ့။ အဲဒါလေ ..."

"ကိုယ်သိပြီးပြီ သွန်းပုံ။ အဲဒီကြောင်ကလေးကြောင့်ပဲ မင်း ဒါတွေအားလုံး လျှောက်လုပ်ကုန်တယ် ဆိုတာကို ကိုယ်နားလည်ခွင့်လွှတ်နိုင်ပါတယ်လို့ ပြောပြီးပြီပဲ။ ကိုယ့်ဆုံးဖြတ်ချက်တွေကိုလည်း သွန်းပုံ သိပြီးပြီဆိုရင် ခုချိန်မှာ သွန်းပုံ ကိုယ်တိုင်က ဘာတွေကို ပြတ်ပြတ်သားသား ဆုံးဖြတ်ယူရတော့မယ် ဆိုတာကိုပဲ သွန်းပုံရဲ့ခေါင်းထဲမှာထားတော့။ ကျန်တာတွေအားလုံး ထုတ်ပစ်လိုက်တော့ ရပြီ"

ရုကောက်ပြန့်တင်းနေတတ်တဲ့ နှုတ်ခမ်းကလေးတို့က ညင်သာသိမ်မွေ့စွာလည်း ပြုံးတတ်လှပါလား။ ဆရာလုပ်

ရန်လိုနေတတ်သူကလေးဟာ ခေါင်းငုံ့နာယူလက်ခံဖို့ကိုလည်း လွယ်လင့်တကူပင် ဝန်မလေးတတ်သူပါလား။ အေးစက်မာကျော နေတဲ့ နှလုံးသားအစုံဟာလည်း နွေးထွေးနူးညံ့မှုတို့နဲ့ အံ့သြစရာ ကောင်းလောက်အောင် ရင်ခုန်ဖွယ် ကောင်းလှပါလား။

"အခု ကိုယ့်ကားနဲ့ပါသွားပြီး ကလေးဆေးရုံတင်ဖို့ကိစ္စ တွေ လျှောက်လုပ်တာတွေ၊ ဦးထင်ကြီးကိုပါ ခေါ်ထုတ် လိုက်တာတွေ မရွှေမှုန် ပြန်သိသွားမှာ မကြောက်ဘူး လား"

"ရင်ဆိုင်ရမှာပေါ့ လဝါ။ ပြဿနာမဖြစ်ချင်ပေမယ့် တကယ် တမ်း ရင်ဆိုင်ရတော့မယ် ဆိုရင်တော့ ရင်ဆိုင်လိုက်ဖို့ပဲ သွန်းပုံက ပြင်ထားပြီးသားပါ"

"အဲဒါကို ပြောတာမဟုတ်ဘူး။ ကြောက်တယ်ဆိုရင် ခုက တစ်ခါတည်း အိမ်ကိုမပြန်နဲ့ချင်၊ မပြန်ရဲတော့ရင်လည်း ဖြစ်တယ်နော်လို့ အကြံပေးမလို့"

ပျော့ပျောင်းနေတဲ့ မျက်နှာကလေး တစ်ခါတည်း ကောက်ချိတ်တက်လာပြီး၊ နှုတ်ခမ်းနဲ့ မျက်ဆောင်းတို့ကလည်း အော်တိုမက်တစ်ပင် ထော်ပြီး ချီပြီး ဖြစ်သွားကြသည်။

"ကိုယ့်ကျောက်ပတ်တီးကြီးကိုယ် ဂရုစိုက်ဖို့လည်း သတိ ရပါဦး"





"ဟာ ... ဘာဆိုင်လဲ အဲဒါကြီးက။ ဒီမှာ ညာဘက်လက် တစ်ခုလုံး အားနေ၊ ကောင်းနေသေးတယ်"

ရင်ခုန်စဖွယ် ကောင်မလေးဟာ ကြောက်စရာ ကောင်းလောက်အောင်လည်း ဆိတ်ဆွဲ၊ ကုတ်ခြစ်တတ်သူလေး တစ်ယောက်ပါလား။

ဦးထင်ကြီးက မရွှေမှုန်နှင့် ကွာရှင်းလိုက်သည်။ မရွှေမှုန်က ကွာရှင်းမပေးပါ။ သို့သော် ဦးထင်ကြီးက ကလေးလေး ဆေးရုံပေါ်မှ ပြန်ဆင်းရသည်နှင့် မရွှေမှုန်ရှိရာသို့ မပြန်တော့ဘဲ ကလေးကိုချီကာ မြောက်ဥက္ကလာ မသီသီလှရဲ့တိုက်ခန်းပေါ်သို့ပဲ ဘန်းတက်သွားခဲ့တော့သည်။

သွန်းပုံကလည်း ချက်ချင်းဆိုသလိုပင် လဝါနှင့် လက်မှတ်ထိုး လက်ထပ်ပစ်ကာ သူ့အမေကြီးကိုပါ ခေါ်ဆောင် ပြီး လဝါရဲ့တိုက်ခန်းသို့ ရောက်ရှိလာပါသည်။

"မင်းယောက္ခမကြီးနဲ့ မင်းနဲ့ ဘယ်လိုအခြေအနေရှိ ကြသလဲကွ"လို့ တိတ်တခိုး စပ်စုလိုသော ဦးထင်ကြီးကိုတော့ လဝါက "ခင်ဗျားကြီးနဲ့ ကျွန်တော်နဲ့က လူချင်းမတူဘူး။ လူချင်း

တူတယ်ဆိုရင်လည်း အခြေအနေချင်းက မတူဘူး။ အခြေအနေချင်းပါ တူတယ်ဆိုရင်တောင် ကုသိုလ်ကံချင်းကျတော့ မတူဘူး" ဟု ခပ်ကျောကျောကလေးသာ အဖြေပေးရပါသည်။

ပုဏ္ဏမီ